http://www.linhtet.com



http://www.linhtet.com



ကမ္ဘာ

ကမ္ဘာတိ ၃၉-၅၁၊ ၃၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
☎ ၀၁-၂၉၆၁၁၀

http://www.linhtet.com

စာမူခွင့်ပြုချက် ၁၄၉၀/၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက် ၁၂၅၄/၂၀၀၃ (၁၁)

ပုံနှိပ်ခြင်း ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်
အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀
ထုတ်ဝေသူ ဒေါ်ကေခိုင်ဦး (မြဲ-၀၃၇၆၉)
ရွှေသမင်စာပေ
၃၇၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်တိုင်း။
အဖုံးပုံနှိပ်သူ ဦးကျော်ဇင် (မြဲ-၀၄၂၂၉)
အတွင်းပုံနှိပ်သူ ခိုင်ရည်မွန်ပုံနှိပ်တိုက်၊ တိုက်ခွဲ၁၄/၁၆
မဟာသုခလမ်းနှင့်၈၁၊ ဗိုလ်ချုပ်လမ်း
ပုဇွန်တောင်မြို့နယ်။

http://www.linhtet.com

နိဒါန်းအရေးသုံးပါး

ပြည်ထောင်စု မဖြိုကွဲရေး ..... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မဖြိုကွဲရေး ..... ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ..... ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ချက်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ချက်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


လူမှုရေး ဦးတည်ချက် (၄) ချက်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.linhtet.com



ရွှေသမင်စာပေ၏ စီစဉ်တင်ဆက်မှု




ပုညခင်




အချစ်သစ်ရှာဖွေခြင်း

http://www.linhtet.com



http://www.linhtet.com




http://www.linhtet.com


www.linhtet.com

ယနေ့သည် ...
တစ်ဦးကို တစ်ဦး အလွန် ချစ်မြတ်နိုးကြသော
အလွန်ပင် လိုအပ်လှသော ...
သတို့သား 'ဉာဏဉာဏ်' နှင့် သတို့သမီး
'ဟေသာတင်' တို့၏ မျှော်လင့်ခြင်း
မင်္ဂလာနေ့ ဖြစ်သည်။

http://www.linhtet.com



http://www.linhtet.com



၁

လောကတွင် ကိုယ်ချစ်ရသူနဲ့ လက်ထပ်ခွင့်ရတာလောက် ပျော်စရာ ကောင်းတာ ဘာရှိဦးမလဲ ... ။

'ဟေသာတင်' သည် ကျေနပ်သော ... ပျော်ရွှင်သော စိတ်လှုပ်ရှားသော ခံစားချက်များဖြင့် တုန်ဟုန်ကာ ကိုယ့်ဘဝကိုယ် ကျေနပ်လျက် ရှိပါသည်။ သူမရဲ့ မျက်ဝန်းကလေးများမှာ ရွှန်းရီစိုလဲ့လျက်ရှိပြီး နှုတ်ခမ်းများကတော့ နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေခဲ့သည်။ သူမရဲ့ ပါးပြင်နှစ်ဖက်မှာ ပန်းသွေးရောင် စိုကြွနေခြင်းဟာလည်း မိတ်ကပ်ကြောင့်ချည်း သက်သက်တော့ မဟုတ်ပါ ... ။ ဒီလို အချိန်မျိုးမှာ မိတ်ကပ် မပါဘဲလည်း သူမမျက်နှာဟာ သဘာဝအတိုင်း တောက်ပ ရွှန်းလဲ့နေပါလိမ့်မည်။

ဉာဏ်က မင်္ဂလာဝတ်စုံဖြင့် လှပကြွရွနေသော

http://www.linhtet.com

သူမကို ကျေနပ်စွာ ငေးကြည့်နေရာက သူမ လက်ဖဝါးလေးကို ဖွဖွ ထွေးဆုပ်ထားလိုက်ပါသည်။

"ကဲ ... မင်္ဂလာ အခမ်းအနား စ,တော့မယ်နော် ... ၊ သတို့သမီးနဲ့ သတို့သားက အဲဒီလို လက်ချင်းတွဲ မထားနဲ့တော့လေ၊ သတို့သမီးက သတို့သားလက်ကို ချိတ်ထားလိုက်၊ သတို့သားက လက်နှစ်ဖက်ကို ရှေ့မှာ ယှက်ထား"

မင်္ဂလာပွဲ စီစဉ်သူက သတိပေးလိုက်သောအခါ ဟေသာနှင့် ဉာဏ်သည် နွေးထွေးစွာ ဆုပ်ကိုင်ထားသော လက်နှစ်ဖက်ကို မဖြေချင့်ဖြေချင် ဖြေချလိုက်ရလေသည်။ ပြီးတော့ ဟေသာက ဉာဏ့် လက်ကို ချိတ်တွဲလိုက်ပါသည်။ ထိုအခိုက်အတန့်မှာပင် ဟေသာ့စိတ်ထဲတွင် နွေးထွေး ခြင်း ... လုံခြုံခြင်းအရသာကို ခံစားလိုက်ရသည်။ ပြုံးမြမြကလေး ဖြစ်နေရသော ဟေသာ့ မျက်နှာကလေးသည် အလိုလို မော့သွားရကာ ဉာဏ့်မျက်နှာကို ကြည်နူးစွာ ... အားကိုးစွာ ... မျှော်လင့်စွာ ကြည့်မိလေသည်။ ဉာဏ်ကလည်း ဟေသာ့ကို ပြုံးငုံ့ကြည့်နေခဲ့တာမို့ ဟေသာတို့ နှစ်ယောက်မှာ အပြုံးချင်း ပြိုင်နေခဲ့ကြသည်။

"ဟေ့ ... ဟိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ဘေးပတ်ဝန်းကျင်ကို မေ့မနေ

http://www.linhtet.com

ကြနဲ့လေ၊ ဒီမျက်နှာနဲ့ ဒီမျက်နှာက တစ်သက်လုံး ကြည့်နေရမှာ၊ ဟိုမှာ အခါပေး သီချင်းတောင် ဆိုနေပြီ . . . ၊ ခန်းမထဲ လျှောက်ဝင်ဖို့ အသင့်ပြင်ထားဦး”

သူငယ်ချင်းက သတိပေးတော့မှ ဟေသာတို့ နှစ်ယောက်မှာ ပတ်ဝန်းကျင်ကို ဂရုစိုက်ဖို့ သတိရလေသည်။ နှစ်ယောက်စလုံးဟာ အပျော်တွေဖြင့် ဟုန်နေကာ အရာရာကို မေ့လျော့နေခဲ့ကြပါသည်။ အင်း . . . ဒါဟာလည်း ဘဝရဲ့ အရသာ တစ်ခုပေပဲဟု ဟေသာက တွေးမိကာ အပြုံးကို လက်စမသတ်နိုင်ချေ . . . ။

ဒီကနေ့ဟာဖြင့် ဟေသာနှင့် ဉာဏ်တို့ရဲ့ အပျော်ဆုံးနေ့ တစ်နေ့ ဖြစ်သည်။ တစ်သက် မမေ့လောက်စရာ . . . အမှတ်တရနေ့ တစ်နေ့လည်း ဖြစ်သည်။

အမှန်တကယ်တော့ ချစ်သူ နှစ်ယောက်ရဲ့ အလိုလား အတောင့်တဆုံး ဆုလာဘ်ဆိုတာ . . . အတူတကွ မခွဲမခွာ နေရဖို့ပဲ မဟုတ်လား။ အဲဒီ ဆုလာဘ်ကြီးကို ဟေသာတို့ ချစ်သူဖြစ်ကြပြီးကတည်းက အချိန်တိုင်း မျှော်လင့်တောင့်တခဲ့ကြရသည်။ ခုတော့ ပြီးပြည့်စုံခြင်းကို ခံစားခဲ့ကြရပြီ . . . ။ သူနှင့်သာ အတူနေခွင့်ရလျှင် ဟေသာ့ဘဝမှာ ဘာဆိုဘာမှ မလိုအပ်တော့တာလည်း သေချာသည်။ ဉာဏ်က ဟေသာ့ကို စိတ်ချမ်းသာစေသူ ဖြစ်သည်။ ဟေသာ

http://www.linhtet.com

လိုသမျှ အရာအားလုံးကို ဖန်တီးပေးနိုင်သူ ဖြစ်သည်။ ဟေသာ့ ဘဝကို အရိပ်လို မိုးပေးနိုင်သူ ဖြစ်သည်။ ဟေသာ့ကို ချစ်မြတ်နိုးသူ ... တန်ဖိုးထားသူလည်း ဖြစ်သည်။ အဲဒီလို ယောကျ်ားတစ်ယောက်နဲ့ အတူနေခွင့်ရတဲ့ မိန်းမတစ်ယောက်ဟာ လုံခြုံပြည့်စုံခြင်းတွေကိုသာ ရရှိခံစားရမှာပဲ။ ဒါဟာ အသေအချာဆုံး ဖြစ်သည်။ ဒါကို ဘယ်သူ ငြင်းရဲမလဲ ... ။

ဟေသာတို့ လက်မထပ်မီ အချိန်ကတော့ သူငယ်ချင်း တချို့ရဲ့ ဖျက်ဆီးပိတ်ပင်မှု များစွာကို လက်ခံရရှိခဲ့ပါသေးသည်။

"ရှင်တို့ ချစ်သူဖြစ်တာ ဘယ်လောက်များ ကြာသေးလို့လဲ ဟေသာရယ် ... ၊ တစ်နှစ်တောင် မပြည့်သေးဘူး ... လ,ပိုင်းပဲ ရှိသေးတဲ့ ဥစ္စာ ... ၊ ရှင် သူ့ကို ဒီထက်ပိုပြီး အချိန်ယူ လေ့လာသင့်သေးတယ်၊ ချစ်သူဘဝမှာ တစ်ယောက်ရဲ့ စိတ် ... တစ်ယောက်ရဲ့ စရိုက်သဘာဝကို အမှန်အတိုင်း မမြင်နိုင်ဘူး၊ ချစ်သူဘဝအချိန်တိုတောင်းလေ ပိုပြီးမမြင်နိုင်လေဘဲ လက်ထပ်ပြီး အတူနေကြတော့မှ တစ်ယောက် စရိုက်ကို တစ်ယောက်က အမှန်အတိုင်း မြင်ရတာ၊ အဲဒီအချိန်ကျမှ တစ်ယောက်နဲ့တစ်ယောက် မကြိုက်နိုင်တာတွေ ဖုံးမရ

http://www.linhtet.com

ဖိမရ ပေါ်လာပြီး အဆင်မပြေ ဖြစ်ကြရင် ဘယ်လိုလုပ်မလဲ ..."

"ကြံဖန်ပြီး စိတ်ပူမနေစမ်းပါနဲ့ မြတ်ရယ်၊ မြတ်ပြောသလို မဖြစ်နိုင်ပါဘူး၊ ဉာဏ်က လူဖြောင့်ပါ၊ ဟန်လည်း မဆောင်တတ်ပါဘူး၊ သူ့စိတ်ထားအမှန်ကို ဖုံးဖိထားမယ့် သူမျိုးလည်း မဟုတ်ပါဘူး၊ ဟေသာသိပါတယ်၊ သူ ဟေသာ့ကို သိပ်ချစ်တာ ... ဟေသာ့မျက်နှာ တစ်ချက်အညှိုးခံတာ မဟုတ်ဘူး၊ အမြဲဟေသာ့အလိုကို လိုက်တယ်၊ သည်းညည်းခံတတ်တယ်၊ သူစိတ်တိုတာ ဟေသာဖြင့် တစ်ခါမှ မတွေ့ဖူးပါဘူး၊ ဒီလို ယောကျ်ား တစ်ယောက်နဲ့အတူ နေရလို့ ဟေသာစိတ်ဆင်းရဲစရာအကြောင်း မရှိပါဘူး"

"ဒါကတော့ ဟေသာ့အထင်ကိုး ... ၊ ချစ်သူဘဝမှာတော့ ဒီလိုပဲ ... ကိုယ့်ကို မချစ်ချစ်အောင် ... မယုံယုံအောင် အကောင်းဆုံးတွေကိုပဲ ပုံအောပေးကြပြီး အဆိုးတွေကို ဝှက်ထားကြတာ ... ၊ အိမ်ထောင်ကျတော့မှ အဲဒီ ဝှက်ထားတဲ့ အဆိုးတွေက ဘွားခနဲ ပေါ်လာကြရော ..."

"နင်က အိမ်ထောင်သည်လည်း မဟုတ်ဘဲနဲ့ ဒါတွေ ဘယ်လိုသိလဲ ..."

http://www.linhtet.com

"ငါ့အစ်မ အိမ်ထောင်သည်တွေ ရှိတယ်လေ ... ၊ သူတို့ရဲ့ ပဋိပက္ခတွေကို အမြဲမြင်တွေ့ ကြားသိနေရတာ ... "

"ဒါကတော့ နင့်အစ်မတွေက သူတို့က တကယ်မချစ်တဲ့သူ ... သူတို့ကို တကယ် မချစ်တဲ့သူတွေကို ယူထားလို့ နေမှာပေါ့၊ ငါတို့ချင်းက သိပ်ချစ်ကြတာ ... ၊ ဘယ်လို ပဋိပက္ခမျိုးမှ မပေါ်ပေါက်နိုင်ပါဘူး ... "

"အမလေး ... အပြောမကြီးပါနဲ့ဟယ် ... ၊ သူတို့လည်း နင်တို့လိုပဲ အချင်းချင်း သိပ်ချစ်ပြီး ယူထားကြတဲ့ သူတွေပါ ... ဒါပေမယ့် အိမ်ထောင်ရေးဆိုတာ အချစ်တစ်ခုတည်း ရှိရုံနဲ့ ပြေလည်တာမှ မဟုတ်တာ၊ မယုံရင် နင့်ထက်အရင် အိမ်ထောင်ကျတဲ့ စန္ဒီတို့ကို မေးကြည့်ပါလား ... ၊ အိမ်ထောင်ကျပြီး ကတည်းက ပြောင်းလဲသွားတဲ့ သူတို့ယောကျ်ားအကြောင်းကို ရင်ထုမနာ ပြောပြပါလိမ့်မယ် ... "

သူတို့ ဘာပြောပြော ဟေသာကတော့ အရေးမစိုက် ... ။ ဆုံးဖြတ်ချက်ကိုလည်း မပြင်မိချေ။ ဟေသာသူ့ကို သိပ်ချစ်တာပဲ။ ခွဲနေရမည့် ကာလတွေကို ရှေ့ဆက်ရင်ဆိုင်ဖို့ အင်အားတွေလည်း မရှိတော့ပါ။ သူနှင့်အတူတွေ့ပြီး တစ်ယောက်တည်း ခွဲထွက် အိမ်ပြန်လာရတိုင်း

http://www.linhtet.com

ခံစားရသည့် ရင်ထဲက လပ်ဟာမောပန်းသည့် ဝေဒနာကိုလည်း ရှေ့ဆက်မခံစားနိုင်ပါ။ ဟေသာတို့သည် အရွယ်ရောက်သူများ ဖြစ်သည်။ ကျောင်းလည်း ပြီးခဲ့ပြီ။ ဉာဏ်မှာလည်း အလုပ်တစ်ခု ရှိခဲ့ပြီ။ ချစ်သူသက်တမ်းကလည်း သုံးလတော့ ရှိခဲ့ပြီ။ တစ်ဦးကိုတစ်ဦး မခွဲနိုင် မခွာရက် လိုအပ်လှတာလည်း သေချာခဲ့ပြီ။ အဲဒီအချက်တွေနဲ့တင် လက်ထပ်ဖို့ လုံလောက်နေခဲ့ပြီ။ တခြား ဘာများ လိုအပ်တော့သနည်း။

ဉာဏ်သည် ချစ်သူဘဝ သက်တမ်းတစ်လျှောက် လုံး မရိုးနိုင်သော ကတိတွေကို အထပ်ထပ် ပေးခဲ့သူလည်း ဖြစ်ပါသည်။

"ကိုယ့်ကို ယုံပါ ကလေးရာ . . . ၊ ကိုယ် . . . ကလေး စိတ်မချမ်းသာမယ့် အလုပ်မျိုးဆို လုံးဝ မလုပ်ဘူး၊ ကလေးကို စိတ်ချမ်းသာအောင် ထားမယ် . . . ကလေး အတွက် ခမ်းနားပြည့်စုံတဲ့ ဘဝမျိုးကို ကိုယ် ဖန်တီး ပေးပါ့မယ်၊ တစ်သက်လုံး အလိုလိုက် အကြိုက်ဆောင် ပြီး မြတ်နိုးသွားပါ့မယ်ကွာ"

ထိုကတိကို ပေးခဲ့စဉ်က သူ့မျက်နှာသည် နူးညံ့ချိုအီနေပြီး သူ့မျက်ဝန်းတွေကတော့ ချစ်ဆိပ်ရည်ဖြင့် ဖိတ်ဖိတ် လဲ့နေခဲ့သည်။ ဟေသာသည် နှမ်းစေ့ တစ်စေ့စာလောက်တောင် မယုံသင်္ကာမဖြစ်မိဘဲ သူ့ရဲ့ကတိကို အကြွင်းမဲ့

http://www.linhtet.com

ယုံကြည်လိုက်မိလေသည်။ သူ့ရဲ့ ကြင်နာနူးညံ့မှု၊ လိုက်လျော ငဲ့ညှာမှုတွေကို ဟေသာ မက်မောလှသည်။ ဟေသာတို့ချင်း အသက်သိပ်မကွာလှသော်လည်း ဉာဏ်က ဟေသ့ကို ချစ်စနိုး ဖြင့် 'ကလေး' ဟု ခေါ်တတ်တာလေးကိုလည်း ကြည်နူးကျေနပ် ရပါသည်။ သူ့ခေါ်သံကလေးကပင် ဟေသ့စိတ်ကို နူးညံ့ အောင် ဆွဲဆောင်နိုင်သည်။ ထိုအသံကို နေ့တိုင်း အချိန်တိုင်း ကြားလိုပါသည်။

လောကမှာ ကိုယ်ချစ်တဲ့ သူနဲ့ ပေါင်းရတာ လောက် ပျော်စရာကောင်းတာ တခြားဘာများ ရှိဦးမလဲ ... ။ ဒါထက်ပိုပြီး ဘယ်အရာကများ ပြည့်စုံစေဦးမှာလဲ ... ။

ဟေသာသည် ငြိမ့်ညောင်း၍ မင်္ဂလာရှိလှစွာ သော အခါပေးသီချင်းသံနှင့်အတူ မင်္ဂလာစင်မြင့်ဆီသို့ ညက် ညောစွာ လှမ်းလာရင်း ဉာဏ့်လက်မောင်းကို တိုးလို့သာ တွယ်ဖက်ထားလိုက်မိသေးသည်။

မင်္ဂလာပွဲကို အလွန်ပင် ကျေနပ်စရာ ကြည်နူး စရာ ဂုဏ်ယူစရာ ခမ်းနားတင့်တယ်စွာ စီစဉ်ဖန်တီးပေးခဲ့ သော ဉာဏ်၏ စွမ်းဆောင်မှုကလည်း ဟေသ့ကို ပီတိ စိတ်ဖြင့် ညွှတ်နူးစေခဲ့သည်။ ဟေသာတို့ဘက်မှ ဘာတစ်ခုမှ တောင်းဆိုရခြင်း မရှိဘဲ ဉာဏ်က အလိုက်တသိ ဆောင် ရွက်ပေးခဲ့သည်။ ဟေသာ ဆင်မြန်းထားသည့် မင်္ဂလာဝတ်စုံ

http://www.linhtet.com

www.foreverspace.com.mm

ကိုလည်း သူကိုယ်တိုင် စိတ်တိုင်းကျ အပ်နှံပေးခဲ့တာ ဖြစ်သည်။

သူ့ရဲ့ ဂရုစိုက်မှုတွေက ဟေသာ့ကို amazing ဖြစ်စေသည်။ ဉာဏ်ဟာ ဟေသာ့ကို သိပ်ကို တန်ဖိုးထားခဲ့တာ မဟုတ်လား . . . ။ ဒါကိုတော့ ဟေသာ အကြွင်းမဲ့ယုံကြည်သည်။ ချစ်သူဘဝ တစ်လျှောက်လုံးလည်း ဟေသာ မျှော်လင့်သလိုပင် ဖြစ်လာခဲ့သည်။ မျှော်လင့်သမျှ ဖြစ်ခဲ့ရသူ ပီပီ ဟေသာသည် မျှော်လင့်တတ်သော မိန်းမတစ်ယောက် ဖြစ်လာခဲ့ရပါသည်။

ဟေသာသည် စင်မြင့်ပေါ်က ထိုင်ခုံပေါ်တွင် ဉာဏ်နှင့်အတူ ယှဉ်တွဲထိုင်ရင်း ချစ်သူဘဝက ပျော်ရွှင်မှုများကိုလည်း ပြန်ပြောင်းအောက်မေ့ နေခဲ့မိသည်။ ဉာဏ်က သူ့အချစ်ကို တဖွဖွ ထုတ်ဖော်ပြောပြတတ်သူ ဖြစ်ပါသည်။

"ကလေးကို ချစ်ရတဲ့ အချစ်တွေဟာ များလွန်းလို့ ကိုယ့်ရင်ဘတ်နဲ့တောင် မဆံ့တော့ဘူးကွ၊ ကလေးနဲ့ အမြဲတွေ့ချင်တယ် . . . ၊ စိတ်မချဘူးကွာ . . . ၊ ကိုယ် မပါဘဲ ဘယ်ကိုမှ လျှောက်မသွားနဲ့ သိလား"

သူ့စကားတွေကို ကြားယောင်မိသောအခါ ဟေသာ ပြုံးမိရပြန်ပါသည်။ ဉာဏ်က ဟေသာ့ကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်မြတ်နိုးတတ်

http://www.linhtet.com

သူ ဖြစ်သည်။ ချစ်သူဘဝမှာတောင် ဒီလောက် သည်းသည်းလှုပ် ချစ်တတ်တဲ့ ဉာဏ်ဟာ အိမ်ထောင်သည်ဘဝမှာဆို ဟေသာ့ကို ဘယ်လောက်တောင် ဂရုစိုက် ကြင်နာလိုက်မလဲဟု ကြိုတွေးကာ မျော်လင့်ခြင်းဖြင့် ရင်ခုန်နေခဲ့မိပါသည်။

ဦးသိန်းလှမော်၏ မင်္ဂလာဘိသိက် စကားက ကြည်နူးဖွယ် ပျံ့လွင့်နေဆဲ ဖြစ်သည်။ ဧည့်ပရိသတ်များက တိတ်ဆိတ်ငြိမ်သက်နေသည်။ စောစောတုန်းကတော့ ဧည့် ပရိသတ်တွေဆီက 'သိပ်လိုက်ဖက်တဲ့ စုံတွဲပဲနော်' ဟူသော တီးတိုးစကားကို ဟေသာ ကြားခဲ့ရသည်။

အမှန်တကယ်လည်း လိုက်ဖက်တာပဲဟု ဟေသာ ကိုယ့်ဘက်ကို သာသာထိုးထိုး တွေးကာ ကျေနပ်နေမိသည်။ ဉာဏ်က အသားဖြူပြီး အရပ်မြင့်ကာ သွားပုံလာပုံ စမတ်ကျသည်။ လှိုင်းလေးတွေ အနည်းငယ်ပါသော ဆံပင်ကို ခပ်တိုတို ညှပ်ထားတတ်ပြီး ဘေးခွဲ ခွဲဖြီးထားတတ်သည်။ ပါးမြိုင်းမွေးတွေ ရိတ်သင်ထားသော ပါးနှစ်ဖက်က စိမ်းနေကာ သူ့ကို ဆွဲဆောင်မှု ပိုရှိစေသည်။ မျက်ခုံးမွေးထူထူနှင့် မျက်ဝန်းအကြည့် စူးစူးများက လိုက်ဖက်သည်။ အဖျားမှာ မသိမသာ လုံးနေသော နှာတံ၊ အနည်းငယ်ထူသော နူတ်ခမ်းတို့ဖြင့် ဉာဏ်က လူချောတစ်ဦးဆိုတာ သိသာစေပါသည်။

ဟေသာ တွေးနေဆဲမှာပင် မင်္ဂလာဘိသိက်စကား

http://www.linhtet.com

www.foreverspace.com.mm

ပြီးဆုံးသွားလေသည်။ ဟေသာနှင့် ဉာဏ်တို့က စင်မြင့်ပေါ်မှ ဆင်းကာ ပရိသတ်များကို လိုက်လံနှုတ်ဆက်ရပါသည်။ သူငယ်ချင်းများ၏ စားပွဲဝိုင်းအနီးသို့ ရောက်သောအခါ တစ်ယောက်တစ်ပေါက် အသံများ ဆူညံရှုပ်ထွေးသွားပါသည်။

"နင်တို့ မြန်မြန်ရမှ ... ငါတို့လည်း နားအေးသွားတော့တယ် ..."

"အေးလေ ... ဟုတ်ပါ့၊ တစ်ခုခုဆို သူတို့က ငါတို့ကိုပဲ ပုဏ္ဏားတိုင် လုပ်နေတာ"

ဖိုးဉာဏ် အလုပ်ရှုပ်နေလို့ ဟေသာ့ဆီ မသွားဖြစ်ရင် နားပူရတာက ငါတို့ပဲလေ၊ ဟေသာက ဖိုးဉာဏ်ကို သူ ဘယ်လောက် သတိရကြောင်း ... တွေ့ချင်ကြောင်း မျှော်ရကြောင်းတွေ ငါတို့ဆီပဲ ဖုန်းဆက်ပြောနေတော့တာ ..."

"ဟိုကောင် ... ဖိုးဉာဏ်ကရော ဘာထူးလို့လဲ၊ ဟေသာစိတ်ကောက်လို့ ချော့မရတိုင်း ငါတို့ကိုပဲ လာလာညည်းပြပြီး အကူအညီ တောင်းနေတတ်တာ ...၊ နားကို ငြီးရောပဲ ..."

"အေးကွာ ... အဲဒီကောင် သည်းကိုသည်းတာ၊ ကိုယ့်ချစ်သူ စိတ်ကောက်တာ ကိုယ့်ဘာသာ မရှင်းဘူး၊

http://www.linhtet.com

အရပ်ကူပါ လူဝိုင်းပါနဲ့ ဘေးလူတွေ ဒုက္ခရောက်အောင် အမြဲလုပ်တယ် ..."

"ဟောသာကရော ဘာထူးလို့လဲ ...၊ သူ့ဘာသာ စိတ်ကောက်ပြီးမှ ဖိုးဉာဏ် လာမချော့ဘဲ စိတ်ပျက်ပျက်နဲ့ ထားခဲ့ရင် ဒုက္ခပါပဲဆိုပြီး မြတ်ဆီ လာလာငို တတ်သေးတယ်၊ ပြီးတော့ သူက သဝန်တိုတာကလည်း အလွန်ပဲလေ၊ ဖိုးဉာဏ်က အလုပ်ကိစ္စရှိလို့ သူ့ရုံးက ကောင်မလေးတွေနဲ့ အတူသွားရင်တောင် ကြိုက်တာ မဟုတ်ဘူး"

"ဖိုးဉာဏ်ကလည်း တိုတာပါပဲကွာ ...၊ ဟောသ့် ယောကျ်ားလေး သူငယ်ချင်းတွေကိုတောင် စိတ်မထင်ရင် မရိုးသားဘူး ... ဘာဘူးနဲ့ ထိုးမယ် ကြိတ်မယ် လုပ်ချင်သေးတာ၊ သူတို့နှစ်ယောက်က သဝန်တိုခြင်းလည်း ပြိုင်နေကြတာ ..."

သူငယ်ချင်းများရဲ့ ကျီစယ်သံများက အဆုံးသတ်ရတော့မည့် ချစ်သူဘဝကို ပြန်ပြောင်းအမှတ်ရစေသည်။ အဲဒီတုန်းကဆို ဉာဏ်ရဲ့ သဝန်တိုခြင်းတွေကပင် ဟောသ့်ကို ကျေနပ်စေခဲ့တာ ဖြစ်သည်။ သူချစ်လွန်းလို့ သဝန်တိုတာဟုပင် ဟောသာက သတ်မှတ်ထားခဲ့ရသည်။ ဟောသာတို့သည် သူငယ်ချင်းများနှင့်အတူ ရယ်မောမိကြလေသည်။

http://www.linhtet.com

ဟေဘာသည် ရယ်မောရင်းကပင် ဟေဘာတို့ကို ပြုံးရုံကလေးသာ ပြုံးကြည့်နေသော စန္ဒီ့ကို သတိထားမိလေသည်။ စန္ဒီက စောစီးစွာ အိမ်ထောင်ကျပြီး အိမ်ထောင်ရေး အဆင်မပြေသူ ဖြစ်သည်။ ဟေဘာ အိမ်ထောင်ပြုမည့် ကိစ္စကိုလည်း အဆိုးမြင်စကားတွေ ပြောကာ ဖျက်လိုဖျက်ဆီး လုပ်ခဲ့သူ ဖြစ်သည်။ သူက ဟေဘာ့ကို နားသွင်းခဲ့သည်မှာ ...

"ယောကျ်ားတွေဟာ တစ်စက်မှ မကောင်းဘူး ဟေဘာ၊ မရခင်က တစ်မျိုး ...၊ ရပြီးတော့ တစ်မျိုး ...၊ သိပ် တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တသမားတွေ ...၊ အိမ်ထောင် ကျသွားပြီးရင် မိန်းမတွေကသာ အတူနေရတဲ့ သံယောဇဉ်နဲ့ ယောကျ်ားတွေကို တိုးတိုးချစ်လာတတ်ပေမယ့် ယောကျ်ားတွေကျတော့ အတူနေရမှ ရိုးအီငြီးငွေ့လာပြီး အချစ်ပေါ့လာတတ်လာတာ ထုံးစံပဲ ..."

"ယောကျ်ားတိုင်းတော့ ဟုတ်မယ်မထင်ပါဘူး စန္ဒီရယ်"

"ယောကျ်ားတိုင်း မဟုတ်ရင်တောင် တစ်ရာမှာ ၉၉ ယောက်လောက်ကတော့ ဒီအတိုင်းချည်းပဲ"

"ဒါဆို ... ကျန်တဲ့တစ်ယောက်က ဟေဘာ့ချစ်သူပဲ ဖြစ်မှာပေါ့ ..."

စန္ဒီက မကောင်းမြင် စကားတွေ ပြောသော်လည်း ဟေဘာက မယုံကြည်ခဲ့ပါ။ ဉာဏ့်ကိုသာ ဟေဘာ ယုံပါသည်။

http://www.linhtet.com

သူ့ယောကျ်ား ဆိုးတာနဲ့ပဲ တခြားယောကျ်ားတွေကိုပါ အဆိုးမြင်နေတာကိုတော့ ဟေသာ နားမယောင်ချင်ပါ။ ဟေသာ့ကို တားလို့မရသည့်အဆုံးတွင် စန္ဒီ သတိပေးစကား တစ်ခွန်းတော့ ပြောခဲ့ပါသည်။

"အိမ်ထောင်ရေးမှာ သိပ်များများ မျှော်လင့်မထားတာ အကောင်းဆုံးပဲ ဟေသာ၊ များများ မျှော်လင့်လေ များများ စိတ်ဆင်းရဲရလေပဲ"

ဟေသာကတော့ သူ့ ဒဿနတွေကို သိပ်ပြီး အလေးမထားမိပါ။ ဟေသာ ဉာဏ်ဆီက အရာအတော်များများကို မျှော်လင့်ထားခဲ့ပါသည်။ ချစ်မြတ်နိုးမှုအပြင် တန်ဖိုးထားမှု၊ ကြင်နာငဲ့ညှာမှု၊ အလိုလိုက် အကြိုက်ဆောင်မှု အားလုံးကို မျှော်လင့်သည်။ သူ့ထံမှ ပျော်ရွှင်မှုတွေသာ ရလိမ့်မည်ဟု ဟေသာ ယုံကြည်ထားပါသည်။ ချစ်တဲ့သူနဲ့ ပေါင်းရတဲ့ အချိန်မှာ ဘယ်လို သံသယမျိုးကိုမှ သယ်ဆောင်မထားချင်ပါ။

"ကလေး . . . ပျော်ရဲ့လား၊ ကိုယ် စီစဉ်ထားတာတွေ အားလုံး စိတ်တိုင်းကျ ဖြစ်ရဲ့လား"

ဉာဏ်က ခပ်တိုးတိုး ငုံ့မေးသောအခါ ဟေသာက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလျက်သာ ခေါင်းညိတ်ပြမိပါသည်။


သူ့ထံမှ မျှော်လင့်သမျှ ရခဲ့သော ဟေသာသည်

http://www.linhtet.com


ရှေ့ဆက်၍လည်း အရာအတော်များများကို မျှော်လင့်လျက် ရှိပါသည်။ မျှော်လင့်ခြင်းကသာ သတို့သမီး ဟေသာတင်ရဲ့ ပျော်ရွှင်ခြင်းတွေကို အရောင်တောက်ပ စေခဲ့တာ ဖြစ်သည်။



http://www.linhtet.com



http://www.linhtet.com



ကိုယ်ချစ်ရတဲ့ မိန်းမတစ်ယောက်ကို တင့်တောင့်တင့်တယ် လက်ထပ်ယူနိုင်ခြင်းဟာလည်း ယောကျ်ား တစ်ယောက်ရဲ့ အရည်အချင်းတစ်ရပ်ဟု ဉာဏဉာဏ်က ယူဆပါသည်။

သူသည် ကျေနပ်စွာ ... ဂုဏ်ယူစွာပင် သူ ချစ်ရသူ ကလေးကို မကြာခဏဆိုသလိုပင် ပြုံးငုံ့ကြည့်နေခဲ့မိပါသည်။

ဟေသာသည် သူ့အတွက် စိတ်ချမ်းမြေ့မှု ... ကျေနပ်မှု ... သာယာမှုများကိုသာ ဖန်တီးပေးတတ်သော ချစ်သူတစ်ယောက် ဖြစ်သည်။ ဟေသာ သူ့အနားမှာ ရှိနေလျှင် သူ ပျော်ရွှင်သည်။ ဟေသာ၏ ညက်ညောသော အပြုအမူများ ... နူးညံ့သိမ်မွေ့သော စကားသံများက သူ့ကို

http://www.linhtet.com

ရင်ခုန်စေသည်။ ဟေသာနှင့်သာ အတူနေရလျှင် ဘဝ၏ချမ်းသာသုခကို အပြည့်အဝ ခံစားရလိမ့်မည်ဟု သူ ယုံကြည်ပါသည်။

"ဖိုးဉာဏ် မျက်နှာကြီးကကွာ ... ပြုံးဖြီးနေတာပဲ၊ မှိုရတဲ့ မျက်နှာကြီး ကျနေတာပဲ ..."

"မိန်းမရတဲ့ မျက်နှာပါကွ ... ၊ မှိုရတာထက် ပိုသာတာပေါ့"

သူငယ်ချင်းများရဲ့ ကျီစယ် စကားတွေကို ကြားရပြန်သည်။ လက်ထပ်ပွဲ မတိုင်မီကတော့ သူ့သူငယ်ချင်းများက သူ့ထံ စုဝေးရောက်ရှိလာကာ ပညာအမျိုးမျိုး ပေးခဲ့ကြသည်။

"ဟေ့ကောင် ... မင်း မသိရင် သေသေချာချာ မှတ်ထားကွ၊ မိန်းမဆိုတာ မျက်နှာသာပေးရင် ရောင့်တက်တတ်တဲ့ အမျိုးအစားတွေချည်းပဲ ... ၊ နည်းနည်းလေးမှ မျက်နှာသာ မပေးမိစေနဲ့၊ မျက်နှာသာပေးမိတာနဲ့ ကိုယ်ခံရပြီပဲ အောက်မေ့တော့၊ မယားနေစ ကြောင်သေမှတဲ့ကွ ..."

"ဘာလဲကွ ... မယားနေစ ကြောင်သေမှ ..."

"အဲ ... အဲဒါ စကားပုံတော့ စကားပုံပဲကွ ... ၊ အဓိပ္ပာယ်တော့ သေသေချာချာ မသိဘူး၊ ကိုယ့်မိန်းမကို ယူစ,

http://www.linhtet.com

ကတည်းက ကိုယ့်သြဇာခံအောင် ဆက်ဆံတတ်ဖို့ ပြောတာပဲ ဖြစ်မယ်၊ အဲဒီလိုပဲ မှတ်ထားလိုက်ကွာ"

သူ့သူငယ်ချင်းအားလုံးနီးပါးက သူအိမ်ထောင်ပြုမှာကို သိပ်သဘောမတူခဲ့ကြဘဲ တစ်ယောက်တစ်မျိုး တားဆီးပိတ်ပင်ခဲ့ကြသေးသည်။

"မင်း အိမ်ထောင်ပြုတာ မစောလွန်းဘူးလား ဖိုးဉာဏ်ရာ၊ အိမ်ထောင်ပြုတယ်ဆိုတာ တကယ်တော့ ယောကျ်ားတစ်ယောက်ရဲ့ လွတ်လပ်ခွင့်တွေကို မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်တာနဲ့ အတူတူပဲကွ၊ အလိုလိုနေရင်း မိန်းမတစ်ယောက်ရဲ့ အုပ်ထိန်းမှုအောက်ကို ရောက်သွားတော့တာ၊ ဘယ်လောက် ဝမ်းနည်းစရာကောင်းတဲ့အဖြစ်သနစ်လဲ၊ ကိုယ်ရှာတဲ့ငွေကိုတောင် ကိုယ့်ဘာသာ စိတ်တိုင်းကျ မသုံးရဘဲ မိန်းမလက်ထဲ အပ်ရဦးမယ်၊ မိန်းမပေးသမျှကို လက်ဝေခံသုံးစွဲပြီး မိန်းမက ဟိုဟာမလုပ်ရ ဒီဟာမလုပ်ရ ... ဟိုမသွားရ၊ ဒီမသွားရ ချုပ်ချယ်ပိတ်ပင်သမျှကိုလည်း နာခံရဦးမယ်၊ မနိပ်ပါဘူးကွာ ..."

သူကတော့ သူ့သူငယ်ချင်းတွေရဲ့ အပြောကြောင့် စိတ်ပျက်မသွားဘဲ ...

"ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက် ကိုယ်ကလည်း

http://www.linhtet.com

ချစ်တဲ့ မိန်းမတစ်ယောက်က ကိုယ့်ကို ပြုစုတာ ... ကိုယ့်အတွက် ပျော်စရာကောင်းတဲ့ အိမ်ကို ဖန်တီးပေးတာ၊ အမြဲ စိတ်ချမ်းမြေ့မှုကို ပေးနိုင်တာ ... ၊ ဒါတွေကိုတော့ မင်းတို့ ထည့်မတွက်ကြဘူး မဟုတ်လား၊ ဒါတွေနဲ့တင် မင်းတို့ပြောတဲ့ အခွင့်အရေးတွေနဲ့လည်း လောက်ပါတယ်ကွာ ... ”

“မင်းယူမယ့် မိန်းမက မင်းကို တစ်သက်လုံး နူးနူးညံ့ညံ့ ဆက်ဆံလိမ့်မယ်လို့များ မျှော်လင့်နေသလား ဖိုးဉာဏ်၊ သူနဲ့နေလို့ အမြဲစိတ်ချမ်းသာရလိမ့်မယ်လို့ မင်း ထင်ရင် မှားသွားမယ်၊ မိန်းမ သဘာဝကိုက ပစိပစပ်များများ၊ စကားများများ ... ၊ ဒီကြားထဲ ဆရာကလည်း လုပ်ချင်သေး ... ”

“ဟေသာက အဲဒီလို မိန်းမမျိုး မဟုတ်ပါဘူးကွာ ... ၊ သူက အရမ်းနူးညံ့တာ၊ စကားလည်း မများပါဘူး၊ ဆရာလည်း မလုပ်ပါဘူး ... ”

“အပြောမစောစမ်းပါနဲ့ကွာ ... စောင့်ကြည့်စမ်းပါ၊ မိန်းမဆိုတာ အိမ်ထောင်သည် ဖြစ်လာတာနဲ့ အဲဒီလို အကျင့်မျိုးတွေ ပေါ်လာတော့တာပဲ၊ ငါ့အစ်ကို မိန်းမဆို အိမ်ထောင် မကျခင်က အေးအေးလေးလို့ ထင်ရတယ်၊ အိမ်ထောင်လည်းကျပြီးရော သူ့အသံက အော်

http://www.linhtet.com

ကျယ်ဟစ်ကျယ်နဲ့ တစ်အိမ်လုံးကို ဩဇာပေးနေတာ နားကို ငြီးနေတာပဲ၊ နားငြီးလို့ ငါ့အစ်ကိုက အိမ်မကပ်၊ အိမ်မကပ်တော့ ငါ့မရီးက ပိုပိုပြီးပြောတော့ ပိုနားငြီး သံသရာလည်နေတာပဲ"

"မိန်းမတိုင်း မင်းအစ်ကို မိန်းမလိုတော့ ဟုတ်မယ် မထင်ပါဘူးကွာ"

ဘယ်သူဖျက်ဖျက် သူ့အစီအစဉ်က မပျက်ခဲ့ပါ၊ သူ စိတ်လည်း မပျက်ခဲ့ပါ။ ယောကျ်ားတစ်ယောက်အတွက် အသက် ၂၅ နှစ်ဆိုတာ အိမ်ထောင်ပြုသင့်သော အရွယ်မို့ စောသေးသည်ဆိုသော စကားကို သူ ပယ်ဖျက်ခဲ့ပါသည်။

ဥဏှဥဏှက ဟေသာ့ ပခုံးပေါ်က ပဝါစကလေးကို ပြင်ပေးလိုက်ရင်း ဟေသာ့ မျက်နှာကလေးကို ငုံ့ငဲ့ ကြည့်မိပြန်ပါသည်။ ဖြူစင်နူးညံ့သော မျက်နှာကလေး ... နူးညံ့သိမ်မွေ့သူကလေးကို သူ မြတ်နိုးစွာ ... တန်ဖိုးထားစွာ အရိပ်ကြည့် ချစ်ခဲ့ရသည်။ သူမကလည်း သူ့ကို ထပ်တူထပ်မျှ ပြန်ချစ်ခဲ့ပါသည်။ သူမရဲ့ ဂရုစိုက်မှု၊ ကြင်နာမှုတွေကို သူ မမေ့နိုင်ပါ။

"ဥဏှ်ကို နေပူထဲသွားရင် နေကာမျက်မှန် မတပ်ဘဲ မသွားနဲ့လို့ ဟေသာ ပြောထားတယ် မဟုတ်လား၊ ဥဏှ်မျက်လုံးတွေက အလင်းရောင် စူးစူးတွေ၊ နေပူ

http://www.linhtet.com

ဒဏ်တွေ ခံနိုင်တာ မဟုတ်ဘူးလေ ... ၊ အလုပ်တွေ ဇောကပ်ပြီး အစားအသောက် အချိန်မမှန်တဲ့ အကျင့်တွေကိုလည်း ပြင်ဦး၊ ဉာဏ်ကြည့်ရတာလည်း လန်းလန်းဆန်းဆန်း မရှိဘူးကွာ ... ၊ အလုပ်ပင်ပန်းလာတာလား ... ၊ မျက်နှာက နွမ်းဖတ်နေတာပဲ၊ ရော့ ... ရော့ ဒီမှာ ... စနိုးတာဝါနဲ့ မျက်နှာကို သုတ်ပစ်လိုက် ... ၊ ခဏနေရင် ထမင်းစားလိုက်နော်၊ ဉာဏ်စားဖို့ ဟေသာကိုယ်တိုင် အပင်ပန်းခံပြီး ချက်လာတာ ... ”

ဟေသာက အလွန်အလိုက်သိကာ သူ့ကို အရိပ်ကြည့် ဂရုစိုက်သူ ဖြစ်ပါသည်။ သူစားဖို့ ဟေသာ ချက်ပြုတ်လာသော ဟင်းများကလည်း လျှာဖျားတွင် စိမ့်၍နေသည်။ ဟေသ့လက်ရာလောက် ကောင်းသော ဟင်းမျိုး သူ တစ်ခါမှ မစားခဲ့ဘူးပါ၊ သူ့စိတ်ထဲမှာတော့ ဟိုတယ်က ဟင်းတွေတောင် ဟေသ့လက်ရာကို မမီဘူးဟု ထင်သည်။ ဟေသာဟာ ဇနီးမယားကောင်း တစ်ယောက်ရဲ့ အရည်အချင်းများဖြင့် ပြည့်ဝသော သူဆိုတာ သူ အစောကြီးကတည်းက သိခဲ့သည်။ သူ ဘယ်လောက် အလုပ်ပင်ပန်းပင်ပန်း ဟေသာက သူ့ကို အမောပြေစေပါသည်။

“ဉာဏ်နဲ့သာ အတူနေရရင် ဟေသ့ဘဝမှာ တခြားဘာမှ မလိုတော့ဘူး ... ၊ အရာအားလုံး ပြီးပြည့်စုံတယ်”

http://www.linhtet.com

ဟူသော ဟေသာ့စကားတွေက သူ့ကို အင်အား ဖြစ်ထွန်းစေခဲ့သည်။ သူက ချစ်စနိုးစိတ်ဖြစ်လာတိုင်း ဟေသာ့ခေါင်းပေါ် လက်ဖဝါးဖြင့် ဖိရိုက်ကာ လှုပ်ယမ်းတတ်မြဲ ဖြစ်သည်။ ဟေသာက အရပ် ငါးပေ သုံးလက်မလောက်ပဲ ရှိတာမို့ အရပ်မြင့်မြင့် ဝုံဝုံထည်ထည် ပုံမျိုးတော့မဟုတ်ပါ။ သို့သော် ဟေသာက လှပရုံမက ချစ်စရာလည်း ကောင်းပါသည်။ ဆံပင်ဖြောင့်ဖြောင့်လေးတွေ ပခုံးပေါ် ဝဲကျနေကာ အသားက ဝါညက်ညက်၊ မျက်ခုံးမွေး ကွေးကွေးကလေး အောက်က မျက်ဝန်းလေးတွေက မျက်တောင်ကော့များ ခြံရံလျက် အလွန်တောက်ပသည်။ ထိုမျက်ဝန်းတွေနှင့် ဆုံရတိုင်း သူရင်ခုန်ခဲ့ရဖူးသည်။ နှုတ်ခမ်းပါးကလေးတွေ ပြုံးရယ်လိုက်တိုင်း သူ ပျော်ရွှင်ခဲ့ရပါသည်။


ဉာဏဉာဏ်သည် ကိုယ့်အနာဂတ်ကိုယ် မျှော်လင့်ခြင်း ကြီးစွာဖြင့် ကျေနပ်၍လည်း နေခဲ့သည်။ ဟေသာ့ထံမှ ဂရုစိုက်မှုတွေ ကြင်နာယုယမှုတွေကို သူ မျှော်လင့်သည်။ သူ့အတွက် နေပျော်စရာကောင်းသော အိမ်ဂေဟာတစ်ခုကို ဖန်ဆင်းပေးမည့် ဖန်ဆင်းရှင်တစ်ယောက် အဖြစ်လည်း မျှော်လင့်သည်။ သတို့သားကလေးသည်လည်း သတို့သမီးလေးထံမှ ကောင်းမွန်လှပသော အရာများကိုသာ မျှော်လင့်နေခဲ့ပါသည်။

http://www.linhtet.com

သူတို့ မျှော်လင့်ကြသည် ... ယုံကြည်ကြသည်၊ ရင်ခုန်ကြသည်။

အဲဒီ ခံစားမှုတွေကို တစ်သက်လုံး သိမ်းပိုက် ရရှိမည်ဟုလည်း ထပ်မံ၍ ယုံကြည်ကြသေးသည်။


တကယ်တော့ အချစ်ဆိုတာ အရာအားလုံးကို လှပစေသည်။ ခမ်းနားစေသည် ... ပြည့်စုံစေသည် ... ဟု သူတို့ နားလည်ခဲ့ကြပါသည်။



http://www.linhtet.com



http://www.linhtet.com



သူတို့နှစ်ယောက်ရဲ့ မင်္ဂလာဦး အစ,ကာလများ ကလည်း လှပခဲ့လေသည်။

မင်္ဂလာပွဲ ပြီးပြီးချင်း ဟန်းနီးမွန်း မထွက်မီ သူငယ်ချင်းဖြစ်သူ၏ ဟိုတယ်မှာ သူတို့ တစ်ပတ်တိတိ နေခဲ့ကြသည်။

ထိုကာလများ၏ ပျော်ရွှင်ချမ်းမြေ့ရခြင်းကို ပါးစပ်က ဘယ်လောက်ပြောပြော မီအောင်ပြောနိုင်မည် မထင်ပါ။ သူတို့အတွက် ပြောစရာစကားတွေက မကုန်နိုင်ခဲ့။ သူဟေသာ့ကို စ,ချစ်ခဲ့မိစဉ်က အဖြစ်သနစ်များ ... ဟေသာ့ကို ပိုးပန်းခဲ့ရပုံများကို ပြန်ပြောင်းပြောပြရင်း ရယ်မောကြရခြင်း သည်လည်း ချစ်ခြင်း၏ အရသာတစ်ခု ဖြစ်သည်။

"အဲဒီတုန်းက ကလေးရဲ့ ဘေးတစောင်း မျက်နှာလေး

http://www.linhtet.com

ကို ကိုယ် စ,မြင်ရတာကွ ... ၊ ကိုယ့် သူငယ်ချင်းက ကလေးရဲ့ အိမ်နီးချင်း ဖြစ်နေတာ ကိုယ့်အတွက် ကံကောင်းမှု တစ်ခုပါ။ ကိုယ့်သူငယ်ချင်းအိမ်ကို ကိုယ် ရောက်တိုင်း ဟေသာ့ အခန်းကို လှမ်းမြင်ရမယ့် ပြတင်းပေါက်ကို အပြေးသွားမိတာပဲ၊ ပြတင်းပေါက် ဘေးက စားပွဲမှာ ဟေသာ ငြိမ်ငြိမ်ကလေးထိုင်ပြီး စာဖတ်နေတာ မြင်ရတိုင်း ကိုယ် အရမ်းပျော်သွားတာ ကွ ... ၊ ပြတင်းပေါက်ပေါင်ပေါ် မေးတင်ပြီး ကိုယ် ဟေသာ့ကို ငေးငေးကြည့်မိတာ ... ၊ အဲဒီ အချိန်လေး လောက် ကိုယ့်ရင်ကို လှုပ်ခတ်စေတာ မရှိဘူး၊ လှိုင်း ထ,စေတာ မရှိဘူး"

သူက တိုးဖွဖွ ပြောသောအခါ ဟေသာရဲ့ ပီတိ ဖြင့် ရွှန်းစိုသော မျက်ဝန်းများက သူ့ကို ချစ်မက်စွာ ငေး လျက်ရှိသည်။ သူသည်လည်း ဟေသာ့ကို ဖွဖွထွေးပွေ့ ထားရင်း ရင်ခုန်စ အချိန်များကို ပြန်ပြောင်းသတိရကာ စိတ်နှလုံး ညွှတ်နူးလျက် ရှိသည်။

"ဟေသာလည်း ဉာဏ် ကြည့်နေတာကို သိခဲ့တာပဲ"

"သုံးရက်မြောက်နေ့ကျမှ သိတာပါကွာ ... "

"အင်းပါ ... ဟေသာက စာကိုပဲ စိတ်ဝင်စားနေတာကိုး၊ နောက်ကျမှ ဟေသာ့ကို တစ်ယောက်ယောက်က

http://www.linhtet.com

စောင့်ကြည့်နေသလိုမျိုး ခံစားရတာနဲ့ ဉာဏ် ရှိနေတဲ့ ပြတင်းပေါက်ဘက်ကို အလိုလို လှည့်ကြည့်လိုက်မိတာ"

"အဲဒါနဲ့ ရင်တွေခုန်သွားရော မဟုတ်လား ..."

ဟေသာက သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ...

"ထူးတော့ ထူးဆန်းတယ် ဉာဏ် ...၊ ဉာဏ့် မျက်လုံးလေးတွေကို ဟေသာ မှတ်မိသွားတယ်၊ ခဏခဏလည်း သတိရတယ် ...၊ နောက်နေ့တွေလည်း အဲဒီ စားပွဲလေးမှာ ထိုင်တော့မယ်ဆို ရင်တွေခုန်လာရော ...၊ ဉာဏ် ကြည့်နေမလားလို့လည်း သိချင်တယ်၊ ကြည့်လည်း မကြည့်ရဲဘူး ..."

"အဲဒါဆို သေချာပါတယ် ... ဟေသာက အရင် ကိုယ့်ကို ချစ်တာ ..."

"အမယ် ... မဟုတ်ပါဘူးနော်၊ ဉာဏ်က အရင် စ,ချစ်တာပါ၊ ဉာဏ် အရင် လာစ,ကြည့်တာ ..."

"ကိုယ် ကြည့်ကာမှ ကြည့်ရော ... ဟေသာ ပြန်မကြည့်ရင် ဘာမှ ဖြစ်မလာနိုင်ပါဘူးကွာ ..."

"ဉာဏ်နော် ... ဟေသာ စိတ်ကောက်မှာနော်"

"စိတ်တော့ မကောက်ပါနဲ့ကွာ ..."

http://www.linhtet.com

"အဲဒါဆို ဉာဏ် ဝန်ခံရမယ် ... ဉာဏ်က အရင် ဟေသ့ကို စ,ချစ်ခဲ့တာ မဟုတ်လား"

"အတူတူ ချစ်တယ်ပဲ ထားကွာ ..."

"ဟင့်အင်း ... မရဘူး၊ ဉာဏ်က အရင် စ,ချစ်တယ်လို့ ထား ..."

"အင်းပါ ... အင်းပါ ... ထားပါ့မယ်၊ ကျွန်တော်မျိုး ဉာဏဉာဏ်က အရင် စ,ချစ်ပြီး စ,ပိုးခဲ့ရတာပါ၊ ဒါပေမယ့် ပိုးတဲ့သူက ပိုးကာမှ ပိုးရော ... ပိုးပန်းခံရတဲ့သူက ကျေနပ်လို့သာ နှစ်ဦးသဘောတူ ချစ်သူတွေ ဖြစ်ခဲ့ကြတာဆိုတာကိုလည်း သတိထားဦးနော် ... တချို့ မိန်းကလေးတွေက မဆွတ်ခင်က ညှဉ်းချင်ချင်ရယ်"

"ဉာဏ်နော် ... ဉာဏ်နော် ..."

ဟေသာက သူ့ကို ခေါင်းခုံးတွေနှင့် ပစ်ပေါက်နေတာမို့ သူက တဟားဟား အော်ရယ်ရင်း ရှောင်တိမ်းနေရလေသည်။ ဟေသာရဲ့ စူပုပ်နေသော မျက်နှာကလေးကပင် သူ့ကို ကျေနပ်ရွှင်ပျစေသည်။ ဟေသ့ မျက်နှာကလေး နီရဲကာ ဒေါသထွက်လာဖို့ သူ မကြာခဏ စ,နောက်နေတတ်စမြဲ ဖြစ်သည်။ ဒါဟာလည်း ချစ်သူဘဝရဲ့ အရသာတစ်မျိုးဟု သူက ယူဆပါသည်။ ဟေသာ ဘယ်လောက် စိတ်ကောက်သည် ဖြစ်ပစေ သူ စိတ်ရှည်လက်ရှည် ချော့ရမြဲ ... ။

http://www.linhtet.com

ဟေသာ တောင်းဆိုသမျှကို ကျေနပ်ကြည်ဖြူစွာ လိုက်လျောမိမြဲ ဖြစ်သည်။ သူက သူချစ်သော မိန်းမတစ်ယောက်ကို ဇနီး အဖြစ် သိမ်းပိုက်ရရှိဖို့အတွက်ဆို ဘာမဆို သည်းညည်းခံဖို့ အဆင်သင့် ဖြစ်ခဲ့သူ ဖြစ်သည်။

"အဲဒီတုန်းကဆို ရင်ခုန်စရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်းတယ်ကွ ... ၊ ကိုယ် ဟေသာ့ကို လာလာ ကြည့်နေတာကို သိတဲ့ ကိုယ့်သူငယ်ချင်းရဲ့ အဒေါ် အပျိုကြီးက ကိုယ့်ကို သိပ်ကြည့်ရတာ မဟုတ်ဘူး၊ ကိုယ် သွားပြီဆို အလကားး အားအားယားယားတော် ဆိုပြီး ဗျစ်တောက်ဗျစ်တောက် စောင်းမြောင်းပြောဆိုနေတော့တာ၊ သူ မစွံတိုင်းကွာ ... ကိုယ့်မှာ ဟေသာ့ကို ကြည့်နေရတဲ့ ကြည်နူးမှုက တစ်ဖက်၊ နားငြီးရတာက တစ်ဖက် ... ခံစားချက်က နှစ်မျိုးတစ်ပြိုင်တည်း ဖြစ်နေတာ ... "


"ဟေသာကရော ဘာထူးလို့လဲ ... ၊ ဖေဖေက ဥဏ္ဍ ကြည့်ကြည့်နေတာကို သိသွားပြီးကတည်းက ပြတင်းပေါက်ကို အသေရိုက်ပိတ်ပစ်လိုက်တာ၊ အားလို့ ကြည့်နေတဲ့သူကို မျက်စိအစာ ကျွေးမနေနဲ့တဲ့ ... ၊ ဆူလိုက်ပွက်လိုက်တာလည်း လွန်ပါရောပဲ၊ ဟေသာ့မှာ အဲဒီ အကြပ်အတည်းကြားက ရှင့်ကို ချစ်ရတာ"

http://www.linhtet.com


"အဲဒါကြောင့် ကိုယ်ပြောတာပေါ့၊ ဟေသာက ကိုယ့်ကို စ,ချစ်တာပါဆို ..."


"ဥာဏ်နော် ... ရန်မစနဲ့၊ ရှင် စ,ချစ်လို့ ဟေသာက သနားလို့ ပြန်ချစ်လိုက်တာ သိလား"

သူတို့ရဲ့ ငြင်းခုန်မှုများက ပီတိကိုသာ ဖြစ်ထွန်းစေခဲ့သည်။ ဟိုတယ်မှာ နေသည့် တစ်ပတ်တိတိ ကာလပတ်လုံး ပူပင်သောကဆိုလို့ ဘာတစ်ခုမှ မရှိဘဲ စိတ်ချမ်းမြေ့ခဲ့ကြသည်။ သူတို့နှစ်ဦးလုံး မိုးမခြင် လေမခြင် ပျော်ခဲ့ရသော ကာလများဖြစ်သည်။ ချစ်ခြင်းရဲ့ ချိုမြိန်မှုတွေကိုသာ စားသုံးခဲ့ရသော လတ်ဆတ်သည့် နေ့သစ်များလည်း ဖြစ်ပါသည်။




http://www.linhtet.com





http://www.linhtet.com



ဟိုတယ်တွင် တစ်ပတ်တိတိ ကြာပြီးနောက်တွင် ဟန်းနီးမွန်းခရီး ငါးရက်ထွက်ရန် ဉာဏ်ဉာဏ်က စ,တင် တောင်းဆိုပြီးနောက် နှစ်ဦးသဘောတူ ဆုံးဖြတ်ချက် ချလိုက်လေသည်။ သူ ငြီးငွေ့လှပြီ ... ။ ဒီလူနဲ့ ဒီလူချည်းပဲ တွေ့တွေ့နေရတာ နည်းနည်းတော့ ပျင်းစရာကောင်းလာပြီဟု သူထင်သည်။ သူက ယောကျ်ားတစ်ယောက်ပီပီ တစ်နေရာတည်းမှာ ငြိမ်ငြိမ်လေး နေနေဖို့ထက် လှုပ်လှုပ်ရှားရှား သွားလာရတာ လူများများနဲ့ ထိတွေ့ရတာကို ပိုပြီး နှစ်သက်ပါသည်။ သူတို့ ဟန်းနီးမွန်းခရီးအဖြစ် ချောင်းသာကမ်းခြေကို ရွေးချယ်ခဲ့ကြသည်။ ထိုနေ့ညက ခရီးသွားဖို့ ပြင်ဆင်ကာ အဝတ်အစားတွေ ထည့်သိုသိမ်းဆည်းနေဆဲ သူ့မိန်းမရဲ့ ကဗျာမဆန်သော စကားသံကို စ,တင်ကြားရပါသည်။

http://www.linhtet.com

"နှမြောဖို့ ကောင်းတယ်နော်၊ ပိုက်ဆံတွေ ကုန်ရဦးမယ်၊ ဒီမှာနေတာက ဥဇော့်သူငယ်ချင်းက လက်ဖွဲ့တာဆိုတော့ အကုန်သက်သာတယ် မဟုတ်လား ... ချောင်းသာမှာဆို တည်းခိုစရိတ်က ကြီးဦးမယ် ... စားစရိတ်က ရှိသေးတယ်၊ ကိုယ့်ကားကိုယ် မောင်းယူသွားရမှာဆိုတော့ ဓာတ်ဆီဖိုးကတင် နည်းမှာမဟုတ်ဘူး ... ၊ ဒီငါးရက်နဲ့ စောစောပိုင်းက တစ်ပတ်နဲ့ ပေါင်းရင် ဟန်းနီးမွန်း ကာလက ဆယ့်နှစ်ရက်တောင် ဖြစ်နေပြီ၊ ဥဇော်လည်း အလုပ်ပျက်လှပြီ ... "

သူက ဒါဟာ သူ့မိန်းမအသံမှ ဟုတ်ရဲ့လားဟုပင် သံသယဝင်ကာ တအံ့တသြ ကြည့်မိပါသည်။ အလိုလေး ... သူ့မိန်းမရဲ့ မျက်နှာဟာ တကယ့် မိန်းမကြီးကြီး တစ်ယောက်လို ရင့်ရော်နေသည်။ ပြောနေပုံကလည်း ဗျစ်တောက်ဗျစ်တောက် ... ။ သူ သိနေခဲ့တဲ့ ဟေသာတင်က တကယ့်ကို နူးနူးညံ့ညံ့လေးပါ ... ။ နုနုရွရွ စကားလုံးတွေကိုသာ သုံးစွဲတတ်သူပါ ... ။

"ဟေသာ ... မင်း ဘာတွေ ပြောနေတာလဲ၊ ဘာတွေ ပူပန်နေတာလဲ ... ၊ ဒီဟန်းနီးမွန်း ကာလကို ကိုယ်တို့တွေ ကြည်ကြည်နူးနူး ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းကြရမှာ မဟုတ်လား"

http://www.linhtet.com

"ပျော်တာလည်း ပျော်တာပေါ့၊ ဒါပေမယ့် ပိုက်ဆံတော့ သိပ်မကုန်စေချင်ဘူး၊ ဟောသာတို့က သိပ်ချမ်းသာနေတာမှ မဟုတ်တာ၊ နေစရာ တိုက်ခန်းရှိတယ်၊ စီးစရာ ကားလေးတစ်စီး ရှိတယ်၊ ဒါပဲမဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ဒီအချိန်မှာ ဒါတွေ ခေါင်းထဲ မထည့်စမ်းပါနဲ့ ... ကိုယ်လည်း ကုမ္ပဏီ ဒါရိုက်တာပါ၊ ဒီလောက် မမွဲသေးပါဘူး၊ မင်း ငွေစကား ထည့်ထည့်မပြောစမ်းပါနဲ့"

"မထည့်လို့ မရဘူး ... ၊ ဟောသာ တွေးမိနေတာ ... ဩော် ... ဒါနဲ့ မသိလို့ မေးရဦးမယ်၊ မင်္ဂလာဆောင် အတွက် ဉာဏ် ငွေဘယ်လောက်တောင် ကုန်လဲ ... "

"တိတိကျကျတော့ မတွက်ရသေးပါဘူး၊ ဒါပေမယ့် ကုန်တာတော့ တော်တော်ကုန်တယ်၊ စုဆောင်းထားသမျှ အားလုံးနီးပါးပဲ ... "

"ဘုရားရေ ... ဉာဏ် ... အဆင်ခြင် နည်းလှချည်လား ဟင်၊ ဘာဖြစ်လို့ ရှိရှိသမျှ အကုန်သုံးပစ်လိုက်ရတာလဲ"

"ဟင် ... ဒါက ဘာစကားလဲ ... ၊ ကိုယ့်ကို အပြစ်တင်နေတာလား၊ ကိုယ်က မင်း စိတ်ချမ်းသာအောင် လုပ်ပေးခဲ့တာလေ ... ၊ မင်းပဲ ခမ်းခမ်းနားနား မင်္ဂလာဆောင် ချင်ကြောင်းတွေ တဖွဖွ ပြောနေခဲ့တာ မဟုတ်လား ... "

http://www.linhtet.com

"ပြောတာက ပြောတာပဲ၊ အတင်းအကျပ် တောင်းဆိုနေတာမှ မဟုတ်တာ၊ မိန်းမဆိုတာကတော့ တစ်သက်တစ်ခါ ပြုရတဲ့ မင်္ဂလာကို ခမ်းခမ်းနားနား မြင်ချင်တာပဲ၊ ဒါပေမယ့် ဟေသာ ပြောတိုင်း ဉာဏ် လုပ်စရာလား၊ ကိုယ့်ရှိတဲ့ ပိုက်ဆံကို နည်းနည်းပါးပါး ရှေ့ရေးနောက်ရေး တွက်ချက်ပါဦးတော့လား ..."

"အေး ... ထားလိုက်ပါတော့ ... မင်းကို တင့်တောင့်တင့်တယ် စိတ်ချမ်းသာစေချင်တဲ့ ငါ့အပြစ်ပဲ ထားလိုက်ပါတော့"

"ဘယ်သူ့အပြစ်ပဲဖြစ်ဖြစ် ကုန်တဲ့ပိုက်ဆံက ကုန်သွားပြီ ..."

"ဒါကိုပဲ တွက်ချက်မနေစမ်းပါနဲ့ကွာ ... ၊ လက်ဖွဲ့တွေလည်း အများကြီး ပြန်ရထားတာပဲ ... ၊ ကိုယ့်အမျိုးတွေ လက်ဖွဲ့တာတင် မနည်းပါဘူး ..."

"ဘာလဲ ... ဉာဏ့်အမျိုးတွေရဲ့ လက်ဖွဲ့ဘူး အကြီးကြီးတွေကြောင့် ပြောအားရှိနေတာလား၊ မထင်နဲ့ ရှင်ရေ၊ တန်ဖိုးနည်းပြီး ဝန်ပွတဲ့ ပစ္စည်းတွေ ဖြစ်ချင်ဖြစ်နေမှာ၊ ဥပမာ ဒန်အိုးဒန်ခွက်တို့ တရုတ်က လုပ်တဲ့ ဈေးပေါပြီး ပစ္စည်းကြီးတဲ့ တိုင်ကပ်နာရီတို့ ..."

http://www.linhtet.com

"အဲဒီလိုတော့ မပြောပါနဲ့ ဟေသာရယ် ... ၊ ကိုယ့် အဒေါ် အပျိုကြီး တစ်ယောက်ကဆို သူငယ်ငယ်က အမြတ်တနိုး ဝတ်လာတဲ့ နားကပ်တစ်ရန်ကို မင်း အတွက် ရက်ရက်ရောရော လက်ဖွဲ့ခဲ့တယ် မဟုတ်လား ... "

"အမလေးရှင် ... အဲဒီ နားကပ်ကိုသာ ကျွန်မ ပန်လိုက်ရင် လူတကာ ကဲ့ရဲ့ခံရမှာရှင့် ... ၊ ရွှေပါးပါး ကလေးမှာ ကျောက်ဖြူ ကျောက်နီတွေ ပြူးပြူးပြဲပြဲ ထည့်ထားတာ ... ၊ ဒီကြားထဲ ကျောက်တစ်လုံးက ပြုတ်ထွက် နေသေး ... ၊ ဘယ်လိုအင်အားမျိုးနဲ့ ဒါကို ဝတ်ပြရပါ့မလဲ ... "

"မင်း မဝတ်ချင်လည်း နေပေါ့ကွာ၊ သူများတကာ စေတနာကို ဒီလောက်ထိ မစော်ကားနဲ့ပေါ့၊ သူ့ခမျာ လည်း စေတနာရှိလွန်းလို့ မရှိ ရှိတာ လက်ဖွဲ့ရတာ ... ၊ ငါဦးလေး တစ်ယောက် ကက်ဆက်ကောင်းကောင်း တစ်လုံး လက်ဖွဲ့တာကိုကျတော့ မင်းမပြောဘူး မဟုတ်လား၊ မင်း အမျိုးတွေကျတော့ ... "

"ဘာဖြစ်လဲ ... ဟေသာ့ အမျိုးတွေက ဘာဖြစ်လဲ ... ပြောစမ်းပါဦး"

"မင်းအမျိုးတွေကမှ တကယ့် ကပ်စေး ... နှပ်ချေး ... ၊

http://www.linhtet.com

အိမ်လုံးကျွတ်လာ ပါးဖြိနားဖြစားပြီး လက်ဖွဲ့ကျတော့ ဖန်ခွက်လေး တစ်လုံးလောက် ဖွဲ့ချင် ဖွဲ့သွားတာ ..."

"ဉာဏ်နော် ... ရှင် ... ဟသာ့ အမျိုးတွေကို ထိခိုက်မပြောပါနဲ့ ..."

"မင့်ကျတော့ရော မပြောလို့လား ..."

"ရှင်ပြောတာက ပိုလွန်တယ် ..."

"မင်းက ပိုလွန်တာ ..."

"ရှင် လွန်တာ ..."

"အေး ... နှစ်ယောက်စလုံး လွန်တယ်ပဲ ထားကွာ၊ တော်ပြီ ... ဘာမှ ဆက်မပြောနဲ့တော့ ..."

သူ ... ခပ်ပြတ်ပြတ်ပြောပြီး သူ့မိန်းမ အသစ်စက်စက်လေးကို ကျောခိုင်းထားလိုက်မိပါသည်။ ဟသာ ... ဟသာ ... သူက ကလေးလို့တောင် ချစ်စနိုးခေါ်ခဲ့မိတဲ့ မိန်းကလေးဟာ ဘာကြောင့် ဒီလို ပစိပစပ်များတဲ့ မိန်းမကြီး တစ်ယောက် ဖြစ်နေရပါလိမ့် ... ။ ညင်သာနူးညံ့သော အသံကို သာ ကြားနေကျဖြစ်သော သူ့အတွက်တော့ ထိုဖြစ်ရပ်ဟာ အတော့်ကို ထူးဆန်းပြီး သွေးပျက်ဖို့ ကောင်းလှပါသည်။ စကားနိုင်လုတတ်တဲ့ ယောကျ်ားကို အပြစ်ရှာပြောတတ်တဲ့ ... ယောကျ်ား အမျိုးတွေကို ပုတ်ခတ်နှိမ်ချတတ်တဲ့ ... ငွေမျက်နှာကို သိပ်ကြည့်တတ်တဲ့ မိန်းမမျိုးနဲ့ ရေစက်မဆုံရပါစေနဲ့လို့

http://www.linhtet.com

သူ အိမ်ထောင်မကျခင်က အထပ်ထပ် ဆုတောင်းခဲ့တာပါ။ ဟေသာ့ကိုတော့ အင်မတန် နှုးညံ့သူကလေးမို့ သူ ကြောက်တဲ့ အချက်တွေ တစ်ချက်မှ မရှိဘူးလို့သာ ထင်ခဲ့တာ ... ။ ခုတော့ ... ဟေသာ့မှာ အဲဒီ အချက်တွေအားလုံး ကြောက်ခမန်းလိလိ ရှိနေခဲ့ပါသည်။ ချစ်သူသက်တမ်း သုံးလအတွင်းမှာ သူ ဒီအချက်တွေကို ရှာဖွေမတွေ့ခဲ့ဘူး ... ။ သူ ရှာမတွေ့ခဲ့တာလား ... မရှာမိတာလား ... သူမက,ပဲ ဟန်ဆောင်ကောင်းတာလား ... ။ ခုမှ အသေအချာ စဉ်းစားမိသော်လည်း အဖြေက မပေါ်ပါ။

သူကတော့ ချစ်လိုက်ရတာ ... စိတ်ချမ်းသာစေချင်လိုက်တာ ... နောက်မှပဲ ဘယ်လို ရှာရရှာရ လောလောဆယ် စုဆောင်းထားသမျှ ငွေတွေအားလုံးကို သူမ စိတ်တိုင်းကျ ဖြစ်အောင် ဖြည့်ဆည်းပေးခဲ့ရသည်။ အဲဒီအတွက် အပြစ်တင်စကားတွေပဲ ပြန်ရသည်။ ဘယ်လောက် ရင်နာ စရာကောင်းလိုက်သလဲလို့ ... ။

သူက မိဘ အထောက်အပံ့ ရနေသော သူဌေးသားလည်း မဟုတ်ရပါ။ သူ့မိဘတွေက နေဖို့အတွက် ကွန်ဒိုမီနီယံ တိုက်ခန်းတစ်ခန်း လက်ဖွဲ့ပါသည်။ ဟေသာ့ဘက်ကတော့ ကားတစ်စီး လက်ဖွဲ့သည်။ မင်္ဂလာစရိတ်အတွက်တော့ သူကိုယ်ပိုင် စုဆောင်းထားသည့် ငွေကိုသာ သုံးရပါ

http://www.linhtet.com

သည်။ သို့သော် သူကလည်း ကုမ္ပဏီ ဒါရိုက်တာမို့ ဒီငွေကို အကုန်သုံးပစ်လိုက်လို့ ရှေ့လျှောက် ဒုက္ခရောက်စရာအကြောင်း မရှိပါ ... ။ ဒါကိုများ ...

သူက အသက်ပြင်းပြင်းရှူကာ ခုန မြင်ခဲ့ရသော သူ့မိန်းမရဲ့ မျက်နှာထားကို မျက်စိထဲက ပျောက်အောင် ... ကြားခဲ့ရသော အသံကို နားထဲက ပျောက်အောင် အတင်း ကြိုးစားနေရပါသည်။ ဒေါသထွက်နေတဲ့ အသံစွာစွာနဲ့ နှုတ်ခမ်းကို မသိမသာ မဲ့ကာ မဲ့ကာ ပြောနေသော သူ့မိန်းမရဲ့ မျက်နှာနှင့် အသံက သူ့အာရုံထဲမှာ အတန်ကြာသည်အထိ ကြီးစိုးနေပါသည်။ အရင်တုန်းက ဟောသာတင် ဘယ်ရောက် သွားပြီလဲ ... ။ အရင်ကဆို သူမက စိတ်ဆိုးတာတောင် မူမူ နဲ့နဲ့ကလေး သူ ပိုချစ်လာအောင် စိတ်ဆိုးပြတတ်ပါသည်။

နောက်ထပ် ... နောက်ထပ် သူ မသိခဲ့သော စရိုက်လက္ခဏာတွေ ဘယ်လောက်တောင် ပေါ်ပေါက်လာဦး မလဲဆိုတာ တွေးရင်းနဲ့တောင် ကြက်သီး ထ,ရပါသည်။

သူက မိန်းမတွေနဲ့ ရင်းရင်းနှီးနှီး မနေဘူးခဲ့သူ လည်း မဟုတ်ခဲ့ပါ။ တစ်ဦးတည်းသော သားတစ်ယောက်မို့ မွေးချင်းနှမတွေလည်း မရှိခဲ့ ... ။ သူ့မိခင်ကလည်း သူ သိတတ်စ အရွယ်ကပင် ဆုံးပါးခဲ့ပြီမို့ ဖေဖေ့ ဆုံးမမှုအောက် မှာသာ နေလာခဲ့ရသည်။ သူ့ရုံးက မိန်းကလေးတွေ စကား


http://www.linhtet.com

များတာ ... အတင်းပြောတာ ... အလှအပကြိုက်တာ ... မကြာခဏ စျေးဝယ်ထွက်တတ်တာတွေကိုလည်း သူ မကြိုက်ပါ။ အဲဒီလို မိန်းကလေးတွေကို စိတ်ထဲက အခါခါ ရွံတ်ချခဲ့မိဖူးသည်။ ဟေသာ့ကိုတော့ လက်ရွေးစင် မိန်းကလေးတစ်ယောက်အဖြစ် အထင်တကြီး ရှိခဲ့တာ အမှန်ပင်။ ခုတော့ သူအထင်ကြီးခဲ့ရတာနှင့် မတန်အောင် ဟေသာက ပြောင်းလဲလာခဲ့သည်။ သူ ... ရှေ့ဆက် ဘယ်လိုစခန်းသွားရမလဲ ... ။ ဟေသာဟာ ဘယ်လိုမိန်းကလေးမျိုးလဲ ... ။ သူ စိတ်ညစ်ညစ်နှင့် ခုတင်ပေါ် ပစ်လဲလိုက်သည်။ သူမကို ကျေနပ်ခိုင်းအနေအထားနှင့် ဖြစ်သည်။


ဒီညဟာ ... သူ့မျှော်လင့်ချက်တွေအတွက် စ,တင်စိုးရိမ်မိသော ည ဖြစ်သည်။ သူ ဟေသာ့ထံမှ မျှော်လင့်ခဲ့တာက ပျော်ရွှင်မှုတွေ ဖြစ်သည်။ နူးညံ့မှုတွေ ဖြစ်သည်။ ခုတော့ မမျှော်လင့်တာတွေ ရနေခဲ့ပြီ ... ။

ဘာပဲဖြစ်ဖြစ် ဟေသာ့ကိုတော့ သူချစ်ပါသည်။ သို့သော် ... သူ့အနားမှာ တစ်သက်လုံး အနီးကပ် ရှိနေမည့် မိန်းမတစ်ယောက်ထံမှာ သူ မကြိုက်သည့် အချက်တွေ ဘယ်လောက်များ ရှိနေမလဲဟု တွေးကာ ကြောက်လာသည်။

http://www.linhtet.com



http://www.linhtet.com



ဟေသာတင်သည် ဉာဏ်ကို ကျောခိုင်းအိပ်ရင်း ရင်ထဲမှာတော့ ဝမ်းနည်းစိတ်နှင့် ဒေါသစိတ်တို့ ရောနှောကာ ပွက်ပွက်ဆူနေရပါသည်။

ဉာဏ်ဟာ စကားပြောရ ဆိုရ လက်ပေါက်ကတ်သူ၊ သည်းခံစိတ် မရှိသူ ... ကိုယ်ချစ်လို့ ယူထားတဲ့မိန်းမကို မကြင်နာသူ ... ပိုက်ဆံကို ပေါ့ပေါ့ဆဆ ဖုံးပေါလအော သုံးသတ်သူလို့ ဟေသာ နည်းနည်းမှ မထင်ခဲ့မိပါ ... ။ ချစ်သူဘဝက ဟေသာ စိတ်ကောက်တာတွေကို အမြဲ သည်းခံချော့တတ်တဲ့ ဉာဏ်ဟာ ခုတော့ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ ... ။ ကလေးလို့ ကြင်ကြင်နာနာ ခေါ်တတ်တဲ့သူက မင်းတွေ ငါတွေ မိုးမွန်အောင် သုံးနှုန်းပြောဆိုနေတာကို ဟေသာ နားခါးလှပါသည်။ ယောကျ်ားဆိုတာ ဒီလို

http://www.linhtet.com

ပဲလား ... ။ မရခင်ကသာ သည်းခံတတ်ကြတဲ့ အမျိုးအစား တွေလား ... ။ ဒါတောင် အစပဲရှိသေးသည်။ အိမ်ထောင်သက် ကြာလာတာနဲ့အမျှ သူရဲ့ ပြောင်းလဲမှုတွေကို ဘယ်လောက် တောင် ခံသြတကြီး ခါးစည်းခံရမလဲ မသိပါ။

သူ့လိုသာ ပိုက်ဆံကို ရှေ့နောက် မကြည့်ဘဲ ထင်ရာမြင်ရာ သုံးပုံမျိုးနဲ့ စီးပွားကလည်း ဖြစ်ထွန်းမည် မထင်ပါ။ အိမ်ထောင်တစ်ခုမှာ စီးပွားရေးကလည်း အရေးကြီး တာပဲ မဟုတ်လား။ ဟေသာသည် ရှေ့ရေးနောက်ရေး တွေး ပူစ ပြုလာရပါသည်။

ဟေသာ ဝမ်းအနည်းရဆုံးကတော့ သူ့ရဲ့ ဒေါသ ကြီးမှုနဲ့ ဥပေက္ခာပြုမှု ဖြစ်ပါသည်။ ကြည့်စမ်းပါဦး ... ဟေသာ့ ကို ကျောခိုင်းပြီး ကျောက်ရုပ်လို ငြိမ်နေလိုက်တာ ... ။ သူ့ ဘေးမှာ ဟေသာတင်ဆိုတဲ့ မိန်းမတစ်ယောက် ရှိနေသလိုဟု တောင် ထင်ပုံမရပါ ... ။ ဒါလား တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်မခွာရက် ချစ်လို့ လက်ထပ်ခဲ့ကြတဲ့ ချစ်သူတွေဆိုတာ ...

ခဏကြာတော့ သူ့ထံမှ ဟောက်သံသဲ့သဲ့ ထွက် လာသောအခါ ဟေသာက ဒေါသတကြီး ထ,ထိုင်မိကာ သူ့ကို လှုပ်နှိုးလိုက်မိပါသည်။

"ဉာဏ် ... ထ ... ၊ ခဏထစမ်းပါ ..."

"ဟာကွာ ... ဘာလုပ်မလို့လဲ၊ ဒီမှာ အိပ်နေတာကို"

http://www.linhtet.com

"ရှင့်ဘာသာ အိပ်အိပ် မ,အိပ်အိပ် ... ရှင့်ကို ကျွန်မ ဒီည ဒီစကား မပြောရရင် အိပ်ပျော်မှာ မဟုတ်လို့ နှိုးရတာ ..."

"ပြောစမ်းပါဦး ... မင်း စကားက ဘယ်လောက်အရေး ကြီးနေလို့လဲ ..."

"ရှင့်မှာ ပိုက်ဆံ ဘယ်လောက် ရှိလဲ"

"သြော် ... ဒါလား ... အရေးကြီးတာ ..."

"အရေးကြီးတယ်လေ၊ အဲဒီ ပိုက်ဆံတွေ ရှင့်လက်ထဲမှာ ရှိရင် ဗုံးပေါလအော သုံးပစ်မှာစိုးရတယ်၊ ရှင့် ကြည့်ရတာ လက်ဖွာမယ့် သူမျိုးပဲ"

"သမီးရည်းစား ဘဝတုန်းက မင်းအတွက် လက်ဆောင်တွေ ဝယ်ပေးခဲ့ဖူးတာ သတိရသေးတယ် မဟုတ်လား၊ အဲဒီတုန်းကတည်းက ကိုယ် လက်ဖွာတာကို မင်း သိသင့်တယ်၊ ခုမှ အထူးအဆန်းဖြစ်မနေနဲ့ ..."

"အဲဒီတုန်းကတော့ ရှင် ကျွန်မကို မျက်နှာလုပ်နေတယ် ဆိုတာ ကျွန်မ သိတယ်လေ၊ ရှင့်ပိုက်ဆံကို စီမံခန့်ခွဲခွင့်လည်း ကျွန်မမှာ မရှိခဲ့ဘူး မဟုတ်လား၊ ခုတော့ ရှိပြီ ... ဟေသာတင်ဟာ ဉာဏ်ဉာဏ်ရဲ့ မိန်းမဖြစ်တယ်၊ ဒါကြောင့် ရှင် ရသမျှ ငွေကြေးအားလုံး ကျွန်မလက်ထဲ အပ်ရမယ်၊ ကျွန်မပဲ စီမံခန့်ခွဲမယ်၊ တစ်ပြားမကျန်

http://www.linhtet.com

အပ်ပြီး ရှင် လိုသမျှ ဟေသာ့ဆီက တောင်းသုံးရမယ်”

“ကျွတ် ... အဓိပ္ပာယ် မရှိတာ၊ ကိုယ်က ကလေးလား၊ မင်းဆီက ငါးကျပ် တစ်ဆယ်ကအစ လက်ဖြန့်တောင်း သုံးနေရမှာလား၊ မင်းလို ကပ်စေးနဲ့ပုံမျိုးနဲ့ဆို ငါတော့ လူမွေးလူရောင် ပြောင်အောင် ဝတ်ရစားရမှာကို မဟုတ်တော့ဘူး”

“ရှင် ဘယ်လိုယောကျ်ားလဲ ဥဏှ်ရဲ့ ... ဟင် ... ဒါ ထုံးစံပဲ၊ ယောကျ်ားဆိုတာ မိန်းမရရင် မိန်းမလက်ထဲ ပိုက်ဆံ အပ်ရမှာပဲ၊ ကျွန်မ အဖေတုန်းကလည်း ကျွန်မအမေကို အပ်ခဲ့ရတာပဲ၊ ရှင့်အဖေလည်း ရှင့်အမေကို အပ်ခဲ့ရမှာပဲ၊ ရှင် မယုံရင် ပြန်မေးကြည့်လိုက်ဦး၊ အဲဒီလို အပ်မှ လင့်ဝတ္တရား ကျေတယ်၊ လင်ကောင်း ပီသတယ်”

“အဲဒီလို ပြောကြကြေးဆို မင်းကျတော့ရော မယားကောင်း ပီသ,လို့လား၊ ကိုယ့် အိမ်ဦးနတ်ရယ်လို့ ရှိသေလေးစားရကောင်းမှန်း မသိဘူး၊ အိပ်ခါနီး ရှိခိုးအိပ်ရမယ်ဆိုတာ မသိဘူး၊ ခြေဆုပ်လက်နယ် ပြုရမယ်ဆိုတာ မသိဘူး၊ မင်း မိဘတွေက ယောကျ်ားကို ဘယ်လို ပြုစုလုပ်ကျွေးရမယ်ဆိုတာ မသင်လိုက်ဘူးလား”

http://www.linhtet.com

"ဉာဏ် ... ရှင်နော် ... ကျွန်မ မိဘတွေကို ထိခိုက်ပြောဖို့ မလိုဘူး ..."

"ကိုယ်က မင်းမိဘတွေကို ထိခိုက်ပြောတာ မဟုတ်ပါဘူး၊ မင်း လုပ်ရပ်ကသာ မင်းမိဘတွေရဲ့ ဂုဏ်သိက္ခာကို မထိခိုက်စေနဲ့ ..."

ဟေသာသည် ခပ်မာမာ စကားဆိုနိုင်လွန်းသော သူ့ကျောပြင်ကို စိုက်ကြည့်ကာ ဝမ်းပမ်းတနည်း ဆို့နင့်နာကျင်လာပါသည်။ ဒီလို ယောကျ်ားမျိုးနဲ့ တစ်သက်လုံး နေရမတဲ့ ... ။ ချစ်သူသက်တမ်း တစ်လျှောက်လုံး စိတ်ရှည်ဟန်ဆောင်ခဲ့တဲ့ ဒေါသကြီးတတ်တဲ့ ယောကျ်ားမျိုးဟာ ဟေသာမျှော်လင့်တဲ့ ပျော်ရွှင်ခြင်းတွေကို ဖန်တီးပေးနိုင်မှာတဲ့လား။

"ဒါကြောင့် သူငယ်ချင်းတွေက တားတာ ... ၊ သူတို့ စကားကို နားမထောင်လိုက်မိတာ ကျွန်မ အမှားပဲ ..."

ဟေသာက အံကြိတ်ကာ နာနာကြည်းကြည်း ပြောမိပါသည်။ သူကလည်း မဆိုင်းမတွပင် ...

"ကိုယ့် သူငယ်ချင်းတွေလည်း သတိပေးခဲ့သားပဲ ... ၊ သူတို့ ထင်မြင်ချက်တွေ သိပ်မှန်တာပဲ၊ ကိုယ် ဒီထက်နည်းနည်း ပိုပြီး အချိန်ယူ လေ့လာခဲ့ရင် ဒီလောက် ကံဆိုးမှာ မဟုတ်ဘူး ..."

"ဩော် ... ရှင်က ကျွန်မကို ယူမိတာ မှားတယ်လို့

http://www.linhtet.com

ပြောချင်တာလား”

“အဲဒီလို သဘောတော့လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ခု လတ်တလောမှာ အိပ်ရာကနှိုးပြီး စာရင်းစစ်ခံနေရတဲ့ အဖြစ်သနစ်ကတော့ မှားတဲ့ဘက်ကို နည်းနည်းမဲတင်းနေသလိုပဲ၊ ဩော် ... သူငယ်ချင်းဆိုလို့ ရှေ့ဘက်နားကျကျ ညာဘက်စားပွဲမှာ ထိုင်နေတဲ့ မင်းသူငယ်ချင်းမလေး တစ်ယောက်က တော်တော် လှတာပဲနော်၊ သိပ်မပြင်ရဘဲနဲ့ အရမ်းပြင်ထားတဲ့ သတို့သမီးထက်တောင် လှနေသေးတယ် ...”

ဟေသာသည် ဟေသာ့ကို ကျောခိုင်းကာ ခပ်ရိရိပြောနေသည့် သူ့ကျောပြင်ကို စိုက်ကြည့်နေရင်းက ဘယ်လိုမှထိန်းမရနိုင်တော့ဘဲ မျက်ရည်တွေ ကျလာပါသည်။ ဟေသာကို သိပ်ချစ်ပါတယ်လို့ တဖွဖွ ပြောခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ မထီမဲ့မြင် ပြုမှုကို ဘယ်လိုမှ ခံနိုင်ရည် မရှိတော့ပါ။ ဟေသာက စားပွဲပေါ် တင်ထားသည့် ကြွေပန်းအိုးကို ဆတ်ခနဲ ကောက်ကိုင်ကာ နံရံဆီသို့ လွှဲပစ်လိုက်သောအခါ ခွမ်းခနဲအသံနှင့် တစ်ပြိုင်တည်း ဉာဏ်က ဝုန်းခနဲ ထ,လာပါသည်။



http://www.linhtet.com

စိတ်ချဉ်ပေါက်ပေါက်နှင့် ဘုတောနေမိသော ဉာဏဉာဏ်ရဲ့ တမင် မှေးစင်းထားသော မျက်လုံးတွေသည် ခွမ်းခနဲ အသံကြောင့် ရုတ်တရက် ပြူးကျယ်လာကာ ကယောင်ကတမ်း ခုန်ထ,လိုက်မိပါသည်။ ပြန့်ကျဲလွင့်စင်နေသော ပန်းအိုးကွဲစတွေကို ငုံ့ကြည့်နေဆဲ သူ့မိန်းမက မျက်ရည်လည်ရွဲနှင့် သူ့ရဲ့ကျောကုန်း၊ ပခုံး၊ ရင်ဘတ်တွေကို တဗုန်းဗုန်းထုကာ ...

"ရှင်ဟာ တော်တော် ရက်စက်တဲ့လူ ...၊ လိမ်ညာတဲ့သူ ...၊ ရှင်ပြောတော့ ကျွန်မကို စိတ်ချမ်းသာအောင် ထားပါ့မယ်ဆို ...၊ တစ်သက်လုံး အလိုလိုက် အကြိုက်ဆောင်သွားပါ့မယ်ဆို ...၊ ကျွန်မကို ချစ်တဲ့ အချစ်တွေဟာ ရင်ဘတ်နဲ့တောင် မဆုံဘူးဆို ...၊ ခုတော့ ... ကျွန်မ စိတ်ဆင်းရဲရတာက ရင်ဘတ်နဲ့ မဆုံတော့ဘူး၊ ရခါစ ကိုယ့်မိန်းမတစ်ယောက်လုံး အနားထားပြီး မိန်းမရဲ့ သူငယ်ချင်း အလှကို ချီးကျူးပြနေတာကို

http://www.linhtet.com

လည်း အံ့သြလို့ မဆုံးဘူး၊ အစကတော့ ကျွန်မလောက် လှတာ ကမ္ဘာပတ်ရှာတောင် တွေ့မှာမဟုတ်ဘူးဆို ... အဟင့် ... အီး ..."

ကလေးလေးလို ဟီးချင့်နေသော ဟေသာ့ပုံစံကို သူ ရယ်လည်း ရယ်ချင် သနားလည်း သနားကာ ဒေါသ နည်းနည်း လျော့သွားပါသည်။ ကိုယ်ချစ်လို့ ယူခဲ့တဲ့ မိန်းမ တစ်ယောက်ကို စိတ်တိုင်း မကျပေမယ့် မျက်ရည်တော့ မကျစေချင်ပါ။ တဟီးဟီး ငိုယိုရန်တွေ့ ရိုက်ပုတ်နေတာကို ခံနေရတာမို့လည်း စိတ်ရှုပ်ထွေးလာကာ ဘာလုပ်ရမှန်းမသိ ဘဲ ခေါင်းကိုသာ တဂျစ်ဂျစ်မြည်အောင် ကုပ်နေမိသည်။ တကယ်တော့ သူပြောနေမိသော စကားတွေဟာ အတည် ပေါက်တွေချည်းပဲတော့ မဟုတ်လှပါ။ သူမကို အမြင် ကတ်ကတ်နှင့် လျှောက်ပြောနေမိတာတွေလည်း ပါပါသည်။

"ကဲ ... ကဲ ... ငိုမနေနဲ့၊ တိတ်တော့ ... လှလည်း မလှဘဲနဲ့"

"ဘာ ... ခုတော့ မလှဘူးဆိုတဲ့စကား ပြောပြီပေါ့ ..."

"ပြောတာပေါ့၊ မင်း ... ဟို စကားပုံတစ်ခု မကြားမိ ဘူးလား၊ ယောကျ်ားဆိုတာ မိန်းမ ရ,စမှာ ကိုယ့် မိန်းမလောက် ဘယ်မိန်းမမှ မလှဘူးတဲ့၊ ကြာလာတော့ ကိုယ့်မိန်းမကလွဲရင် အားလုံး လှတယ်တဲ့ ..."

http://www.linhtet.com

"ဟင် ... ရှင် တော်တော် အပြောင်းအလဲ မြန်တဲ့ ယောကျ်ားပါလား၊ ရှင် အဲဒီလို မြင်ရအောင် ... ရတာ ဘယ်လောက်ကြာသေးလို့လဲ ..."

သူက ဒေါသတကြီး ဖြစ်နေသော သူမ ပခုံးကို အသာအယာ ထွေးပွေ့လိုက်ရင်း ...

"မင်းကို အမြင်နည်းနည်းကတ်လို့ တမင်လျှောက်ပြော နေတာပါကွာ ... စိတ်မဆိုးပါနဲ့ ... ၊ ရှင်တွေ ကျွန်မ တွေနဲ့ နားခါးအောင် မပြောပါနဲ့၊ ဒေါသ ဖြစ်ရင်လည်း ချစ်သူဘဝတုန်းကလို ချစ်စရာကောင်းအောင် ဖြစ်ပါ"

သူက ချော့မော့သောအခါ ဟေဘာက သူ့ကို မတွန်းသလို တွန်းသလိုနှင့် လေသံနည်းနည်းပျော့လျက် ...

"ဥဏ်ကျတော့ရော မင်းတွေ ငါတွေနဲ့ ... ဒေါသ တကြီး ပြောဆိုနေလိုက်တာ ... ၊ ဟေဘာ့အပေါ် နည်းနည်းမှ သည်းညည်းမခံဘူး"

"နောက်ဆို သည်းညည်းခံပါ့မယ်ကွာ၊ ကိုယ် ကတိ ပေးပါတယ် ..."

အဲဒီလိုနှင့် ပြေရာပြေကြောင်းပြောကာ သူတို့ ငြိမ်းချမ်းရေး ပြန်ရသွားခဲ့ပါသည်။ သို့သော် မိန်းမတွေဟာ တော်တော်ခက်ပါသည်။ ယောကျ်ားတွေက သူတို့ကို အားနဲ့

http://www.linhtet.com

သူမို့ အလျှော့ပေးတိုင်း အခွင့်အရေးတွေ တောင်းဆိုဖို့ အသင့်ဖြစ်နေသူများ ဖြစ်သည်။

"ဉာဏ် ... စောစောက ဟေသာ တောင်းဆိုတာကို လည်း မမေ့နဲ့နော် ... ၊ ဉာဏ့် ပိုက်ဆံတွေ အားလုံး ဟေသာ့လက်ထဲ အကုန်အပ်ရမယ်၊ လျှို့မထားနဲ့၊ တို မထားနဲ့ ... ကြားလား ... "

"အေးကွာ ... အေးကွာ ... "

"လင့်ဝတ္တရားငါးပါး ကျပွန်ပါ့မယ်လို့လည်း ကတိ ပေးရမယ် "

"အေးကွာ ... အေးကွာ ... "

သူက နားအေးပြီးရော ခေါင်းသာညိတ်မိသည်။ သူ့ဆီက လိုက်လျောမှု မရမချင်း တဂျီဂျီလုပ်နေမှာကို သူ ကြောက်လှပါသည်။



http://www.linhtet.com

"ဟင် ... ဘန်ဂလိုကြီးကလည်း စုတ်ပြတ်နေတာပဲ ... ဒါ ... လက်ထပ်ပြီးစ ဟန်းနီးမွန်း ထွက်လာတဲ့ ဇနီးမောင်နှံ နေသင့်တဲ့ နေရာလား၊ ရှင် ... နည်းနည်းပြန်စဉ်းစားကြည့်လိုက်ပါဦး"

ဟော ... ဖြစ်ရပြန်ပါပြီ မရွှေဟေသာ ... ။

ဘန်ဂလိုရှေ့မှာ ရပ်ရင်း ပွစိပွစိ ဗျစ်တောက်ဗျစ်တောက် ပြောနေသော ဟေသာ့ကို သူ ... စိတ်ပျက်ပျက်နှင့် လက်ပိုက်ကြည့်နေမိပါသည်။ ခုလည်း စိတ်ဆိုးတာက လှတ,ပတ မဟုတ်ပြန်ဘူး။

သူ တော်တော် စိတ်ညစ်ရပါသည်။ ဈေးကြီးပေးရသည့် ဟိုတယ်မှာ နေမိလျှင် ပိုက်ဆံကို အဆင်ခြင်မရှိဖုံးပေါလအော သုံးစွဲသည်ဟု အပြောခံရမှာမို့ ဈေးပေါသည့် နေရာမှာ လာနေပြန်တော့လည်း သူမက စိတ်တိုင်းမကျပြန်ပါ။ မင်း ... ဘယ်လိုမိန်းမပါလိမ့် ဟေသာရယ် ... ။

http://www.linhtet.com

ဟေသာက ခြေဆောင့်ကာ ချာခနဲ လှည့်ထွက်လိုက်ရင်း ...

"မနေဘူး ... ဒီလို နေရာမျိုးမှာ ဘယ်တော့မှ မနေဘူး၊ နည်းနည်းပါးပါး ကိုယ့်အဆင့် အတန်းလေးနဲ့ ကိုယ် တန်ရာတန်ရာ နေဖို့ စိတ်မကူးတဲ့လူ"

"ဟ ... နေပါဦး ဟေသာရယ် ... ၊ ကိုယ်က ဟေသာ့ အလိုကို လိုက်တာလေကွာ ... ၊ ပိုက်ဆံ အများကြီး ကုန်ရင် ဟေသာပဲ ကိုယ့်ကို ဆူပွက်ဦးမယ်၊ ဒါကြောင့် ဟေသာ ပြောသလို ရှေ့ရေးနောက်ရေး ကြည့်တဲ့အနေနဲ့ ဒီလို နေရာမှာပဲ တည်းဖို့ ဆုံးဖြတ်ရတာ ... ၊ ဒီမှာက ကိုယ့်သူငယ်ချင်း ဟိုတယ်မှာလို မဟုတ်ဘူးလေကွာ၊ ပိုက်ဆံအားလုံးက ကိုယ့်အိတ်စိုက်ပဲ မဟုတ်လား ..."

"ဥဏ္ဍာ ... ရှင် ... ကျွန်မကို ငေါ့နေတာလား"

"ဟာ ... မဟုတ်ရပါဘူး"

"ချေတာတယ်ဆိုတာ တစ်သမတ်တည်း ချေတာလို့ ကောင်းတာ မဟုတ်ဘူး၊ အခြေအနေ အချိန်အခါကို ကြည့်ပြီး မချေတာသင့်တာတွေလည်း ရှိတယ်၊ ငါးရက်ကလေး ဟန်းနီးမွန်း ထွက်လာတဲ့အချိန်မှာ ဒီလို အစုတ်အပြတ်နေရာမှာ လာနေရင် အပျော်ခရီးထွက်တာနဲ့ မတူဘဲ ဒုက္ခလာခံသလိုပဲ ဖြစ်မယ် ... ၊ Hotel

http://www.linhtet.com

Max လောက်မှာ မတည်းရင်ပြီးရော ... ၊ ချောင်းသာ ဟိုတယ်လောက်, MMS လောက်မှာ တည်းလို့ ရပါတယ် ဉာဏ်ရယ် ..."

"ကဲ ... ဒါဆိုလည်း ပြီးရောကွာ၊ မင်းပဲ အမျိုးမျိုး ပြောနေတာ ... ရူးတောင်ရူးချင်လာပြီ ... ၊ မင်းတို့ မိန်းမတွေဟာ ဘာတွေမှန်းကို မသိဘူး၊ နားလည်ရ ခက်တယ်၊ ဘာကိုမှ ပုံသေမှတ်လို့ မရဘူး ..."

"ကြည့်စမ်း ... မင်းတို့ မိန်းမတွေဆိုတော့ ဉာဏ်က မိန်းမ ဘယ်နှစ်ယောက်တောင် တွေ့ဖူးလို့လဲ ..."

"အများကြီးပဲ ... ရေတွက်လို့တောင် မကုန်နိုင်ဘူး"

"ဟုတ်လား ... ကျွန်မကလည်း ဒီလိုပါပဲ၊ ဟောဟို ပင်လယ်ကမ်းစပ်က သဲသောင်ပြင်ကြီးထဲက သဲတွေကို ရေတွက်မရနိုင်သလိုပဲပေါ့ ..."

"ကြွားမနေနဲ့ ... မိန်းကလေး မျက်နှာများတာ ဂုဏ်ယူစရာ မဟုတ်ဘူး၊ ယောကျ်ားလေး မျက်နှာများတာက သာ ဂုဏ်ယူစရာကောင်းတာ၊ မင်း ... ငါမကယ်ရင် အပျိုကြီး ဖြစ်မယ့်သူပါ ဟေသာရာ ..."

"အံမယ် ... ရှင်ကများ ..."

ထုံးစံအတိုင်းသူတို့ စကားပြောတွေ ဘုဘောက် ကျလာရပြန်ပါသည်။

http://www.linhtet.com

နောက်တော့ နှစ်ယောက်သား ဘန်ဂလိုအစုတ်ကလေးရှေ့က ပြန်လှည့်လာရကာ အတော်အသင့် အဆင့်မြင့်သော ဟိုတယ်မှာ Checking လုပ်လိုက်ကြပါသည်။

ချောင်းသာခရီးသည် ဉာဏဉာဏ်နှင့် ဟေသာတင် တို့အတွက် တစ်သက်လုံး အတူတကွ ယှဉ်တွဲနေကြရမည့် လူနှစ်ယောက်ရဲ့ စိတ်ကွဲလွဲမှုများကို ပကတိအတိုင်း မြင်သာစေသော ခရီးလည်း ဖြစ်ပါသည်။

တစ်ယောက်နှင့်တစ်ယောက် ပိုမိုရင်းနှီးလာတာနဲ့အမျှ အပေါ်ယံ ဟန်ဆောင်မှုတွေ တဖြည်းဖြည်း ကွာကျလာခဲ့ပြီး ပကတိစိတ်ရင်းတချို့ ပေါ်လာခဲ့သည်။

ဉာဏ်သည် ဟေသာ ထင်သလို စိတ်ရှည်သည်းခံတတ်သော ယောကျ်ားမျိုး မဟုတ်တာ ... ဟေသာသည် ဉာဏ်ထင်သလို နူးညံ့သိမ်မွေ့သော မိန်းမတစ်ယောက် မဟုတ်တာကိုတော့ တစ်ယောက်နှင့်တစ်ယောက် ရိပ်စားမိခဲ့ပြီ ဖြစ်သည်။

အဆိုးဆုံးမှာ နှစ်ဦးစလုံးသည် ကိုယ့်အယူအဆတွေ ကိုယ်ကိုင်စွဲကာ တစ်ယောက်ကိုတစ်ယောက် အလျှော့ပေးလိုစိတ် သိပ်မရှိကြသူများ ဖြစ်နေကြခြင်း ဖြစ်သည်။

သူတို့ မျှော်လင့်ခဲ့ကြသည် ... ။


သို့သော် ... ဉာဏ် မျှော်လင့်သလောက် ဟေသာ့

http://www.linhtet.com


ထံမှ မရနိုင်သလို ဟောသာ မျော်လင့်သလောက်လည်း ဉာဏ်ဉာဏ်ထံမှ မရနိုင်ကြောင်း အသီးသီး စ,တင်ရိပ်မိစ ပြုလေသည်။



http://www.linhtet.com



http://www.linhtet.com



ဟေသာ ပထမတစ်ခေါက် ချောင်းသာရောက်ခဲ့စဉ်က ဟောဒီ ပင်လယ်ကြီးထဲ ချစ်သူနှင့် အတူလာရလျှင် ပျော်စရာကောင်းမှာပဲဟု ထင်ခဲ့တာ ဖြစ်သည်။ ခု ... သူမ ချစ်သော ယောကျ်ားတစ်ယောက်နှင့်အတူ ကမ်းခြေသို့ ဒုတိယ အကြိမ် ရောက်ရှိခဲ့ပါပြီ။ သို့သော် သူမ ထင်သလောက် ပျော်စရာမကောင်းခဲ့ပါ ... ။

ဟေသာက ရေကြိုက်သူဖြစ်ပြီး ဉာဏ်က ရေကြောက်သူ ဖြစ်နေခဲ့ခြင်းက ဟေသာ့ကို စိတ်အနှောင့်အယှက် ပေးနိုင်သည်။ ဟေသာက ချစ်ရသော ခင်ပွန်းနှင့်အတူ ပင်လယ်ရေထဲမှာ ဆော့ကစားချင်သော်လည်း ဉာဏ်က ခဏသာ ရေထဲဆင်းတတ်ပြီး ကျောက်ဆောင်ပေါ် သွားသွား ထိုင်ကာ ရေတွေကိုပဲ အဓိပ္ပာယ်မဲ့ ကြည့်နေတတ်သည်။

http://www.linhtet.com

ဟေသာက ရေထဲမှ တကြော်ကြော် အော်ခေါ်သော်လည်း ဉာဏ်က ဆင်းမလာ ... ။ ကြာတော့ ဟေသာ စိတ်တိုလာကာ ရေတွေကို တဗွမ်းဗွမ်းနင်းကာ ကမ်းပေါ်ပြန်တက်လာခဲ့ပြီး ...

"ဉာဏ် ... ဘယ်လိုဖြစ်နေတာလဲ၊ ဟေသာ ခေါ်နေတာကြာလှပြီ၊ လာလေ ... ဟေသ့ ဘောကွင်းကို လာတွန်းပေးဦး ... "

"နေစမ်းပါဦးကွာ ... ကိုယ် ... ဒီမှာ အေးအေးဆေးဆေး ထိုင်ပြီး ပင်လယ်ကို ကြည့်နေပါရစေ ... ပင်လယ်ကမ်းခြေရောက်ရင် အဆုံးမရှိတဲ့ ပင်လယ်ပြင်နဲ့ ကောင်းကင်ပြာကို ကြည့်နေရတဲ့ အရသာကို ကိုယ် အမက်ဆုံးပဲ၊ ဘာနဲ့မှ မလဲနိုင်ဘူး ... "

"သြော် ... ဟေသ့ စိတ်ချမ်းသာမှုနဲ့တောင် မလဲနိုင်ဘူးပေါ့ ... "

သူက ဟေသ့ကို စိတ်ပျက်သလို တစ်ချက်ကြည့်ပြီး ပင်လယ်ကို သူ့မိန်းမထက်တောင် ပိုချစ်သောအကြည့်ဖြင့် ဆက်ကြည့်နေသည်။ အဲဒီလို လူကို ဂရုမစိုက်သလို လုပ်တတ်တာတွေကို ဟေသာ မကြိုက်တာပေါ့။ ချစ်သူ ဘဝတုန်းကတော့ ဟေသ့ကို အရိပ်ကြည့် ဂရုစိုက်တတ်သူပါ။ ခုတော့ သူက ဟေသ့ကို ပင်လယ်လောက်

http://www.linhtet.com

တောင် ဂရုမစိုက်ချင်တော့တာ ... ဘယ်လောက် ဝမ်းနည်းစရာ ကောင်းလိုက်သလဲ ... ။

"ဉာဏ် ... ဟေသာ ပြောတာ မကြားဘူးလား၊ လာကွာ ဟေသ့ ဘောကွင်း လာတွန်းပေး ..."

"ကိုယ် တကယ် ရေထဲမဆင်းချင်တော့လို့ပါကွာ ... ၊ ဒီမှာ ... ရှုခင်းလေး ထိုင်ကြည့်ရတာ စိတ်ချမ်းသာလို့ပါ"

"ဒါဆို ... ရှင်က ရှင့်စိတ်ချမ်းသာမှုနဲ့ ဟေသ့ စိတ်ချမ်းသာမှုကို မလဲနိုင်ဘူးဆိုတာ ထင်ရှားနေတာပဲ"

"ကိုယ့်ကျ ပြောတယ် ... ဟေသာကရော ဘာထူးလဲ၊ ဟေသ့ စိတ်ချမ်းသာမှုအတွက် ကိုယ့်စိတ်ချမ်းသာမှုကို လာဖျက်နေတာ ..."

"ဩော် ... ရှင်က ခုတော့ ဒီလိုပြောပြီပေါ့၊ အရင်တုန်းကတော့ ဟေသာ စိတ်ချမ်းသာမယ်ဆိုရင် ကိုယ် ဘာကိုပဲ စတေးရ စတေးရဆို ... ယောကျ်ားတွေဟာ သိပ်ပြောင်းလဲလွယ်တာပဲ"

"မိန်းမတွေလည်း ပြောင်းလဲတတ်တာပဲ"

ဟေသာက နှုတ်ခမ်းကို စူပုတ်ထော်လန်ကာ ဟိုတယ်ဘက်သို့ ပြန်ပြေးထွက်သွားတော့ သူလည်း စိတ်ပျက်လက်ပျက် ဖြစ်ကျန်ခဲ့ရသည်။ ရှုခင်းကို ဆက်လက်ကြည့်နေ

http://www.linhtet.com

လိုစိတ်လည်း မရှိတော့။ ခုန စိတ်ကြည်နေတာကလေးပင် ဘယ်ရောက်သွားမှန်း မသိတော့ပါ။

သူ ဟိုတယ်ဘက်သို့ ပြန်လျှောက်လာရင်း လက်ရှိ အခြေအနေကြီးကို ပြန်သုံးသပ်ကြည့်မိပါသည်။ အိမ်ထောင်ရေးဆိုတာ ဒီလိုလား ... ။ အိမ်ထောင်သည် ဖြစ်သွားတာနဲ့ပဲ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် နေခွင့်မရတော့ဘဲ မိန်းမအကြိုက်ကို အမြဲလိုက်နေရတော့မှာလား ... ။ တစ်သက်လုံး ကိုယ့်ဆန္ဒမှန်သမျှ မြေမြှုပ်ပြီး သူ့ဆန္ဒမှန်သမျှကိုသာ ဦးထိပ်မှာ ရွက်ထားရတော့မှာလား ... ။

အမှန်ဆို ဉာဏဉာဏ်ဆိုသော တစ်ဦးတည်းသော သားကလေးဟာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် နေခဲ့ရသူဖြစ်သည်။ ဖေဖေကလည်း သူ့ကို ချုပ်ချယ်ခြင်း မရှိခဲ့။ အကျိုးအကြောင်း ပြောပြတာမျိုးပဲ ရှိသည်။ ဖေဖေဟာ သူ ဂစ်တာတီးနေလျှင် တောင် ဟော့ကောင် မင်းတီးချင်တဲ့ဂစ်တာ မတီးနဲ့၊ လာ ... ငါနဲ့အတူ ဂျဲ့ဖ်လိုက်ရိုက်ဟု ဇွတ်အတင်း မတောင်းဆိုခဲ့ ... ။ သူ အိပ်နေလျှင်လည်း နှိုးပြီး မာရေကျောရေ စကားမဆိုတတ်။ သူ ရသမျှ ပိုက်ဆံတွေကို မောင်ပိုင်စီးပြီး မုန့်ဖိုးပြန်ပေးသည့် အလုပ်မျိုးကိုလည်း မလုပ်တတ် ... ။ သူ့မိန်းမကတော့ အဲဒီလို အလုပ်မျိုးတွေကို လုပ်ဖို့ အမြဲအဆင်သင့် ဖြစ်နေသည်။ အုပ်ထိန်းသူကြီးလို ချုပ်ချယ်ပိတ်ပင်တားဆီး ညှဉ်ကြား ...

http://www.linhtet.com

အာဏာပြ ... ဆူပွက် ... စိတ်ကောက် ... တစ်ခုမဟုတ် တစ်ခု လုပ်နေရမှ ကျေနပ်တတ်သူဖြစ်ကြောင်း သူ ခုမှ ရိပ်မိလာရသည်။

ချစ်သူဘဝတုန်းကတော့ ဟေသာ့အကြိုက်ကို သူ အတတ်နိုင်ဆုံး လိုက်လျောခဲ့တာပဲ။ ဟေသာ့အချစ်ကို ရဖို့ ... ဟေသာ့ကို လက်ထပ်ခွင့်ရဖို့ သူ့စိတ်ကို လျှော့ပေးခဲ့သည်။ ဒါပေမယ့် ... တစ်သက်လုံး လျှော့ပေးလို့တော့ ဘယ်ရမှာတုန်း ...။ လူဆိုတာ အချိန်အကန့်အသတ်တစ်ခု အတွင်းမှာသာ ကိုယ့်မူလဇီဇကို ပြောင်းလဲလို့ရမည်။ အကန့်အသတ် ကာလတစ်ခုကို ကျော်လာတာနဲ့ ဇာတိမှန်ကပြန်ပေါ်လာတာပဲ ...။ ဟေသာနဲ့ လက်မထပ်မီက ရှည်ရှည်ထားခဲ့ရသော သူ့စိတ်တွေဟာ ခုတော့ ပုံမှန်အတိုင်း ပြန်တိုသွားခဲ့ရပြီ။ သူ မျှော်လင့်ထားသလောက် ပျော်ရွှင်မှုတွေ ဟေသာ့ထံမှ မရသောအခါ သူ့ တိုရင်းစွဲစိတ်က ပိုပိုတိုလာသည်။

ဟေသာ ငလည်မ ... ၊ အရင်တုန်းကတော့ သူ့လောက် နူးညံ့တာ နှစ်ယောက်မရှိ၊ ခုတော့ ... သူ့လောက် အာကျယ်ပါကျယ်နိုင်တာ နှစ်ယောက်မရှိ။ သူ့လောက် ယောကျ်ားလုပ်သူကို လွှမ်းမိုးချုပ်ကိုင်ချင်တာ မရှိ ...။ သူ့လောက် ကပ်စေးနဲပြီး တစ်ပြားကို နှစ်ပြားဖြစ်အောင်

http://www.linhtet.com

ခွာချင်တာ နှစ်ယောက်မရှိ။ သူ့လောက် ပစိပစပ်များတာ နှစ်ယောက်မရှိ ... ၊ ဒါတောင် အတူနေရတာ ဘယ်နှရက်မှ မရှိသေး ... နောက် ကြာလာတာနဲ့အမျှ ဘယ်လို လျှို့ဝှက်ချက်တွေ ပေါ်ပေါက်လာဦးမလဲ မသိနိုင်ပါ ... ။

ဉာဏဉာဏ်သည် စိတ်တိုရတာနဲ့ပဲ ပင်လယ်လေကိုတောင် ဝ,အောင်မရှူနိုင်တော့ဘဲ သူတို့ တည်းနေသည့် ဘန်ဂလိုထဲသို့ စိတ်ညစ်ညူးစွာ လှမ်းဝင်လိုက်ချိန်နှင့် တစ်ပြိုင်တည်း ချိန်သားကိုက်စွာပင် ထူးဆန်းသော အသံတစ်သံ ခပ်ကျယ်ကျယ် ထွက်ပေါ်လာပါသည်။

"ဘူ ... "

"ဟာ ... "

ထိုအသံကြောင့် သူ့ခြေလှမ်းတွေပင် ဖြုန်းခနဲ ရပ်သွားသည်။ အခန်းထဲက လာတဲ့အသံပဲ၊ ဒါ ဘာသံပါလိမ့်။ ဘုရားရေ ... ဒါ လေလည်တဲ့အသံ မဟုတ်လား ... ။ အခန်းထဲမှာ သူ့မိန်းမ တစ်ယောက်ပဲ ရှိသည်။ ဒီလိုဆို ... ဒီအသံဟာ သူ့မိန်းမ ဖန်တီးပို့လွှတ်လိုက်သောအသံပေါ့။ သူ ... ရုတ်တရက် ပခုံးတွန့်မိကာ နှာခေါင်းကို ကမန်းကတန်း ပိတ်လိုက်ရင်း ...

"အရှပ်ဆိုးလိုက်တဲ့ အသံကွာ ... ၊ ဘာသံမှန်းကို မသိဘူး"

http://www.linhtet.com

ဟု ညည်းညူလိုက်လျှင် သူ့မိန်းမက သူ့ကို ဆတ်ခနဲ လှည့်ကြည့်လာကာ ...

"ဘာသံရမှာလဲ ...၊ လေလည်တဲ့ အသံပေါ့ ...၊ တစ်နေ့လုံး လေချုပ်ပြီး ဗိုက်အောင့်နေတာ ...၊ ခုလို လေသက်လိုက်တော့မှ သက်သာသွားတာ ..."

"မထင်ဘူးကွာ ..."

"ဘာမထင်တာလဲ ..."

"မင်းလို ရုပ်ကလေးက သနားကမားနဲ့ ဒီလိုအကျင့်ဆိုး ရှိလိမ့်မယ်လို့ ..."

"ဒါ အကျင့်ဆိုး မဟုတ်ဘူးရှင့်၊ သဘာဝပဲ၊ ရှင်ရော လေမလည်ဘူးလို့လား ..."

"လည်တော့ လည်တာပေါ့၊ ဒါပေမယ့် တိုးတိုးတိတ် တိတ်ပဲ ..."

"ကျွန်မကလည်း တစ်ခါတလေမှ ဒီလိုဖြစ်တာပါရှင့်၊ ဘာမဟုတ်တာလေးကို ပုံကြီးချဲ့မနေနဲ့ ... ရှင့်ကို သိပ် ကြည့်မရဘူး သိလား ...၊ ဟန်းနီးမွန်းသာ ထွက်ရ တယ်၊ ပိုက်ဆံကုန်တာပဲ အဖတ်တင်တယ်၊ ပျော်စရာ ကို မကောင်းဘူး၊ ဟန်းနီးမွန်း ထွက်လို့ကုန်တဲ့ ပိုက်ဆံကို ရွေလုပ်ဝတ်တာကမှ အဖတ်တင်ဦးမယ် ..."

"ကိုယ်ကတော့ ဟန်းနီးမွန်း ထွက်ရတာကို ပျော်တယ်၊

http://www.linhtet.com

အခန်းထဲမှာ ဒီမျက်နှာနဲ့ ဒီမျက်နှာပဲ မြင်နေရတာထက် စာရင် ပင်လယ်ပြင်ကြီးနဲ့ ကောင်းကင်ပြာပြာကို ကြည့်နေရတာက စိတ်ကြည်နူးစရာပေါ့ ..."

"သြော် ... ရှင်က ကျွန်မ မျက်နှာကို မမြင်ချင်ဘူးလို့ ဆိုလိုတာလား ...၊ ကျွန်မ သူငယ်ချင်းတွေ ပြောခဲ့ တာမှန်မှန်း ခုမှသိရတယ်၊ ယောကျ်ားဆိုတာ ကိုယ့် မိန်းမနဲ့ အတူနေရတာ ကြာရင် ရိုးအီငြီးငွေ့သွားတတ် တာပဲတဲ့၊ သိပ်မှန်တာပေါ့၊ ခု ... ရှင်က သိပ်တောင် မကြာသေးဘဲ ငြီးငွေ့နေပြီ၊ ကျွန်မမျက်နှာကို မကြည့် ချင်တော့ဘူး"

"မင်း မျက်နှာကို ကြည့်စေချင်ရင် တစ်ဖက်သားကို ကြည့်ချင်အောင် ဆွဲဆောင်ရတယ်ကွ ...၊ နူးနူးညံ့ညံ့ စကားပြောပြီး ကြင်ကြင်နာနာ ပြုမူတတ်တဲ့ မိန်းမ တစ်ယောက်ရဲ့ မျက်နှာကို ဘယ်ယောကျ်ားကမှ မကြည့် ချင်ဘဲ မနေဘူး ..."

နှစ်ဦးနှစ်ဖက် စကားနိုင်လုရင်း တင်းမာလာပြီမို့ ဉာဏဉာဏ်က တရွရွစိစိလှုပ်နေသော သူ့နှုတ်ခမ်းတွေကို တင်းတင်းစေ့ပိတ်ရင်း ခုတင် တစ်ဖက်စွန်းမှာ ဝင်လဲကာ စောင်ခေါင်းမြီးခြုံ ကျောခိုင်းနေလိုက်သည်။ သူမ ထံမှလည်း ဘာစကားမှ ထပ်မကြားရတော့ပါ ... ။ သို့သော် ခဏအကြာ

http://www.linhtet.com

မှာ ဘုရားရှိခိုးသံ ခပ်ကျယ်ကျယ်တစ်ခုက ဖြုန်းစားကြီး ထွက်ပေါ်လာခဲ့ပါသည်။

"သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ ... ..."

ဘုရားရှိခိုးပြီးတော့ ဂါထာတွေ ဆက်ရွတ်နေသည်။ အသံက ကျယ်ရုံတင်မက လေယူလေသိမ်း အနိမ့်အမြင့်နှင့်မို့ တောက အဒေါ်ကြီးတစ်ယောက်ရဲ့ အသံမျိုး ဖြစ်နေရပါသည်။ ဟေသာ ဘုရားရှိခိုးတဲ့ အသံ ဒီလောက် ကျယ်မယ်ဆိုတာ သူ နည်းနည်းမှ မထင်ခဲ့ပါ ...။ ကုသိုလ်ရတာချင်းအတူတူ အသံတိုးတိုးလေးနှင့် အသေအချာ အာရုံပြုပြီး နက်နက်ရှိုင်းရှိုင်း ရွတ်ဆိုတာမျိုးကိုသာ သူက သဘောကျပါသည်။

အမှန်တော့ ဟေသာက ရန်ကုန်ဇာတိ မဟုတ်ပါ။ ဟေသာတို့ မိသားစုက ပခုက္ကူဘက်က ပြောင်းရွှေ့လာတာ သိပ်မကြာသေး ...။ ဒါကြောင့်ပဲ နယ်ဓလေ့ထုံးစံလေးတွေ ပါလာသလား မသိနိုင်ပါ ...။ ငွေကြေးကလည်း ပြည့်ပြည့်စုံစုံမို့ ဝတ်တာစားတာလည်း ခေတ်မီမီပါပဲ။ သို့သော် ... ဟေသာ့မှာ တောကျကျ ဓလေ့စရိုက်တွေ ရှိနေနိုင်ပါသည်။ ဒါကို ချစ်သူဘဝတုန်းကတော့ သူ မတွေးခဲ့မိပါ ...။

ဘုရားရှိခိုးသည့် ကိစ္စကိုတော့ သူ တားမြစ်လို့

http://www.linhtet.com

မဖြစ်ပါ။ သူမအတွက် အသံလုံလုံ ဘုရားခန်းတစ်ခန်း သီးသန့် ကန့်ပေးဖို့တော့ စိတ်ထဲမှာ တေးမှတ်ထားလိုက်ပါသည်။ ဟေသဉ် အသံက အရှိန်ရကာ ကျယ်သထက် ကျယ်လာသည်။ သူ စောင်ခြုံထဲမှ သက်ပြင်းအခါခါ ချရလေသည်။

ဟေသာက ဘုရားရှိခိုးပြီးတာနှင့် သူ့ကို ကျောခိုင်းကာ အိပ်ရာထဲ ဘေးတစောင်း ဝင်လဲလိုက်သည်။ သူကလည်း စောင်ခေါင်းမြီးခြုံကာ ငြိမ်နေသည်။ စကားပြောချင်စိတ်လည်း သိပ်မရှိလှပါ ... ။ အလကားမိန်းမ ... ကိုယ့်ကိုယ်ကိုသာ ရှေ့တန်းတင်ချင်တဲ့ မိန်းမ၊ ယောကျ်ားကို တစ်ခွန်းမကျန် ခံပြောချင်တဲ့ မိန်းမ။ သူ စိတ်ထဲက သူ့မိန်းမကို ဩဘာပေးလိုက်သည်။ သူ့မိန်းမကလည်း သူ့ကို စကားတစ်ခွန်းမှ မပြောဘဲ ဟိုဘက် ခုတင်စွန်းသို့သာ တိုးရွှေ့နေသည်။

ခဏကြာတော့ သူ ပျင်းလာပါသည်။ အနားမှာ လူတစ်ယောက် ရှိနေလျက်နဲ့ ချောက်ချားစရာကောင်းလောက်အောင် တိတ်ဆိတ်နေတာကြီးကိုလည်း သူ သည်းညည်းမခံနိုင်ပါ။ သူက ရုတ်တရက် အကြံရကာ အိပ်နေသည့် အနေအထား ပြင်ဆင်သလိုလိုနှင့် ဟေသဉ်ဘက်ကို မသိမသာ တိုးရွှေ့လိုက်ပါသည်။ ဟေသာက ဆတ်ဆတ်ထိမခံဘဲ တစ်ဖက်ကို ပိုတိုးရွှေ့လိုက်သည်။ သူက အမြင်ကတ်လာကာ

http://www.linhtet.com

တမင် ထပ်တိုးပြီး ရွေ့လိုက်သည်။ သူမကလည်း ဟိုဘက် ထပ်တိုးသွားရင်း ...

"ရန်လာ မ,စနဲ့၊ အေးအေးဆေးဆေးနေ"

"ဖြစ်နေလိုက်တာဗျာ ... ကိုယ့်ယောကျ်ားနဲ့ အသားချင်း ထိရင် နူမှာကျလို့ ..."

ဟေသာက ဘာမှမပြောတော့ဘဲ ခုတင်ပေါ်မှ ဆတ်ခနဲဆင်းကာ ဟိုတယ် အပြင်ဘက် ထွက်သွားလေသည်။

"ဒီမိန်းမကွာ ... မှောင်မှောင်မည်းမည်းထဲ ဘာစိတ်ကူး ပေါက်နေမှန်းကို မသိပါဘူး ..."

သူက ဗျစ်တောက် ဗျစ်တောက် ပြောနေရသော်လည်း စိတ်ထဲမှာတော့ ပူပင်လာရပါသည်။ မှောင်တာ သိပ်မကြာသေးပေမယ့် လရိပ်ကလည်း မရှိတာမို့ ကမ်းခြေဘက်မှာ အလင်းရောင် သိပ်မရှိပါ ... ။ ဟိုဘက်ခြမ်းမှာသာ မီးပုံပွဲက မီးရောင်နှင့် လူများများ တွေ့နိုင်သည်။ ကမ်းခြေဘက်များ ထွက်သွားလေသလား ... ။ သူ ... ကမ်းခြေသို့ ခပ်သွက်သွက် လျှောက်ထွက်လာခဲ့ပါသည်။ ဒီမိန်းမစိတ်က သိပ်အစိုးရလွှတာ မဟုတ်ပါ။ မတော် စိတ်ကူးပေါက်ပြီး ရေထဲ ဆင်းထိုင်နေမှဖြင့် ... ။

သူ ... ကမ်းခြေတစ်လျှောက် ခေါ်ကြည့်သေးသော်လည်း အကြောင်းထူးမလာပါ ... ။ သူ ပိုစိတ်ပူလာကာ

http://www.linhtet.com

Hotel ဘက်သို့ ပြန်လျှောက်လာခဲ့သည်။ Hotel ဝင်းထဲပဲ ပြန်ရောက်နေပြီလားဟု သူ တစ်ခေါက်ပြန် ကြည့်ချင်သေးသည်။ ဘန်ဂလို လုံးချင်းလေးတွေ စီရရီရှိနေသော Hotel ဝင်းထဲမှာတော့ လူသူရှင်းလင်းနေပြီး အုန်းပင် တစ်ပင်အောက်က ခုံတန်းပေါ်မှာ ထိုင်နေသော လူရိပ်တစ်ခုကိုသာ မသဲမကွဲ လှမ်းမြင်ရပါသည်။ သူက ထိုလူရိပ် ရှိရာသို့ အလျင်စလို လှမ်းသွားမိကာ ...

"ဒီမှာ ... ဒီမှာခင်ဗျာ ... ခုနလေးက ... အမျိုးသမီး တစ်ယောက် ဒီ Hotel ဝင်းထဲ ပြန်ဝင်လာကာ မြင်လိုက်သလား ခင်ဗျ၊ အမျိုးသမီးက ကျွန်တော့် အမျိုးသမီးပါ၊ အရပ် သိပ်မမြင့်ဘူး၊ အသားဖြူဖြူ ချောချောကလေးပဲ ...၊ ဆံပင်ဖြောင့်ဖြောင့်လေးတွေက ပခုံးလောက်ထိ ရှည်တယ်၊ ရုပ်ကလေးကလည်း ချစ်စရာလေးပဲ ခင်ဗျ ... အဲဒါ တွေ့မိလိုက်သလားလို့ ..."

မှောင်ရိပ်ထဲက လူက ဘာမှမဖြေဘဲ ငြိမ်သက်နေတာမို့ သူ အံ့သြသွားကာ ...

"ဒီမှာခင်ဗျ ... ကျွန်တော် ပြောတာ ကြားရဲ့လား ..."

ထိုသူက တုတ်တုတ် မလှုပ်ပါ ... ။ အလကားလူ ... ယဉ်ကျေးမှု မရှိတဲ့လူ ... ။ သူ ရုတ်တရက် ဒေါသထွက်လာကာ ...

http://www.linhtet.com

"ဘယ်လိုလူလဲဗျ ...၊ လူအချင်းချင်းပဲ တွေ့ရင် တွေ့တယ် ... မတွေ့ရင် မတွေ့ဘူး ... အရေးလုပ် ဖြေမှပေါ့ ..."

ဟု ခပ်ဆတ်ဆတ် ပြောဆဲ ထိုလူရိပ်က ဆတ်ခနဲ လှုပ်လာကာ ...

"ဘာဖြေရမှာလဲ ... ဘာဖြေရမှာလဲ ...၊ ကျွန်မကို တွေ့လားလို့ ကျွန်မကို လာမေးနေတာကို ကျွန်မက ဘယ်လိုဖြေရမှာလဲ ..."

"သြော် ... လက်စသတ်တော့ မင်းကိုး ...၊ မင်းမှန်း မသိလို့ မေးမိတာဟေ့ ..."

သူ စိတ်ပူနေတာကို ဟောသာ သိသွားတာမို့ နည်းနည်းတော့ ရှက်သွားရပါသည်။ မိန်းမဆိုတာ သူတို့ကို သိပ်ချစ်မှန်းသိလေ အနိုင်ယူချင်လေပဲ မဟုတ်လား။ သူက သူမရှေ့မှ လှည့်ထွက်လိုက်လျှင် သူမ ရယ်သံက တညင်းညင်း ထွက်ပေါ်လာပြီး သူ့နောက် ပြေးလိုက်လာသော ခြေသံကို ကြားရပါသည်။

"ဟေ့လူ ... ခဏနေပါဦး၊ မေးခွန်းလေး တစ်ခုနှစ်ခု မေးပါရစေဦး၊ ရှင်က ဘာဖြစ်လို့ ကျွန်မကို အပူတပြင်း လိုက်ရှာနေရတာလဲ၊ သြော် ... သိပြီ ... သိပြီ ... ရှင်က ဒီမိန်းမတစ်ယောက်ကို ရဖို့တောင် အနိုင်နိုင် ကြိုးစား

http://www.linhtet.com

ထားရတာ မဟုတ်လား ... ၊ ဒီမိန်းမကမှ ရှင့်ကို မယူခဲ့ရင် ရှင်လည်း ဒီတစ်သက် မိန်းမရစရာ အကြောင်း မမြင်တော့ဘူး မဟုတ်လား၊ ဒါကြောင့် မရမက ယူထားရတဲ့ မိန်းမလေး တစ်ခုခုဖြစ်သွားမှာကို သေ မလောက် ကြောက်နေတာ မဟုတ်လား"

"ကိုယ့်ကိုယ်ကို အထင်မကြီးစမ်းပါနဲ့ မရွှေဟေသာ တင်ရယ် ... ၊ ကိုယ် ဆွတ်မယ်ဆိုရင် ညွှတ်ချင်တဲ့ မိန်းမတွေများ တစ်ပုံကြီးပါ ... "

"ဒါပေမယ့် ကျွန်မလို လှတ,ပတလေးတော့ မပါဘူး မဟုတ်လား"

"လှတာက ချက်မစားရပါဘူး ... ၊ လှတာမက်လို့ ညစာခက်နေတာ အခုတော့ လက်တွေ့ပါပဲ ... "

"အမလေး ... တော်ပြီ ... တော်ပြီ ... စကားနိုင် လုရတာ မောနေပြီ၊ လာ ... လာ ... ဉာဏ်၊ ဟိုဘက် မှာ မီးပုံပွဲ လုပ်နေတာ ဟေသာတို့ သွားကြည့်ရအောင်"


သူ့မိန်းမက သူ့လက်ကို ဆွဲ၍ ပြေးထွက်လိုက် သောအခါ သူ ဟန်ဆောင် ပန်ဆောင်တောင် မရှုန်းဘဲ တက်တက်ကြွကြွ လိုက်ပါသွားခဲ့မိပါသည်။

မီးပုံပွဲ အလယ်နားလောက်မှာ က,နေကြသူတွေ ကို ဟေသာက ရပ်ကြည့်ရင်း လက်ခုပ်တီးပေးနေသည်။


http://www.linhtet.com

ဟေသာ့ မျက်နှာလေး ပြုံးနေတာတွေ့တော့ သူ စိတ်သက်သာရာ ရသွားပါသည်။ သူ ... ဟေသာ့ ပခုံးကို မသိမသာလေး ဖက်ထားလိုက်သည်။

ထိုညက သူတို့နှစ်ယောက် ကမ်းခြေမှာ လက်ချင်းတွဲ၍ လမ်းလျှောက်ခဲ့ကြသေးသည်။ အိမ်ထောင်ရေးဆိုတာ ဒါမျိုးလား ... ။ စိတ်တိုင်းမကျတာတွေ ... စိတ်ကုန်တာတွေနှင့် ပျော်ရွှင်စရာတွေကို တစ်လှည့်စီ ဖန်တီးပေးတတ်တဲ့ အရာပဲလား ... ။ ဘယ်ဟာက ရာခိုင်နှုန်း ပိုများပါလိမ့်ဟု သူ ဉာဏ်မမှီတမှီ တွေးကြည့်ခဲ့မိပါသည်။




http://www.linhtet.com



http://www.linhtet.com



http://www.linhtet.com



၇

မိန်းမဆိုတဲ့ အမျိုးဟာ ချစ်သူဘဝမှာ ယောကျ်ား တစ်ယောက်က ကိုယ့်ကို တသသ,ချစ်မက်နေအောင် စွဲလမ်း ငြိတွယ်ပျော်ဝင်လာအောင် နည်းအမျိုးမျိုးဖြင့် ညှို့ငင်တတ် သော သူတွေလားဟု ဉာဏဉာဏ် တွေးခေါ်ယူဆမိအောင် ဟေသာက ဖန်တီးခဲ့တာ ဖြစ်ပါသည်။ သူတို့နှစ်ယောက် ဟန်းနီးမွန်းခရီးက ပြန်လာသည့် နေ့မှာပင် သူ့မိန်းမရဲ့ ဟန်ဆောင် လိမ်ညာမှုတစ်ခုက ဘွားဘွားကြီး ပေါ်ပေါက် လာခဲ့တာ ဖြစ်သည်။

သူတို့ရဲ့ တိုက်ခန်းမှာ အသင့်စောင့်ကြိုနေသူက ဟေသာ့ မေမေနှင့် တစိမ်း မိန်းမတစ်ယောက် ဖြစ်ပါသည်။ ဟေသာ့ မေမေက ရွှန်းရွှန်းဝေအောင် ပြောသည်မှာ...

"မောင်ဉာဏာရေ... မင်းတို့ လင်မယား ဒီနေ့ ပြန်လာ

http://www.linhtet.com

ကြမယ်ဆိုလို့ အဒေါ်လည်း မစိန်ကို ခေါ်ပြီး မနက်အစောကြီးကတည်းက ရောက်နေတာ ... မင်းတို့ပြန်လာရင် အဆင်သင့် စားရသောက်ရအောင် ချက်ပြုတ်ဖို့ မစိန်ကိုလည်း ခေါ်ခဲ့တယ်၊ မစိန်က အဒေါ်တို့အိမ်ရဲ့ ငယ်မွေးခြံပေါက်ပဲ ပြောပါတော့ကွယ် ...၊ နယ်မှာ နေကတည်းက အဒေါ်တို့ရဲ့ ဆေးပေါင်းရုံမှာ အလုပ်လုပ်ခဲ့တာ၊ အစစ အရာရာ ယုံကြည်စိတ်ချရတယ် ...၊

"သူ့ကို မင်းတို့နဲ့ ထားဖို့ အန်တီ ခေါ်လာခဲ့တာ ...၊ သမီးဟေသာက အိမ်မှာ ဘာမှလုပ်တာ မဟုတ်ဘူး၊ ထမင်းဟင်းလည်း မချက်တတ်တော့ မင်းစားရေးသောက်ရေး အဆင်မပြေမှာစိုးလို့လေ ...၊ လောလောဆယ်တော့ မစိန် ချက်တာပဲ စားပြီး ... နောက် တဖြည်းဖြည်းတော့ ဟေသာ့ကို သင်ယူခိုင်းပေါ့ကွယ် ...၊ သမီးကလည်း အပျင်းမထူနဲ့ ကြားလား၊ ကိုယ်က အိမ်ထောင်သည် ဖြစ်နေပြီ ... ကိုယ့်ယောကျ်ားကို ပြုစုရမယ့် ဝတ္တရား ရှိတယ်၊ မစိန်ဆီကို အချက်အပြုတ်ကိစ္စတွေ ဝင်ကူရင်း ချက်တတ်အောင် သင် ... ဟုတ်ပြီလား"

ဟေသာ့ မေမေ စကားမဆုံးမီကပင် သူ့စိတ်ထဲ

http://www.linhtet.com

အသည်းတယားယား ဖြစ်လာပါသည်။ ဟေသာ့ မျက်နှာကို စွေကြည့်မိတော့ သူမက မသိသလို သိသလို အူလည်လည် ရုပ်နှင့် မျက်နှာလွှဲနေသည်။ ဟေသာ ... အလိမ်မ ... အညာမ။ ဟင်းတစ်ခွက် မချက်တတ်ဘဲ သူစားဖို့ ကိုယ်တိုင်ချက်ယူ လာခဲ့တယ်ဆိုတဲ့ ဟင်းတွေက ဘယ်က ဝယ်လာခဲ့တာလဲ။ ဒီပုံအတိုင်းဆို ဟေသာကိုယ်တိုင် ချက်ယူလာခဲ့တယ်ဆိုတဲ့ စကားကို ဘယ်လို ယုံရမလဲ ... ။ ဟေသာ့မေမေက မစိန်နှင့် အတူ မီးဖိုချောင်ဘက်မှာ အလုပ်ရှုပ်နေဆဲ သူက ဟေသာ့ကို အခန်းထဲ ဆွဲခေါ်လာကာ ...

"ကဲ ... မရွှေဟေသာ ... မှန်မှန်ပြောစမ်းပါ၊ ကိုယ် စားဖို့ဆိုပြီး မင်းကိုယ်တိုင် ချက်လာတယ်ဆိုတဲ့ ဟင်း တွေက မင်း ချက်တာမှ ဟုတ်ရဲ့လား ..."

"ဟုတ်ပါတယ်ဆို ..."

"မင်းအမေပြောတော့ မင်း မချက်တတ်ဘူးဆို ..."

"မချက်တတ်ပေမယ့် ဒီလိုပဲ ကိုယ့်ချစ်သူ စားရအောင် ကြိုးစားချက်ရတာပေါ့ ..."

"မညာနဲ့နော် ... ဟင်းတွေက သိပ်ကောင်းလွန်းတယ်၊ မတတ်တတတ် ချက်ထားတဲ့ ဟင်းမျိုးမဟုတ်ဘူး ..."

ဟေသာက ခဏငြိမ်သွားပြီးမှ လိမ်ညာဖို့ စကား လုံး ရှာမရတော့ဘဲ သူ့ကို မျက်စောင်းထိုးကာ ...

http://www.linhtet.com

"ကောင်းမှာပေါ့ ... အဲဒီဟင်းတွေအားလုံး စားသောက်ဆိုင်က ဝယ်ဝယ်လာတာချည်းပဲ ..."

"မင်း တော်တော်တတ်နိုင်တဲ့ မိန်းမပဲ၊ ငါ့မှာတော့ မင်းနဲ့သာ ရရင် မင်း ချက်ပြုတ်ကျွေးမွေးမယ့် ဟင်းလျာတွေကို လျှာရင်းမြက်မြက် စားရချည်သေးရဲ့လို့ မျှော်လင့်လိုက်ရတာ၊ ခုတော့ အလကားပဲ ..."

"ဩော် ... ရှင် ဟေသာ့ကို ခိုင်းစားဖို့ ယူတာလား၊ ချစ်လို့ ယူတာလား၊ ရှင် ... မိန်းမယူတာနော်၊ အိမ်ဖော်ခေါ်ထားတာ မဟုတ်ဘူး"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် ယောကျ်ားဆိုတာ ကိုယ့်မိန်းမ ချက်ကျွေးတာကို စားချင်ကြတာချည်းပဲ၊ အမှန်အတိုင်း ပြောရရင် တစိမ်းမိန်းမချက်တာ ဘယ်လောက်ကောင်းကောင်း ... ကိုယ့်မိန်းမက မေတ္တာစေတနာနဲ့ ချက်ပြုတ်ကျွေးမွေးတာကို ပိုမျှော်လင့်တတ်ကြတာပဲ"

"ဒါပေမယ့် ဟေသာမှ မချက်တတ်တာ၊ ကမ္ဘာပေါ်မှာ ဟေသာ အပျင်းဆုံး အလုပ်ကလည်း ထမင်းဟင်းချက်တဲ့ အလုပ်ပဲ ... ၊ မစိန်ချက်တာလည်း ကောင်းပါတယ် ဥာဏ်ရဲ့ ..."

"မင်းကွာ ... အဲဒီလိုမှန်းသာ စောစောသိရင် ..."

http://www.linhtet.com

"ဘာဖြစ်လဲ ... ဆက်ပြောလေ၊ အဲဒီလိုမှန်း စောစော သိရင် ဟေသာ့ကို မယူဘူးလို့ ပြောမလို့ မဟုတ်လား"

"မဟုတ်ပါဘူး ... တော်ပြီကွာ၊ ဘာမှ မပြောတော့ဘူး"

သူ ... သူ့မိန်းမကို တော်တော် စိတ်ပျက်သွားရပါသည်။ သူမရဲ့ ဟန်ဆောင်မှုတွေဟာ ရက်တိုတိုအတွင်း တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာရပါသည်။

ချစ်သူဘဝတုန်းကတော့ သူ့အပြင် အိမ်မှုကိစ္စ နိုင်နင်းတာ နှစ်ယောက်မရှိ ... ။ သူ့မှာတော့ အဟုတ်မှတ်လို့ သူမကိုယ်တိုင် ချက်လာသည်ဆိုသော ဟင်းတွေကို ပီတိတွေ စိမ့်ကျနေသော မျက်နှာကြီးဖြင့် အားပါးတရ စားလိုက်ရတာ။

သူ ငယ်ငယ်ကတည်းက မေမေ ဆုံးသွားတာမို့ အဖေတစ်ခု သားတစ်ခု ဘဝမှာ အိမ်ဖော်တွေ ချက်ကျွေးသော ဟင်းကိုသာ စားခဲ့ရပါသည်။ သူ့မှာ ဝင်ငွေရှိလာတော့ အိမ်က ဟင်းတွေကို ငြီးငွေ့လာတိုင်း စားသောက်ဆိုင်တွေမှာ စားတတ်လာသည်။ မိန်းမရလျှင်တော့ ကိုယ့်အိမ်မှာ ကိုယ် ဖွယ်ဖွယ်ရာရာလေး စားရတန်ကောင်းရဲ့ဟု မျှော်လင့်ခဲ့မိဖူးသည်။ ခုတော့ ကိုယ်ရသည့် မိန်းမက လက်ကြောမတင်းသည့် ဘော်ကြော့မကလေး ဖြစ်နေသည်။ ဒီလိုသာဆို အိမ်တောင်ကျတာ မတန်ဘူး၊ နားပူရတာ ... ချုပ်ချယ်ခံရတာ ပိုက်ဆံ လက်ဝါးကြီးအုပ် ခံရတာတွေနဲ့ ကိုယ့်ဘက်ကသာ

http://www.linhtet.com

အရှုံးပေးနေရသည်။ ဟင်းကလေး တစ်ခွက်တောင် ဒင်းက ချက်ကျွေးဖော်မရ ... ။

သူ ... စိတ်တိုတိုနှင့် အိပ်ရာပေါ် ပစ်လဲကာ မှောက်အိပ်နေဆဲ သူ့မိန်းမက ပူညံပူညံ လုပ်ပြန်သည်။

"ဉာဏ် ... ယောကျ်ားကြီးဖြစ်ပြီး စိတ်ကောက်မနေစမ်းပါနဲ့၊ ဟေသာက ဉာဏ့်ကို ပြုစုမှာပါ၊ ကိုယ့်ယောကျ်ား ဝေယျာဝစ္စ ကိုယ်ပဲ လုပ်မှာပါ ..."

"ဟင်းချက်တော့ရော ..."

"ကောင်းကောင်း မကောင်းကောင်း သည်းခံစားမယ် ဆိုရင်တော့ ကြိုးစားချက်ပေးမယ်"


"ရတယ် ... စားမယ်၊ အိမ်ဖော်ချက်တာ ကိုယ်မစားချင်ဘူး၊ မစိန်ကို ပြန်လွှတ်လိုက်ကွာ ..."

"အင်းပါ ... အင်းပါ ... ဉာဏ့်သဘောပါ၊ ဟေသာ အကျိုးအကြောင်း ပြောပြီး ပြန်လွှတ်ပါ့မယ် ..."

သူ ... ခုမှ ဘဝင်ကျသွားကာ စောစောက ဒေါသတွေ ပျောက်သွားရပါသည်။ ဟေသာ ညာနေတာကိုလည်း မေ့သွားပါသည်။ သူက ခပ်တိုးတိုး ပြောလိုက်မိသေးသည်။

"မိန်းမ ... မင်း မဆိုးဘူး ..."

http://www.linhtet.com



၁

ဉာဏဉာဏ်သည် သိပ်မကြာမီမှာပင် 'မိန်းမ မင်း မဆိုးဘူး' ဟူသော သူ့စကားကို ပြန်လည်ရုပ်သိမ်းရမည့် အခြေအနေများကို တစ်ခုပြီးတစ်ခု ရင်ဆိုင်ရလေသည်။ သူ့ မိန်းမ ချက်ပြုတ်ကျွေးသည့် ဟင်းလျာတွေက တစ်ခုမှ အချိုးမပြေ ... ။ သူ ဘယ်လိုမှ စားလို့မရအောင် အရသာက ဆိုးပါသည်။ အရသာ ဆိုးတာတင်မဟုတ် ... ဟင်းအတွဲအစပ် ကလည်း အလွန်ပင် ညံ့ဖျင်းလှပါသည်။ ပထမပိုင်းရက်တွေ ကတော့ သူ သည်းခံစားခဲ့သေးသည်။ ကြာလာတော့ သည်း မခံနိုင်တော့ဘဲ ထမင်းပွဲရှေ့မှာ စိတ်ပျက်လက်ပျက် ထိုင်နေမိ သည်။ ဟေသာက သူ့ကို တအံ့တသြ ကြည့်ကာ ...

"ဉာဏ် ... ဘာဖြစ်နေတာလဲ ... စားလေ ..."

"စားကို မစားနိုင်တော့တာ၊ မရတော့ဘူး ... ဘယ်လိုမှ

http://www.linhtet.com

ကို မရတော့ဘူး ... ၊ ဟန်ဆောင်ပန်ဆောင်လေးတောင် စားမပြနိုင်တော့ဘူး ... ”

“ဘာဖြစ်လို့လဲ ... ရင်ပြည့်လို့လား”

“လူက အကောင်းပါ၊ ဟင်းကသာ စားမကောင်းတာပါ၊ စားရတာ အရသာကို မရှိဘူး၊ နေ့စဉ် ရက်ဆက်ကို အရသာ မရှိတာ ... ”

“ဒီလောက်ကောင်းတဲ့ ဟင်းတွေကိုမှ အရသာ မရှိဘူး ဆိုရင် ကျွန်မက တခြား ဘာဟင်းတွေများ ချက်ပြုတ် ကျွေးမွေးရဦးမှာလဲ ဉာဏ်ရဲ့ ... ၊ ရှင်မို့ ပြောရက်တယ်၊ ရှင့်ရှေ့က ဟင်းတွေ ရှင်ပဲ အသေအချာ ပြန်ကြည့်လိုက်ပါဦး၊ ကြက်သားရော ... ငါးရော ... ဝက်သားရော စုံနေတာပဲ၊ ဒီဟင်းတွေ ဘယ်လောက် ဈေးကြီးပေးရတယ် ဆိုတာရော ရှင် သိရဲ့လား ... ကျွန်မမှာ ဈေးဝယ်တိုင်း ဘယ်လောက် စိတ်ပင်ပန်းရတယ်ဆိုတာ ရှင် မသိဘဲ အပြစ်တင်ဖို့ စောင့်မနေနဲ့ ... ”

“ဈေးကြီးပေးရတိုင်း ... အသားဟင်း ဖြစ်တိုင်း စားကောင်းတာ မဟုတ်ဘူးကွ၊ ဘာဟင်းဖြစ်ဖြစ် စားကောင်းဖို့ဆိုတာ ချက်တဲ့သူရဲ့ အရည်အချင်းပေါ်မှာ အများကြီး မူတည်တယ်၊ တချို့ မိန်းမတွေက အသားဟင်း မဟုတ်ဘဲ အသီးအရွက်တို့ အာလူး၊ ကြက်ဥတို့နဲ့

http://www.linhtet.com

စားကောင်းအောင် အကုန်သက်သာအောင် ချက်တတ်တယ်၊ ကိုယ့်ရုံးက ယောကျ်ားတွေများ သူတို့ မိန်းမချက်ထည့်ပေးလိုက်တဲ့ ဟင်းတွေ ကိုယ် ယူမြည်းကြည့်တာ ... အားပါး ကောင်းမှကောင်း၊ မင်းလက်ရာနဲ့များတခြားစီပဲ ... ”

“ရှင်နော် ... ရှင် ... ရှင် အစက ဘယ်လိုပြောထားလဲ၊ ကောင်းကောင်း မကောင်းကောင်း သည်းခံစားမယ်ဆို၊ ကိုယ့်စကား ကိုယ်မေ့နေပြီလား ... ”

“တော်ရုံ မကောင်းတာမျိုးဆို သည်းခံပါတယ်၊ ခုဟာက တော်ရုံ မဟုတ်တော့ဘူး၊ နေ့စဉ်ရက်ဆက် ဖြစ်နေတာ၊ မင်း ချက်တဲ့ ဟင်းတွေအားလုံး တောချက်တွေ ချည်းပဲ ... ”

“ဘာလဲ ... တောချက်”

“ကြက်သားဆို ငရုတ်သီးနဲ့ ဆီပြန်ချက်တယ်၊ ဝက်သားဆိုလည်း ဒီအတိုင်းပဲ၊ ပုစွန်ဆို ကြော်တယ်၊ ငါးဆိုလည်း ဘာငါးလာလာ ငရုတ်သီးနဲ့ ဆီပြန်ပဲ ... ပုံသေနည်းတစ်မျိုးတည်းနဲ့ နေ့တိုင်း ဒါဆို ဒါပဲ ချက်နေတော့ ကြာတော့ ငြီးငွေ့လာရော၊ အရသာက မကောင်းတော့ပိုဆိုးတယ် ... ”

http://www.linhtet.com

"အိမ်မှာ မေမေတို့ ချက်လည်း ဒီအတိုင်းပဲ ချက်တာပဲ၊ အဲဒီလို မချက်လို့ ဘယ်လိုတီထွင်ပြီး ချက်ရဦးမှာလဲ"

"အဲဒါကြောင့် တောချက်လို့ ပြောတာပေါ့၊ မင်းတို့ တောမှာ နေကတည်းက ဒီအတိုင်း တစ်သမတ်တည်း ချက်ခဲ့တာကိုး"

စကားပြောတာ ကြည့်ပြော ... ၊ ကျွန်မတို့ နေခဲ့တဲ့ ပခုက္ကူဆိုတာ တောမဟုတ်ဘူး ... မြို့ကြီးပဲ၊ ရန်ကုန်ကလွဲပြီး ကျန်တာအားလုံး တောလို့ မှတ်မနေနဲ့ ... "

"ကဲ ... ဒါ ထားပါ၊ အရေးကြီးတာက မင်းရဲ့ ဟင်းတွေကို ပြုပြင်ပြောင်းလဲပစ်ဖို့ပဲ ... ၊ လူဆိုတာ တစ်ခုခုကို တစ်သမတ်တည်း ရနေရင် ကြာရင် ငြီးငွေ့တာပဲကွ ... ၊ အပြောင်းအလဲလေးတော့ လုပ်ပေးရတယ်၊ ကြက်သားတို့ ဝက်သားတို့ဆိုတာ အမျိုးမျိုး ပြောင်းချက်လို့ ရတယ်၊ ပဲငံပြာရည်လေးနဲ့ အချိုချက်တဲ့အခါ ချက်၊ ပြုတ်ကြော် လုပ်တဲ့အခါလုပ်၊ သုပ်တဲ့အခါသုပ် ... ၊ အသီးအရွက်နဲ့ ရောကြော်တဲ့အခါ ကြော် ... နည်းအမျိုးမျိုး ချက်လို့ရပါတယ်ကွာ၊ ငါးဆိုလည်း ငါးအမျိုးအစားပေါ် မူတည်ပြီး ချက်စရာ နည်းလမ်းအမျိုးမျိုး ရှိပါတယ်၊ ငါးရူဆို ကြော်နှပ်လိုက်၊ ငါးဘတ်ဆို မွှေ၊

http://www.linhtet.com

ငါးရံ့ဆို တုပ်ချက်၊ ငါးမြင်းဆို ဆီပြန် ... ချက်စရာ နည်းလမ်းတွေမှ အပုံကြီးပါ ..."

"ရှင် အဲဒီလောက်တောင် သိနေရင်လည်း ရှင့်ဘာသာပဲ ဝင်ချက်လိုက်ပါတော့လား ..."

"ကိုယ်လို အိမ်ဦးနတ် တစ်ယောက်က မီးဖိုချောင်ထဲ ဝင်ချက်ပြုတ်နေရရင် မင်း အသုံးမကျမှန်း သိပ်သိသာ သွားမှာ စိုးလို့ပါကွာ ..."

"ရှင်တို့ ယောကျ်ားဆိုတာ ဒီလိုပဲလား၊ အိမ်ထောင် ကျတာနဲ့ ကိုယ့်ကိုယ်ကို အိမ်ဦးနတ်ဆိုပြီး အသာစီး နေရာ ယူချင်တော့တာပဲ ...၊ ရှင် ဒီလောက် အစားကောင်း ကြိုက်နေရင် အစကတည်းက ထမင်းဆိုင်က မိန်းမတစ်ယောက်ကို ယူလိုက်ပါလား ..."

အပြောကလေးက တစ်စက်မှ မချိုသာပါ ...။ အသံကို မြှင့်ပြောကာ ဆောင့်ကြီးအောင့်ကြီးပုံဖြင့် ထမင်း ဝိုင်းက ထ,သွားသော သူ့မိန်းမကို စိတ်ပျက်လက်ပျက် ကြည့်နေလိုက်မိပါသည်။ တကယ်ဆို သူပြောကာမှပြောရော အေးအေးဆေးဆေး ပြန်ပြောတော့ရော ဘာဖြစ်မှာမို့လို့လဲ ...။ နူးနူးညံ့ညံ့ ချော့ချော့မော့မော့ကလေးသာ ပြန်ပြောလျှင် သူလို အချော့ကြိုက်သည့် ယောကျ်ားက ဟင်းထဲ ဆားခဲပါ လည်း ကြိတ်မှိတ်မျိုချ ခွင့်လွှတ်လိုက်မှာပင်။ ခုတော့ ... သူက

http://www.linhtet.com

စကားစရုံရှိသေး သူ့မိန်းမက ကက်ကက်လန်အောင် ပြန်ရန်တွေ့လျက် စကားကို မနိုင်နိုင်အောင် လုပြောပြီး အနိုင်ပိုင်းကာ ထ,ထွက်သွားခဲ့ပါသည်။ ရည်းစားဘဝက ချစ်စဖွယ် အမူအရာလေးတွေကို ဘယ်နား ပြေးရှာရမှန်းကို မသိတော့ပါ။ မိန်းမတွေများ တယ်ဟန်ဆောင်ကောင်းတာပါလား ... ။ ယောကျ်ားတစ်ယောက်က ကိုယ့်ကို လက်ထပ်ချင်လာအောင် အစွမ်းကုန် နူးညံ့သိမ်မွေ့ လိမ္မာပြပြီး လက်ထပ်ပြီးတာနဲ့ ဟန်ဆောင်အလွှာ ခွာချကာ ဘီလူးဆိုင်းတီး ထွက်လာသည်။

စိတ်ပျက်စရာ အဖြစ်အပျက်တွေဟာ သူ့ထံ တစ်ခုပြီးတစ်ခု ဆက်တိုက် ကျရောက်လာသည်။ စားရေး အဆင်မပြေရတဲ့အထဲ ဝတ်ရေးကပါ ထပ်ဆင့်လာသည်။ ရုံးသွားခါနီး သူဝတ်ဖို့ ထုတ်ထားပေးသော အင်္ကျီကို ဆွဲယူဝတ်ရန် ပြင်ဆဲ အင်္ကျီကော်လာ ကုပ်ပိုးနားဆီက မည်းညစ်ညစ် အရောင်ကို မြင်ရသည်။ သူ မသက််တာမို့ အင်္ကျီလက်ဖျားတွေကိုပါ လှန်ကြည့်သောအခါ မည်းညစ်ညစ်အသွင်ကိုပင် တွေ့ရ သည်။ မီးပူတိုက်ထားတာကလည်း အတွန့်မပြေပါ။ သူ ... စိတ်တိုလာကာ အင်္ကျီကို ခုတင်ပေါ် ပစ်တင်လိုက်ရင်း ...

"မိန်းမရေ ... မိန်းမ ... ခဏလာပါဦး ... "

http://www.linhtet.com

သူ့မိန်းမက ဆောင့်အင်အင် အမူအရာနှင့် သူ့ရှေ့ ရောက်လာသည်။

"မင်း အင်္ကျီကို ဘယ်လိုလျှော်ထားတာလဲ ..."

"ဘယ်လိုလျှော်ရမှာလဲ ... အဝတ်လျှော်စက်ထဲ ထည့်လျှော်ထားတာပေါ့"

"အဝတ်လျှော်စက်ထဲ ထည့်တာ ဒီအတိုင်းထည့်လို့ ဘယ်ကောင်းမှာလဲ၊ ကော်လာလို လက်ဖျားလို ချိုင်းလို နေရာမျိုးတွေကို ဆပ်ပြာနဲ့ သေသေချာချာ ပွတ်လျှော်ပြီး ထည့်မှ ကောင်းမှာပေါ့ ...၊ ဒီမှာကြည့်စမ်း ... မည်းညစ်နေတာပဲ၊ ဒါတွေကအစ ကိုယ်လိုက်ပြောနေရတာကတော့ မဟုတ်သေးဘူးကွာ ...၊ ကြည့်ပါဦး ... မီးပူတိုက်ထားတာကလည်း မတိုက်ထားတာနဲ့ ဘာမှ မထူးဘူး၊ တွန့်ကြေနေတာပဲ ...၊ ဒီလို အင်္ကျီခေါက်ပုံမျိုးလည်း တစ်ခါမှ မတွေ့ဖူးဘူး ...၊ ရုပ်အင်္ကျီခေါက်တာတောင် အချိုးမကျဘူး ... အံ့ပါ့ကွာ ..."

ဟေသာသည် အပြစ်တင်စကားတွေကို သဲကြီးမဲကြီး ပြောနေသော ဉာဏ်ကိုကြည့်ရင်း ရင်ဘတ်ထဲမှာ ဝမ်းနည်းတာတွေ ဒေါသဖြစ်ရတာတွေ စုပြုံပြီး နင်နေပါသည်။ ယောကျ်ားဆိုတာ တယ်ပြီး ပြောင်းလဲတတ်ပါလား ...။ ရည်းစားဘဝက ဖူးဖူးမှုတ် အလိုလိုက်ခဲ့သလောက် အိမ်ထောင်

http://www.linhtet.com

ကျမ အငြိုးတကြီး အပြစ်ရှာ နှိပ်စက် ကလဲ့စားချေနေသလား အောက်မေ့ရသည်။ မရခင်တော့ ဖျာလိုလိပ် ထိပ်ပေါ်တင် ... ရပြီးတော့ ဖျာလိုခင်း ခြေနဲ့နင်းဆိုတဲ့ စကားဟာ တကယ့်ကို ကွက်တိမှန်နေပါပြီ။ ဟောသာသည် မျက်ရည်ပေါက်ပေါက်ကျကာ ဒေါသဖြင့် လည်တဆတ်ဆတ် တုန်ယင်လာကာ ...

"ရှင် ... ကျွန်မကို အပြစ်မရှိ အပြစ်ရှာမနေနဲ့ ဥဇော်၊ ရှင်က တစ်နေကုန် ကြော့ကြော့လေး ရုံးသွားနေတာ၊ အိမ်ကမိန်းမ ဘယ်လောက် ပင်ပန်းတယ်ဆိုတာ ရှင် သိသလား၊ ကိုယ်ချင်းစာလား ...၊ ဒါမျိုးအလုပ်တွေ ကျွန်မ တစ်ခါမှ မလုပ်ဘူးပဲ လုပ်နေရတာ ဘယ်လောက် ပင်ပန်းတယ် မှတ်သလဲ ...၊ ရှင် စားဖို့ တတ်သလောက် မှတ်သလောက် ချက်ပြုတ်ကြော်လှော်ရင်း ဆီကပေါက် အပူကလောင် ...၊ အိမ်မှုကိစ္စဆိုတာ အကောင်အထည်ကြီးကြီးမားမား ပြစရာ မရှိဘဲ တိုလီမုတ်စတွေနဲ့ ရှုပ်နေတာရှင့် ...၊ မတတ်ပေမယ့် စေတနာထားပြီး လုပ်ပေးနေတာကို သနားရကောင်းမှန်း မသိတဲ့ ... အပြစ်ရှာပြောနေတဲ့ ရှင့်ကို ကျွန်မ တကယ် အံ့သြတယ်၊ အပြောအဆို ရင့်သီးလိုက်တာလည်း လွန်ရောပဲ၊ လူကိုခေါ်လိုက်ရင် မိန်းမ ... မိန်းမနဲ့ မိုးမွန်ရောပဲ၊

http://www.linhtet.com

ဒီမှာ ကိုရွှေဥာဏာဥာဏ်ရဲ့ ... ရှင် မိန်းမယူထားတာနော်၊ အိမ်ဖော် ငှားထားတာ မဟုတ်ဘူး"

ဥာဏာဥာဏ်သည် ဒေါသတကြီး ငိုယိုပေါက်ကွဲနေသော ဟေသာ့ကို စိုက်ကြည့်ရင်း ရင်ဘတ်တစ်နေရာက စူးခနဲ အောင့်သွားသည်။ အဲဒီ မျက်ရည်ရဲ့ ဒဏ်ကို သူ မခံနိုင်ပါ။ သူ့ရဲ့ ဒေါသတွေ တဖြုတ်ဖြုတ် ပြုတ်ကျကုန်ရပါသည်။ သူက ဟေသာ့ကို ပွေ့ဖက်ထားလိုက်မိရင်း ...

"တိတ် ... တိတ် ... မငိုပါနဲ့ကွာ ... ၊ ကိုယ် မှားပါတယ်၊ ကိုယ့်အလွန်ပါ၊ ကိုယ်က ဟေသာ့ကို အိမ်ရှင်မ ပီပီသ,သလေး ဖြစ်စေချင်လို့ပါ၊ တမင် မုန်းလို့ အပြစ်ရှာနေတာ မဟုတ်ပါဘူး၊ ဟေသာ တစ်ယောက်တည်း ပင်ပန်းနေရင် မစိန်ကို ပြန်ခေါ်ထားလိုက် ... ၊ ဟေသာက စီမံခန့်ခွဲရုံလောက်ပဲ လုပ်ပေါ့၊ ကိုယ်က ကိုယ့်မိန်းမကို ချစ်လို့ ယူထားတာပဲ၊ မပင်ပန်းစေချင်ပါဘူးကွာ"

"လာပြန်ပြီ မိန်းမ၊ အဲဒီလိုခေါ်တာ ဟေသာ မကြိုက်ပါဘူး ... "

"ကိုယ့်မိန်းမမို့ မိန်းမခေါ်တာ ဘာဖြစ်လဲကွာ ... "

"ဟင့်အင်း ... မခေါ်နဲ့၊ ဟေသာ နားခါးတယ်၊ ရှင် ဟာလေ တော်တော်ပြောင်းလဲတတ်တဲ့ ယောကျ်ားပဲ၊ ချစ်သူဘဝက ကလေးချင်း ထပ်အောင်ခေါ်ပြီး ချိုသာခဲ့

http://www.linhtet.com


သလောက် ခုကျမှ ပြောင်းလဲသွားတာ ယုံတောင်မယုံ နိုင်ဘူး ..."

"သြော် ... ဟေသာက ကလေးလို့ခေါ်တာ ကြိုက်လို့ လား၊ ဒါဆိုလည်း ခေါ်ပါ့မယ် မိန်းမရာ ..."

"ဘာ မိန်းမလဲ ..."

"ဆောရီး ... ဆောရီး ကလေးရေ ... ၊ ကဲ ... အငိုတိတ် တော့နော်၊ ကိုယ်လည်း ရုံးသွားရဦးမယ်၊ အပြန်ကျ ဟေသာကြိုက်တဲ့ ကြေးအိုး ဝယ်လာခဲ့မယ် ..."


နောက်ဆုံးတော့ သူပဲ ချော့ရ ... တောင်းပန်ရ ... ဖားရနှင့် ပျာယာခတ်ကာ ထိုနေ့က ရုံးနောက်ကျပါသည်။ မိန်းမဆိုတာ အားနွဲ့တဲ့ အချက်ကလေး တစ်ချက်နဲ့ ယောကျ်ားတွေအပေါ်ကို အနိုင်ယူနေတဲ့ အစားတွေပါလား ... တော်တော် တရားကျဖို့ ကောင်းပါသည်။



http://www.linhtet.com

အပိုင်း (၂)

http://www.linhtet.com



“ယောကျ်ားရေ ... ရှင် ခုထိ အိပ်ရာ မထ,သေးဘူးလား၊ ထ,တော့လေ ... ဘယ်အချိန်ရှိပြီလဲ၊ ရှင်တစ်ယောက်နဲ့ တော့ တော်တော် ခက်ပါတယ် ... ရုံးသွားဖို့ ပြင်ဆင်ရင် အီလေးဆွဲနေဦးမှာနဲ့ ... ရေချိုးတော့လည်း ကြာ ... ၊ အဝတ်အစားလဲတော့လည်း ကြာ ... ရုံးနောက်ကျတာလည်း ခဏခဏပဲ ...”

သာယာနာပျော်ဖွယ် သိပ်မရှိလှသော နှိုးစက်သံက မနက်ခင်းတိုင်း တစ်သမတ်တည်း ထွက်နေသည်။ ဘယ်တော့မှ တိုးတိုးသက်သာ နူးနူးညံ့ညံ့ မနှိုး ... ။ လူကို ခေါ်လိုက်လျှင်လည်း ယောကျ်ား ... ယောကျ်ားနှင့် ... ဘာမှန်းကို မသိ ... ။ သူ မကြည်မသာ အိပ်ရာ ထ,လာရပြန်တော့ သူမ အသံက တစ်အိမ်လုံးမှာ ပွက်ပွက်ညံနေသည်။

http://www.linhtet.com

"ယောကျ်ားရယ် ... ရှင်ဟာ နည်းနည်းမှ စည်းကမ်း မရှိပါလား၊ လျှော်ရမယ့် အဝတ်တွေကိုလည်း ဖြစ်သလို ထိုးကြိတ်ထားလိုက်တာပဲ၊ အဝတ်ခြင်းတောင်းထဲ ပစ်ထည့်လိုက်တာ ဘယ်လောက် အပန်းကြီးမှာ မို့လို့လဲ၊ ဟော ... ဒီမှာကြည့်စမ်း ... စားပွဲပေါ်က စာရွက်တွေလည်း ပြန့်ကျဲနေတာပဲ၊ လွင့်ကျပျောက်ပျက်သွားရင် ဟေသာပဲ ပြန်ရှာပေးရဦးမယ် ... ၊ မစိန်ရေ ... ဒီမှာ လျှော်ဖို့အဝတ်တွေ လာယူဦးဟော့ ... ၊ အမယ်လေး တော်ပါသေးရဲ့၊ မစိန်ရှိပေလို့သာပဲ ... တစ်ယောက်တည်းသာဆို သေရချည်ရဲ့ ... ၊ ယောကျ်ားရေ ... ဆပ်ပြာတိုက်တာ ကြာလှချည်လား၊ ခုထိ ရေသံ မကြားရသေးပါလား၊ မြန်မြန်လုပ်လေ ..."

အိမ်ထောင်သက်တမ်းက နှစ်နှစ်ပင် မပြည့်ချင်သေး ... လေသံက အဒေါ်ကြီးတစ်ယောက် အသံလိုမျိုး ရင့်ထော်နေသည်။ အိမ်မှုကိစ္စတွေကို ကျွမ်းကျင်လာတာနဲ့အမျှ ဆရာလုပ်သည့် နေရာမှာလည်း ပိုမိုကျွမ်းကျင်လာပါသည်။ အသံကလည်း ပိုကျယ်လာသည်။ အဲဒီ အပြောအဆိုတွေက သူ့ကို စိတ်ပျက်ငြီးငွေ့စေပါသည်။ သူက နားငြီးသည့် ဒဏ်ကို နည်းနည်းလေးမှ မခံနိုင်သူ ဖြစ်ပါသည်။

"ယောကျ်ား ... ရှင့် အသုံးအစွဲကို လျှော့ဦးနော်၊ မနေ့

http://www.linhtet.com

ကမှ ရှင့်အိတ်ထဲ ပိုက်ဆံ ငါးထောင် ထည့်ပေးလိုက်တာ ... အခု တစ်ပြားမှ မကျန်တော့ဘူး၊ များများထည့်ပေးရင် များများကုန်တာပဲ၊ ဒီနေ့တော့ တစ်ထောင်ပဲ ထည့်ပေးလိုက်မယ်၊ တစ်နေ့ တစ်ထောင်သုံးရတော်ရောပေါ့၊ အသေးသုံးပဲဟာ ..."

အဲဒီလို ပိုက်ဆံကို လိုက်စစ် ကတ်သတ်နေတာကြီးကိုလည်း သူ ဘဝင်မကျနိုင်ပါ။ ပြောပြန်ရင်လည်း ရန်ဖြစ်ပြီး သူပဲ အပင်ပန်းခံ ချော့ရဦးမှာမို့လို့ သူ ဘာမှတော့ မပြော။ သို့သော် ... ငွေကိုတော့ သူမလက်ထဲ အကုန်မအပ်ဘဲ ချန်ထားလိုက်သည်။ သူမ ဘာတတ်နိုင်မှာလိုက်လို့ ... ။

သူ အိမ်မှာနေရတာ တကယ်ပဲ နားငြီးလာပါသည်။ ဘယ်နှယ်ကြောင့် အင်မတန် စကားနည်းခဲ့သော မိန်းမတစ်ယောက် ဒီလောက် စကားများတတ် လာပါလိမ့်ဆိုတာ သူ စဉ်းစားမရပါ ... ။ ဘာပဲပြောပြော သူ့သူငယ်ချင်း သတိပေးလိုက်သော စကားတွေကတော့ ကွက်တိမှန်၍ နေပါပြီ။

ခုတော့ သူက သူ့ရဲ့ နည်းဗျူဟာကို ပြောင်းလဲပစ်လိုက်သည်။ သူ မကျေနပ်သမျှကို အရင်လို သူမနှင့် ထိပ်တိုက် တွေ့သောနည်းလမ်းဖြင့် မဖြေရှင်းတော့ဘဲ ကြိတ်မြိုကာ ဘာတစ်ခွန်းမှ မပြောဘဲ နေသည်။ ပြီးတော့ သူ

http://www.linhtet.com

လုပ်ချင်တာလေးတွေကို သူမ မသိအောင် ကြိတ်ကြိတ်လုပ်ရပါသည်။

တစ်နေ့တစ်နေ့ သူ့မိန်းမရဲ့ မစိန်ကို ဩဇာပေးသံသူ့ကို ပြောသော အသံတွေကို ကြားရပါ များ၍ နားငြီးလာလျှင် သူက အပြင်ကို အကြောင်းတစ်ခုခုပြကာ ထွက်သွားပြီး သူငယ်ချင်း တစ်ယောက်ယောက်အိမ် ... ဒါမှမဟုတ် စားသောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ ကြိုက်တာမှာစားပြီး နှပ်နေလိုက်သည်။ သူ့မိန်းမဆီက နူးညံ့သိမ်မွေ့မှုတွေကို သူ ဘယ်လောက် တမ်းတ,ရကြောင်းတွေကိုလည်း ပြောပြချင်စိတ်မရှိတော့ဘဲ စိတ်ချဉ်ပေါက်နေသည်။ စိတ်ပျက်လက်ပျက်နိုင်မှုတွေသာ သူ့ကို တစ်နေ့တခြား ကြီးစိုးလာပါသည်။ သူ့ရဲ့ စိတ်တွေပင် အချိန်မတိုင်မီ ရင့်ရော်လာသည်ဟု ထင်ရသည်။

သူ ... အေးရာအေးကြောင်း ရှောင်နေသော်လည်း ပြဿနာကတော့ မအေးပါ။ သူ့မိန်းမက သူ့ကို ပူညံပူညံ လုပ်ပြန်သည်။

"ဉာဏ် ... ရှင် ခုတလော အိမ်မကပ်ဘူးနော်၊ အိမ်မှာနေတယ်လို့ကို မရှိဘူး၊ အကြောင်းအမျိုးမျိုးပြပြီး အပြင်ချည်း ထွက်နေတော့တာပဲ၊ ရှင့်ကိုတော့ ကျွန်မ နည်းနည်းမှ မယုံတော့ဘူးနော် ... ၊ ရှင် ကျွန်မ မသိအောင် ဘာတွေလုပ်ထားလဲ ... ၊ ခြေရှုပ်မယ်တော့

http://www.linhtet.com

မကြဲနဲ့နော် ... ၊ ရှင် ဖောက်ပြန်လို့ကတော့ ဟေသာတို့က ငြိမ်ခံနေမယ် မထင်နဲ့ ... ရောက်ရာအရပ်ကိုလိုက်ပြီး စာရင်းရှင်းပစ်လိုက်မယ် ... ၊ ဟေသာဆိုတဲ့ မိန်းမက မုန့်လည်း ဝေမစားနိုင်ဘူး၊ မျှပြီးတော့လည်း မချစ်နိုင်ဘူး၊ ဟင်း ... မေးလိုက်ရင် ဘယ်တော့မှ မဖြေဘူး မြို့စိစိ လုပ်နေတယ်၊ ဘွားခနဲ ပေါ်လာလို့ကတော့ ဟေသာ့ကို အဆိုးမဆိုနဲ့ ... ”

သူ ... သူ့မိန်းမကို စိတ်ပျက်ရသည့် အကြောင်း အရာတွေထဲမှာ အဲဒါတွေလည်း ပါပါ,သည်။ သူဖြင့် ဘာမှ မလုပ်ရဘဲ သက််မကင်း အဖြစ်ခံနေရတာ တော်တော်ခံပြင်း စရာ ကောင်းသည်။ မယုံသက််ာ အဖြစ်ခံရသည့်အတူတူ တမင် အရွဲ့တိုက် ပွေရှုပ်ပစ်ချင်စိတ်မျိုးပင် တစ်ခါတစ်ခါ ပေါ်လာရပါသည်။

ပြစ်မှုတွေကလည်း တစ်နေ့ထက်တစ်နေ့ ပိုပြီး ဆိုးလာသည်။ တစ်နေ့ ... သူ ဟေသာ့ကို မအပ်ဘဲ ချန်ထားသော ပိုက်ဆံတချို့ကို တွေ့သွားကာ ဒေါသူပုန် ထ,တော့သည်။

“ဒီမှာကြည့်စမ်းပါဦး ... ကြည့်စမ်းပါဦး ... ပိုက်ဆံတွေ၊ ကျွန်မ မသိအောင် ဝှက်ထားတဲ့ ပိုက်ဆံတွေ ... ၊ ရှင် ဒါဘာလုပ်တာလဲဥာဏ်ရဲ့ ... ဟင် ဒါ ဘယ်သူ့ကို ကျွန်မ မသိအောင် ထောက်ပံ့ဖို့ ချန်ထားတာလဲ၊

http://www.linhtet.com

ကျွန်မမှာတော့ ရှင် အပ်သမျှကို စုမိဆောင်းမိအောင် ပြည့်ပြည့်စုံစုံလေးလည်း သုံးရစွဲရအောင် စီမံခန့်ခွဲရတာ ဘယ်လောက် ဦးနှောက်စားတယ် မှတ်သလဲ၊ ရှင်ကတော့ မိန်းမလက်ထဲ ပိုက်ဆံအပ်ပြီး ပြီးရောပဲ ... ဘာမှလှည့်မကြည့်တော့ဘူး၊ ခု ကြည့်စမ်း ... ပိုက်ဆံတွေ ဝှက်ထားပြီး ဘယ်နေရာတွေမှာ ဘယ်လို ဗုံးပေါလအော သုံးစွဲနေမှန်းကို မသိဘူး၊ သေချာပါတယ် ... ရှင် ... တခြားမိန်းမ တစ်ယောက်ကို ပံ့ပိုးနေတာပဲ ဖြစ်မယ်"

သူ ... စိတ်ပျက်ရလွန်းတာမို့ ငြင်းချင်စိတ်ပင် မရှိတော့ပါ။ အထင်ခံရနည်းလား ... ထင်ပစေ ... ။ ဒါမှ ယောကျ်ား ပစ်မသွားအောင် ကြင်နာယုယချင်စိတ်ကလေးတွေ ပြန်ပေါ်လာနိုင်သည်။

"ကဲ ... ကြည့်စမ်း ... ဟုတ်လို့ ငြိမ်နေတာ မဟုတ်လား၊ ပြောစမ်းပါ ... ရှင် ဘယ်မိန်းမကို ပံ့ပိုးနေရသလဲ၊ အဲဒီမိန်းမက ဟောသာတင်ထက် ဘာများသာသလဲ ..."

သူ ... နှုတ်ပိတ်၍သာ နေတော့ သူမက ဒေါသူပုန် ပိုထ,လာကာ ဆွေ့ဆွေ့ခုန်မတတ် ဖြစ်လာသည်။

"ရှင်ဟာ ... လင့်ဝတ္တရား မကျေပွန်တဲ့ ယောကျ်ားပါလား ကိုဉာဏဉာဏ်၊ ရှင် ... အခုတလော အချိုးပြောင်းနေတာ ကျွန်မ သိတယ်နော်၊ ကျွန်မကိုလည်း စကား

http://www.linhtet.com

မပြောချင်သလို ပြောချင်သလိုနဲ့ ... ၊ အပြင်ချည်း ထွက်,ထွက်နေတယ်၊ ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ရှင် ဖောက်ပြန်နေတာတော့ သေချာပါပြီ ... ၊ လက်ပူး လက်ကြပ် မိလို့ကတော့ ဟေသာတင့်အကြောင်း ကောင်းကောင်း သိစေရမယ် ... ”

သူက သူမကို ဖြစ်ချင်သလောက် ဒေါသဖြစ် စမ်းပစေဟုသာ လွှတ်ထားလိုက်သည်။

နောက် ... သိပ်မကြာခင်မှာပင် သူမက သူတို့ နှစ်ယောက်အခန်းထဲမှာ စာရွက်ကြီး တစ်ရွက်ကို ကပ်ထား လိုက်သည်။ စာရွက်ပေါ်မှာ လင့်ဝတ္ထရား ငါးပါးကို စာလုံး ကြီးများဖြင့် ပြူးတူးပြဲတဲ ရေးသားထားပါသည်။

လင့်ဝတ္ထရား ငါးပါး

(၁) မိမိမယားအပေါ်၌ မထီမဲ့မြင် စိမ်းစိမ်းကားကား ဘာသိဘာသာ မကျင့်ကြံ မနေထိုင်ရ။

(၂) ရသမျှ ပစ္စည်းဥစ္စာ ငွေကြေးကို မယားအား အပ်နှံရမည်။ (ဂုက်မထားရ)

(၃) မိမိ မယားမှတစ်ပါး တခြားမိန်းမများနှင့် မဖောက် ပြန်ရ။

(၄) မိမိမယားနှင့် သင့်တော်သော အဝတ်တန်ဆာ

http://www.linhtet.com

အစားအသောက်တို့ကို ချစ်ခင်ကြည်ဖြူလေးမြတ်စွာ ဝယ်ခြမ်း ဆင်ယင်ပေးရမည်။

(၅) မိမိ မယားအား ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးစွာ ကြည်ဖြူသဒ္ဓါရမည်။

ဤကား လင့်ဝတ္တရား ငါးပါးတည်း ... ။

ထိုစာကို ဖတ်ပြီး သူ စိတ်ပျက်သည့်ကြားမှပင် ရယ်ချင်သွားရပါသည်။ သူ့မိန်းမဟာ သူ့ကို တိုက်ခိုက်ဖို့ ဆိုလျှင် ဉာဏ်နီဉာဏ်နက်တွေ အားလုံးကို ထုတ်သုံးတတ်ပါသည်။ ခဏကြာတော့ သူမက အခန်းထဲ ဝင်လာကာ ...

"အဟမ်း ..."

ချောင်းဟန့်သံ ကြားမှ သူက မသိချင်ယောင် ဆောင်နေလိုက်သည်။ သို့သော် ... သူ့မိန်းမက သူ့ကို ဇွတ်အတင်း မေးခွန်းထုတ်လိုက်သည်မှာ ...

ဒီမှာ ... ယောကျ်ား၊ ဒီစာဖတ်ပြီးပြီလား ..."

"သြော် ... အင်း ... ဖတ်ပြီးပါပြီ"

ဘယ်အချက်တွေနဲ့ ညီလဲ"

"ဟမ် ... ဘာကိုပြောတာလဲ"

"အူကြောင်ကြောင် လုပ်မနေပါနဲ့၊ ရှင့်ကိုယ်ရှင် လင့်ဝတ္တရားငါးပါးနဲ့အညီ ကျင့်သုံးနေထိုင်သလားဆိုတာ ပြန်စဉ်းစားကြည့်စမ်းပါ ..."

http://www.linhtet.com

"ညီသားပဲ၊ အားလုံးနဲ့ ညီတယ်လေ၊ တစ်ချက်မှ မလွဲဘူး ... ၊ ကိုယ်က လင့်ဝတ္တရားငါးပါးထက်တောင် ပိုပြီး ကျေပွန်နေသေးတယ်၊ ဆယ်ပါးလောက်တောင် ကျေမယ်ထင်တယ်"

"အပိုမပြောစမ်းပါနဲ့၊ တစ်ချက်မှ ရှင်နဲ့ မကိုက်ညီဘူး ဆိုတာ ထင်ရှားပါတယ်၊ နံပါတ်တစ် မိမိမယားအပေါ် မထီမဲ့မြင် ဘာသိဘာသာ မနေရဘူးဆိုတဲ့ အချက်ကို ရှင် မလိုက်နာဘူး၊ ကျွန်မ ဘယ်လောက် အာပေါက်အောင် ပြောပြော ရှင်က မကြားသလို လုပ်ချင်လုပ် နေတယ်၊ အဲဒါ ရှင် ကျွန်မကို မထီမဲ့မြင် လုပ်တာပဲ ...

"နံပါတ် နှစ် ဝတ္တရားကိုလည်း ရှင် မကျေဘူး၊ ရသမျှကို ကိုယ့်မယားလက်ထဲ မအပ်ဘဲ ကျွန်မ မသိအောင် ဖုက်ထားတယ် ... ၊

"နံပါတ် သုံး အချက်ကလည်း သံသယဝင်စရာ အနေအထားမှာ ရှိတယ်၊ ကိုယ့်မိန်းမကလွဲလို့ တခြား မိန်းမများနဲ့ မဖောက်ပြန်ရလို့ ဆိုထားတော့ လက်ရှိ အခြေအနေမှာ ရသမျှ ပိုက်ဆံ ကျွန်မလက်ထဲ မအပ်ဘဲ ဖုက်ထားတာကို ကြည့်ခြင်းအားဖြင့် ဒါဟာ တခြား မိန်းမ တစ်ယောက်ကို ပံ့ပိုးနေတယ်လို့ ယူဆလို့ ရတယ် ... ၊

http://www.linhtet.com

"နံပါတ် လေး အချက်အရ မိမိမယားနဲ့ သင့်တော်တဲ့ အဝတ်တန်ဆာ အစားအသောက်တွေကို ချစ်ကြည်ဖြူစွာ ဝယ်ခြမ်းဆင်ယင်ပေးရမယ်တဲ့၊ ရှင် ဒီဝတ္ထရားကိုလည်း မကျေဘူး၊ ကျွန်မဖို့များတော့ ဘယ်တော့မှ အလိုက်တသိ ဝယ်လာတယ်လို့ကို မရှိဘူး"

"ဒါကတော့ကွာ ... ကိုယ်မှ မဝယ်တတ်တာ၊ ကိုယ် ဝယ်လာတော့လည်း မင်းက ဂျီး(ချေး)များတော့ နားပူရတယ်လေ၊ ဟိုတစ်ခါ အင်္ကျီလေးတစ်ထည် မျက်နှာရမလားလို့ ဝယ်လာမိပါတယ် ... မင်းက ဈေးကြီးတယ် ... ပစ္စည်းအမျိုးအစားက ညံ့ဖျင်းတယ်၊ အတုကြီးမိလာတယ်၊ ပုံစံကြီးကလည်း တောပုံကြီး ခေတ်မမီတော့ဘူး ဆိုပြီး ဆွေ့ဆွေ့ခုန်နေလို့ ကိုယ့်မှာ စိတ်ဆင်းရဲရ နားပူရတာပဲ အဖတ်တင်တယ် မဟုတ်လား"

"ဒါကတော့ ရှင်မှ အသုံးမကျတာကိုး၊ ကျွန်မကို ရှင် စိတ်ဝင်စားမှု မရှိဘူးဆိုတာ ရှင် ဝယ်လာတဲ့ အင်္ကျီကို ကြည့်ရင် သိနိုင်တယ်၊ ကျွန်မ အပျိုတုန်းကဆို ရှင် ကျွန်မဖို့ အင်္ကျီဝယ်လာလိုက်ရင် အမြဲ ကွက်တိပဲ ... ၊ ပုံစံကလည်း ခေတ်မီတယ်၊ အရောင်လည်း လှတယ်၊ ခု နောက်ပိုင်း ရှင်ဝယ်လာတဲ့ အင်္ကျီတွေ ကျွန်မနဲ့

http://www.linhtet.com

ဘယ်နှစ်ခါများ အဆင်ပြေလို့လဲ ... ၊ ပွပြီး ကြီးတဲ့ အပြင် ပခုံးတွေပါ လျှောကျနေတဲ့ အင်္ကျီက တစ်မျိုး ... ၊ တိုပြီး သေးနေကျပ်နေတဲ့ အင်္ကျီက တစ်မျိုး၊ ကိုယ့် မိန်းမ ဘာကြိုက်တယ်ဆိုတာ ရှင်မှ စိတ်မဝင်စားဘဲကိုး"

"ဒါက မင်း တစ်ဖက်သတ်အမြင်ပဲ ..."

"နောက်ဆုံး တစ်ချက်ကိုလည်း ရှင် မလိုက်နာဘူး၊ ကိုယ့်မယားကို ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးတာတွေ သဒ္ဓါကြည်ဖြူတာတွေ ရှင့်မှာ မရှိတော့ဘူး၊ ရှင့်ဘာသာ ရှင့်စိတ်နဲ့ရှင့်ကိုယ် ထင်ရာစိုင်းပြီး ကျွန်မကို ဂရုမစိုက်ဘဲ နေနေတယ် ... ၊ အဲဒီတော့ နိဂုံးချုပ်ရရင် ရှင်ဟာ လင့်ဝတ္တရားငါးပါးလုံးကို ပျက်ကွက်နေတဲ့ သူပဲ"

"မင်း ထင်ချင်သလိုထင် ... ငါကတော့ ငါ့ကိုယ်ငါ လင့်ဝတ္တရားကို ငါးပါးမက ကျေပွန်နေတဲ့သူလို့ ယူဆတယ် ..."

"ရယ်စရာပဲရှင် ... ပြောစမ်းပါဦး၊ ရှင့်ရဲ့ ကျေထားတဲ့ ဝတ္တရားတွေကို ..."

"တစ်နေ့တစ်နေ့ မင်းပါးစပ်က ပေါက်ပေါက် ဖောက်သလို ပြောနေတဲ့ စကားတွေကို သည်းခံနားထောင်ရတယ်ကွာ၊ သြဇာပေးမှုကို ခေါင်းငုံ့ခံရတယ်ကွာ၊ စွပ်စွဲတဲ့ စကားတွေကို ဒေါသနဲ့ မတုံ့ပြန်မိအောင် ကိုယ့်

http://www.linhtet.com

ကိုယ်ကို ဆောက်တည်နေရတယ်ကွာ၊ မင်းရဲ့ ထောင့်စေ့အောင် ပြောနေတဲ့ အပြစ်တင်စကားတွေကိုလည်း သည်းခံရတယ်ကွာ၊ အဲဒါ လင့်ဝတ္တရား ငါးပါးထဲမှာ မပါဘဲနဲ့ ငါ ကျေပွန်နေရတဲ့ ဝတ္တရားတွေလေ ... ၊ ဘုရား ... ဘုရား ဒီလိုသာဆို ဘယ်လို ဆက်စခန်းသွား ရပါ့မလဲ၊ မိန်းမယူမိတဲ့ အဖြစ်ဟာ ဒီလောက် ဆိုးဝါး မယ်မှန်း လုံးဝ မသိခဲ့ဘူး”

“အံမယ် ... ရှင်ကများ ပြောရတယ်ရှိသေး၊ ကျွန်မလို မယားဝတ္တရားငါးပါး ကျေတဲ့ မိန်းမမျိုး ရထားတာ ရှင် အင်မတန် ကံကောင်းလွန်းလို့ မှတ်ပါ”

နေစမ်းပါဦး ... မယားဝတ္တရား ငါးပါးက ဘာတွေလဲ၊ ပြောပြစမ်းပါဦး၊ မင်း ကျေပွန်ထားတာတွေကို ... ”

“အိမ်မှုကိစ္စတွေကို ကျွန်မလုပ်တယ်၊ ရှင် ရှာရသမျှ ပစ္စည်းဥစ္စာကို အလေအလွင့် မရှိအောင် စုဆောင်းတယ်၊ ရှင်ကလွဲပြီး ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားဘူး၊ နှစ်ဖက်မိဘ ဆွေမျိုးတွေကို မျှမျှတတ ပေးကမ်းတယ်၊ အပျင်းမထူဘူး ... အားလုံးကျေပွန်တယ် ... ”

“ကဲ ... ထားပါ၊ ဒါပေမယ့် တစ်ခုတော့ မကျေပွန်ဘူး၊ မင်းအမျိုးတွေကို ပေးကမ်းပုံက မမျှတပါဘူးကွာ၊ မင်းအမျိုးတွေကို ပေးဖို့ကမ်းဖို့ဆို မင်းမှာ ငွေရှင်နေတာပဲ၊

http://www.linhtet.com

ငါ့အမျိုးတွေပေးဖို့ကျ တစ်ကျပ်ကို နှစ်ကျပ်ဖြစ်မလားခွာပြီး ကပ်စေးနဲ့နေတာ ..."

"ဒါက ရှင့်အမြင်ကိုး ..."

"အေး ... ပြီးရောကွာ ...၊ မင်းလည်း မင်းအမြင်နဲ့ မင်း၊ ငါလည်း ငါ့အမြင်နဲ့ငါ ဘာမှဆက်ပြောမနေနဲ့တော့၊ နားတွေ ငြီးလှပြီ ..."

"ဩော် ... ရှင်က ခုတော့ နားငြီးပြီပေါ့လေ၊ ကျွန်မကို မရခင်တုန်းကတော့ မင်းအသံလေး ခဏခဏ ကြားချင်လွန်းလို့ စကားများများ ပြောပါဆို ..."


"အေးပေါ့ ... အရင်တုန်းကတော့ မင်းက နူးညံ့ချင်ယောင် ... စကားနည်းချင်ယောင် ဆောင်ထားတာကိုး၊ ခုတော့ ကြက်တူရွေးမ အာပေါင်ကျယ် ဖြစ်သွားပြီ"

"ဟင် ... ရှင်က ..."


သူမက သူမအကျင့်အတိုင်း သူ့ကို တစ်ခုခုနဲ့ ကောက်ပေါက်ဖို့ ဟိုကြည့်ဒီကြည့် လုပ်ရင်း ဒေါသဖြင့် ဆွဲ့ဆွဲ့ခုန်နေသည်။ သို့သော် ... သူမက ကပ်စေးနဲ့သူဖြစ်ရာ တန်ဖိုးကြီး ပစ္စည်းတွေကို လက်လှမ်းလိုက်ပြီးမှ ပြန်ရပ်သိမ်းကာ တန်ဖိုးသိပ်မရှိလှသည့် ပစ္စည်းကို ပြူးပြူးပျာပျာ ရွာဖွေနေပါသည်။ သူက သူမ ရွာတွေ့သည်အထိ မစောင့်တော့ဘဲ အမြန်ထွက်ခွာလာခဲ့ရသည်။

http://www.linhtet.com

တကယ့်ကို စိတ်ပျက်ဖို့ ကောင်းတာပါ ခင်ဗျာ။ သူ ပါးစပ်ပင် ထုတ်ဖော်ရေရွတ်လိုက်မိပါသည်။ အိမ်မှာ နေရတာ မွန်းကျပ်လာသည်ဟု ထင်ရသည်။ စိတ်ဖိစီးမှုတွေ များလာသည်။ သူ ... ဘာလုပ်ရမှာပါလိမ့် ... ။ ထွက်ပေါက် တစ်ခုခုတော့ ရှာမှ ဖြစ်မည် ထင်ပါသည်။



http://www.linhtet.com



"ကိုယ် ... ဒီနေ့ အိမ်ပြန် နောက်ကျမယ် ဟေသာ၊ ကိုယ် ... ရုံးမှာ အိုဗာတိုင်း ဆင်းပေးရမယ်"

ဥဏှာက အသိပေးရုံသာပေးပြီး ခပ်တည်တည် ထွက်သွားသောအခါ ဟေသာ ဆောက်တည်ရာမရ ဖြစ်ကျန်ခဲ့ရပါသည်။ သူ့လုပ်ရပ်တွေ ... အပြောအဆိုတွေကို ဒေါသထွက်ရ ... ဝမ်းနည်းရတာတွေလည်း ဟေသာ့ရင်နဲ့တောင် မဆံ့တော့ပါ။

ဥဏှာ့ရဲ့ ပြောင်းလဲသွားပုံဟာ မယုံနိုင်စရာ ကောင်းလှပါသည်။ ဒီက မိန်းမက ဘာလုပ်လုပ် အကောင်းမမြင်၊ လူကို စကားမပြောချင်သလို ပြောချင်သလို ရှောင်ဖယ်ဖယ် လုပ်နေတတ်တာကြီးကိုလည်း အခံရခက်လှပါသည်။ ခုတလော အိမ်သိပ်မကပ်ဘဲ အမျိုးမျိုး အကြောင်းပြကာ

http://www.linhtet.com

နေ့တိုင်း အိမ်ပြန်နောက်ကျနေတာလည်း သံသယ ဖြစ်စရာပင် ... ။ ပိုက်ဆံ အကုန် မအပ်တာကလည်း မရိုးသား ... ။ ဟေသာ့ကွယ်ရာမှာ သူ ဘာတွေလုပ်နေသလဲ ... ။ ယောကျ်ားဆိုတာ ဘယ်ယောကျ်ားမှ ကိုယ့်မိန်းမကို မငြီးငွေ့ဘူးဆိုတာ မရှိဘူးဟု ဟေသာ့ သူငယ်ချင်းက ပြောလိုက်တာကို သတိပြန်ရသည်။ ဥဏှ် ဟေသာ့ကို ရိုးအီသွားလို့ အသစ်ရှာနေတာလား ... ။

ဟေသာသည် အိမ်ထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်းက ဟေသာ့ကို ဝိုင်းဝန်းသတိပေးလိုက်ကြသော သူငယ်ချင်းမတွေကို ဖြုန်းခနဲ သတိရသွားလေသည်။ ဟေသာက ချက်ချင်းပင် မြတ်၊ စန္ဒီနှင့် ယဉ်ယဉ်တို့ကို ဖုန်းဆက်ခေါ်လိုက်လေသည်။ သိပ်မကြာခင်မှာပင် သုံးယောက်စလုံး ဟေ့သာ့အိမ်သို့ တက်တက်ကြွကြွ ရောက်ရှိလာကြပါသည်။

"ကဲ ... မရွှေဟေသာ ခုတော့ သိပြီမဟုတ်လားဟင်၊ ငါ မပြောဘူးလား၊ ယောကျ်ားဆိုတာ ဒီအတိုင်းချည်းပါပဲဆို ..."

"နင်က အလျင်စလို အိမ်ထောင်ပြုလိုက်တာကိုး ... ဟေသာရယ်၊ ယောကျ်ားဆိုတာ ဒီလိုချည်းပဲဟဲ့ ... ၊ မရခင်ကသာ မွေ့သဘော လုပ်နေတာ ... ရသွားပြီးရင်

http://www.linhtet.com

မောင့်သဘော ဖြစ်သွားရော ... ၊ သူတို့ စိတ်ချမ်းသာဖို့ သူတို့အဆင်ပြေဖို့ မိန်းမက အားလုံး ဖြည့်ဆည်းပေးရတာလေ၊ သူတို့ကတော့ သူတို့အလုပ်မှ သူတို့ ... သိပ်အတွင်ကြီးကြတာ ... ”

“အေးပါ ... ဟုတ်ပါတယ်၊ နင်တို့ ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ငါပြောတာလည်း နားထောင်ကြပါဦးဟယ်၊ ဒီမှာ ဘာလုပ်ရမှန်း မသိရတဲ့အထဲ နင်တို့ ဝိုင်းပြောနေတာနဲ့ ရူးတောင်ရူးချင်လာပြီ”

ဟေသာ့ သူငယ်ချင်းတွေက ယောကျ်ားမုန်းဝါဒီတွေပဲမို့ သူတို့ အာတွေ့လျှာတွေ့ ပြောနေသော စကားတွေကို မနည်း တားယူရပါသည်။

“အေးပါ ... အေးပါ ... ပြောပါ ... နင့်ယောကျ်ားရဲ့ အကျင့်ပုပ်တွေကို ... ”

“သူက ငါ့ကို မချစ်တော့သလိုပဲဟယ်၊ အရင်လို ဂရုလည်း မစိုက်တော့ဘူး၊ နူးနူးညံ့ညံ့ ချိုချိုသာသာလည်း မပြောတော့ဘူး၊ ချစ်သူဘဝတုန်းကနဲ့ တခြားစီပဲ၊ ခေါ်လိုက်ရင်လည်း မိန်းမ ... မိန်းမနဲ့ တစ်တစ်ခွခွ ခေါ်သေး၊ မခေါ်ပါနဲ့ ပြောလည်း ခဏပဲ၊ ပြီးရင် ပြန်ခေါ်တာပဲ ... ၊ အဲဒါနဲ့ ငါလည်း သူ့ကို အမြင်ကတ်ကတ်နဲ့ စကားဘုဘောက်တွေပဲ ပြောမိရော ... ၊

http://www.linhtet.com

အခုလည်း အရုပ်ဆိုးဆုံး ကိစ္စတစ်ခုကို သူ လုပ်နေတယ်၊ ပိုက်ဆံတွေ အကုန် ပြန်မအပ်ဘဲ ဘယ်သူ့ကို ထောက်ပံ့နေသလဲ မသိဘူး၊ အိမ်ပြန်လည်း အမြဲနောက်ကျနေတယ် ..."

"အင်း ... အဲဒါဆို နင့်ယောကျ်ား တခြား မိန်းမတစ်ယောက်ယောက်နဲ့ တွေ့နေတာ ဖြစ်နိုင်တယ်၊ အိမ်ထောင်သည် ယောကျ်ားဆိုတာ ရည်းစားထားဖို့ သိပ်ဝန်လေးတာ မဟုတ်ဘူး၊ မိန်းမတွေသာ ဒါမျိုးလုပ်ရဲဖို့ ခဲယဉ်းတာ ... သူတို့ကတော့ ထမင်းစား ရေသောက်ပဲ ... ၊ ငါ့ယောကျ်ားလည်း အဲဒါမျိုး လုပ်ဖူးတယ်"

"အဲ ... အဲဒီတော့ နင်က ဘယ်လိုလုပ်လိုက်လဲ စန္ဒီ"

"နောက်ကနေ လိုက်ချောင်းပြီး ပက်ပင်းမိတော့ ... နှစ်ယောက်စလုံးကို ရန်တွေ့ပြီး ကိုယ့်ယောကျ်ား ကိုယ် ပြန်ခေါ်လာတာပေါ့ ..."

"နင့်ယောကျ်ားကိုလည်း စောင့်ကြည့်ဖို့ လိုလာပြီ ဟေသာ၊ နင် လိုက်မချောင်းရဲရင် ငါတို့ကို ပြော ... ၊ ငါတို့ လိုက်ချောင်းပေးမယ်"

"နင်က အိမ်ထဲချည်း အောင်းမနေနဲ့လေ ဟေသာရယ်၊ ကိုယ့်ကိုကိုယ် အလှဆုံးဖြစ်အောင် ပြင်ပြီး ယောကျ်ားနဲ့ အတူ လိုက်လိုက်သွားရတယ်"

http://www.linhtet.com

စိတ်သက်သာရာ ရမလားလို့ သူတို့ကို ခေါ်ပြီး တိုင်ပင်မိကာမှ စိတ်တွေ ပိုလေးလံလာရပါသည်။ အိမ်ထောင်ရေးဆိုတာ ဒီလိုချည်းပဲလား ... ။ မိန်းမဆိုတာ အိမ်ထောင်မကျခင်သာ ယောကျ်ားတွေအပေါ် သြဇာညောင်းရပြီး အိမ်ထောင် ကျသွားတာနဲ့ အောက်ကျို့ရတော့တာပဲလား။ သူတို့ ဘာလုပ်လုပ် ခေါင်းငုံ့ခံရတော့မှာလား။ ဥဏှ်ရယ် ... ရှင် ကျွန်မကို မချစ်တော့ဘူးလား၊ ရိုးသွားပြီလား ... ။


ဟေသာက ကိုယ်ချစ်ရသူရဲ့ ယုယကြင်နာမှုကို အင်မတန် ခုံမင်မြတ်နိုးပါသည်။ အိမ်ထောင်ပြုလိုက်ခြင်းအားဖြင့် ကိုယ့်ချစ်သူရဲ့ ဂရုစိုက်မှု၊ ကြင်နာမှုတွေကို ဆုံးရှုံးရမယ်ဆိုတာသာ စောစောက သိရင် ချစ်သူဘဝမှာသာ ရပ်တန့်နေခဲ့ပါသည်။

တကယ်တော့ ဥဏှ်ရဲ့ နှုတ်ခမ်းတွေမှာ မာယာတွေ လိမ်းကျံထားခဲ့တာပဲ မဟုတ်လား။ ဟေသာ ယုံလောက်အောင် အမျိုးမျိုး ကတိတွေပေးတတ်သော နှုတ်ခမ်းတွေဆီကခုတော့ ဟေသာ့ကို ရန်လိုသည့် စကားတွေပဲ ထွက်လာသည်။ တော်တော် အပြောင်းအလဲ မြန်လှပါသည်။ ဥဏှ် ပြောင်းလဲမှုတွေကို တွေးလေ စိတ်ဆင်းရဲရလေပင်။


သူငယ်ချင်းတွေ ပြန်သွားတော့ ဟေသာ တစ်ယောက်တည်း ငူငူငေါင်ငေါင် ဖြစ်ကျန်ခဲ့သည်။

http://www.linhtet.com

သူ့အနားမှာ ဟေသာ့ အရိပ်အငွေ့တွေ အမြဲကြီးစိုးနေဖို့ ဟေသာ ဘာလုပ်ရမလဲ ... ။ ဖုန်း ခဏခဏ ဆက်ကြည့်ရင် မကောင်းဘူးလား ... ။ အိုကေ ... ဒါအကောင်းဆုံးပဲ။ ဟေသာက ထိုအကြံရသည့် အချိန်မှ စ,ကာ သူ့ Hand Phone ကို မကြာခဏ ဆက်ကြည့်မိလေသည်။



http://www.linhtet.com



“တူတူ ... တူ ...”

“ကျွတ် ... လာပြန်ပြီကွာ ... ဒီဖုန်းက ...”

ဉာဏဉာဏ်သည် လေးကြိမ်မြောက် အသံမြည်လာသော ဖုန်းကို ငုံ့ကြည့်မိသောအခါ သူ့မိန်းမ ထံမှပင် ဖြစ်နေတာမို့ စိတ်ကို မနည်းရှင်းအောင်ထားပြီး ဖုန်းကို ဖွင့်လိုက်ရပါသည်။

နည်းနည်းလေးမှ အလိုက်ကန်းဆိုး မသိလှသော သူ့မိန်းမဟာ သူ့ဆီ တစ်ချိန်လုံး ဖုန်းဆက်နေသည်။ အလုပ်ဖြောင့်ဖြောင့် လုပ်ခွင့်မရ။ ဘာအကြောင်းအထွေအထူးမှ မရှိဘဲ အခု ဘယ်မှာလဲ ... ဘာလုပ်နေလဲ ... အနားမှာ ဘယ်သူတွေ ရှိနေလဲ ... ဒါမျိုးတွေပဲ မေးနေတာကို အောင့်အည်းသည်းခံ ပြောကြားနေရသည်။ ဒေါသနှင့် ပြန်ပြောမိ

http://www.linhtet.com

လျှင်လည်း ကိုယ်သာ လင့်ဝတ္တရား မကျေပွန်သူကြီး ဖြစ်ရဦးမည်။

"ဟဲလို ..."

"ယောကျ်ား ... ရှင် အခု ဘယ်မှာလဲ ..."

"ဘယ်မှာရမလဲ ... ရုံးချိန်ပဲ၊ ရုံးမှာ ရှိတာပေါ့၊ ပြောဘာကိစ္စရှိလို့လဲ ..."

"ကိုယ့်ယောကျ်ားဆီ ဆက်တာပဲ ... ကိစ္စရှိမှ ဆက်ရမှာလား၊ ဒါနဲ့ ... ရှင် ... အခု ... ဘာလုပ်နေလဲ ..."

"ကွန်ပျူတာထဲမှာ ... နိုင်ငံခြားကို ပို့ဖို့ E-mail တစ်စောင် ရေးနေတယ် ဟေသာ"

"သြော် ... သြော် ... ဒါဆို ရုံးခန်းထဲမှာပေါ့၊ ဉာဏ့် အနားမှာ ဘယ်သူတွေ ရှိလဲ ..."

"စာရေးမ နှစ်ယောက် ရှိတယ်"

"သူတို့က ချောလား ... ဉာဏ် ..."

"အေး ... ချောတယ်ကွ၊ အရမ်းလည်း နူးညံ့သိမ်မွေ့တယ်၊ ဒါပဲ မဟုတ်လား ... ဖုန်းချလိုက်ပြီနော်"

သူ စိတ်မရှည်နိုင်တော့ဘဲ ငေါ့ပြောကာ ဖုန်းပိတ်ပစ်လိုက်သည်။ သို့သော် မကြာပါ ... သူ အလုပ်ကိစ္စအတွက် မိတ်ဆွေတစ်ယောက်နှင့် စကားပြောနေဆဲ ဖုန်းက မြည်လာပြန်သည်။

http://www.linhtet.com

"ဉာဏ် ... အလုပ်ရှုပ်နေလား ..."

"အင်း ... ဟုတ်တယ်၊ ဒီမှာ ... မိတ်ဆွေတစ်ယောက်နဲ့ စကားပြောနေတယ် ... ဒါပဲနော် ..."

ပြောလက်စ စကားကို ဆက်ပြောနေရသော်လည်း ဒေါသက ရင်ဝအထိ တလိပ်လိပ် တက်လာပါသည်။ အားအားရှိ အရည်မရ အဖတ်မရ ဆက်ဆက်နေတာ ... ဘယ်လောက် မသိသာဆိုးရွားသလဲ ... ။ ဒီလို မိန်းမမျိုး ရထားတဲ့ ယောကျ်ားဟာ ဘယ်တော့မှ အလုပ်ကိစ္စမှာ အောင်မြင်ထူးချွန်နိုင်မလဲ။ အလကား ... ဂျီကျချင်တဲ့ မိန်းမ။

သူ့မိန်းမ လုပ်ရပ်က သူ့ကို နှိပ်စက်လွန်းတာမို့ သူ့ခေါင်းတွေပင် ကျပ်ခဲလေးလံလာသလို ခံစားရသည်။ အိမ်မှာနေလည်း နားမချမ်းသာရ ... ။ ရုံးမှာနေလည်း နားမချမ်းသာရ ... ။ သူ ဘာလုပ်ရမှန်းပင် မသိတော့ပါ ... ။ ဧည့်သည်များ ပြန်သွားတော့ သူ စားပွဲပေါ် တံတောင်ဖြင့် ထောက်ကာ လက်ဖဝါးနှစ်ဖက်ဖြင့် ခေါင်းကို ဖိညှစ်လျက် ငြိမ်သက်နေရပါသည်။

"ဆရာ ... meeting စဖို့ လူစုံနေပါပြီ"

"ဩော် ... အေး ... အေး ..."

သူက meeting ခန်းထဲ သွားမည်ပြင်ပြီးမှ သူ့

http://www.linhtet.com

လက်ထဲက ဖုန်းကို သတိရကာ ခေါင်းနပန်းတွေပင် ကြီးသွားရပါသည်။

"ကေသီ ... ခဏ ..."

သူက သူ့စာရေးမလေးကို ကပျာကယာ လှမ်းခေါ်ကာ ...

"ဒီမှာ ... ကိုယ့်ဖုန်း ခဏကိုင်ထားပေးပါကွာ၊ ဖုန်းလာရင် meeting ဝင်နေတယ်၊ မှာစရာရှိတာ မှာထားနိုင်ပါတယ်လို့ ပြော ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ ..."

ဖုန်း သူ့လက်ထဲမှာ မရှိတော့မှ သူ့စိတ်တွေ ပေါ့ပါးသွားရသည်။ သူ meeting ခန်းထဲကို စိတ်ဖြောင့်ဖြောင့် ဝင်ခဲ့ပါသည်။

သို့သော် နောက်နာရီဝက်ခန့် အကြာ သူတို့ အစည်းအဝေး မပြီးမီမှာပင် ကေသီက သူ့နားသို့ ခပ်ရိုရိုလေး ရောက်လာကာ ...

" ဆရာ ... ဖုန်းလာနေလို့ပါ ..."

"ကျွတ် ... ဒီမှာ အစည်းအဝေး လုပ်နေတယ်လေကွာ၊ ကိုယ် ဖုန်းမကိုင်ချင်လို့ မင်းကို ခဏကိုင်ခိုင်းထားတာပဲ ..."

http://www.linhtet.com

"ဟုတ် ... ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် ဒါက ဆရာ့အမျိုးသမီး ဖုန်းပါ၊ သူက ခေါ်ပေးရမယ်ဆိုလို့"

အားလုံးကလည်း စကားပြောရပ်ကာ သူ့ဆီ လှမ်းကြည့်နေကြပါသည်။ သူ မလွဲသာဘဲ ဖုန်းကိုင်ရပြန်သည်။

"ဟဲလို ... ဟေသာ ... ကိုယ် ... ဒီမှာ အစည်းအဝေး လုပ်နေတယ် ..."

"သြော် ... ဟုတ်လား၊ ဆောရီးနော် ဉာဏ်၊ ဟေသာက ညနေကျ ဉာဏ် ပြန်လာရင် ကြေးအိုးဝယ်ခဲ့ပေးဖို့ မှာမလို့ ဆက်တာပါ ..."

"ကောင်းပြီ ... ကောင်းပြီ ... ဒါပဲနော်"

သူ ဖုန်းကို မြန်မြန်ဖြတ်လိုက်ပြီး အစည်းအဝေး ဆီ အာရုံ ပြန်ပို့လိုက်စဉ် သူ့လုပ်ဖော်ကိုင်ဖက် တစ်ယောက်က သူ့ကို ပြုံးကြည့်ကာ ...

"ခင်ဗျားတို့ လင်မယားကိုတော့ တကယ်အားကျတယ် ဗျာ ...၊ ဧကန္တတော့ တစ်နေ့ ရုံးလာရင် တစ်ကမ္ဘာ ကြာတယ် ထင်နေကြတယ် ထင်တယ်၊ တစ်ယောက်နဲ့ တစ်ယောက် အဲဒီလို ဂရုစိုက်မှုလေးတွေက အိမ်ထောင်ရေးအတွက် အရေးကြီးတယ်ဗျ ...၊ ဒါ အိမ်ထောင် သာယာစေတဲ့ အချက်တစ်ချက်ပဲ ..."

သူ တော်တော် အောင့်သီးအောင့်သက် အခံရခက်

http://www.linhtet.com

သော်လည်း မျက်နှာကိုတော့ သဘောကျသလို ပြုံးပြထားရသည်။ မထင်နဲ့ ကိုယ့်လူရေ ... အဲဒါ ဂရုစိုက်တာ မဟုတ်ဘူး၊ မသက်ာဖြစ်နေတာ၊ အလိုက်ကန်းဆိုးမသိ နှောင့်ယှက်နေတာ။

သူ့မှာ ထိုနေ့ တစ်နေ့လုံး သူ့မိန်းမရဲ့ အလိုက်မသိမှုကြီးကို အောင့်အည်းသည်းခံရင်း တစ်ချိန်လုံး ခေါင်းကိုက်နေသည်။

ညနေ ရုံးဆင်းခါနီး သူ Toilet ဝင်နေဆဲ ... ဖုန်းက မြည်လာပြန်သည်။ သူ့ဖုန်းလေးက သေးသေးလေးပဲမို့ အလွယ်တကူ အင်္ကျီအိတ်ထဲ အမှတ်တမဲ့ ထည့်မိပြီး အိမ်သာထဲအထိ ပါလာခြင်း ဖြစ်သည်။

ဟေသာ့ဆီက ဖုန်းမဖြစ်ပါစေနဲ့ဟု ဆုတောင်းသော်လည်း သူ့ဆုတောင်း မပြည့်ခဲ့ပါ။


"ဉာဏ် ... ရှင် ရုံးဆင်းတော့မလား၊ အခု ဘာလုပ်နေလဲ"

"အီးပါနေတယ်ကွာ ... ကဲ ..."

သူ စိတ်ချဉ်ပေါက်ပေါက်နှင့် ပိတ်ပြောလိုက်ပြီး ဖုန်းကိုပါ အပြီးပိတ်ပစ်လိုက်သည်။

http://www.linhtet.com



မိန်းမတစ်ယောက်ရဲ့ စရိုက်သဘာဝတွေဟာ ယောကျ်ားတစ်ယောက်ကို ဘယ်လောက် စိတ်ပျက်စေတယ် ဆိုတာ သူအရင်က မသိခဲ့ပါ။ တကယ်တော့ မိန်းမတွေရဲ့ များပြားလှစွာသော အလေ့အထ အမူအကျင့်တွေဟာ ယောကျ်ားတွေရဲ့ အချိန်ကို အကြီးအကျယ် တိုက်စားဖဲ့ချေ စေနိုင်ပါသည်။

ဉာဏဉာဏ်သည် လင်စုံမယားဖက် တက်ရမည့် ညစာစားပွဲတစ်ခုသို့ သွားရန် သူ့မိန်းမကို စောင့်စားလျက် ရှိပါသည်။

"မပြီးသေးဘူးလားကွာ ... အချိန်က နာရီဝက်ပဲ ကျန် တော့တယ်၊ မင်း ပြင်နေတာ ငါ့အရင်ပါ၊ ဒါတောင် ခုထိ ဒီမျက်နှာ ပြင်ဆင်မှုပဲ ရှိသေးတယ်၊ အဝတ်

http://www.linhtet.com

အစား ဝတ်ရမှာနဲ့ ဆံပင်ပြင်ရမှာနဲ့ ... ၊ လက်ဝတ်လက်စား ဝတ်ဦးမှာနဲ့ ... အချိန်က လောက်မှာကို မဟုတ်ဘူး"

"ခဏလေး ... ခဏလေး ပြီးတော့မယ်၊ သြော် ... ဘီးက ဘယ်ရောက်သွားပြီလဲ ယောကျ်ားရေ ... အဲဒီဘက်က ဘီးလေး လှမ်းလိုက်စမ်းပါ ... "

"ကဲ ... ရော့ ... မြန်မြန်လုပ်၊ သြော် ... မင်း ပြင်တာသိပ်ပြီး ခေတ်မဆန်စေနဲ့နော်၊ ခပ်ရိုးရိုး ကျန်ခြေရရပြင်၊ ဒီနေ့ ညစာစားပွဲမှာ ကိုယ့်အထက်လူကြီးစုံတွဲနဲ့ တစ်ဝိုင်းတည်း ထိုင်ရမယ်၊ သူက ... သူ တိုးချဲ့မယ့် လုပ်ငန်းတစ်ခုမှာ ကိုယ့်ကို ရှယ်ယာဝင်ခွင့် ပေးမယ်လို့ ပြောဖူးတယ်၊ ဒီည သူ့ဆီက အဖြေကို တိတိကျကျ သိရမှာ ... ၊ မင်းလည်း သူတို့ စုံတွဲကို စကားစမြည်လေး ဝင်ပြောရမယ် ... ၊ အာပေါင်ကျယ်ကျယ် မပြောဖို့ ခုကတည်းက သတိပေးထားမယ်၊ နာရီဝက်အတွင်း ပြီးအောင်လုပ်နော် ဟေသာ၊ နောက်ကျနေလို့ မရဘူး၊ ကိုယ် ဧည့်ခန်းထဲက စောင့်နေမယ်"

အလွန် စိတ်မရှည်ချင်စရာကောင်းသော သူ့မိန်းမကို သတိပေးပြီး သူ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေလိုက်ရသည်။ စောင့်ရင်း စာအုပ်တစ်အုပ်ကို ဆွဲဖတ်နေမိသော်လည်း သူ့

http://www.linhtet.com

မျက်လုံးတွေက မကြာခဏ မှေးစင်းလာသည်။ ညက သူ့အလုပ်နှင့် ပတ်သက်သည့် အင်္ဂလိပ်စာအုပ်တစ်အုပ်ကို ဖတ်ရင်း ညဉ့်နက်သွားခဲ့တာမို့ သူ ဒီနေ့ တစ်နေ့လုံး မကြာခဏ ဆိုသလို ငိုက်ချင်နေသည်။ သူ ပထမတော့ ငါးမိနစ်တစ်ခါလောက် ဟေသာ့ကို မြန်မြန်လုပ်ဖို့ လှမ်းပြောနေမိသေးသည်။ နောက်တော့ သူ့ လက်ထဲက စာအုပ် ပြုတ်ကျသွားတာတောင် မသိလိုက်ဘဲ သူ မှေးခန့် အိပ်ပျော်သွားသည်။ သူ ဖျတ်ခနဲ လန့်နိုးသောအခါ နာရီကို လှမ်းကြည့်မိတော့မှ ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားသည်။ သူက အခန်းထဲ ဝုန်းဒိုင်းကျဲပြေးဝင်လာကာ ...

"ဟေသာတင် ... ဟေသာတင် ... မင်း ဘာလုပ်နေတာလဲဟင် ... ၊ ဘယ်အချိန်ရှိနေပြီလဲ ... နောက်ကျနေပြီကွ၊ နောက်ကျနေပြီ ... ဒီပွဲက အရေးကြီးပါတယ်ဆိုမှ ... မင်းကွာ ..."

"ဟင် ... နောက်ကျနေပြီလား၊ မသိဘူးလေ၊ ရုံးကမှ လှမ်းမခေါ်ဘဲ ဟေသာလည်း နာရီမကြည့်မိဘူး၊ ဒီမှာ အင်္ကျီက ဝတ်ကြည့်မှ အရမ်းကျပ်နေလို့ ကြယ်သီးတစ်လုံးလည်း ပြုတ်နေလို့ ကြယ်သီးတပ်၊ သီထားတာ ပြန်ဖြုတ်နဲ့ အလုပ်ရှုပ်နေတာ"

"ကျွတ် ... မင်း တော်တော် အသုံးမကျတဲ့ မိန်းမပါ

http://www.linhtet.com

လား ဟေသာ ... မင်းမှာ အင်္ကျီတွေ ဒီလောက်များတာ တခြားဟာ ဝတ်ပါလားကွ ..."

"သြော် ... ရှင်ပဲ ခပ်ရိုးရိုး ဝတ်ဆို၊ ခပ်ရိုးရိုးဆိုလို့ ဒီတစ်ထည်ပဲ ရှိတယ် ..."

"တော်ပြီ ... တော်ပြီ ... ဘာမှ ဝတ်မနေနဲ့တော့ ... နောက်ကျနေပြီ၊ ဒီအချိန်မှ သွားလည်း ဘာမှ အကြောင်း မထူးတော့ဘူး၊ အခွင့်အရေးတစ်ခု အလကား ဆုံးရှုံး သွားတယ်၊ မင်းဟာ ... ငါ့ကိုအမျိုးမျိုး နှောင့်ယှက်နေ တော့တာပါလား ..."

"ရှင်နော် ... ကျွန်မကိုချည်း အပြစ်တင်မနေနဲ့ ..."

"တင်ရမှာပဲကွ ... ၊ မင်း လုပ်ရပ်တွေက လွန်လာပြီ၊ ရုံးမှာဆိုလည်း အလုပ်ကောင်းကောင်း မလုပ်ရဘူး၊ အားတိုင်း ဖုန်းဆက်နေတယ်၊ အိမ်မှာဆိုလည်း တဗျစ် တောက်တောက် ပြောနေတယ်၊ အခု အပြင်သွားဖို့ကျ အိမ်လေးဆွဲပြီး ပြင်နေတယ်၊ ခုတော့ နောက်ကျပြီ ..."

"ဒီမှာ ယောကျ်ား ... ရှင် အခုတလော ကျွန်မကို ဖိနှိပ်နေတာ သိပ်ထင်ရှားတယ်၊ ရှင့်ခြေလှမ်းတွေ မမှန် တာလည်း သိပ်သိသာတယ်၊ ထစ်ခနဲရှိ ကျွန်မ ကိုပဲ ဒေါသတကြီး ပြောပြောနေတယ်၊ ရှင် ... ရိုးမှ ရိုးရဲ့လားဟင် ..."

http://www.linhtet.com


"ဘာကိုမရိုးရမှာလဲ ..."

"ဒါကတော့ ရှင်ပဲသိမှာပေါ့"


"အဲဒါတွေ စိတ်ပျက်တာပေါ့ကွာ ..."

သူ ဘာမှမလုပ်ရဘဲ မယုံသင်္ကာ အဖြစ်ခံရသည့် ကိစ္စသည်လည်း အလွန်ခံပြင်းစရာ ကောင်းလှပါသည်။ မိန်းမဆိုတာ ဒီလို အူကြောင်ကြောင် အတွေးတွေ တွေးတတ်သလား ... ။ ကိုယ့်ကိုယ်ကို လှအောင်ပြင်ဖို့ဆို အားလုံးကို မေ့တတ်သလား ... ။ အလှအပအတွက် အချိန်တွေ အများကြီး အကုန်ခံတတ်သူတွေလား ... ။ မိန်းမအားလုံး ဒီလိုချည်းပဲဆို လျှင် သူ့မိန်းမက မိန်းမအားလုံးထက် သာပါလိမ့်မည်။

လောလောဆယ်မှာတော့ ထိုမိန်းမကြောင့်ပင် စိတ်ဖိစီးခံရကာ သူ့မှာ ခေါင်းကိုက်သည့် ဝေဒနာ စွဲလာရလေသည်။



http://www.linhtet.com



http://www.linhtet.com



“ဒီပုံအတိုင်းဆို မင်းမိန်းမက ငါတို့ထင်ထားတာထက်တောင် ဆိုးနေသေးတာပေါ့”

“မင်း . . . ခုတော့ သိပြီ မဟုတ်လား ဖိုးဥာဏ်၊ အစကတော့ မိန်းမရတာကို သိန်းသုံးရာဆု ပေါက်သလို ပျော်နေတဲ့ကောင် . . . ၊ ခုမှ မှိုင်တွေချနေတာ သနားဖို့တောင် ကောင်းသေးတယ်”

ဥာဏဥာဏ်သည် သူ့သူငယ်ချင်းတွေထဲတွင် သူ့ရဲ့ ဒုက္ခမှန်သမျှကို ရင်ဖွင့်ပြလိုက်သောအခါ သူ့သူငယ်ချင်းများရဲ့ အပြစ်တင် စကားလုံးတွေကို လက်ခံရရှိလေသည်။ သူ့ခေါင်းထဲမှာတော့ တစစ်စစ် ကိုက်နေပါသည်။ သူ့ဦးနှောက်ပေါ်ကို သဲအိတ်တစ်အိတ်ဖြင့် ဖိနှိပ်ထားသလို ခံစားနေရသည်။ သူ . . . ရုံးမှာ အလုပ်လုပ်ရတာတွေလည်း အဆင်မပြေ။

http://www.linhtet.com

အိမ်ပြန်ဖို့လည်း ကြောက်နေပါသည်။ သူ့မိန်းမရဲ့ အသံကျယ်ကျယ်ကို ကြားလိုက်ရတိုင်း သူ့ရင်ထဲ တုန်တုန်သွားတတ်သေးသည်။ အရင်တုန်းကလို ချစ်စိတ်ကြောင့် တုန်တာမျိုး မဟုတ်ဘဲ ကြောက်စိတ်ကြောင့် တုန်တာဖြစ်သည်။ သူ့ထက် အရင် အိမ်ထောင်ကျနှင့်ကာ လူရည်လည်လှသော သူ့သူငယ်ချင်း ရဲဇော်ကတော့ သူ့ကို အပြစ်မတင်ပါ။ သူ့ပခုံးကို ပုတ်ကာ ခပ်ပြုံးပြုံးနှစ်သိမ့်ရင်း ...

"မင်း ... ဘာမှစိတ်ညစ်မနေနဲ့ ... ဖိုးဉာဏ်၊ အနာ သိရင် ဆေးရှိပါတယ်ကွ ... ၊ မင်း ဒုက္ခကို ကုစားနိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ် ..."

"ရဲဇော်ပြောတာ မှန်တယ် ဖိုးဉာဏ်၊ မင်း အခု စိတ်ညစ်နေရတာတွေဟာ ဟေသာတင်နဲ့ အတူတူနေရလို့ မဟုတ်လား၊ အဲဒီတော့ မင်း ဟေသာတင်နဲ့အတူ ဆက်မနေနဲ့တော့၊ ကွာရှင်းလိုက်ပေတော့၊ အဲဒါဆို မင်း ဒုက္ခတွေအားလုံး ပျောက်သွားမယ်"

"ဟာ ... အဓိပ္ပာယ် မရှိတာ၊ ဘာလို့ ကွာရမှာလဲကွ၊ ငါ ချစ်လို့ ယူထားတဲ့ မိန်းမကို ..."

"မင်းပဲ စိတ်ပျက်နေပြီဆို ..."

"စိတ်ပျက်တာက တခြား၊ ချစ်တာက တခြားစီပဲ ... ၊ တစ်ကဏ္ဍစီပဲကွ၊ ကွာရှင်းဖို့အထိ မလိုအပ်ပါဘူး"

http://www.linhtet.com

"ဒါဆို ... မင်းက တစ်သက်လုံး ဒီဒုက္ခကို ခါးစည်း ခံသွားတော့မယ်ပေါ့ ..."

"ကဲ ... ဟော့ကောင်တွေ အိမ်ထောင်ရေးအကြောင်း မင်းတို့ ဘာမှမသိဘဲ ဖိုးဉာဏ်ကို စိတ်ညစ်အောင် လျှောက်ပြောမနေကြနဲ့၊ ဖိုးဉာဏ် ... ငါပြောမယ်၊ သေသေချာချာ နားထောင် ..."

ရဲဇော်က အိမ်ထောင်သည်မို့ ကျန်သည့် လူပျိုကလေးတွေက ငြိမ်သွားကာ ရဲဇော်စကားကို နားစွင့်နေကြပါသည်။

"မင်း မိန်းမ တစ်ယောက်တည်း ဒီလိုအကျင့်ရှိတာ မဟုတ်ဘူး ဖိုးဉာဏ် ...၊ မိန်းမ တော်တော်များများဟာ ဒီအတိုင်းပဲ၊ နည်းတာနဲ့ များတာပဲ ကွာတယ်၊ အိမ်က ငါ့မိန်းမလည်း ဒီအတိုင်းပဲ ..."

"ဟုတ်လို့လားကွာ ... မင်းကြည့်ရတာတော့ ငါ့လို စိတ်ညစ်နေတဲ့ပုံ မဟုတ်ပါဘူး ..."

"ငါ့မှာက ထွက်ပေါက်ရှိတယ်လေကွာ ...၊ ငါတို့ ယောကျ်ားတွေက အိမ်မှာ ဘယ်လောက်ကြာကြာ နေရလို့လဲ ...၊ အပြင်မှာပဲ အချိန်ကုန်ကြတာ၊ ဟောင်း နွမ်းနေတဲ့ အာရုံအဟောင်းကို လွှမ်းမိုးဖို့ အာရုံသစ် ကလေးတွေ ဖန်တီးဖို့ မခက်ပါဘူး ..."

http://www.linhtet.com

"မင်းပြောတာက ဟိုဒင်း ... ကောင်မလေးတွေနဲ့ ပွေတာရှုပ်တာ ..."

"ပွေတာရှုပ်တာ မခေါ်ပါဘူးကွာ၊ ကိုယ့်စိတ်ကို အသစ်ဖြစ်အောင် မွေးမြူရတာပါ ...၊ နောက်မို့ဆို မင်းပဲ စဉ်းစားကြည့် ... ငါတို့မှာ စီးပွားလည်း ရှာရသေး၊ အိမ်က မိန်းမကလည်း ရင်ခုန်စရာ မကောင်းတဲ့စကားလုံးတွေနဲ့ ထိုးနှက်သေး ... ကြာလာရင် ရူးဖို့ပဲရှိတော့တယ်၊ အဲဒီဒဏ်တွေကို တောင့်ခံနိုင်ဖို့ ပျော်စရာအာရုံသစ်ကလေးတွေက မရှိမဖြစ် လိုအပ်လာတယ်ကွ၊ မင်း မယုံရင် ငါ့လမ်းစဉ်ကို လိုက်စမ်းပါ ဖိုးဥာဏ်၊ မင်း ခေါင်းကိုက်တာတွေ ပျောက်သွားမယ်၊ မင်းမိန်းမသူ့ဘာသာ ဘာပြောပြော ပြောပစေ ... လွတ်ထားလိုက်၊ ငါတို့ ယောကျ်ားတွေဆိုတာ ကိုယ့်လမ်းကိုယ်ဖောက်ရမယ်ကွ၊ ဒါ တို့ယောကျ်ားတွေကို လောကက ပေးထားတဲ့ အခွင့်အရေးတစ်ရပ်ပဲ"

"ဟာ ... မဖြစ်ပါဘူးကွာ ...၊ ဒါမျိုးကြီးတော့ ငါ မလုပ်ရဲပါဘူး ...၊ ရှက်ဖို့လည်း ကောင်းတယ်၊ အပြစ်လည်း ကြီးတယ် ..."


"ဖိုးဥာဏ်ရာ ... မင်း တော်တော်တုံးတဲ့ ကောင်ပဲ"

http://www.linhtet.com


"အေးကွာ ... တုံးတယ်ပဲ ထား၊ တော်ပြီကွာ ... ဒီကိစ္စ ဆက်မပြောရင် ကောင်းမယ် ..."

သူက ဖီဖီခါ ငြင်းဆန်ပြီး ခပ်မြန်မြန် ထ,ပြန်လာခဲ့ရသည်။ ခေါင်းကိုက်ကလည်း မပျောက်သေးပါ။ သူ့မှာ ချစ်လို့ယူထားသည့် မိန်းမကို ကွာလည်း မကွာရက် ... ၊ အတူနေရတော့လည်း စိတ်ဆင်းရဲ။ ရဲဇော်ပြောသည့် ထွက်ပေါက်မျိုးကိုလည်း မရှာချင် ... ။ ဘာလုပ်ရမှန်းမသိအောင် ယောက်ယက်ခတ်နေရလေသည်။

http://www.linhtet.com



http://www.linhtet.com



သူ့မိန်းမကတော့ သူ့ကို စိတ်အနှောင့်အယှက် ဖြစ်စေမည့် လုပ်ရပ်များကို ဆက်တိုက်လိုလို ဖန်တီးလျက် ရှိလေသည်။

ထိုနေ့က ရုံးဆင်းချိန်တွင် သူအိမ်တန်းမပြန်ဘဲ ရုံးနှင့် မျက်စောင်းထိုးနေရာလောက်မှာ ရှိသည့် Super Market ထဲတွင် ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း အချိန်ဖြုန်းနေလိုက်လေသည်။ သူက တတ်နိုင်သမျှ အိမ်ကို စောမပြန်ချင်။ ပစ္စည်းတွေကို စိမ်ပြေနပြေ လိုက်ကြည့်ရင်း ကြိုက်တာတွေ့လျှင် ဝယ်၊ အသစ်အဆန်းတွေ့လျှင် ကိုင်ကြည့်ပြီး အချိန်တွေကုန်လွန်အောင် လုပ်နေလိုက်တော့ ခေါင်းကိုက်တာပင် သက်သာသွားသည်။

သို့သော် ... ခဏအကြာတွင် သူ့စိတ်ထဲ တစ်

http://www.linhtet.com

ယောက်ယောက်က သူ့ကို လိုက်ချောင်းနေသလိုမျိုး မသိုးမသန့် ခံစားလာရလေသည်။ သူ ... ကျောမလုံတာမို့ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်မိသောအခါ ဖျတ်ခနဲ ကွယ်လိုက်သော အရိပ်တစ်ခုကို မြင်ရလေသည်။ အဲဒါ ... သူ့မိန်းမများလား။ သူ့မျက်စိမှောက်တာလား ... စိတ်ထင်လို့လား။ စိတ်ထဲ ဇဝေဇဝါဖြစ်ရင်း ပစ္စည်းတွေကို ဆက်ကြည့်နေလိုက်သည်။

သူ့မိန်းမတော့ ဖြစ်နိုင်မယ် မထင်ပါဘူး။ သူ စိတ်ထင်လို့ပဲ ဖြစ်မှာပါ ... ။ သူ့မိန်းမက သူ့ကို လိုက်ချောင်းစရာ အကြောင်းလည်း မရှိပါ။ သူ တွေးမိနေဆဲ စိတ်ထဲတစ်မျိုး ဖြစ်လာရပြန်တာမို့ နောက်ဘက်သို့ လှည့်ကြည့်မိပြန်သောအခါ ပစ္စည်းတွေရဲ့ နောက်ဘက်သို့ လှစ်ခနဲ ပျောက်သွားသော လူရိပ်ကို မြင်ရပြန်လေသည်။

ခုတလော ... သူ့စိတ်တွေ ကယောက်ကယက် ဖြစ်နေရတာမို့ ကယောင်ချောက်ချား မြင်မိမြင်ရာ မြင်နေသလားဟုပင် တွေးမိလေသည်။

သူ ... စာရေးကိရိယာတွေ ရှိသည့် ကောင်တာရှေ့တွင် ရပ်ကြည့်နေမိဆဲ သူ့နားမှာ လာရပ်သော သူ့စာရေးမကလေး သူဇာက သူ့ကို ပြုံးပြလာကာ ...

"ဆရာ ... ဈေးဝယ်လာတာလား ..."

http://www.linhtet.com

"ဟုတ်တယ် သူဇော ... လိုတာလေးတွေ ဝယ်ရင်း လိုက်ကြည့်နေတာပါ၊ ညည်းရော ... ဝယ်ပြီးပြီလား"

"ဟုတ်ကဲ့ ... ကျွန်မ လိုတာတော့ ဝယ်ပြီးပါပြီ ဆရာ၊ ဒီနားရောက်မှ ရုံးအတွက် လိုအပ်တဲ့ ဖိုင်တွဲတွေ တွေ့လို့ ဝင်ကြည့်နေတာ ..."

"ဩော် ... ဟုတ်သားပဲ၊ ရုံးခန်းထဲမှာ ဖိုင်တွဲတွေ လိုနေတာပဲ၊ ညည်း တစ်ခါတည်း ဝယ်သွားလိုက်ပါလား"

"ပိုက်ဆံ ထုတ်မလာမိဘူး ဆရာ ..."

"ရတယ်လေ ... ကိုယ့်ဆီက ယူသွားလိုက်၊ မနက်ကျမှ ရုံးက ပြန်ထုတ်ပြီး ပြန်ပေးပေါ့၊ ရော့ ... လိုရမယ်ရ တစ်သောင်းလောက် ယူထား၊ လိုအပ်တာတွေ တစ်ခါတည်း ဝယ်လိုက် ..."

"ဩော် ... ရှင်တို့က ဒီလိုလား ..."

သူက သူဇော့်ကို ပိုက်ဆံ ထုတ်ပေးနေဆဲ အသံတစ်ခုက သူ့နားထဲ စူးစူးဝါးဝါး ဝင်လာကာ သူ့မိန်းမက ဖြုန်းခနဲ သူ့ရှေ့ရောက်လာလေသည်။ ရုတ်တရက် ဘာတွေ ဖြစ်ကုန်ပြီလဲဆိုတာတောင် မသိတော့ဘဲ သူ့မျက်စိတွေ ပြာဝေသွားသည်။ သူ့မိန်းမရဲ့ အသံက တရစပ် ထွက်ပေါ်လာသည်။

"ရှင့်ကို မသက်ာလို့ လိုက်ချောင်းနေတာ ... ခုတော့

http://www.linhtet.com

ထင်တဲ့အတိုင်းပဲ ကွက်တိပဲ ... လက်စသတ်တော့ ရှင်က ကျွန်မကို ပိုက်ဆံ အကုန်ပြန်မအပ်ဘဲ ဒီကောင်မလေးကို ခိုးခိုးပေးနေတာကိုး ... ၊ အခု လက်ပူးလက်ကြပ် မိနေပြီ၊ ရှင် ဘာပြောချင်သေးလဲ၊ ဒီမှာ ညည်းကရော ရုပ်ကလေး လှလှပပ ငယ်ငယ်ရွယ်ရွယ်နဲ့ သူများ ယောကျ်ား ပေးစာကမ်းစာကို လက်သင့်ခံနေရတယ်လို့ ... ”

“ဟာ ... မဟုတ်ဘူး အစ်မ၊ အစ်မ မှားနေပြီ ... ”

ဉာဏဉာဏ်သည် ရုက်လွန်းတာမို့ ကိုယ့်မျက်နှာကိုယ် ဓားနဲ့ လှီးပစ်ချင်စိတ်တွေ ပေါက်လာပြီ။ ထူပူဟုန်ဟာ ဘာမှလည်း ပြန်မပြောနိုင်တော့။ သူဇော့်ကို အားလည်းနာ၊ ကိုယ့်မိန်းမ လုပ်ပုံအတွက် ရှက်လည်းရှက်ကာ ရင်တွေ တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်။ လူတွေလည်း ကြည့်လှပြီ။

“လာခဲ့ ... မင်းလာခဲ့ ... ”

သူ ... လူတွေရှေ့မှာ ဘာမှပြန်မပြောတော့ဘဲ သူ့မိန်းမ လက်ကို ဆောင့်ဆွဲကာ ကားဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ ကားတံခါးကို ဖွင့်ကာ သူမကို ကားထဲ ဆောင့်တွန်းထည့်လိုက်ပြီး သူ ထိုနေရာမှ အမြန်ဆုံး ထွက်ခွာလာခဲ့ရပါသည်။

သူက ဘာမှမပြောချင်လောက်အောင် စိတ်ကုန်

http://www.linhtet.com

ခန်းနေသော်လည်း သူ့မိန်းမကတော့ ပါးစပ် စက်သေနတ် ပစ်လျက် လိုက်ပါလာပါသည်။

"ရှင်တို့ ယောကျ်ားတွေဟာ ဒီလိုပဲလားဟင် ... ၊ ကိုယ့်မိန်းမကိုတော့ အိမ်မှာ ထားပြီး ရှင်တို့က အပြင်မှာ သာယာမှု ရှာနေလိုက်ကြတာ၊ မိန်းမက ပက်ပင်းမိတော့ ရှက်ရမ်းရမ်းပြီး အကြမ်းပတမ်း ဆွဲခေါ်လားခေါ်ရဲ့ .... နည်းနည်းလေးမှ ကြင်နာမှု မရှိတဲ့ လူ ... "

သူ ဆက်လက်နားမခံနိုင်တော့တာမို့ ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်ရင်း

"ဒီမှာ ... ဟေသာ ... မင်းကို ငါ တစ်ခွန်းပဲ ပြောမယ်၊ စိတ်ပျက်တယ်၊ မင်းကို ငါ အရမ်း စိတ်ပျက်တယ်၊ ငါ စိတ်ကူးထဲတောင် မထည့်တဲ့ ကိစ္စတစ်ခုကို မင်းက အဟုတ်ထင်ပြီး ပြောနေတော့ မင်းထင်တာ မှန်သွားအောင် လုပ်ဖို့လည်း ငါ ဝန်မလေးတော့ဘူးဆိုတာလေးပါ မင်း မှတ်ထားလိုက် ... ရော့၊ ကားသော့ မင်းဘာသာ ကားမောင်းပြီး ပြန်တော့၊ ငါ့ဘာသာ ပြန်ချင်တဲ့ အချိန်ကျမှ ပြန်ခဲ့မယ် ... "

သူက ကားပေါ်မှ အမြန်ဆင်းပြီး လမ်းတစ်ဖက် ခြမ်းကို အမြန်ဆုံး ကူးလာခဲ့သည်။ သူက တက္ကစီ တစ်စီးကို တားလိုက်ပြီး ကားပေါ် တက်လိုက်ရင်း ...

http://www.linhtet.com

"ဒီနေရာနဲ့ ခပ်ဝေးဝေးရောက်ရင် ပြီးရော ... မောင်း ချင်တဲ့ဆီကိုသာ မောင်းဗျာ ..."

ဟု အမောတကော ပြောမိတာမို့ ကားသမားက သူ့ကို အံ့သြသလို တစ်ချက်ကြည့်ပြီး အမြန်မောင်းထွက်လိုက် သည်။ ခပ်ဝေးဝေးရောက်တော့မှ သူ့စိတ်ထဲ အနည်းငယ် ပေါ့လာလေသည်။



http://www.linhtet.com

ဉာဏဉာဏ်သည် တက္ကစီပေါ်မှ ဆင်းပြီး ဘယ်ကို သွားပြီး ဘာလုပ်ရမည်ဆိုတာ ရုတ်တရက် စဉ်းစားမရသေးတာမို့ ကန်တော်ကြီးပတ်လမ်းအတိုင်း ခြေလှမ်းတွေကို မသယ်ချင့် သယ်ချင် သယ်ပိုးကာ လျှောက်နေမိလေသည်။

သူ့ရဲ့ ဦးနှောက်ထဲမှာတော့ ပွက်ပွက် ထ,နေသည်။ ကျပ်ခဲလေးလံနေသည်။ ချွေးစေးတွေ ပြန်ကာ ခေါင်းနားပန်း ကြီးလာသလို ခံစားရသည်။ နားထင်ပါးရင်းတွေပင် တုန်ဟုန်ကာ ခေါင်းတစ်ခြမ်းတည်း တစစ်စစ် ကိုက်နေသည်။ သူ့တစ်ကိုယ်လုံး အားအင်ကုန်ခန်းနေသလို ခံစားရလေသည်။

သူ ... ယခုလို အချိန်မျိုးမှာ နူးညံ့သိမ်မွေ့မှု ... ညက်ညောညင်သာမှုတွေကို အလွန်အမင်း တောင့်တစိတ်ပေါ်လာရသည်။ ဆူညံမှုများ ... အာပေါင်ကျယ်အသံများ ... ပြုံးတူးပြဲတဲ အပြုအမူများ ... သံသယနှင့် စောင့်ကြည့်မျက်ဝန်းများ၊ အမိန့်ပေးသည့် လေသံများကို မခံမရပ်နိုင်ချိန်တွင်

http://www.linhtet.com

သူ့နှလုံးသားက ညင်သာနူးညံ့ ချိုမြိန်မှုတွေကို ငတ်မွတ်လာရသည်။

သူ့ကို စိတ်အေးချမ်းသာ ရှိစေမည့် နူးညံ့ညင်သာ ချိုမြမှုကလေးများ ဘယ်ကရပါ့မလဲဟု ပြင်းပြစွာ တမ်းတမိလေသည်။

သူ ... ခေါင်းငိုက်စိုက်ဖြင့် ဆက်လျှောက်လာဆဲ သူ့နောက်နားဆီမှ ခြေသံတစ်ဖတ်ဖတ် ကြားရကာ တစ်ဆက်တည်း တီးတိုးသံကလေးကို ကြားလိုက်ရသည်။

"အစ်ကို ... ကျေးဇူးပြုပြီး ခတ္တာကို ကူညီပါရှင် ..."

တကယ့်ကို သာယာချိုမြိန်သော အသံကလေး၊ အင်မတန် နူးညံ့သိမ်မွေ့သော အသံကလေး ... ။ သူ တအံ့တသြ လှည့်ကြည့်မိသောအခါ ချစ်သနားစရာ မျက်နှာကလေးကို တွေ့ရလေသည်။ သူမ နှုတ်ခမ်းကလေးတွေဟာ မသိမသာ ငိုမဲ့မဲ့ကလေး ဖြစ်နေသည်။ မျက်လုံးတွေက ကြောက်ရွံ့ဟန်ဖြင့် ဝိုင်းဝိုင်းလည်နေသည်။

"ကျွန်မနောက်ကို လူတစ်ယောက် လိုက်နှောင့်ယှက်နေလို့ပါ ... ၊ သူက ကျွန်မတို့ ရပ်ကွက်ထဲက လူပါ၊ ကျွန်မနောက်ကို တကောက်ကောက်လိုက်ပြီး ရည်းစားစကား ပြောနေတာ ဘယ်လိုမှ တားလို့မရဘူး ... ၊ ဒီနားကလူရှင်းတော့ သူ ကျွန်မကို တစ်ခုခု အန္တရာယ်

http://www.linhtet.com

ပြုမှာလည်း ကြောက်တာနဲ့ အစ်ကို့ကို လက်ညှိုးထိုး ပြပြီး အဲဒါ ... ငါ့ချစ်သူ၊ ငါနဲ့ချိန်းထားတာလို့ ပြောမိ ပြောရာ ပြောပြီး အမြန်ပြေးလာခဲ့တာပါရှင် ..."

သူမက နူးနူးညံ့ညံ့ကလေး သနားစဖွယ် ပြောရာ သူ ချက်ချင်း ကူညီချင်စိတ်တွေ ပေါ်လာပါသည်။ နောက် ဘက်နားဆီ လှမ်းကြည့်မိတော့ ကိုးရိုးကားရား အပြင်အဆင် နှင့် ကောင်လေးတစ်ယောက်ကို တကယ်ပဲ တွေ့ရပါသည်။ ငတိလေးက လူမိုက်ရုပ်ကလေး ... ကောင်မလေး ကြောက်ရှာ မှာပေါ့ ... ။ သူက သူ့ပြဿနာကိုပင် မေ့သွားရကာ ...

"အဲ ... အဲဒီတော့ ကိုယ်က ဘာကူညီရမှာလဲ၊ အဲဒီ ကောင်လေးကို ဆက်မလိုက်ဖို့ မေတ္တာရပ်ခံပေးရမှာ လား၊ လက်သီးနဲ့ ထိုးပြီး ဆုံးမရမှာလား၊ 199 ကို ဖုန်းဆက် အကြောင်းကြားပေးရမှာလား"

"မဟုတ်ပါဘူး အစ်ကိုရဲ့၊ အဲဒီလောက်ကြီးလည်း မလိုပါဘူး၊ အစ်ကိုက ကျွန်မချစ်သူဆိုတာ သူယုံသွား ရင် သူ့ဘာသာ လှည့်ပြန်သွားမှာပါ ... ၊ အစ်ကိုက ဟန်ဆောင်ပေးရုံပါပဲ၊ ဟော ... သူ လှမ်းကြည့်နေတယ် အစ်ကို၊ လာ ... လာ ... ကျွန်မတို့ ဆက်လျှောက်သွား ကြမယ်၊ ကန်တော့နော် ... အစ်ကို၊ သူယုံအောင် ကျွန်မ အစ်ကို့လက်မောင်းကို တွဲလျှောက်မယ်နော်"

http://www.linhtet.com

"အင်း ... ရ ... ရပါတယ် ..."

ကောင်မလေးက သူ့လက်ကို အသာအယာ ဖက်တွယ်လိုက်သောအခါ သူ့ရင်ထဲ သိမ့်ခနဲ လှုပ်သွားပါသည်။ လေးလံဖိစီးနေသော သူ့စိတ်တွေဟာ ပေါ့ပေါ့လှပ်လှပ်ကလေး ဖြစ်လာသည်။ လေညင်းကလေးကလည်း ဖြည်းဖြည်းသာသာ တိုက်လို့ ... ၊ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်အေးချမ်းလှသည်။ လူရှင်းသော ကန်တော်ကြီးပတ်လမ်းတစ်လျှောက်မှာ ချစ်စဖွယ် ကောင်မလေးတစ်ယောက်နှင့် တူယှဉ်တွဲ လျှောက်နေရသော အရသာကို သူ အလွန်အမင်း သဘောကျသွားပါသည်။ ဒီလို ကြည်နူးမှုမျိုး မခံစားရတာ ကြာပြီ ... ။

"အစ်ကို ... သူယုံသွားအောင် ... ကျွန်မ အစ်ကို့ ပခုံးကို နည်းနည်းမှီမယ်နော် ..."

"အင်း ... ရ ... ရပါတယ်"

ကောင်မလေးက ခေါင်းကလေးကို ငဲ့စောင်းကာ မှေးမှိလိုက်ပြန်သည်။ သူ့ရဲ့ တင်းမာနေသော စိတ်တွေ ... ပျော့ပျော့ပျောင်းပျောင်းဖြစ်ကာ ဟေသ့အတွက် ဖြစ်ရသည့် ဒေါသတွေကိုပင် မေ့သွားရသည်။

ခဏကြာတော့ ကောင်မလေးက နောက်ကို ပြန်လှည့်ကြည့်ကာ ...

http://www.linhtet.com

"ဟော ... သူပြန်သွားပြီ အစ်ကို ... တော်ပါသေးရဲ့၊ အစ်ကို ကူညီပေလို့ ..."

ကောင်မလေးက သူ့လက်ကို ဖြေလွှတ်လိုက်သောအခါ ကောင်လေး ပြန်သွားတာကလည်း မြန်လိုက်တာဟု သူ မကျေမချမ်း ဖြစ်ရလေသည်။ ကောင်မလေးက နူးနူးညံ့ညံ့လေး ပြုံးပြန်ကာ ...

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ် ..."

"ရပါတယ် ... ဒါနဲ့ မင်းက ဒီလိုညနေစောင်း အချိန်ကြီး ဘာဖြစ်လို့ ဒီလိုလူပြတ်တဲ့ နေရာမှာ တစ်ယောက်တည်း လျှောက်သွားနေရတာလဲ ..."

"ခတ္တာက ဒီနားက စားသောက်ဆိုင် တစ်ခုမှာ သီချင်းဆိုတဲ့ အလုပ် လုပ်နေတာ၊ ဒီအချိန်ဆို ဒီနားကို အမြဲလာရတာပေါ့၊ ဒီနေရာက ဘတ်စ်ကားတွေလည်း မသွားဘူးလေ၊ တက္ကစီလည်း မငှားနိုင်တော့ ဘတ်စ်ကားစီးလာ၊ ဟိုးဘက်ထိပ် မှတ်တိုင်မှာဆင်းပြီး လမ်းလျှောက်လာရတာ အစ်ကိုရဲ့၊ ခုလို နှောင့်ယှက်တဲ့ လူတွေနဲ့ တွေ့ရင် အရမ်းစိတ်ညစ်ရတာ ... ဒါပေမယ့်လည်း မတတ်နိုင်ဘူးလေ၊ မလာလို့မှ မဖြစ်တာ"

အင်း ... သနားစရာလေးပါလား၊ သူ့ခမျာ

http://www.linhtet.com

ငယ်ငယ်ရွယ်ရွယ်နဲ့ တစ်ယောက်တည်း သွားလာအလုပ်လုပ်နေရတာ ... လှကလည်း လှတော့ အန္တရာယ်များမှာပဲ ... ။

သူက ကောင်မလေး ပြောတာတွေကို နားထောင်ကာ သနားနေဆဲ ... ရုတ်တရက် ကားတစ်စီးက ကောင်မလေး အနီးမှ ဖြတ်သွားကာ ရှဲ့ရေတွေ ကောင်မလေး တစ်ကိုယ်လုံးကို ပက်စင်သွားလေသည်။ သူကတော့ လမ်းမဘက်မှာ ရပ်မနေတာမို့ သူ့ကို မစင်ပါ။ ကောင်မလေးက ငိုမဲ့မဲ့ဖြစ်လာကာ ...

"ဒုက္ခပါပဲ ... အကုန်လုံး ညစ်ပတ်ကုန်ပြီ၊ ဒီပုံစံနဲ့ ဘယ်လိုသီချင်း ဆိုရပါ့မလဲ၊ ခတ္တာမှာ အဝတ်ပိုလည်း ပါတာမဟုတ်ဘူး၊ အဝတ်အစား သိပ်မရှိတာနဲ့ အိမ်က ထွက်လာတဲ့အတိုင်းပဲ ဝင်ဆိုနေရတာ ... ၊ ဒီအချိန်ကျမှ အိမ်ပြန် အဝတ်လဲနေလို့လည်း မမီတော့ဘူး၊ သွားမဆိုဘဲ ပြန်သွားရင်လည်း ပိုက်ဆံက မရဘဲ နေဦးမယ် ... စိတ်ညစ်လိုက်တာနော်"

"ကဲ ... ကဲ ... ဘာမှ မပူနဲ့ ခတ္တာ၊ လာ ... ဟိုရှေ့နားမှာ ဖက်ရှင်ရှော့တစ်ခု ရှိတယ်၊ အဲဒီမှာ အဝတ်အစား ဝင်ဝယ်လဲပြီး သွားလိုက်တော့"

"အို ... အစ်ကိုကလည်း အဲဒီဆိုင်က ပစ္စည်းတွေက ဈေးသိပ်ကြီးတာ၊ ခတ္တာ မတတ်နိုင်ပါဘူး"

http://www.linhtet.com

"ကိုယ်ပဲ ကူညီလက်စနဲ့ ကူညီလိုက်ပါ့မယ်ကွာ၊ သူ တစ်ပါး အခက်အခဲ ဖြစ်နေတာကို ကူညီတာ ကုသိုလ် ရပါတယ်၊ အဝတ်အစားဖိုးတွေ ကိုယ်ရှင်းပေးပါ့မယ်"

သူက ကောင်မလေးကို ခေါ်ကာ ဖက်ရှင်ဆိုင် ထဲ ဝင်လာခဲ့ပြီး အင်္ကျီတစ်ထည် စကတ်တစ်ထည် ဝယ်ခွင့် ပေးလိုက်လေသည်။ ခဏကြာတော့ ကောင်မလေးက အဝတ် အစားသစ်တွေ ဝတ်ထွက်လာကာ သူ့ကို ပြုံးမော့မော့ကလေး ကြည့်ရင်း ...

"အစ်ကို့ကို ခတ္တာ အရမ်းကျေးဇူးတင်တာပဲ သိလား၊ ခတ္တာက ဒီလောက် ဈေးကြီးတဲ့ အဝတ်အစားမျိုးလည်း တစ်ခါမှ မဝတ်ဖူးဘူး ...၊ အစ်ကို ဝယ်ပေးလို့သာ ဝတ်ရတာ၊ အစ်ကို ကူညီလို့ ခတ္တာ ဟိုလူ့အနှောင့် အယှက်လည်း ကင်းသွားတယ်၊ အဝတ်အစားတွေ ညစ်ပတ်ပေရေနေတာတွေလည်း အလွယ်တကူ အဆင် ပြေသွားတယ်၊ အစ်ကို့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်း တောင် မသိတော့ပါဘူး ..."

ကောင်မလေးက သူနှင့်အတူတွဲကာ ဆိုင်ထဲမှ ထွက်လာရင်း ကျေးဇူးတင်ကြောင်း တဖွဖွပြောလျက် ရှိသည်။ ကောင်မလေးအသံက စကားပြောတာတောင် တော်တော် နားထောင်လို့ ကောင်းသည်။ ထိုအသံက သူ့ကို စိတ်နလုံး

http://www.linhtet.com

ကြည်မွေ့စေပါသည်။ သူက ရုတ်တရက် စိတ်ကူးပေါက်လာကာ ...

"မင်း ကိုယ့်ကို ကျေးဇူးဆပ်ချင်ရင် နည်းလမ်းတစ်ခုတော့ ရှိတယ်"

"ခတ္တာ ဘာလုပ်ပေးရမှာလဲ အစ်ကို ..."

"ကိုယ် အခု အရမ်းစိတ်ညစ်နေတယ် ခတ္တာ၊ ကိုယ့် ခေါင်းတစ်ခုလုံး ကျပ်ခဲနေတယ်၊ အသံဆိုးတစ်ခုကို နေ့စဉ်ရက်ဆက် ကြားနေရကတည်းက အဲဒီလို ဖြစ်သွားတာပဲ၊ ခုချိန်မှာ နူးညံ့သာယာတဲ့ အသံကို ကြားရရင် ကိုယ်ခံစားနေရတာတွေ သက်သာသွားမယ် ထင်တယ်၊ မင်း ကိုယ့်ကို သီချင်းတစ်ပုဒ်လောက်များ ဆိုပြနိုင်မလား ..."

"ဩော် ... ဒါများ အစ်ကိုရယ်၊ ခတ္တာအတွက် ဘာမှ အပန်းမကြီးပါဘူး၊ ဆိုင်မှာလည်း အမြဲဆိုနေကျပဲ၊ အစ်ကို အချိန်ရရင် ခတ္တာ သီချင်းဆိုတဲ့ဆိုင်ကို လိုက်ခဲ့ပါလား၊ ခတ္တာ အစ်ကို့အတွက် သီချင်းအေးအေးလေးတွေ ရွေးဆိုပေးပါ့မယ် ..."

"မဟုတ်ဘူး ခတ္တာ၊ ကိုယ်က ဂီတသံတွေနဲ့ ရောပြီး နားမထောင်ချင်ဘူး၊ သီချင်းသံချည်းပဲ နားထောင်ချင်တယ် ..."

http://www.linhtet.com

"ရပါတယ် ... ခတ္တာ ဆိုပြမယ်၊ အစ်ကို ဘာသီချင်း နားထောင်ချင်သလဲ ..."

"ရတယ် ... ဘာသီချင်းပဲဖြစ်ဖြစ် နားထောင်ကောင်းရင် ပြီးရော ..."

ဆိုင်လေးရှေ့ ခြံဝင်းထဲက ခုံတန်းလေးမှာ သူတို့ ဝင်ထိုင်မိကြပြီး ကောင်မလေးက သူ့ကို သီချင်းဆိုပြလေသည်။ ဘယ်သူဆိုသည့် ဘာသီချင်းလဲဆိုတာတော့ သူမသိပါ။ သူသိတာက နားထောင်ကောင်းခြင်းပဲ ဖြစ်သည်။ အသံကလေးက ချိုအေးညက်နေသည်။ သူ့မိန်းမရဲ့ ငှက်ဆိုးထိုးသံနှင့်တော့ အကွာကြီး ကွာလေသည်။ သီချင်းနားထောင်ရင်း သူ့စိတ်တွေ နူးညံ့ပျော့ပျောင်းလာသည်။ သူ့ခေါင်းထဲက တင်းကျပ်မှုတွေ ပျောက်သွားသည်။ ရောဂါပျောက်စေသော အကောင်းဆုံးဆေးတစ်ခွက်ကို သူသောက်ခွင့်ရလိုက်လေသည်။ ဘဝဆိုတာ ဒီလိုစိတ်ချမ်းသာမှုကလေးတွေ ရှိမှ လူဖြစ်ရကျိုး နပ်တယ်မဟုတ်လား ...။ သူ ကောင်မလေးကို တော်တော်ကျေးဇူးတင်သွားလေသည်။ ကောင်မလေးက သူလိုအပ်နေသော နူးညံ့မှုတွေကို ပေးခဲ့တာ ဖြစ်သည်။ သူ့စိတ်တွေ ကြည်လင်ပေါ့ပါးသွားလေသည်။

"ကျေးဇူးပဲ ခတ္တာ ...၊ မင်းကို ကိုယ့်မိတ်ဆွေအဖြစ် အသိအမှတ် ပြုပါတယ်၊ ကိုယ့်လိပ်စာကတ် ယူသွားပါ၊

http://www.linhtet.com

အကူအညီလိုရင် ဆက်သွယ်နိုင်ပါတယ်၊ အကူအညီမလိုလည်း ဆက်လို့ရတယ်နော် ..."

"အကူအညီလိုမှ ဆက်ရမှာလား အစ်ကိုရဲ့၊ အကူအညီမလိုဘဲ ဆက်လို့ မရဘူးလား ..."


"ရပါတယ်ကွာ ... ဘယ်အချိန်ဆက်ဆက်ပါ"

"ခုတ္တာ သီချင်းဆိုတဲ့ ဆိုင်လိပ်စာလည်း ယူသွားပါ အစ်ကို ... ၊ အစ်ကို အားရင် လာနားထောင်ပေါ့ ..."

သူသည် ပေါ့ပါးပျော်ရွှင်သော စိတ်နှလုံးဖြင့် ကောင်မလေးနှင့် ခွဲခွာခဲ့ပြီး ပကတိကြည်လင်သော စိတ်ဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ သူက လေကလေး တချွန်ချွန်ဖြင့် အိမ်ထဲ ဝင်လာသောအခါ ရန်ဖြစ်ဖို့ ကြိုစောင့်နေသော သူ့မိန်းမက တအံ့တသြ မျက်လုံးကြီး ပြူးကြည့်ကာ နှုတ်ပိတ်သွားလေသည်။

http://www.linhtet.com



နောက်တစ်နေ့မနက်တွင် ဉာဏဉာဏ်သည် ရုံးသို့ သွက်လက်ပြုံးရွှင်စွာ ရောက်ရှိလာခဲ့လေသည်။ အလုပ်လုပ်ရာမှာလည်း စိတ်ဝင်တစား သွက်လက်တက်ကြွနေခဲ့ရသည်။ သူ့စိတ်တွေဟာ မျှော်လင့်ချက်တစ်ခုဖြင့် လတ်ဆတ်နေသည်။ သူသိသည် ... ခတ္တာဟာ သူ့ကို ထပ်မံဆက်သွယ်လာဦးမှာပဲ ... ။ သူမ မဆက်သွယ်လာခဲ့လျှင်လည်း သူက စ,တင် ဆက်သွယ်လိုက်ဖို့ အစီအစဉ် ရှိပါသည်။ ကိုယ့်စိတ်ကို သာယာမြူးတူးစေတဲ့ သူတစ်ယောက်ကို ဘယ်သူက ခပ်စိမ်းစိမ်း နေရာမှာ ထားပါ့မလဲ ... ။ လူတစ်ယောက်အတွက် စိတ်ချမ်းသာမှုက အဓိက ကျသည်ဟု သူ ယူဆချင်ပါသည်။ သူ့ရဲ့ ပြုံးရွှင်တက်ကြွမှုကို သူ့ရုံးက လူတွေပင် သတိမထားမိဘဲ မနေ ... ။

http://www.linhtet.com

"ကိုဉာဏဉာဏ် တစ်ယောက် ကြည့်ရတာ ဒီနေ့ တယ်ပြီး မြူးနေပါလားဗျ ..."

"ဟုတ်ပါရဲ့ရှင် ... မနက်ကတည်းက လေလေးတချွန်ချွန်နဲ့ ... ရောက်လာတာ၊ အလုပ်တွေလည်း တက်တက်ကြွကြွ တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်နေတာ ... ၊ ပြီးတော့ သူ့ကြည့်ရတာ ပင်ပန်းပုံလည်း မပေါ်ဘူး၊ ကျွန်မ စာရင်းစစ်ထားတာ မှားနေတာတောင် အရင်လို မဆူဘဲ ခပ်ပြုံးပြုံး ပြင်ပေးသွားသေးတယ် ..."

"ဟိုရက်ကဆို ဆရာက သူ့ဘာသာ အလိုလိုနေရင်း စိတ်တိုနေတာ မမရဲ့ ... ၊ ရုံးခန်းထဲက လူတွေကို သူ စိတ်တိုင်းမကျတိုင်း အော်လိုက်ငေါက်လိုက် လုပ်နေတာ ကျွန်မတို့မှာ နေစရာမရှိဘူး ... ၊ မျက်နှာထားကလည်း တင်းနေတာပဲ ..."

"နေ့လယ်ကလည်း ကျွန်တော့်ကို ဘဲကင်တစ်ကောင် သွားဝယ်ခိုင်းပြီး ရုံးခန်းထဲက လူတွေကို ကျွေးနေသေးတယ် ..."

သူ့ရုံးက လူတွေက သူ့အပြုအမူတွေကို အံ့သြလျက် ရှိလေသည်။ သူ့မန်နေဂျာက သူ့ကို ကျီစယ်သည်မှာ ...

"ဆရာ ... တစ်ခုခုတော့ တစ်ခုခုပဲနော်၊ ကောင်တော့

http://www.linhtet.com

ဆရာကတော်မှာ ကိုယ်ဝန်တွေ ဘာတွေ ရှိပြီထင်တယ်၊ ဆရာ ကလေးအဖေ ဖြစ်တော့မယ် မဟုတ်လား”

“ဘယ်က ဟုတ်ရမှာလဲဗျာ၊ ခင်ဗျားထင်တာ မှားနေပြီဗျ ... ၊ ကျုပ်က ကိုယ့်အကြောင်းနဲ့ကိုယ်ပါဗျာ ... ဟဲဟဲ ... ”

သူက အလုပ်ကို တက်ကြွစွာလုပ်ရင်း သူမ ဖုန်းကို မျှော်လင့်လျက်ရှိသည်။ သူထင်သည့်အတိုင်းပင် ညနေ ရုံးဆင်းခါနီး သူ့ဖုန်းမြည်လာကာ ...

“ဟဲလို ... အစ်ကိုလား”

“ဟုတ်ပါ့ဗျာ၊ ကဲ ... ပြော ... ဘာအကူအညီ လိုလဲ”

“အကူအညီလိုလို့ မဟုတ်ပါဘူး အစ်ကိုရဲ့၊ ခတ္တာသိချင်းဆိုတဲ့ ဆိုင်ကို လာနားထောင်ဖို့ ဖိတ်မလို့ပါ ... ”

“အိုကေ ... ကိုယ်လည်း လာရင်ကောင်းမလား စိတ်ကူးနေတာနဲ့ အတော်ပဲ ... ”

“ဒါဆို ခတ္တာတို့ စိတ်ချင်းဆက်သွယ်နေတာပဲ ဖြစ်မယ်၊ ခတ္တာကလည်း အစ်ကိုလာရင် ကောင်းမှာပဲလို့ တွေးနေတာ၊ ခတ္တာ အဲဒီလို တွေးနေလို့ အစ်ကို လာချင်စိတ်ပေါ်နေတာ ဖြစ်မယ် ... ”

“သိပ်ဖြစ်နိုင်တာပေါ့ ... ၊ ကိုယ် ရုံးဆင်းတာနဲ့ လာခဲ့

http://www.linhtet.com

လိုက်မယ်၊ ခတ္တာ ထမင်းမစားနဲ့ဦးနော်၊ ကိုယ်တို့ ညနေစာ အတူစားရအောင် ..."

သူက မြူးကြွစွာပင် ရုံးမှ ထွက်လာခဲ့လေသည်။ သူ စားသောက်ဆိုင်သို့ ရောက်သွားသောအခါ ခတ္တာက သူတောင့်တသော အပြုံးကလေးဖြင့် ဆီးကြိုလေသည်။ ခတ္တာသီချင်းမဆိုမီ သူတို့ ထမင်းအတူစားရင်း စကားပြောကြသည်။ ခတ္တာရဲ့ စကားလုံးတိုင်းက ဉာဏ်ဉာဏ်ရဲ့ သနားကြင်နာမှုတွေကို တနှင့်တပိုး သယ်ယူသွားနိုင်သည်။

"ခတ္တာမှာ အဖေ မရှိတော့ဘူး အစ်ကိုရဲ့၊ အမေပဲ ရှိတာ၊ အမေက ကျန်းမာရေးလည်း မကောင်းပါဘူး အစ်ကိုရယ်၊ ရင်ကျပ်ရောဂါ ရှိတော့ အမြဲ တရှောင်ရှောင်နဲ့ အိပ်ရာထဲပဲ ခွေနေတာ၊ အိမ်မှာက ခတ္တာ တစ်ယောက်ပဲ ဝင်ငွေရှိတာလေ၊ ခတ္တာအောက်မှာ အငယ် ခုနစ်ယောက်တောင် ရှိတာ၊ သူတို့အားလုံးကို ခတ္တာပဲ တာဝန်ယူ ကျွေးမွေးစောင့်ရှောက်နေရတာ ...၊ တစ်ခါတစ်ခါတော့ အားငယ်တာပေါ့ အစ်ကိုရယ် ...၊ အစ်ကိုနဲ့ တွေ့ရတာ ခတ္တာ ကံကောင်းတယ် သိလား၊ သဘောကောင်းတဲ့ အစ်ကိုကြီးတစ်ယောက် ကောက်ရလိုက်သလိုပဲ ..."

ဘယ်လောက် သနားစရာ ကောင်းလိုက်တဲ့

http://www.linhtet.com

ကောင်မလေးလဲလို့ ... ။ ခတ္တာရဲ့ ဖျော့တော့ညှင်သာသော စကားကို နားထောင်ရင်း သူ့နှလုံးသားထဲမှာ ကူညီလိုစိတ်တွေ တဖွားဖွား ပေါ်ပေါက်လာရပါသည်။ မိသားစုကို ငယ်ငယ်ရွယ်ရွယ်နဲ့လည်း ကျွေးနေတဲ့ ကောင်မလေး ... ။ သူတော်ကောင်းမလေး၊ ဒီလို မိန်းကလေးမျိုးကိုမှ မကူညီ မစောင့်ရှောက်ရင် ဘယ်လိုမိန်းကလေးမျိုးကို စောင့်ရှောက်ရမလဲ ... ။

ထို့ကြောင့်ပင် သူက သူမကလေး ခလုတ်မထိ ဆူးမငြိစေဖို့ အသွားအပြန် အကြိုအပို့ လုပ်ပေးခြင်းဖြင့် ကူညီမိလေသည်။

သူမ သီချင်းဆိုတာကိုလည်း သူက မကြာခဏ ဆိုသလို သွားရောက်အားပေးမိသည်။ သူမ ... ပိုက်ဆံ များများရဖို့ ပန်းကုံးတွေလည်း မကြာခဏ သွားစွပ်ပေးရသည်။ သူမက လည်း သူ့ကို နေရာတကာ ယုံကြည်အားကိုးလာကာ ဘာမဆို ဖွင့်ဟတိုင်ပင်လေသည်။

"ခတ္တာ အလုပ်က လူအများရှေ့မှာ လှလှပပလေး ဝတ်စားပြင်ဆင်ပြီး အလုပ်လုပ်ရတာ မဟုတ်လား အစ်ကိုရယ် ... ၊ အဆိုတော်ဆိုတာ သီချင်းဆိုတတ်ရုံနဲ့လည်း မပြီးသေးဘူး အစ်ကိုရဲ့၊ အဝတ်အစားလေး ဘာလေး တောက်တောက်ပြောင်ပြောင် ရှိမှ ပိုအဆင်

http://www.linhtet.com

ပြေတာ ... ၊ ခတ္တာက သိပ်မဝတ်နိုင်တော့ အဟောင်းတွေ တန်ဖိုးနည်းတာတွေ ဝတ်ပြီး စင်ပေါ်တက်ရတာပေါ့၊ အဲဒါကို မန်နေဂျာက နားလည်မပေးနိုင်ဘူးလေ၊ ဒီနေ့ပဲ ခတ္တာကို ခေါ်ပြောတယ်၊ သူတို့ဆိုင်က အဆိုတော်ကို အဝတ်အစား အဟောင်းအနွမ်းတွေနဲ့ မမြင်ချင်ဘူးတဲ့၊ သူတို့ဆိုင် သိက္ခာကျတယ်တဲ့ ... ၊ ခတ္တာမှာ ကလည်း တန်ဖိုးကြီးတာ သစ်တာဆိုလို့ အစ်ကို ဝယ်ပေးတဲ့ အဝတ်တစ်စုံပဲ ရှိတာ၊ အိမ်မှာက အငယ်တွေကိုလည်း ငဲ့ရတော့ အဝတ်အစားဝယ်ဖို့ ပိုက်ဆံ အပိုမရှိတာနဲ့တော့ ခက်တော့တာပဲ အစ်ကိုရယ် ... ၊ ခတ္တာ စိတ်ညစ်လိုက်တာ အရမ်းပါပဲ ... ”

ကောင်မလေးရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်လေးတွေပင် စို့လာသည်။ သူကလည်း မဆိုင်းမတွပင် ...

“စိတ်မညစ်ပါနဲ့ကွာ ... ဒီကိစ္စက မခက်ပါဘူး ... အစ်ကို ကူညီမှာပေါ့၊ မနက်ဖြန်ကျ ခတ္တာလိုချင်တာ အစ်ကို လိုက်ဝယ်ပေးပါ့မယ်၊ ဘယ် Shopping Center မှာ ဘာဝယ်မယ်ဆိုတာသာ စဉ်းစားထား၊ ဟုတ်ပြီလား ... ”

“ကျေးဇူးပါပဲ အစ်ကိုရယ်၊ အစ်ကို့ ကျေးဇူးကို ဘယ်လို ဆပ်ရမှန်းတောင် မသိတော့ပါဘူး ... ”

http://www.linhtet.com

သူမရဲ့ ကျေးဇူးစကားလေးတွေကလည်း ချိုမြိန်လွန်းပါသည်။ သူ့မျက်စိထဲမှာတော့ သူမ အဝတ်အစားတွေကို သိပ်ဟောင်းနွမ်းလှသည်ဟု မထင်မိပါ။ သူမကပဲ လှနေလို့ အဝတ်အစားတွေကိုပါ အရောင်ဟပ်သွားတာလားတော့ မသိပါ။ သို့သော် ဘာပဲဖြစ်ဖြစ် သူမက ဟောင်းသည်ဆိုတော့လည်း ဟောင်းတာပဲပေါ့။ သူ အတတ်နိုင်ဆုံး ကူညီရပါမည်။ သူမရဲ့ အသံကလေး ဟန်ကလေးတွေက သူ့ကို ခေါင်းကိုက်ပျောက်စေတာမို့ သူမကျေးဇူးတွေ သူ့အပေါ် အများကြီးရှိပါသည်။

နောက်တစ်နေ့တွင် သူတို့နှစ်ယောက် အတူတကွ Shopping ထွက်ကြလေသည်။ သူက ဈေးဝယ်ထွက်ရမှာကို ပျင်းလှသော်လည်း အနားမှာ သူမ ပါတာမို့ နည်းနည်းလေးမှ မပျင်းမိဘဲ ကြည်နူးလှုပ်ခတ်လို့သာ နေပါသည်။ သူမကလည်း တီတီတာတာ စကားတွေကို ချစ်စဖွယ်ပြောရင်း စိတ်တိုင်းကျ ဝယ်ခြမ်းလျက် ရှိသည်။ သူမ လက်ထဲမှာ ပစ္စည်းတွေ များသထက်များလာသောအခါ သူ နည်းနည်းတော့ မျက်လုံးပြူးချင်လာသည်။ တစ်ကျပ်ကို နှစ်ကျပ်ဖြစ်အောင် ခွာချင်သော သူ့မိန်းမသာဆို ဒီလောက်ဝယ်မှာ မဟုတ်ပါ။ အင်း ... ဒီပုံအတိုင်းသာ ဒီကလေးမ ဆက်ဝယ်နေလျှင် သူ့မှာပါသည့် ပိုက်ဆံတောင် လောက်ပါ့မလားမသိပါ ... ။

http://www.linhtet.com

"ခတ္တာ ... ပစ္စည်းတွေက များလှချည်လား ..."

သူက မရဲတရဲ ပြောမိသောအခါ ကောင်မလေးက သူ့ကို ကြည်နူးနှစ်ခြိုက်စေသည့် စကားလုံး နုနုကလေး များဖြင့် ...

"အို ... ဟုတ်သားပဲ၊ ဆောရီး အစ်ကိုရယ် ... ၊ ခတ္တာလည်း မဝယ်စဘူး ဝယ်ရတော့ အပျော်လွန်ပြီး သတိလက်လွတ် ဝယ်နေမိတာ၊ အစ်ကို မကြိုက်ရင် မဝယ်တော့ဘူးနော်၊ ငွေမရှင်းရသေးတဲ့ ပစ္စည်းတွေပါ ပြန်ထားလိုက်မယ် ..."

"ရပါတယ် ... ရပါတယ်၊ မထားပါနဲ့၊ ဝယ်ပါ ... ဝယ်ပါ ..."

သူက စကားနုနုတွေရဲ့ ဒဏ်ကို မခံနိုင်သူမို့ ကောင်မလေးကို သနားသွားကာ ဝယ်ခွင့် ပေးလိုက်ပါသည်။ ကောင်မလေးနဲ့အတူတူ ရှိနေတဲ့အတွက် သူ့စိတ်တွေ ပျော်ရွှင်ရတာ မဟုတ်လား။ ဒီလောက်တော့ ရင်းနှီးလဲလှယ်ရပါမည်။

ဉာဏ်သည် ကောင်မလေးနောက်ကို လျှောက်လိုက်ရင်း သူ့မိန်းမ မျက်နှာကို ကွက်ခနဲ မြင်ယောင်မိသော အခါ ရင်ထဲ ဒိန်းခနဲ ခုန်ကာ ကတုန်ကယင် ဖြစ်သွားသည်။ ဒါတွေကိုသာ သူ့မိန်းမ သိလျှင် ဘယ်လောက် ဆွေ့ဆွေ့ခုန်

http://www.linhtet.com

နေမလဲ ... ။ နေစမ်းပစေ ... ဒီမိန်းမအကြောင်း မတွေးနဲ့။ အလကား မိန်းမ ... ယောကျ်ားကို ရန်သူလို ဆက်ဆံတဲ့ မိန်းမ ... ။

"အစ်ကို ... ဒီမှာကြည့်ပါဦး၊ ခတ္တာ လှရဲ့လားဟင် ... "

ခတ္တာက အင်္ကျီတစ်ထည် ကပ်ပြကာ ပြုံးခွဲ့ခွဲ့ မေးသောအခါ သူက ကြည်နူးလှုပ်ခတ်စွာ ...

"လှပါတယ်ကွာ ... ခတ္တာက လှပြီးသားပဲ၊ ဘာဝတ်ဝတ် လှပါတယ်"

"အစ်ကိုကလည်း မြှောက်နေပြန်ပါပြီ"


ခတ္တာထံက ရယ်သံသာသာလေးကို ကြားရပြန်သည်။ သူသည် သူလိုချင်လှသော နူးညံ့မှုတွေအတွက် ငွေကို ဗုံးပေါလအော သုံးပစ်ဖို့ အသင့်ရှိနေခဲ့လေသည်။



http://www.linhtet.com



http://www.linhtet.com



ဟေသာတင်သည် ခုတလောမှ အချိုး အပြောင်းကြီး ပြောင်းသွားသော ကိုယ့်ယောကျ်ားကို ကိုယ် မယုံနိုင်သော စိတ်ဖြင့် မသိမသာ ခိုးခိုးကြည့်ရင်း အံ့သြစိတ်က တစ်နေ့တခြား ပိုလာပါသည်။

မနက်မိုးလင်းတိုင်း ဟေသာ မနှိုးရဘဲ သူ့ဘာသာ စောစောထ,ကာ ရုံးသွားဖို့ ပြင်ဆင်တတ်တာကိုက ထူးခြားမှုတစ်ခု ဖြစ်သည်။ ဟင်းကောင်းကောင်း မကောင်းကောင်း ကြိတ်မှိတ်သည်းခံ စားသွားတတ်တာလည်း နောက်ထပ် ထူးခြားမှုတစ်ခု ဖြစ်သည်။ ဟေသာက အိမ်ထဲမှာပင် ဥဏ်ရဲ့ လှုပ်ရှားသွားလာပုံတွေကို တိတ်တဆိတ် လိုက်ချောင်းကြည့်သောအခါ သီချင်းညည်းတာ ... လေချွန်တာတွေကိုပါ ကြားလာရသည်။ အထူးဆန်းဆုံးက ဟေသာ ဘာပြောပြော

http://www.linhtet.com

ဒေါသမဖြစ်ဘဲ ကောင်းကောင်းမွန်မွန် ပြန်ပြောတတ်ခြင်း ဖြစ်သည်။ သူ စည်းကမ်းမရှိ ရှုပ်ဖွထားတာတွေကို ဟေသာက ထုံးစံအတိုင်း ပြောဖို့ အစ,ပျိုးမိရုံရှိသေး သူကသွက်သွက် လက်လက် ထ,လာကာ ...

"ဆောရီးကွာ ... ကိုယ် အကျင့်မကောင်းတာပါ၊ စည်းကမ်းမရှိ ရှုပ်ဖွထားတတ်တဲ့ အကျင့်ကြီးကို ပြင်လို့ မရဘူး ဖြစ်နေတယ်၊ တဖြည်းဖြည်းတော့ ကြိုးစားပြင်ပါ့မယ်ကွာ၊ ထားခဲ့ ... ထားခဲ့ ... ဟေသာ့ဘာသာ လုပ်စရာရှိတာ သွားလုပ်၊ ဒါတွေ ကိုယ်ပဲ ရှင်းလိုက်မယ် ..."

စာရွက်တွေ စီထပ်၊ အဝတ်အစားတွေ ခြင်းထဲ စုထည့် လုပ်နေသော ဟေသာ့ယောကျ်ားကို ခဏလောက် ကြက်သေသေရင်း ကြည့်နေမိပါသည်။ အံ့သြလွန်းလို့ ဘာမှ မပြောနိုင်ဘဲ သူ ပြောင်းလဲသမျှတွေကို စောင့်ကြည့်နေရပါသည်။ သူ ဘာလို့ ပြောင်းလဲသွားတယ်ဆိုတာ ဟေသာ ရုတ်တရက် စဉ်းစားလို့ မရပါ။ သူ ဟေသာ့ကို သနားသွားတာလား ... ။ အရင်လို ပြန်ချစ်သွားတာလား ... ။ ဟေသာက ကိုယ့်ဘက်ကိုယ် ယက်ကာ တွေးကြည့်ခဲ့မိသေးသည်။

ရုံးသွားခါနီးတွင် ဉာဏ်က ဟေသာ့ကို နွေးနွေးထွေးထွေး နူးနူးညံ့ညံ့ နှုတ်ဆက်ပြန်သည်။

http://www.linhtet.com

"ဟေသာရေ ... ကိုယ် ဒီနေ့လည်း နည်းနည်း နောက်ကျမယ်နော် ... ၊ ခုတလော ရုံးမှာက အလုပ်တွေ အရမ်းများတယ်ကွာ ... တကယ်ဆိုးပါတယ်၊ ကိုယ့် မိန်းမနဲ့ကိုယ် နေဖို့တောင် အချိန်မပေးနိုင်လောက်အောင် အလုပ်ထဲပဲ နစ်နေရတာ၊ ဟေသာ့ကို တကယ်အားနာတယ်၊ ကိုယ် အရမ်းတော့ နောက်မကျပါဘူး၊ နည်းနည်းပဲ နောက်ကျမယ်၊ ဗိုက်ဆာရင် စားထားနှင့်နော်၊ ဩော် ... ဟေသာ လိုချင်တယ် ပြောပြောနေတဲ့ ဆလင်းဒီယွန်ရဲ့ CD ခွေသစ် ကိုယ် ညနေကျ ဆက်ဆက် ဝယ်လာခဲ့ပေးမယ်၊ ဟုတ်ပြီလား ...

ဉာဏ်က ဟေသာ့ကို ချိုသာစွာပြောပြီး သွက်လက်စွာ ထွက်ခွာသွားခဲ့ပါသည်။

ဟေသာ့ အတွက်တော့ သူ့ လုပ်ရပ်တွေ ... အပြော အဆိုတွေဟာ အံ့သြစရာတွေချည်းသာ ဖြစ်လို့နေရပါသည်။

ခုတလောမှာမှ ဟေသာတို့ရဲ့ ဆက်ဆံရေးဟာ ထူးခြားပြောင်းလဲလာသည်။ ဟေသာကလည်း ဉာဏ့် ရုံးက စာရေးမလေး သူဇာ ရှင်းပြတာမို့ ဟေသာ စွပ်စွဲမိတာတွေ အတွက်လည်း အားနာရကာ သူ့နောက် လိုက်ချောင်းသည့်

http://www.linhtet.com

အလုပ် မလုပ်၊ ဖုန်း ခဏခဏ မဆက်ဘဲ အသာငြိမ်နေလိုက်ရသည်။ ဟေသာ ငြိမ်နေလို့ပဲလား မသိ ... သူက ကြည်လင်ရွှင်ပျကာ သဘောတွေ ကောင်းနေသည်။ သို့သော် ... သူ့သဘော ကောင်းပုံကြီးက ပုံမှန်ထက် ပိုလွန်းနေပါသည်။ မစိန်ကပင် ဉာဏ်အပြောင်းအလဲကို ရိပ်မိကာ ...

"အစ်မရေ ... အစ်မယောကျ်ားကြည့်ရတာ ခုတလော အရင်နဲ့ မတူတော့ဘူးနော် ... ၊ အရမ်းပြောင်းလဲသွားတာပဲ ... ၊ ထူးတော့ ထူးဆန်းတယ်"

"ဘာတွေ ထူးဆန်းတာလဲ ... ၊ မစိန် မြင်တာ ပြောပါဦး"

"အို ... ကျွန်မဖြင့် သူ့ကြည့်ပြီး ရယ်တောင် ရယ်ချင်တာ အစ်မရဲ့၊ သူက ကက်ဆက်ဖွင့်ပြီး သီချင်း လိုက်ဆိုချင် ဆိုနေတာ ... ၊ တစ်ခါကဆို သီချင်းဆိုရင်း ကိုယ်ကို တွန့်လိမ်ပြီး က,လိုက်တာကို ကျွန်မ မြင်လိုက်ရတယ်၊ ကျွန်မဖြင့် ရယ်ချင်တာနဲ့ မီးဖိုချောင်ထဲ ဝင်လာပြီး ကြိတ်ရယ်ရတယ်၊ သူ့ လက်ကိုင်ဖုန်းလေးနဲ့ ဖုန်းပြောရင်လည်း မျက်နှာက ပြုံးနေတာပဲ ... ၊ တစ်ခါကဆို ဘာဖြစ်လို့မှန်းမသိပါဘူး ... မီးဖိုချောင်ထဲ ဝင်ပြီး ဖုန်းပြောနေတာ၊ အဲဒီတုန်းက အစ်မက အိမ်ရှေ့မှာ

http://www.linhtet.com

တီဗီကြည့်နေတာ ထင်တယ်၊ ကျွန်မက မီးဖိုချောင်ထဲမှာ ပန်းကန်တွေ ဆေးပြီး သယ်လာတာ ... သူနဲ့ တိုက်မိမလို့တောင် ဖြစ်သွားသေးတယ် ..."

ဟေသာသည် မစိန် စကားကို နားထောင်ရင်း ဟေသာ့ယောကျ်ား ဘာတွေဖြစ်နေတာလဲဟု စဉ်းစားကြည့်မိကာ ခေါင်းရှုပ်လာသည်။ သူ ... ရည်းစားထားနေတာများလား ... ။ သူ အမှန်တကယ် အသစ်တွေ့နေရင် ဟေသာ့ကို ခုလို ဂရုပြန်စိုက်ပါ့မလား ... ။ မကောင်းဘဲ မြင်နေမှာ မဟုတ်လား ... ။ သူတို့လို အိမ်ထောင်သည် ယောကျ်ားတွေရဲ့ စိတ်ကို ဟေသာလည်း မခန့်မှန်းတတ်ပါ။

"အဲဒီတော့ မစိန်က သူ့ကို ဘယ်လိုမြင်လဲ"

"ဘာကို ပြောတာလဲ အစ်မရဲ့ ..."

"သူ ဘာလို့ ခုလို တက်ကြွရွင်လန်းနေတာလို့ ထင်လဲ"

"သြော် ... ဒါက ရှင်းနေတာပဲ အစ်မရယ် ..."

"အင်း ... ပြောစမ်းပါဦး ..."

"အစ်မယောကျ်ားက အစ်မနဲ့ အတူနေရတာကို ပျော်လို့ပေါ့၊ အစ်ကို ပိုချစ်လာလို့ ပိုဂရုစိုက်ပြီး ချိုချိုသာသာ ဆက်ဆံတာပေါ့၊ အစ်မ ဘာပြောပြော အရင်လို ရန်မဖြစ်ဘဲ သည်းခံနေတာကလည်း အစ်မကို ချစ်လို့

http://www.linhtet.com

သာပေါ့၊ မစိန်ဖြင့် ခုတလော သိပ်စိတ်ချမ်းသာတာပဲ အစ်မရယ်၊ အရင်ကဆို အစ်မတို့ လင်မယားက ခဏ ခဏ စကားများတော့ ကျွန်မလည်း စိတ်ဆင်းရဲရတယ်”

ဟေသာသည် မစိန် အပြောကြောင့် ကိုယ့်ကိုယ် ကိုပင် အထင်ကြီးလာသလို ဖြစ်ကာ လှစ်ခနဲပင် ပြုံးလိုက်မိပါသည်။ သူ ... ဟေသာ့ကို ချစ်သူဘဝကလို အချစ်မျိုးဖြင့် ပြန်ချစ်နေတာများလားဟု တွေးကာ စိတ်ချမ်းသာရလေသည်။ သို့သော် မီးဖိုချောင်ထဲ ဖုန်းဝင်ပြောနေတာကတော့ မသက်ာစရာ ကောင်းမနေဘူးလား ... ။

ဟေသာသည် ဉာဏ်ရဲ့ ညှတ်ပျောင်းမှုတွေအတွက် စိတ်ချမ်းသာရသော်လည်း တစ်ဖက်က သူ့ရဲ့ထူးခြားပြောင်းလဲမှုအတွက် အံ့ဩသံသယဝင်ကာ အိမ်ထဲမှာပင် သူ့အရိပ်အခြည်ကို တိတ်တဆိတ် ချောင်းမြောင်းကြည့်မိလေသည်။

တစ်ကြိမ်တွင် သူ ရုံးသွားဖို့ ပြင်ဆင်နေဆဲ ဟေသာက ရေချိုးခန်းတံခါးကို အသာဟကာ ချောင်းကြည့်လေသည်။ ကိုယ်တော်ချောက မှန်ရှေ့မှာ ဟိုလှည့် ဒီလှည့်နှင့် သူ့ရုပ်သူ တော်တော်နှင့် ကြည့်လို့မဝနိုင် ... ။ ရေမွှေးတွေ ဆွတ်လိုက်သည်မှာလည်း မွန်ထွန်ထ,နေသည်။ ပြီးတော့ ...

http://www.linhtet.com

အင်္ကျီ အရောင်နုနုကလေးတွေကို ရွေးရွေးဝတ်တတ်တာက လည်း ထူးခြားလေသည်။


ဟေသာသည် သူ့ပြောင်းလဲမှုအတွက် ပျော်ရမလား ... စိတ်ညစ်ရမလားပင် မသိတော့ဘဲ အူကြောင်ကြောင် ဖြစ်နေခဲ့ရလေသည်။



http://www.linhtet.com



http://www.linhtet.com



“နင် တော်တော် အ,ပါလား ဟေသာရယ် ...၊ ဒါလေးတောင် မစဉ်းစားတတ်ဘူးလား၊ သေသေချာချာ မှတ်ထား၊ ယောကျ်ားတွေ အကြောင်းမဲ့ သူတို့ မိန်းမ ကို သိပ်ကောင်းပြနေပြီ၊ လိုတာထက်ပိုပြီး ဖားနေပြီဆို အဲဒါ သူတို့ အပြင်မှာ သာယာစရာ တွေ့နေလို့ပဲ ...”

“ဟင် ... ဟုတ်လို့လားဟယ် ...၊ အသစ် တွေ့ရင် အဟောင်းကို ဖိပြီး အပြစ်ရှာနေမှာ မဟုတ်လား ...”

“အဲဒီလို ရိုးရိုးကြီး မတွေးနဲ့လေ ...၊ သူတို့က အပြင်မှာ မဟုတ်တာ လုပ်နေတော့ သူတို့ အပြစ်တွေ ကို ဖုံးအောင် အိမ်က မိန်းမ မရိပ်မိအောင် လိုတာထက် ပိုပြီး သဘောကောင်းပြနေတာပေါ့ ...”

http://www.linhtet.com

"သူ ... ကြည်လင် ရွှင်ပြုံးနေတာ နင့်ကို ပိုပိုချစ်လာလို့ ဆိုပြီးတော့လည်း ကြည်နူးမနေနဲ့၊ သူတို့လို ယောကျ်ားဆိုတာက အပြင်မှာ စိတ်ကြည်မွေ့စရာလေးတွေ ရှိနေပြီဆို အလိုလို မြူးနေရော၊ အပြင်က အရှိန်က အိမ်ထဲထိ ပါလာတာ ..."

စန္ဒီတို့ ပြောကာမှ ဟေသာ ပျော်နေတာလေးတွေပင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရလေသည်။ တကယ်ဆို ဟေသာကအိမ်ထောင်ကျကာမှ ကျရော ယောကျ်ားတွေ အကြောင်း သိပ်သိလှတာ မဟုတ်ပါ ... ။ ဒီတစ်ယောက်နဲ့ပဲ ချစ်သူဖြစ်၊ ဒီတစ်ယောက်နဲ့ပဲ ယူ၊ ချစ်သူသက်တမ်းကလည်း ခဏလေးမို့ ယောကျ်ားဆိုတဲ့ အမျိုးအစားကို အသေအချာ အကဲခတ်ခွင့်ပင် မရလိုက် ... ။ အိမ်က ဖေဖေကလည်း နယ်နှင့် ရန်ကုန် သွားချည်ပြန်လှည့် လုပ်ပြီး စီးပွားရေးကိုသာ စိတ်ဝင်စားသူမို့ မိန်းမကိစ္စ အရှုပ်အထွေးတွေလည်း ဟေသာ မကြားခဲ့ဘူးပါ။

"အဲ ... အဲဒီတော့ ငါ ဘာလုပ်ရမလဲဟင် ..."

"လက်ဆုပ်လက်ကိုင် ပြန်ိုင်အောင် သေသေချာချာ စုံစမ်းရမယ်၊ နောက်ကနေ လိုက်ချောင်းသင့်ရင် ချောင်းရမယ် ..."

"အမလေး ... ချောင်းတော့ မချောင်းပါရစေနဲ့ဟယ်၊

http://www.linhtet.com

ဟိုတစ်ခါလည်း အချောင်းကောင်းလို့ နှစ်ယောက်စလုံး ဒုက္ခရောက်ပြီးပြီ"

"နင် မချောင်းရဲရင် ငါတို့ ချောင်းပေးမယ်"

"ဖြစ်ပါ့မလားဟယ်၊ နင်တို့ကိုလည်း သူ သိနေတာ"

"သူမမြင်အောင် ချောင်းမှာပေါ့၊ လိုက်စုံစမ်းမှာပေါ့"

"ဖိုးဉာဏ် ... အိမ်ပြန်ချိန်ရော မှန်ရဲ့လား ဟေသာ"

"နောက်ကျတယ်၊ ရုံးမှာ အလုပ်တွေ မပြီးပြတ်သေးလို့ ပြောတာပဲ၊ ဟုတ်မှာပါ ... သူက ရုံးသွားရင် သူ နောက်ကျမယ့် အကြောင်း လေးလေးစားစား ပြောသွားတတ်ပါတယ်၊ ပြန်လာရင်တော့ စားစရာ တစ်ခုခုဖြစ်ဖြစ် ... ငါမှာတဲ့ ပစ္စည်းဖြစ်ဖြစ် အမြဲဝယ်လာတတ်တာပဲ၊ သူ ငါ့ကိုတော့ အရမ်း ဂရုစိုက်တယ် ..."


"ဂရုစိုက်ပြနေတာလေ၊ သူ မဟုတ်တာလုပ်နေလို့ နင် ဘာမှ မပြောအောင် ... နှုတ်ပိတ်နေအောင် ဖားနေတာပါဟယ် ... ယုံကြည်မနေစမ်းပါနဲ့ ..."

ဟေသာ့ သူငယ်ချင်းတွေကတော့ ယောကျ်ားမယုံကြည်ရေးအသင်း ဖွဲ့လို့တောင် ရပါသည်။ ဒါမျိုး စုံစမ်းရမည်ဆိုလျှင် တက်ညီလက်ညီ ဖြစ်နေသည်။ ဟေသာတို့ သူငယ်ချင်းတွေ အားလုံးက ရည်းစားက သစ္စာဖောက်သွားသူ၊ ယောကျ်ားက ခြေမငြိမ်သူတွေချည်းသာ ဖြစ်တာမို့


http://www.linhtet.com

ဟေသာ့ ယောကျ်ားကိုလည်း သံသယဖြင့်သာ ဝိုင်းစောင့်ကြည့်နေကြလေသည်။

နောက်ဆုံးတော့ ဟေသာသည် ဥဏှ်ကို သူတို့လက်ထဲ အပ်လိုက်ပြီး အဖြေတစ်ခုခုကို ရင်ခုန် ထိတ်လန့်စွာ စောင့်စားနေရလေသည်။



http://www.linhtet.com



၁၈

ထိုနေ့ ညနေက ဉာဏဉာဏ်သည် ခါတိုင်းနေ့များကလိုပင် ကြည်နူးရွှင်မြူးစွာ ရုံးဆင်းလာခဲ့လေသည်။ ရုံးဆင်းခါနီး သူ ခေါင်းဖြီး မှန်ကြည့်နေတာကို တွေ့တော့ သူ့စာရေးကလေးက ...

"ဆရာ့ကြည့်ရတာ ခုတလော ပိုပြီး နုလာသလိုပဲ ..."

ဟု ကျီစယ်သွားခဲ့လေသည်။ သူကလည်း မဆိုင်းမတွပင် ...

"နုရမှာပေါ့ကွာ ..."

ဟု ပြန်ပြောရင်း ခတ္တာရဲ့ မျက်နှာနုနုလေးကို ပြေးမြင်ယောင်လေသည်။ ခတ္တာက တစ်နေ့ထက် တစ်နေ့ ပိုပိုပြီး ချစ်စရာကောင်းလာသည်။ ခတ္တာ စကားတွေကလည်း သာယာပျော့ပျောင်းသည်။ မိန်းမဆိုတာ ဒီလိုမှပေါ့ ... ဖော့

http://www.linhtet.com

ဖယောင်းလို ပျော့ပျောင်းရမည် ... ကြိုးကြာငှက်လို အသံသာရမည်။ သူ့မိန်းမလို ဝိုင်းဒိုင်းကျဲ ပြောဆိုပြုမူမျိုးတွေ မရှိသင့်ပါ။

သူ ... ရုံးခန်းထဲက ထွက်လာကာ ကားဆီလျှောက်သွားမိပြီးမှ စိတ်ကူးရကာ ခတ္တာအတွက် တစ်ခုခု ဝယ်သွားရန် သိပ်မဝေးလှသော Shopping Center ဘက်သို့ လမ်းလျှောက်လာခဲ့လေသည်။ လေငါးလှမ်း လျှောက်ပြီးကာမှ သူ့လက်ထဲက စာအုပ်တချို့ကို ကားထဲ ထည့်ခဲ့မည်ဟု စဉ်းစားကာ ကားဆီ ပြန်လှည့်လိုက်စဉ် ဟေသာ့ သူငယ်ချင်း စန္ဒီ့ကို သူ့နောက်နားမှာ လှမ်းမြင်လိုက်ရလေသည်။

"စန္ဒီပါလား ... ဘယ်က လာတာလဲ ..."

"သြော် ... အဟင်း ... ဒီနားပဲ၊ ဈေးဝယ်လာတာ ..."

"တစ်ယောက်တည်းလား ..."

"အင်း ... တစ်ယောက်တည်းပဲ၊ ကိုဉာဏ်ကရော ရုံးဆင်းလာပြီလား၊ အတော်ပဲ ... ဟေသာ့ကို မတွေ့ရတာတောင် ကြာပြီ၊ စန္ဒီက တက္ကဆိနဲ့ လာတာလေ ... ၊ ကိုဉာဏ် အိမ်ပြန်မှာ မဟုတ်လား ... စန္ဒီလည်း လိုက်ခဲ့မယ် ..."

"အင် ... ဟင် ... ကျွန်တော်က အိမ်မပြန်သေးဘူး ... ၊ သွားစရာလေးတစ်ခု ရှိလို့ ... ဟိုဒင်းပါ ... သူငယ်ချင်း

http://www.linhtet.com

တစ်ယောက် နိုင်ငံခြားက ပြန်လာတာ ... အဲဒါ ညစာ ကျွေးမယ်ဆိုလို့ပါ ..."

"ဩော် ... ဟုတ်လား၊ ဒါဆိုလည်း သွားပါ ... ရပါတယ်၊ စန္ဒီလည်း နောက်မှ လာခဲ့တော့မယ် ..."

စန္ဒီက နှုတ်ဆက်ပြီး ထွက်သွားသောအခါ သူ့ရင်ထဲ လေးကျန်ရစ်ခဲ့ပါသည်။ သူ နည်းနည်းတော့ မျက်နှာပူသလိုပင်။

သူက Shopping Center ထဲ ဝင်လာကာ ဘာဝယ်ရရင် ကောင်းမလဲ စဉ်းစားရင်း လျှောက်ကြည့်နေမိပါသည်။ မိန်းကလေးဝတ် အင်္ကျီတွေရှေ့တွင် ခဏ ရပ်ကာ အင်္ကျီတစ်ထည် ကိုင်ကြည့်နေဆဲ သူ့ကို လှမ်းကြည့်နေသော မျက်လုံးတစ်စုံကို သတိထားမိလေသည်။ သူက ရှေ့နားမှာ ကွယ်နေသည့် အင်္ကျီတချို့ကို ဆွဲဖယ်ကြည့်လိုက်သောအခါ ဟေသာ့ သူငယ်ချင်း ယဉ်ယဉ့် မျက်နှာက ဘွားခနဲ ပေါ်လာလေသည်။

"ဟာ ... ယဉ်ယဉ်ပါလား ..."

"ဟယ် ... ကိုဉာဏ်ပါလား၊ ယဉ်လည်း ကိုဉာဏ်နဲ့ တူပါတယ်ဆိုပြီး ကြည့်နေတာ ..."

"ယဉ်ယဉ်က စန္ဒီနဲ့ အတူလာတာလား"

"ဟမ် ... မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ"

http://www.linhtet.com

"ဩော် ... ယဉ်ယဉ်တို့ သူငယ်ချင်းတွေကို ဒီနားမှာပဲ ရှေ့ဆင့်နောက်ဆင့် တွေ့နေလို့ပါ၊ ခုနပဲ ကျွန်တော်တို့ ရုံးရှေ့မှာ စန္ဒီ့ကို တွေ့လိုက်သေးတယ်"

"ဟုတ်လား ... သူ ... ကိုဉာဏ်တို့ ရုံးဘေးက ဖက်ရှင် ဆိုင်လေးကို လာတာ ဖြစ်မယ်၊ အဲဒီဆိုင်လေးက သူ ဝယ်နေကျလေ ... ဩော် ... ဒါနဲ့ ကိုဉာဏ်က ဒီမိန်းမ အင်္ကျီတွေနားမှာ ဘာလုပ်နေတာလဲ၊ ဟေသာ့ဖို့ အင်္ကျီ ဝယ်သွားမလို့လား ... ၊ ယဉ် ကူရွေးပေးလိုက်မယ်လေ၊ ဟေသာက အပြာရောင် ကြိုက်တယ် ကိုဉာဏ်ရဲ့၊ ရော့ ... ဒါလေး မကောင်းဘူးလား၊ ဒီပုံစံမျိုးဆို ဟေသာ သိပ်သဘောကျတာ၊ ဒါလေးလည်း လှတာပဲ၊ အဖြူ ဆိုပေမယ့် ပန်းရောင်လေးလဲ့လဲ့ ပြေးနေတာ ... အရမ်း လှတယ်၊ ဒါလေးပါ ယူလိုက်၊ အင် ... ဒါလည်း လှတာပဲ၊ မထူးပါဘူး ... ဒါပါ ယူလိုက်ပါ ..."

သူ့မှာ ဘာပြန်ပြောရမှန်း မသိဘဲ ယဉ်ယဉ် ရွေးပေးတာတွေကို ယူကာ ငွေရှင်းပေးလိုက်ရပါသည်။

ဉာဏဉာဏ်သည် စိတ်ထဲ လေးလေးပင်ပင်နှင့်ပင် ယဉ်ယဉ်ကို နှုတ်ဆက်ကာ ခတ္တာထံသို့ ထွက်လာခဲ့လေသည်။ သူ ... ခတ္တာနှင့်အတူ စားသောက်ဆိုင်ရှေ့ ကားပါကင်သို့ ထွက်လာသောအခါ သူ့ကားရပ်ထားသောနေရာ နံဘေး

http://www.linhtet.com

မှောင်ရိပ်မှ လူတစ်ယောက်ကို တွေ့ရလေသည်။ သူ အသေအချာ ကြည့်မိသောအခါ ဟေသာ့ သူငယ်ချင်း မြတ် ဖြစ်နေပြန်ပါသည်။ ဒီနေ့အဖို့ ဟေသာ့ သူငယ်ချင်းတွေကို တစ်နေရာမဟုတ် တစ်နေရာမှာ တွေ့နေရသည့် အတွက် သူ့စိတ်ထဲ နည်းနည်း သံသယ ဖြစ်လာပါသည်။ သူက ခတ္တာနှင့် မသိမသာ ခပ်ခွာခွာ ရပ်လိုက်ပြီးမှ မြတ်ကို နှုတ်ဆက်ရပါသည်။

"မြတ်ပါလား ... ဒီမှာ လာစားတာလား"

"ဟုတ်တယ် ကိုဉာဏ်၊ ကိုဉာဏ်ရော ... ဒီမှာ လာစားတာလား"

"အင်း ... အဲ ... ဟုတ်ပါတယ်၊ မြတ်က တစ်ယောက်တည်းလာစားတာလား"

"မဟုတ်ပါဘူး ... သူငယ်ချင်းတွေနဲ့ လာစားတာ၊ သူတို့က ပြန်သွားပါပြီ၊ မြတ်က လာကြိုမယ့် ကားကို စောင့်နေတာ ..."

"အထဲမှာ ဝင်စောင့်နေပါလား မြတ်ရဲ့၊ ဒီနားကြီးက မှောင်ပါတယ် ..."

"ရပါတယ် ... ကားက ခုပဲ လာတော့မှာပါ ..."

မြတ်က အနားမှာ ရှိနေတာမို့ ခတ္တာနှင့်အတူ ကားထဲ ဝင်ထိုင်ဖို့ သူ အခက်တွေ့နေပါသည်။ နောက်တော့

http://www.linhtet.com

သူက ဉာဏ်နီဉာဏ်နက်တွေ ဖျစ်ညှစ်ထုတ်ကာ စားသောက်ဆိုင် အတွင်းပိုင်းသို့ လက်ညှိုးထိုးပြလိုက်ရင်း ...

"ဟော ... ဟိုမှာ မြတ် အသိထင်တယ်၊ လှမ်းခေါ်နေတယ်၊ ဟော ... ဟိုဘက်မှာ ... အတွင်းဘက် စားပွဲမှာ ပြန်ထိုင်လိုက်တယ် ထင်တယ်"

"ဟုတ်လား ... ဒါဆို မြတ် အထဲခဏ ပြန်ဝင်ကြည့်လိုက်ဦးမယ် ..."

မြတ် အထဲဝင်သွားတော့မှ သူက ကားထဲအမြန်ဝင်ထိုင်ပြီး မောင်းထွက်လာခဲ့ပါသည်။ အန္တရာယ်တစ်ခုက လွတ်လာသော်လည်း နောက်ထပ် ဂြိုဟ်ဆိုးတစ်ခု ဝင်လာပြန်ပါသည်။ ခတ္တာက ကားနောက်ခန်းထဲမှာ အင်္ကျီထည့်ထားသော အိတ်ကို လှမ်းဆွဲယူကာ ...

"ဟယ် ... လှလိုက်တာ၊ ဒါ ခတ္တာဖို့ အစ်ကို ဝယ်လာတာ မဟုတ်လား ...၊ ရွေးတတ်လိုက်တာ၊ ခတ္တာ အကြိုက်ပဲ"

သူ ... အကြပ်ရိုက်သွားရပြန်ပါသည်။ ယဉ်ယဉ်ကတော့ ဟေသာ့အတွက် အင်္ကျီ ဘယ်နှစ်ထည် ရွေးပေးလိုက်ကြောင်း ... ဟေသာ့ကို မပြောဘဲနေမှာ မဟုတ်ပါ။ ခုလောက်ရှိ ဖုန်းဆက်ပြောပြီးပြီလားတောင် မသိပါ။ ဒီအင်္ကျီတွေ ဟေသာ့အတွက် ပါမသွားလို့ လုံးဝမဖြစ်ပါ။

http://www.linhtet.com

"အဲ ... အဲဒါတွေက ခတ္တာဖို့ မဟုတ်ဘူးကွ၊ ကိုယ့် ညီမတွေ မှာလိုက်လို့ ဝယ်လာတာ ..."

"ဟင် ... အစ်ကိုကလည်း ခတ္တာဖို့ကျ ဝယ်မလာဘူး"

"နောက်နေ့မှ ဝယ်လာပါ့မယ်ကွာ ..."

"မရပါဘူး ... ခတ္တာက ဒါပဲကြိုက်တာ၊ ဒါတွေ ခတ္တာ ယူလိုက်မှာပဲ၊ အစ်ကို့ဘာသာ နောက်နေ့ကျမှ အသစ် ထပ်ဝယ်သွားပေါ့ ..."

"ခက်တာပဲကွာ ..."

"ဘာခက်တာလဲလို့ ..."


"ဘာမှ မခက်ပါဘူးကွာ၊ ယူပါ ... ယူပါ ... ယူလိုက်ပါ ..."

နောင်ခါလာမှ နောင်ခါစျေး သဘောထားကာ လောလောဆယ် ပြဿနာကိုသာ ဖြေရှင်းလိုက်ရပါသည်။ မူမှန်ခဲ့ခဲ့ စိတ်ကောက်ဟန်ကလေးရဲ့ ဆွဲအားကို သူ မငြင်း ဆန်ရက်ပါ။


သူ ... ခတ္တာကို ခတ္တာတို့ လမ်းထိပ်မှာ ချပေးခဲ့ပြီး ကားပြန်ကွေ့လာသောအခါ ကားတစ်စီးနှင့် တိုက်မိမလို ဖြစ်သွားတာမို့ အမြန် ဘရိတ်အုပ်လိုက်ရပါသည်။ တစ်ဖက် ကားထဲသို့ လှမ်းကြည့်သောအခါ ယဉ်ယဉ်၊ စန္ဒီနှင့် မြတ်တို့ သုံးဦးကို တစ်စုတစ်စည်းတည်း တွေ့ရလေသည်။ ကားက

http://www.linhtet.com

သူ့ကားကို ကျော်ကာ ခပ်မြန်မြန် မောင်းထွက်သွားသည်။ သူ့စိတ်ထဲ အံ့သြထူးဆန်းနေပြီးမှ အန္တရာယ်ရဲ့ အငွေ့အသက်ကို သတိထားမိလိုက်လေသည်။



http://www.linhtet.com



“အဖြေက ရှင်းနေပြီပဲ ဟေသာ၊ ငါ ရွေးပေးလိုက်တဲ့ အင်္ကျီတွေကို သူ့ကောင်မလေး ဖြတ်ယူသွားလို့သာ နင့်အတွက် ပါမလာတော့တာပေါ့၊ နင့်အတွက်ဆိုပြီး သူ ဝယ်လာတဲ့ အင်္ကျီတွေက ငါရွေးပေးတဲ့ အင်္ကျီတွေမှ မဟုတ်တာ၊ သူ့ဘာသာ ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝင်ဝယ်လာခဲ့တာ . . . ၊ ငါက နင့်ကို အကြောင်းကြားပြီးသား မို့လို့ အင်္ကျီတွေ ပါမလာဘူးဆိုရင် သံသယ ဖြစ်မှာ စိုးလို့သာ ဝင်ဝယ်လာတာ . . . ၊ အမှန်က သူ မိန်းမဝတ် အင်္ကျီတွေရှေ့မှာ ရပ်နေတာ သူ့ကောင်မလေးအတွက် ဝယ်မလို့ သိလား၊ ငါ့တွေ့လို့ ချော်လဲရောထိုင် လုပ်လိုက်တာ . . . ”

“သူတွဲနေတဲ့ ကောင်မလေးအကြောင်းလည်း ငါတို့

http://www.linhtet.com

စုံစမ်းခဲ့ပြီးပြီ၊ ကောင်မလေးက ငယ်ငယ်နုနုလေး ... ၊ အခွဲပိုပိုလေးပေါ့ဟယ် ... ၊ ရည်းစားတွေမှ အများကြီးပဲတဲ့၊ ကိုဉာဏ်ကျတော့ အချဉ်ဖမ်းချင်လို့ တွဲနေတာပါ၊ နေတာက သူငယ်ချင်းတွေနဲ့ စုပြီး တိုက်ခန်းငှားနေတာ၊ သူသီချင်းဆိုလို့ ရတဲ့ ပိုက်ဆံက သူ ဝတ်စားသုံးဖြုန်းလို့တောင် မလောက်ပါဘူး ... ”

“ဒုက္ခပါပဲ ... တကယ့် ဒုက္ခပဲ၊ ငါ ဘာလုပ်ရမလဲ ... တကယ့်ဂြိုဟ်ဆိုးပဲ၊ ငါ သေသာ သေချင်တော့တာပဲ ဟယ် အီး ... ဟီး ... ”

ဟေသာသည် ရင်ခေါင်းထဲက ဝမ်းပန်းတနည်း ဆို့နင့်လာကာ ဟီးခနဲ ငိုချလိုက်လေသည်။ စွပ်စွဲချင်တုန်းကသာ အမျိုးမျိုး စွပ်စွဲခဲ့ပေမယ့် တကယ်ဆိုတော့ ဘာလုပ်ရမှန်းမသိဘဲ ကြောင်အ,အကြီး ဖြစ်နေရပါသည်။ ဟေသာ့ ဘာသာစိတ်တိုင်းမကျတိုင်း ဉာဏ့်ကို တဗျစ်တောက်တောက် ပြောနေမိပေမယ့် စိတ်ထဲက မုန်းလှတယ်ရယ်လို့ မဟုတ်ပါ ... ။ ဉာဏ် ဒီလောက် ရက်စက်လိမ့်မယ်လို့လည်း မထင်ခဲ့ပါ။ ဟေသာသည် တွေးရင်းက ဒေါသဖြစ်လာကာ ဝုန်းခနဲ ထ,ရပ်မိရင်း ...

“တော်တော် သစ္စာမဲ့တဲ့ ယောကျ်ား ... ဒင်းက ဒီလိုလုပ်တော့ ဒီက ဟေသာတင်က ငြိမ်နေမယ် အောက်

http://www.linhtet.com

မေ့သလား ... လူကြားထဲ လိုက်ပြီး အရှက်ခွဲပစ်လိုက်မယ်"

"ဟဲ့ ... ဒီလိုမလုပ်နဲ့ဦးလေ၊ ခုဟာက ရိုးရိုးတန်းတန်း သာယာရုံလေး ခဏတဖြုတ် တွဲတာလည်း ဖြစ်နိုင်တာပဲ၊ အတည် ဟုတ်ချင်မှ ဟုတ်မှာပါ ..."

"သာယာရုံလေး ... ဟုတ်လား၊ သူက အဲဒီ မိန်းမနဲ့ တွဲရမှ သာယာတာလား၊ ဒီက မိန်းမနဲ့ တွဲရင် မသာမယာ ဖြစ်မှာမို့လို့လား ..."

"ယောကျ်ားဆိုတာကတော့ အသစ်အဆန်းကို မက်မောတာပဲ ... ဟေသာရယ်၊ နင် ဒေါသတကြီးနဲ့ အကြမ်းပတမ်း သွားမလုပ်လိုက်ပါနဲ့ဦး ... ၊ စဒ္ဓိ့တုန်းကလည်း အဲဒီလိုပဲ ပွဲသွားကြမ်းလို့ ပိုဆိုးသွားတာ၊ နင့်ယောကျ်ား ခဏတဖြုတ် စိတ်ကစားတာလို့သာ သဘောထားလိုက်ပါ ..."

"စိတ်ကစားရအောင် သူက ဆယ်ကျော်သက် ကလေးလား၊ မိန်းမပဲ ရနေပြီ ... စိတ်ကစားစရာလား ..."

"ယောကျ်ားဆိုတာ အချိန်မရွေး ... အသက်အရွယ်မရွေး ... အခြေအနေမရွေး စိတ်ကစားတတ်တာပဲ"


"ဒါဆို သူက ဘဝတစ်လျှောက်လုံး သူ ခဏခဏ စိတ်ကစားနေမှာကို ငါ က ဘယ်လိုထိန်းရမှာလဲ၊

http://www.linhtet.com


ဒီလိုမှန်းသိ ယောကျ်ားဆိုတဲ့ အဲဒီလို အမျိုးအစားကို မယူခဲ့ပါဘူး . . . ”

ဟေသာသည် ငိုရင်းရှိုက်ရင်း ဒေါသထွက်ရင်း ကပင် အဲဒီကောင်မလေးကို သွားပြေးတွေ့လိုက်ချင်သည်။ ရန်တွေ့ပစ်လိုက်ချင်သည်။ ဉာဏ့်ကိုလည်း ထုရိုက်ပစ်ချင်ပါသည်။ သို့သော် လက်ပူးလက်ကြပ် မမိသေးတာမို့ ဟေသာသိပ်မပြောသာပါ . . . ။ အရေးကြီးတာက ပက်ပင်းတွေ့ဖို့ပဲ။

သူငယ်ချင်းတွေ ပြန်သွားတော့ ဟေသာ အားငယ် ကျန်ခဲ့ရသည်။ ဉာဏ် ဟေသ့ကို မချစ်တော့ဘူးဆိုသည့် အသိက ပိုပြီး အားငယ်စေပါသည်။ ဟေသ့ဘဝမှာ ခုတစ်ကြိမ်လောက် ဆောက်တည်ရာမဲ့ ဖြစ်ရတာမျိုး ရှိကို မရှိခဲ့တာပါ . . . ။



http://www.linhtet.com



ထိုနေ့ညနေက ဟေသာသည် ယောကျ်ားဝတ် အောင်းဘီပွပွနှင့် ဂျာကင်ပွပွကို ဝတ်ကာ ဦးထုပ်ကြီးကြီး တစ်လုံးကို ခပ်ငိုက်စိုက် ဆောင်းလျက် ဉာဏ်တို့ ရုံးအဝင် နားမှာ မယောင်မလည် ရပ်စောင့်နေခဲ့မိတာ ဖြစ်သည်။

သိပ်မကြာခင် ရုံးဆင်းချိန် ရောက်လာတာမို့ ရုံးကလူတွေ တစ်ယောက်ပြီးတစ်ယောက် တဖွဖွ ထွက်လာ နေသည်။ ဟေသာနှင့် သိသည့် လူတွေလည်း ပါတာမို့ ဟေသာက တစ်ဖက်သို့ လှည့်ကာ မျက်နှာကို ခပ်ကွယ်ကွယ် ရပ်နေရသည်။ နောက်ဆုံးကျမှ ဉာဏ်က ရုံးထဲမှ စမတ်ကျကျ လှမ်းထွက်လာပါသည်။ ရုံးခန်းအဝင်ဝကို မှန်ချပ်တွေဖြင့် ကာရံထားတာမို့ ဉာဏ်လျှောက်လာပုံကို ခပ်ဝေးဝေးကပင်

http://www.linhtet.com

မြင်နိုင်ပါသည်။ ဉာဏ့်ရဲ့ ပုံစံက ပုံမှန်မဟုတ်တာကိုလည်း ကိုယ့်ယောကျ်ားမို့ ကိုယ်အသိဆုံးပင် ...။ ခြေလှမ်းတွေက ပုံမှန်ထက်ပိုပြီး မြောက်ကြွမြူးတူးနေသည်။ မျက်နှာထားက မချိုမချဉ်လိုလို ...၊ မျက်လုံးတွေက ရယ်မြူးရိပ် သမ်းနေပါသည်။ ဟေသာနဲ့ ခဏခဏ စကားများပြီးကတည်းက မှုန်တည်ပုပ်သိုးနေတဲ့ မျက်နှာရဲ့ ပြောင်းလဲမှုကတော့ အင်မတန် အံ့သြဖို့ ကောင်းလှပါသည်။ သူ ရုံးခန်းထဲမှ ထွက်လာသော အခါ ဟေသာက ရုံးအဝင်က ပန်းအိုးကြီးကြီးနှင့် ကွယ်နေလိုက်သည်။ ထိုအခိုက်တွင် ဖုန်းမြည်သံ ကြားရကာ သူက ဖုန်းဖွင့် နားထောင်လိုက်ပါသည်။

"ဟဲလို ... ခတ္တာလား၊ ကိုယ်လည်း ခုပဲ လာခဲ့တော့ မလို့ပါ၊ တကယ်ပါကွာ ... တကယ် လာမှာပါ၊ ရော်ခက်ပြီ ... မညာပါဘူးကွာ၊ အခု ရုံးဝမှာ ကိုယ်ရပ်နေတယ်၊ ကားရပ်ထားတဲ့ နေရာကလည်း မဝေးပါဘူး၊ ဆယ့်ငါးမိနစ်လောက် မောင်းလိုက်ရင် ခတ္တာဆီ ရောက်ပြီကွာ ...၊ တကယ်ကွာ ... ဆယ့်ငါးမိနစ်ထက် လုံးဝ နောက်မကျစေရဘူး ..."

ဖုန်းပြောနေတဲ့ သူ့အသံကိုရော ... သူ့မျက်နှာရဲ့ ချိုမြမှုကြီးကိုပါ အထင်အရှား တွေ့နေရသော ဟေသာ့မှာ

http://www.linhtet.com

ရင်ဘတ်ထဲ အောင့်မျက်စူးကျင်လာကာ ခုချက်ချင်းပင် ပုန်းနေရာက ပြေးထွက်ကုပ်ဖဲ့ပစ်ချင်စိတ်ကို ထိန်းထားရပါသည်။ မျက်နှာကိုက ညူကလီးယား ... ။

သူက ပြိုးပြိုးကြီး ဖုန်းပိတ်လိုက်ပြီး ကား Park ဘက်ကို လျှောက်လာသည်။ သူ လျှောက်လာမည့် လမ်းကြောဘက် အဖြတ်မှာ ဟေသာက ရုတ်တရက် စိတ်ကို မထိန်းနိုင်တော့ဘဲ ခြေထိုးခံမိပါသည်။

"အမလေးဗျ ..."

သူက ရှေ့ကို နှစ်ချက်သုံးချက် ဟပ်ထိုးဟပ်ထိုး ဖြစ်သွားပြီး ...

"ဒီနားမှာ ထိုင်ချင်လည်း လွတ်လွတ်လပ်လပ် နေရာမှာ ထိုင်မှပေါ့ဗျာ ..."

ဟု ရေရွတ်ပြောဆိုပြီး ကားဆီသို့သာ အလျင်စလို လျှောက်သွားလေသည်။ ဟိုကို ဘယ်လောက် ဇောကပ်နေမှန်းမသိ ... သူ့ကို ခြေထိုးခံလို့ ခံမှန်းလည်း မသိ။ ဟေသာ့ မျက်နှာကိုတောင်မှ မကြည့်ဘဲ မွန်ထူသွားပုံကို ကြည့်ရင်း ဟေသာ့ ရင်ထဲက ဒေါသတွေ အလိပ်လိုက် ထ,လာရပါသည်။

သူက ကားမောင်းထွက်သွားသောအခါ ဟေသာ

http://www.linhtet.com

က အသင့်ရပ်စောင့်ခိုင်းထားသော တက္ကဆီပေါ် တက်လိုက်ပြီး ...

"ဦးလေး ... ဟိုရှေ့က ကားနောက်ကို နောက်ယောင်ခံလိုက်ပေးပါ ..."

တက္ကဆီက သူ့ကားကို မီအောင်လိုက်နေသည်။ သူ့ကားက ကန်တော်ကြီးဘက်ကို ဦးတည်သွားသည်။ ဟေသာ့တစ်ကိုယ်လုံး နုံးချိုပျော့ခွေလာတာမို့ ကားထိုင်ခုံ နောက်မှီကို မှီလိုက်ရသည်။ ဦးထုပ်က ပြုတ်ကျကာ ဦးထုပ်ထဲက စုစည်းထားသော ဆံပင်တွေက ပြေလျော့ကျလာသည်။ မျက်ရည်တွေလည်း သူ့အလိုလို ကျလာပါတော့သည်။

ကားမောင်းနေသည့် ဦးလေးကြီးက ဟေသာ့ကို ကားနောက်ကြည့်မှန်မှ လှမ်းကြည့်ရင်း မျက်ခုံးပင့်သွားကာ ...

"လက်စသတ်တော့ မင်းက မိန်းကလေးကိုး၊ ခုနကတည်းက ထင်တော့ ထင်သားပဲ၊ ဒါနဲ့ စကားမစပ် စပ်စုတယ်လို့တော့ မထင်နဲ့နော်၊ အဲဒီ အမျိုးသားက ငါ့တူမကြီးနဲ့ ဘယ်လိုပတ်သက်နေလဲ"

"ကျွန်မ ယောကျ်ားပါ ဦးလေးရယ်"

"သြော် ... ထင်တော့ ထင်သားပါပဲ ... ယောကျ်ားကို မသက်ာလို့ ညည်းက လိုက်ချောင်းတာလား၊ ဟ ... ငါ့တူမက ငိုနေလို့ပါလား၊ မငိုနဲ့ ... မငိုနဲ့၊ တိတ် ...

http://www.linhtet.com

တိတ် ... ၊ ဒီလိုကိစ္စမျိုးဆိုတာ ဒါမျိုးမလုပ်ရဘူး ငါ့တူမရဲ့ ... ”

ဦးလေးကြီးက နှစ်သိမ့်လိုက်ခါမှ ဟေသာ့မျက်ရည်က အဆက်မပြတ် ထွက်လာရပြန်သည်။

“ဒီလို မလုပ်လို့ ဘယ်လိုလုပ်ရမလဲ ... ဦးလေးကြီးရဲ့၊ သူ ဘယ်သွားတယ်၊ ဘယ်လိုမိန်းမနဲ့ တွေ့တယ်ဆိုတာ သိအောင်တော့ လိုက်ကြည့်ရမှာပေါ့ ... ”

“ကဲ ... ညည်းက ညည်းယောကျ်ားကို တခြားမိန်းမနဲ့ တွေ့ပြီဆိုပါတော့ ... ဘာလုပ်ပစ်မယ်လို့ စဉ်းစားထားလဲ ... ”

“အို ... လက်ပူးလက်ကြပ် မိနေမှတော့ ရန်တွေ့ပစ်မှာပေါ့၊ ဒေါသကို မထိန်းနိုင်ရင် ရိုက်တာနှက်တာတွေတောင် ဖြစ်သွားဦးမယ်၊ အနည်းဆုံးတော့ ကိုယ့်ယောကျ်ားဘေးက မိန်းမရဲ့ ပါးကို တစ်ချက်လောက် ဖြစ်ဖြစ် ရိုက်မိမှာပဲ ... ”

“အဲဒါဆို မှားမှာပေါ့ ငါ့တူမရဲ့ ... ”

“ဘာလို့ မှားရမှာလဲ ... ၊ ဒါမှ ဒီယောကျ်ား မှတ်မှာပေါ့၊ ဒါ ဇနီးမယား တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်ပဲ၊ ဦးလေးကြီး ရှေ့ကကား မျက်ခြည်မပြတ်စေနဲ့နော်၊ သတိထားဦး ... ”

http://www.linhtet.com

"အေးပါ ... အေးပါ ... စိတ်ချပါ၊ လိုက်နေပါတယ်၊ ငါ့တူမ ခုနပြောသလို လုပ်လိုက်ရင် ငါးပါးမှောက်သွားမယ်နော် ..."

"ဘာဖြစ်လို့လဲ ..."

"ညည်းပဲ စဉ်းစားကြည့်လေ ... ကိုယ်က လူကြားထဲမှာ အဲဒီလို လုပ်လိုက်တော့ သူများတကာက ဒီယောကျ်ားဘယ်လိုအချိုး ချိုးနေတယ်ဆိုတာ မသိဘဲ ... ကြည့်စမ်းပါဦး၊ ဒီမိန်းမ နှုတ်ကြမ်းအာကြမ်း ရှိလိုက်တာ၊ အောက်တန်းကျလိုက်တာ၊ ဒီလိုစရိုက်ရှိတဲ့ မိန်းမကို ဒီယောကျ်ားက ပစ်သွားတာ နည်းတောင်နည်းသေးတယ်လို့ ထင်မယ်၊ ညည်းယောကျ်ား ကိုယ်တိုင်ကလည်း ညည်းကို အထင်သေးမယ်၊ စိတ်ပျက်စိတ်ကုန်သွားမယ်၊ သူလည်း လူရှေ့သူရှေ့ အရှက်တကွဲဖြစ်ပြီး ညည်းကို စိတ်နာမယ်၊ ညည်းက ဟိုဘက်မိန်းကလေးကို ပါးရိုက်ခဲ့ရင် သူများ အလွန်ကနေ ညည်းအလွန် ဖြစ်သွားဦးမယ်၊ ညည်းယောကျ်ား ကိုယ်တိုင်ကလည်း ဖြစ်မှဖြစ်ရလေ ဆိုပြီး ဟိုမိန်းကလေးကို စုပ်တသပ်သပ် သနားမယ်၊ ကရဏာတွေ ပြိုဆင်းပြီး အရင်ကထက် ပိုဂရုစိုက်မယ်၊ အခွင့်အရေးတွေ ပေးမယ်၊ ကဲ ... စဉ်းစားကြည့်စမ်း၊ ညည်းဘက်က နစ်နာဖို့ချည်းပဲ ..."

http://www.linhtet.com

ဦးလေးကြီးက ချက်ကျလက်ကျ ပြောနေတာမို့ ဟေသာ တွေဝေသွားရလေသည်။

"တွဲတိုင်းလည်း ချစ်ကြိုက်နေပြီလို့ မထင်နဲ့ ငါ့တူမရဲ့၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်တယ် ကြိုက်တယ် မပြော၊ လက်ထပ်ဖို့ စိတ်မကူးဘဲ တွဲနေတာမျိုးတွေလည်း ဖြစ်နိုင်တာပဲ မဟုတ်လား၊ မဟုတ်တာကို အဟုတ်ထင်ပြီး သွားစွပ်စွဲပြီးမှ တကယ် ဟုတ်သွားရင် ဘယ်လိုလုပ်မလဲ . . . "

"အင်း . . . ဒါလည်း ဟုတ်တာပဲနော်၊ ဘယ်လိုလုပ် ရမှန်းတောင် မသိတော့ဘူး၊ နှစ်ဖက် မိဘတွေကို သွားတိုင်ပြောပြီး ဆုံးမခိုင်းရင် ကောင်းမလား ဦးလေးကြီး"

"အဲဒီလို လုပ်တော့လည်း ကိုယ်တော်ချောက သူ အရှက်ရပါတယ်ဆိုပြီး ညည်းကို ဒေါသဖြစ်ဦးမယ်၊ ဒီမှာ ညည်းကို ဦးလေး အကြံတစ်ခု ပေးမယ်၊ လင် မယားဆိုတာ ဘာပြဿနာဖြစ်ဖြစ် ကိုယ်နှစ်ယောက်တည်း ကြိတ်ဖြေရှင်းတာ အကောင်းဆုံးပဲ၊ စ,ချစ်ကြိုက် တုန်းကလည်း နှစ်ယောက်တည်း ကြိတ်ကြိုက်တာပဲ၊ နောက်မှသာ တခြားသူတွေသိတာ၊ ခု ပြဿနာ ဖြစ် တော့လည်း နှစ်ယောက်တည်းပဲ ကြိတ်ရှင်း . . . ၊

http://www.linhtet.com

နှစ်ယောက်တည်း ရှင်းလို့ မနိုင်တဲ့အဆုံးမှ တခြားသူတွေ သိပစေ ..."

"နှစ်ယောက်တည်း ကြိတ်ရှင်းတယ်ဆိုတာ ရန်ဖြစ်နေတာကို ပြောတာလား ဦးလေး ... ၊ နှစ်ယောက်တည်း ကြိတ်ရန်ဖြစ်ရမှာလား"

"ရန်ဖြစ်တာထက် ကောင်းတဲ့ နည်းလမ်း ရှိပါတယ် တူမရာ ... ၊ ဒီမှာ ... ငါ့တူမကို ဥပမာ တစ်ခု ပြောပြမယ်၊ တစ်ခါတုန်းက အရက်သောက်တဲ့ ယောကျ်ားကို ယူမိတဲ့ မိန်းမက သူ့ယောကျ်ားကို အရက်မသောက်ဖို့ နေ့တိုင်း ဆူပူကြိမ်းမောင်းနေတာ အရာမထင်ဘူးတဲ့၊ သူ့ယောကျ်ားက သူဆူလေ ပိုသောက်လေ ပိုရမ်းကားလေပဲ၊ နောက်တော့ ပြောမရတဲ့အဆုံး သူ့မိန်းမက သူ့ယောကျ်ား သွားလေရာ အရက်ဆိုင်တကာကို အတူလိုက်သောက်၊ အတူမူး၊ ရပ်ကွက်ထဲ အတူလိုက်ရမ်းကားလိုက်တာ အဲဒီနေ့ကစပြီး သူ့ယောကျ်ားလည်း အရက် မသောက်ရဲတော့ဘူးတဲ့"

"ဟင် ... ဒါဆို ဦးလေးပြောတဲ့ သဘောက ကျွန်မကပါ သူ့လို ပွေရှုပ်ရမယ်လို့ ပြောတာလား၊ ဒါမျိုးတော့ မလုပ်ချင်ပါဘူး"

"ဒီလိုလုပ်ဖို့ မဆိုလိုပါဘူး၊ ယောကျ်ားစိတ်ထဲမှာ သံသယ

http://www.linhtet.com

ဝင်သွားအောင် သဝန်တိုလာအောင် စိုးရိမ် လာအောင် နည်းနည်းပါးပါး ဟန်ဆောင်လိုက်ရင် ဖြစ်ပါတယ်၊ ဥပမာ ... ဖုန်းပြောချင်ယောင် ဆောင်တာမျိုး ... အမှတ်တရ လက်ဆောင် ရတဲ့ ပုံမျိုး၊ ခဏခဏ အလှပြင်ပြီး အပြင်ထွက်တာမျိုး၊ ညည်းတို့ မိန်းကလေးတွေမှာ ဒါမျိုး ဉာဏ်နီဉာဏ်နက် ရှိတတ်ပါတယ်၊ ဉာဏ်ရှိသလို ကြည့်လုပ်ပေါ့၊ ဟော ... ညည်းယောကျ်ားကား ဟိုရှေ့က စားသောက်ဆိုင်ဝင်းထဲ ဝင်သွားပြီ ... လိုက်ကြည့်ဦးမလား"

"မကြည့်တော့ပါဘူး ဦးလေးရယ် ..."

"ငါ့တူမ စိတ်လျှော့သွားတာ ဦးလေးတော့ ဝမ်းသာတယ်ကွာ"

ဟေသာက အမှန်တကယ်ပင် စိတ်လျှော့လိုက်ကာ ကားကို အိမ်ဘက်သို့သာ ပြန်ကွေ့ခိုင်းလိုက်မိလေသည်။

❀ ❀ ❀


http://www.linhtet.com



http://www.linhtet.com

အပိုင်း (၃)

http://www.linhtet.com



"အဟင်း ... ဟင်း ... ကျော် တစ်ယောက်ကတော့ အပြောကောင်းတယ်နော်၊ ဟုတ်ပါပြီ ... ကျော် ခင်တယ်ဆိုတာ မ, သိပါတယ်၊ ဩော် ... ကျော်က ခရီးသွားမှာလား၊ ရပါတယ် ကျော်ရယ် ... ဘာမှ ဝယ်မလာပါနဲ့၊ ကဲ ... ကဲ ... သဘောပါ ... သဘောပါ ... မယူလို့ စိတ်ဆိုးမယ်ဆိုရင်တော့ လက်ခံရမှာပေါ့ ..."

ဥဏှဥဏှ်သည် အခန်းထဲ ဝင်ခါနီးဆဲဆဲ သူ့မိန်းမရဲ့ ဖုန်းပြောသံကို ကြားကာ မျက်ခုံးပင့်သွားရပါသည်။ အဲဒီအသံထဲမှာ သံလိုက်ဓာတ်တွေ အများကြီး ပါဝင်နေပါသည်။ သူနဲ့ သမီးရည်းစား စ,ဖြစ်တုန်းကတောင် အဲဒီလောက် ချဲချဲနှဲနှဲ့ မပြောခဲ့ဘူးပါ။

http://www.linhtet.com

"အဟင်း ... ဟင်း ... ကျော် တစ်ယောက်ဟာလေ ရယ်စရာ သိပ်ပြောတတ်တာပဲ"

ဟော ... ကြည့် ... ရယ်သံကိုက သာယာဝေစည်နေသည်။ ဉာဏဉာဏ်သည် အပြင်က ကိုယ် ပျော်ရွှင်မြူးတူး လာရတာကလေးကိုပင် မေ့လျော့ကာ လိုက်ကာကြားမှ အခန်းထဲသို့ ချောင်းကြည့်လိုက်မိလေသည်။

ကြည့်စမ်းပါဦး ... သူ့မိန်းမရဲ့ ဖြစ်ပုံက ခုတင်ပေါ် ကန့်လန့်ဖြတ် ဝမ်းလျားထိုးလဲကာ ကော့ဒ်လက်ဖုန်းကို ကိုင်ရင်း စကားပြောနေသည်။ ပြောနေရင်းက ဟိုဘက်ဒီဘက် လူးလိုက်လှိမ့်လိုက်သေးသည်။ မျက်နှာပေါ်မှာ ပျားရည်တွေ ဖိတ်ကျနေသည်။ ချိုမြကြည်သာ ရှိလိုက်ပုံက သူမတူအောင်ပင် ဘယ်ကကောင်နဲ့များ ... ။

"ဒါဆို ... ဒါပဲနော် ... ကျော်၊ ဂွတ်ဒိန်နိုက်နော်"

ဖုန်းပြောပြီးတာနှင့် သူမက ခုတင်ပေါ် နှစ်ပတ်လှိမ့်ပြီးမှ ထ,ထိုင်လိုက်သည်။ ချက်ချင်း မှန်တင်ခုံဘက် လျှောက်သွားကာ သီချင်းညည်းရင်း ခေါင်းဖြီးနေလေသည်။

ရုတ်တရက် သူ့ရင်ထဲ ထူပူလာရပါသည်။ သူခတ္တာနဲ့ အတူသွားလာနေချိန်မှာ သူ့မိန်းမ ဘာတွေပြောင်းလဲနေပြီလဲဆိုတာ ဆန်းစစ်ဖို့ အသိတရား ဝင်လာရပါသည်။ သူ့မိန်းမ ဆံပင်တွေ ဖြတ်ပစ်လိုက်တာ ... ငယ်ငယ်နုနု

http://www.linhtet.com

စတိုင်လ်လေး ဖမ်းလိုက်တာကို သတိပြုမိသော်လည်း သံသယ မဝင်မိခဲ့ပါ။ ခုတော့ အခြေအနေက သံသယ ဝင်ချင်စရာ အနေအထားမှာ အပြည့်အဝ ရှိနေပါသည်။

"အဟမ်း ... ဟမ်း"

သူ ... ချောင်းဟန့်ရင်း အခန်းထဲ ဝင်လာတော့ သူ့မိန်းမက သူ့ကို မှန်ထဲမှ တစ်ချက်လှမ်းကြည့်သည်။ ဘာဖြစ်လို့ နောက်ကျသလဲ တစ်ခွန်းမမေး ... ။ ဒေါသတကြီး ရန်တွေ့ဖို့လည်း စိတ်ကူးရှိပုံ မပေါ်ပါ။ မျက်နှာထားက သူ့အာရုံနှင့်သူ ရွှင်ပျပြီးသား ဖြစ်နေသည်။ သူက အင်္ကျီလဲရင်း ...

"ဟေသာ ... မင်းကြည့်ရတာ အခုတလော ပိုနုပျိုနေသလိုပဲ"

"ဟုတ်လား ... ကျေးဇူးတင်ပါတယ် ဉာဏ်ရယ် ..."

"ခုန ... ဖုန်းပြောသံ ကြားတယ်၊ ဘယ်သူနဲ့ ပြောနေတာလဲ၊ ကျော် ဆိုလား ..."

"အင်း ... ဟုတ်တယ် ဉာဏ်ရဲ့၊ ဟေသာ့ မိတ်ဆွေလေ၊ မိတ်ဆွေဆိုပေမယ့် မောင်လေးလိုပါပဲ၊ နိုင်ငံခြားက ပြန်လာတာ သိပ်မကြာသေးဘူး ... ၊ ဟေသာ့ကို သိပ်ခင်တာလေ ... သူ့မှာကလည်း အသိအကျွမ်းများများစားစား မရှိတော့ ဟေသာ့ကိုပဲ စကားလှမ်းလှမ်း ပြောနေတာ၊ ဟေသာ့မှာလည်း ဉာဏ်က

http://www.linhtet.com

တစ်နေကုန် ရုံးသွား၊ မစိန်က အားအားရှိ အိပ်နေတာ ဆိုတော့ သူနဲ့ စကားပြောနေရတာ အပျင်းပြေတာ ပေါ့ ..."

"ပျင်းရင် စာဖတ် ... ဗီဒီယိုခွေ ကြည့်ပေါ့ ..."

"အဲဒါတွေက ကြည့်ပါများရင် ခေါင်းကိုက်တယ် ဉာဏ်ရဲ့၊ ဉာဏ် ... ထမင်းစားတော့မလား၊ ညော် ... ခုမှ ပြန်ရောက်တာဆိုတော့ သံပရာရည်လေး အရင် သောက်လိုက်ဦး၊ ခဏနေ ရေချိုးလိုက်နော်၊ ဟေသာ ထမင်းပွဲ ပြင်ပြီး စောင့်နေမယ် သိလား"

သူ့မိန်းမ ချိုသာပုံကလည်း အလွန်ထူးခြားပါသည်။ ဒါ ... သူ့နည်းတွေပဲ မဟုတ်လား။ သူက မြွေမြွေချင်းမို့ ခြေမြင်သည်။ ကိုယ် အပြစ် လုပ်ထားတာတွေကို ရိပ်မိမှာစိုးလို့ ဝင်သဘောကောင်းပြနေတာ မဟုတ်လား ဟေသာရယ် ... ။

ဟေသာ တစ်ယောက် မောင်လေး မမ ဇာတ် ခင်းနေပြီလားဟု သူ့စိတ်ထဲ တနုံ့နုံ့နှင့် တွေးမိရသည်။ သူ ခတ္တာနှင့် တွေ့စ,ကလိုပင် သူမကလည်း ဒေါသတွေ ကင်းစင်ကာ ကြည်လင်ရွှင်ပျနေသည်။ တကယ်တော့ သူ ခတ္တာနှင့် တွဲတာက အပေါ်ယံလောက်သာပါ ... ။ သူမ စကားတွေကို သာယာသည်။ သူမကို ကူညီသည်။ သူမနှင့် တွေ့ဆုံစကား

http://www.linhtet.com

ပြောခြင်းအားဖြင့် သူ့ရဲ့ စိတ်ဖိစီးမှုတွေ ပြေပျောက်တာကို သာ သူ သဘောကျတာ ဖြစ်သည်။ သူမထံက သူ့ဇနီးနှင့် မတူသော နူးညံ့မှုကလေးတွေက သူ့ကို စိတ်ချမ်းသာမှု ပေးနိုင်သည်။ သို့သော် သူ ခတ္တာကို ချစ်တယ်လို့လည်း မပြောခဲ့ ... ။ အလွန်အမင်း အခွင့်အရေးလည်း မယူခဲ့။ သူ့ မိန်းမကျတော့ သူ့လို မဟုတ်ဘဲ တကယ် စူးနစ်သွားမှဖြင့် ... ။

သူ့မိန်းမကတော့ သူနှင့် ရန်ဖြစ်ဖို့လည်း မကြိုးစား။ ရုံးပိတ်ရက်လိုမျိုး ... သူ အိမ်မှာ ရှိနေချိန်မျိုးမှာတောင် အလှတွေ ပြင်ဆင်ကာ ...

"ဉာဏ်ရေ ... ဟေသာ အပြင်သွားလိုက်ဦးမယ်နော်"

"အပြင် ... ဘယ်အပြင်လဲ"

"သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ပါ၊ မိန်းကလေး သူငယ်ချင်းတွေချည်းပဲ စုဆုံကြမလို့လေ၊ သူတို့လည်း သူတို့အတွဲတွေ ဖြုတ်ချခဲ့ပြီး လာကြမှာဆိုတော့ ဉာဏ့်ကိုလည်း မခေါ်တော့ဘူး၊ ဉာဏ် တစ်ယောက်တည်း ကြောင်နေမှာ စိုးလို့လေ"

သူ့မိန်းမက လှလှပပ အကြောင်းပြကာ ထွက်သွားတော့ သူ နေမထိ ထိုင်မသာ ဖြစ်ကျန်ခဲ့ရသည်။ သူက ဇွတ်အတင်းလည်း တားလို့မဖြစ် ... ။ တားမိလျှင် ကိုယ့်ဘက် ပြန်လည်လာနိုင်သည်။ သူ့ကို မယုံကြောင်း ပြမိလျှင် ကိုယ့်

http://www.linhtet.com

ကိုလည်း မယုံသင်္ကာ ပြန်ဖြစ်လာနိုင်သည်။ ကိုယ်တိုင်က အလုပ်မဟုတ်တာမို့ သူမကိုလည်း မတားရဲဘဲ အခန်းထဲမှာသာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဂနာမငြိမ် ဖြစ်နေသည်။ ထိုအခိုက်တွင် ဖုန်းမြည်လာတာမို့ သူ ကောက်ကိုင်လိုက်သည်။ သူ့ဘက်က ဟဲလိုသံမှ မပေးရသေးခင် တစ်ဖက်က ယောကျ်ားး ခပ်ငယ်ငယ်အသံ ပေါ်လာကာ ...

"မ ... ခုထိ ထွက်မလာသေးဘူးလား၊ ကျွန်တော် စောင့်ရတာ ကြာနေပြီ ..."

သူ ... ရုတ်တရက် ခေါင်းနပန်းကြီးလျက် မွန်ထူသွားကာ ...

"ဘယ်က မ,လဲကွ ... ဟေ ..."

ဟု ဒေါသဖြင့် အော်စဲ တစ်ဖက်က ဖုန်းချသွားလေသည်။ ဒေါသတွေ စိုးရိမ်မှုတွေ သူ့ရင်ထဲမှာ တလိပ်လိပ်ထ,လာကာ ကြိတ်မနိုင် ခဲမရ ဖြစ်လှတာမို့ သူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိပါသည်။

သူ ... ထိုနေ့ တစ်နေ့လုံး နေမထိ ထိုင်မသာ ဖြစ်နေသည်။ အပြင်လည်း မသွားဖြစ်ဘဲ ဟေသာ့ကိုသာ တမျှော်မျှော် ဖြစ်နေရပါသည်။ ညနေစောင်းတော့ သူ့ hand phone မှ အသံမြည်လာကာ ...

"အစ်ကို ... အစ်ကိုဒီနေ့ ရုံးပိတ်တာ ခတ္တာ သိတယ်

http://www.linhtet.com

နော်၊ ခတ္တာဆီ ဘာလို့ မလာတာလဲ ...၊ အစ်ကို အခု ထွက်လာခဲ့ပါလား ... ခတ္တာတို့ ညစာ အတူစား ရအောင်လေ ..."

ခါတိုင်းအချိန်တွေက သူ့ကို သာယာချို့မြိန်စေခဲ့သော စကားသံတွေက ခုလို အချိန်မျိုးမှာ သူ့စိတ်ကို ကြည်လင်အောင် မစွမ်းဆောင်နိုင်ပါ ... ။

"မစားတော့ဘူးကွ ... ဒီနေ့ မလာတာလည်း ကိုယ် အလုပ်မအားလို့ပါ၊ အခုလည်း မိတ်ဆွေတစ်ယောက်နဲ့ ညစာစားဖို့ ချိန်းပြီးသား ဖြစ်နေတယ် ..."

"ဟင် ... ဒါဆို ခတ္တာ တစ်ယောက်တည်း ပြန်ရမှာပေါ့၊ အစ်ကို လာမကြိုတော့ဘူးလား ..."

"ဆောရီးကွာ ... မကြိုနိုင်တော့ဘူး ...၊ ကားငှားပြီး တော့သာ ပြန်လိုက်ပါတော့ ..."

"တက္ကဆီငှားရတာ အရမ်းဈေးကြီးတယ် အစ်ကိုရဲ့၊ ဘတ်စ်နဲ့ပဲ ပြန်လိုက်ပါတော့မယ် ..."

"ကဲ ... တက္ကဆီပဲ ငှားပြန်ပါကွာ၊ ကိုယ် တက္ကဆီခ ပြန်ပေးပါ့မယ် ..."

သူ ... စကားကို ခပ်တိုတိုဖြတ်ပြီး ဖုန်းပိတ်လိုက်ရသည်။ သူ့အာရုံက ခတ္တာဆီမှာ မရှိတော့ဘဲ သူ့မိန်းမဆီကိုသာ ပါသွားပါသည်။ လိုက်ချောင်းလို့လည်း မမိနိုင်၊ ဘယ်ကို

http://www.linhtet.com

သွားမှန်းလည်း အတိအကျ မသိရတာမို့ သူ တော်တော် အကျပ်ရိုက်နေရပါသည်။

ညနေစောင်းတော့မှ မရွှေဟောသာက ပြန်ရောက် လာလေသည်။ မစိန်က တံခါးဖွင့်ပေးတာမို့ သူက အိပ်ရာထဲ ကပျာကယာ ဝင်ကာ လဲလျက် စာအုပ်ဖတ်နေလိုက်သည်။ သူ မျော်နေတာကိုလည်း ဟောသာ မခြင်စေချင်ပါ ... ။

"ဟင် ... ဉာဏ် ... ဒီနေ့ ဘယ်မှ မသွားဘူးလား"

"မသွားပါဘူး ... ကျုပ်က အားအားရှိတိုင်း အပြင်ထွက် နေတဲ့သူ မဟုတ်ဘူး ..."

"သြော် ... ဒီနေ့တစ်နေ့အတွက်ကို ပြောတာလား ..."

သူ့မိန်းမက ခပ်အေးအေးပြောကာ အဝတ် အစား လဲနေပါသည်။ ခါတိုင်းထက်ပိုပြီး သွက်လက်နေတာ တော့ အမှန်ပဲ။ သူက စာအုပ်ဖတ်ချင်ယောင် ဆောင်ရင်း သူမ လှုပ်ရှားမှုတွေကို ခိုးခိုးအကဲခတ်နေမိပါသည်။ သူမက ကိုယ့်ရုပ်ကိုယ် မှန်ထဲမှာ စိမ်ပြေနပြေ ကြည့်နေသည်။ ကက်ဆက် သွားဖွင့်ပြီး ခပ်မြူးမြူး လိုက်ဆိုသည်။ မျက်နှာက ပြုံးနေကာ အမူအရာတွေက မြူးကြွ သွက်လက်နေပါသည်။ သူက ငြိမ်မနေနိုင်တော့ဘဲ အမြင်ကတ်ကတ်နှင့် တစ်ချက် ဟန့်လိုက်မိရင်း ...

"အဟမ်း ... မင်း ဒီနေ့ တော်တော်ပျော်နေပုံပဲ ဟောသာ"

http://www.linhtet.com

"ပျော်တာပေါ့ ဉာဏ်ရဲ့၊ သူငယ်ချင်းတွေနဲ့ ပြန်ဆုံရတာ အသက်တောင် ပြန်ငယ်သွားသလိုပဲ"

ငယ်မှာပေါ့ ... ကိုယ့်ထက်ငယ်တာလေးနဲ့ သွားတွေ့တာကိုး ... ။

"ထွက်သွားလိုက်တာလည်း တစ်နေကုန်ပဲ၊ ဘယ်တွေလျှောက်သွားနေတာလဲ၊ သူငယ်ချင်းတွေနဲ့မှ ဟုတ်ရဲ့လား"


"အဟင်း ... ဟင်း ... ဉာဏ်တစ်ယောက်တော့ ဟေသာလို ဖြစ်ပြီထင်တယ်၊ ဟေသာလည်း အရင်တုန်းကတော့ ဉာဏ့်လိုပဲ၊ ဉာဏ်အပြင်သွားလို့ နောက်ကျပြီဆိုရင် တခြားမိန်းကလေး တစ်ယောက်နဲ့ လျှောက်သွားနေပြီလို့ပဲ ထင်နေတာ၊ ဉာဏ့်နောက်က လိုက်ချောင်းမိလို့ ဉာဏ်နဲ့တောင် ရန်ဖြစ်ရသေးတယ်လေ၊ ဉာဏ့်ရုံးက ကလေးမလေးကိုလည်း တကယ်အားနာတယ်၊ ဉာဏ်က ဒီလိုလုပ်မယ့်သူမှ မဟုတ်တာလေ၊ ခုတော့ ဉာဏ့်ကို ယုံသွားပြီ ... ၊ ဉာဏ် ခုလိုမေးခွန်းတွေ မေးတာကို ဟေသာက ကိုယ်ချင်းစာပါတယ်၊ ဉာဏ့် တုန်းကလည်း ဟေသာ ဘယ်လို သံသယဝင်ဝင် မဟုတ်တာ မလုပ်ခဲ့ဘူး မဟုတ်လား၊ ဟေသာလည်း ဉာဏ့်လိုပဲပေါ့၊ ဉာဏ့်စိတ်နဲ့ နှိုင်းလိုက်ပေါ့ ဉာဏ်ရယ်"

http://www.linhtet.com

ဉာဏဉာဏ်သည် ဘာဆက်ပြောရမှန်းပင် မသိတော့ဘဲ အောင့်သီးအောင့်သက် ဖြစ်သွားရလေသည်။ ကိုယ်တိုင်က မဟုတ်တာ လုပ်နေမိတာမို့ ဟေသာ့ကိုချည်းပဲလည်း ဖိမပြောရဲပါ ... ။ ဖိပြောပြန်ရင်လည်း ကိုယ့်စိတ်နဲ့ နှိုင်းတယ်လို့ပဲ အထင်ခံရဦးမည်။ တော်တော် ပြောရခက်သော အနေအထားကို သူ မခံချိမခံသာ ရင်ဆိုင်နေရလေသည်။

ဖြာဖြာ ဖြာဖြာ ဖြာဖြာ

http://www.linhtet.com



ဉာဏဉာဏ်သည် ခုတလောမှပင် သူ့မိန်းမကို စောင့်ကြည့်ဖို့အတွက် အိမ်မြဲလာရလေသည်။ သူ့ရင်ထဲမှာ လည်း ရည်းစားလူလု အုန်ကျွဲခတ်သလို ခံစားနေရပါသည်။

တကယ်တော့ သူ့မိန်းမဟာ အိမ်ထောင်ကျပြီးမှ အသံကျယ်လာတာ ... နှုတ်ကြမ်းတမ်းလာတာ ... ပစိပစပ်များလာတာလေးတွေကလွဲလို့ လှပနေတုန်းပင် ... ။ ဆွဲဆောင်မှု ရှိဆဲပင်။ မသိသူ တစ်ယောက်ယောက်ကို အပျိုကလေးပါလို့ ပြောလျှင်တောင် အကြွင်းမဲ့ ယုံကြည်လောက်ပါသည်။ သူသည် ခုမှပင် ကိုယ့်မိန်းမ အချောအလှအတွက် စိတ်ပူရကောင်းမှန်း သိလာရလေသည်။

နံနက်ခင်း တစ်ခုတွင် သူတို့ အိမ်တံခါးဝသို့

http://www.linhtet.com

လှပသော ပန်းစည်းကြီး တစ်ခု ရောက်ရှိလာခဲ့ခြင်းက သူ့ဒေါသကို မီးလောင်ရာလေပင့် ဖြစ်စေခဲ့တာ ဖြစ်သည်။

ထိုနေ့မနက်က အမျိုးသမီးတစ်ဦးက ပန်းစည်းကို ပွေ့ကာ တံခါးဝတွင် ရပ်လာခဲ့ပြီး ...

"ဒါ ... မဟေသာတင်တို့ အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ခင်ဗျ ... ဘာကိစ္စ ရှိလို့ပါလဲ ..."

"ဒီပန်းစည်းလေး လာပို့တာပါရှင် ... မဟေသာတင် အတွက်ပါ ..."

သူက မျက်မှောင်ကြုတ်သွားရကာ ...

"ဘယ်က ပို့ခိုင်းလိုက်တာလဲ ... ဘာအတွက်ပို့တာလဲ"

"ဘယ်က ပို့တယ်ဆိုတာတော့ ပြောပြလို့ မရပါဘူးရှင့် ... ၊ ကျွန်မက Flowral Services ဝန်ထမ်းပါ၊ ကျွန်မတို့ဆိုင်မှာ ပန်းစည်း လှမ်းမှာပြီး အိမ်တိုင်ရာရောက် ပို့ခိုင်းလို့ လာပို့တာပါ။ မဟေသာတင်အတွက် လက်ဆောင်ပါ ... မေတ္တာလက်ဆောင်လို့တော့ ပြောပါတယ် ..."

"ဟယ် ... ဒါ ... ဟေသာ့ အတွက်လား၊ ပန်းကလေးတွေက လှလိုက်တာ ... ကျေးဇူးပဲနော် ညီမ ..."

သူ စစ်မေးနေဆဲ သူ့မိန်းမက ဝမ်းသာလုံး ဆို့

http://www.linhtet.com

နေပုံနှင့် အနားရောက်လာကာ ပန်းစည်းများကို လှမ်းယူလိုက်လေသည်။ သူက ဒေါသကို မထိန်းနိုင်ဘဲ ...

"နေစမ်းပါဦး၊ ဘယ်သူက ပို့လိုက်တာမို့လို့ မင်းက ဒီလောက် ဝမ်းသာအားရ ဖြစ်နေရတာလဲ"

"မသိဘူးလေ ဉာဏ်ရဲ့၊ ဘယ်သူပဲပို့ပို့ ... ဒီပန်းတွေဟာ ဟေသာ့အတွက်လို့ ဆိုနေမှပဲ ယူလိုက်ရုံပေါ့"

"ဘယ်သူပို့မှန်း မသိဘဲ မင်းမို့လို့ ဒီလောက် ပျော်နေတယ် ... အံ့ပါရဲ့ကွာ ... ၊ ပန်းပို့တဲ့ သူကလည်း သူများမိန်းမမှန်း မသိဘူး ထင်ပါတယ် ..."

"သူများမိန်းမဆိုတော့ရော ဘာဖြစ်မှာမို့လို့လဲ၊ ခင်လို့ မင်လို့ ပေးတာပဲ၊ မိန်းကလေး မိတ်ဆွေတွေထဲက Surprise လုပ်တာလည်း ဖြစ်နိုင်တာပဲ၊ ပန်းပို့တိုင်း ယောကျ်ားလေးပဲလို့ ယူဆလို့မှ မရတာ ... ၊ ဟေသာကတော့ ဒီပန်းလေးတွေကို သိပ်သဘောကျတာပဲ၊ ဈာ ခဏ ပို့ပေးရင် ကောင်းမှာပဲ ..."

သူက သူ့မိန်းမကို ခပ်စွေစွေကြည့်နေရင်းက နှုတ်ခမ်းကို မသိမသာ မဲ့ရွဲ့ရင်း မျက်နှာလွဲလိုက်မိပါသည်။ ပုံစံကိုက ခုတလော သိသိသာသာ ပျော်ရွှင်နုပျိုနေတာ အသိသာကြီးပါ ... ။

နောက်နေ့ နောက်နေ့တွေမှာလည်း တစ်ရက်ခြား

http://www.linhtet.com

တစ်ခါလောက် ပန်းစည်းတွေ ရောက်ရောက်လာပါသည်။ သူ့မိန်းမကလည်း ပန်းစည်းရောက်တိုင်း အူမြူးနေမြဲပို့ ကြည့်ရတာ တော်တော် အမြင်ကတ်လာရပါသည်။

ငါးကြိမ်မြောက် ပန်းစည်းလာအပို့တွင် သူက ဒေါသကို မထိန်းနိုင်တော့ဘဲ ပန်းစည်းကို လွှင့်ပစ်လိုက်ရင်း ...

"ဒါ ... ဘယ်ကကောင် ပို့နေတာလဲ ... ဟေသာ၊ ငါ့ကို မှန်မှန်ပြောစမ်းပါ ..."

"အမလေး ... ကုန်ပါပြီ ... နှမျောစရာ ကောင်းလိုက်တာ၊ သူများက စေတနာနဲ့ ပို့လိုက်တာကို ရှင်မို့လို့ ရက်ရက်စက်စက် လုပ်ရက်တယ် ..."

"မင်း ... ပန်းတွေပဲ အရေးလုပ်မနေနဲ့ ဟေသာ ...၊ ငါမေးတာ ဖြေစမ်းပါ ..."

"ဘယ်လို ဖြေရမှာလဲရှင့် ...၊ ဘယ်သူပို့တယ်ဆိုတာ ဟေသာလည်း သိမှ မသိတာ"

"ဒါမျိုး ... ခဏခဏ ပို့တယ်ဆိုတာ မိန်းမချင်းတော့ မဖြစ်နိုင်ဘူး၊ မင်းနဲ့ အဆက်အသွယ်ရှိတဲ့ ယောကျ်ားတစ်ယောက်ယောက်က ပို့တာပဲ ဖြစ်မယ် ..."

"ဉာဏ်ရယ် ... ဉာဏ်လည်း ဟေသာ တစ်ယောက်လုံးကို ငုတ်တုတ်ထားပြီး တခြားမိန်းမကို မပိုးသလို ဟေသာလည်း ကိုယ့်ယောကျ်ား တစ်ယောက်လုံးကို

http://www.linhtet.com

ငုတ်တုတ်ထားပြီး တခြားယောကျ်ား တစ်ယောက်ယောက်နဲ့ မရိုးမသား မဆက်သွယ်ဘူးဆိုတာ ယုံထားစမ်းပါ ..."

"မယုံဘူးကွာ ... လူဆိုတာ ကိုယ့်အိမ်မှာ သိပ်ငြီးငွေ့စိတ်ပျက်လာရင် ထွက်ပေါက်ရှာမှာပဲ ..."

"ဟင် ... ဉာဏ်က အဲဒီလို ထွက်ပေါက်ရှာဖူးလို့လား"

"ငါက ... ရှာ ... ကျတ် ... ဘာတွေလာမေးနေတာလဲ၊ ငါက သဘောကို ပြောတာ ..."

သူက မလုံမလဲ ပြန်ဖြေဆဲ ... စားပွဲပေါ် တင်ထားသော သူ့ hand phone က အသံမြည်လာလေသည်။ ဖုန်းက သူ့မိန်းမနှင့် ပိုနီးတာမို့ ကိုင်ပေးရန် လက်လှမ်းဆဲ သူက အတင်းပြေးလုလိုက်ရပါသည်။ ခတ္တာ ဖြစ်နေမှဖြင့် ပြဿနာတွေ ထ,တက်ကုန်မည်။

"ဟဲလို ... အမိန့်ရှိပါ"

"ခတ္တာပါ အစ်ကိုရဲ့ ... အစ်ကို့အသံကြီးကလည်း စိတ်တိုနေသလိုပဲ ... ဘာဖြစ်နေတာလဲ"

"ဒီမှာ ... ပန်း ... အင်း ... ဘာမှမဖြစ်ပါဘူး၊ ပြောပါ"

"အစ်ကို့အသံက တစိမ်းဆန်လိုက်တာနော် ... ၊ အစ်ကို အခုတလော ခတ္တာကို စိမ်းကားနေတယ်"

ဒီမှာ ပြဿနာ တက်နေတယ် ငချွေမရဲ့ ... ၊

http://www.linhtet.com

အရေးထဲ ပတ်ချဲ့နပ်ချဲ့ လုပ်မနေစမ်းပါနဲ့ ... ။ သူ ... ဖုန်းပြောနေရတာက ဟေသာ့ရှေ့မှောက်မှာမို့ ရင်တွေပန်းတွေပင် တုန်လာရပါသည်။

"ဒီမှာ ကိစ္စလေးတစ်ခု အရေးကြီးနေလို့ ခင်ဗျ၊ ကျွန်တော် နောက်မှ ပြန်ဆက်လိုက်ပါ့မယ် ... "

သူ ... ဖုန်းကို အပြီးပိတ်ပစ်လိုက်ရပါသည်။ ဟေသာကတော့ သူ့ကို ဘာမှ မပြောတော့ဘဲ ပန်းတွေကိုသာ တသ,သ,လုပ်နေရင်း အနားက ဖြတ်သွားသည့် မစိန်ကို လှမ်းခေါ်ကာ ...

"မစိန်ရေ ... ဒီမှာ ကြည့်စမ်းပါဦး ... နှင်းဆီတွေ မလှဘူးလား ... "

"လှလိုက်တာ အစ်မရယ် ... ၊ ဘယ်သူ ပို့လိုက်တာလဲ"

"ဘယ်သူမှန်း မသိပါဘူး မစိန်ရယ်၊ မစိန်ရော ... ဘယ်လို ထင်လဲ ... ၊ ဘယ်က ပို့လိုက်တာ ဖြစ်နိုင်မလဲ မှန်းကြည့်ပါဦး ... "

"အဟိဟိ ... ကျွန်မကတော့ ရုပ်ရှင်တွေထဲကလို ထင်တာပဲ"

"ရုပ်ရှင်တွေထဲက ဟုတ်လား၊ ဘယ်လိုမျိုးလဲ ... ပြောပါဦး မစိန်ရဲ့ ... "

"ရုပ်ရှင်တွေထဲမှာတော့ ယောကျ်ားလေးတစ်ယောက်

http://www.linhtet.com

ယောက်က မိန်းကလေးကို ပိုးပန်းချင်ရင် အဲဒီလို ပန်းစည်းတွေ ပို့တတ်တာပဲ၊ ဧကန္တ အစ်မက လှတုန်း ဆိုတော့ ယောကျ်ားရှိမှန်း မသိလို့ ပို့ခိုင်းတာပဲ ဖြစ်မယ်"

"အဟင်း ... ဟင်း ... မစိန်တစ်ယောက်ကတော့ ကြဲကြဲ ဖန်ဖန် ပြောတော့မယ် ..."

သူ့မိန်းမ ရယ်သံထဲမှာ ဝိတိတွေပါ ရောပါနေသည်ဟု ထင်ရပါသည်။


"မစိန်ရေ ... အရည်မရ အဖတ်မရတွေ ပြောမနေနဲ့၊ ကိုယ့်အလုပ် ကိုယ်သွားလုပ် ..."

သူက မစိန်ကိုသာ ဖိဟောက်လိုက်ရင်း သူ့ဒေါသကို ဖြေဖျောက်ရလေသည်။

http://www.linhtet.com



http://www.linhtet.com



ဉာဏဉာဏ်သည် ဟေသာရဲ့ မြူးတူးရွှင်ပျနေသော အမူအရာများကို သည်းမခံနိုင်သည့်အဆုံးတွင် ဟေသာ့နောက်သို့ လိုက်ချောင်းရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

သူ ရုံးသွားလျှင်တော့ သူ့မိန်းမ အပြင်ထွက်မှာပဲဟု အပိုင်တွက်ကာ သူက ရုံးသွားချင်ယောင်ဆောင်၊ ကားကို သူငယ်ချင်းအိမ်မှာ ခဏသွားထားပြီး သူတို့အိမ်ရှေ့ Coffee Shop ထဲမှာ ထိုင်စောင့်နေလိုက်ပါသည်။ ကော်ဖီဆိုင်ထဲမှ လှမ်းကြည့်လျှင် သူတို့ တိုက်ခန်းရဲ့ လှေကားဝကို လှမ်းမြင်ရသည်။ မှန်အညိုတွေ ကာထားတာမို့ သူ ထိုင်စောင့်ကြည့်နေတာကို ဟေသာ မမြင်နိုင်ပါ။

သူက တစ်နေကုန် စားစရာတွေ တစ်ခုပြီးတစ်ခု မှာစားရင်း ဟေသာ့ကို စောင့်ကြည့်နေသော်လည်း ညနေ

http://www.linhtet.com

ရုံးဆင်းချိန်အထိ သူမ ထွက်လာတာကို မတွေ့ရချေ။ ညနေစောင်းတော့ သူ ကားသွားယူကာ ရုံးက ပြန်လာပုံဖြင့် ခပ်တည်တည် အိမ်ပြန်လာခဲ့သည်။ သူ အိမ်ထဲဝင်ဝင်ချင်း ပန်းခြောက်တွေကို ယွန်းဘူးထဲ စုထည့်နေသော သူ့မိန်းမကို တွေ့ရလေသည်။ သူ့ဒေါသတွေက ပိုပြီး မထွေးနိုင် မအန်နိုင် ဖြစ်လာရပါသည်။

ဟေသာ အလစ်တွင် သူက မစိန်ရှိနေသော ထမင်းစားခန်းထဲ ဝင်ကာ တိုးတိုးတိတ်တိတ် မေးမိလေသည်။

"မစိန် ... နင့်မမ ဒီနေ့ ဘယ်မှမသွားဘူးလား"

"မသွားပါဘူး အစ်ကိုလေးရဲ့ ..."

"ဒီနေ့ပဲ မသွားတာ မဟုတ်လား ... ဟိုနေ့တွေက တချောင်းချောင်း သွားနေတာ မဟုတ်လား"

"မဟုတ်ပါဘူး အစ်ကိုလေးရဲ့"

"နင်နော် ... မညာနဲ့နော်၊ မသွားဘူးပြောဖို့ နင့်မမက သင်ထားသလား"

"တကယ်ပါ ... ဘုရားစူးရပါစေရဲ့၊ အစ်မက အစ်ကိုလေး ရှိရင်သာ အပြင်သွားတာ၊ အစ်ကိုလေး မရှိတဲ့နေ့တွေဆို အိမ်မှာပဲ နေနေတာ ..."

http://www.linhtet.com

"သူ အိမ်မှာနေတော့ ဘာလုပ်နေတာ တွေ့လဲ၊ ဖုန်း ခဏခဏ ပြောနေတာ မဟုတ်လား"

"မပြောပါဘူး ...၊ အစ်မက အစ်ကိုလေး အိမ်မှာရှိ ရင်သာ အလှတွေပြင်ပြီး သီချင်းတွေ ညည်းပြနေတာ၊ အစ်ကိုလေး မရှိရင် အမြဲမှိုင်နေတာပဲ၊ တစ်ခါတလေ ငိုနေတာတောင် ကျွန်မ တွေ့တယ် ..."

သူ့စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားရလေသည်။ တကယ်တမ်း မရိုးသားတဲ့ သူဆို သူမရှိတုန်း အခွင့်ကောင်း ယူပြီး အပြင်ထွက်ထွက်သွားရမှာ မဟုတ်လား ...။ သူ့ ငတိနဲ့ ဖုန်းတွေပြောပြီး ပိုပျော်နေရဦးမှာ မဟုတ်လား။ ဟေသာ့ လုပ်ပုံတွေကို သူ မျက်စိလည်လာမိပါသည်။

သူက ရုံးပိတ်ရက်ကို စောင့်ကာ သူမကို သတိ ထား စောင့်ကြည့်ရပြန်ပါသည်။ သူမက ထုံးစံအတိုင်း အလှတွေပြင်ကာ အပြင်ထွက်သွားလေသည်။

သူကလည်း အသင့်ခေါ်ယူထားသော တက္ကဆီနှင့် ထပ်ချပ်လိုက်ခဲ့ပါသည်။

သူမ ကားက ဒဂုန်စင်တာ ဝင်းထဲသို့ ဝင်သွား သည်။ သူကလည်း ဒဂုန်စင်တာရှေ့မှာ ကားရပ်ခိုင်းကာ သူမနောက်မှ ဝင်လိုက်သွားသည်။ သူမက ဒဂုန်စင်တာထဲ လှည့်လည်ဈေးဝယ်နေတာကို သူက မျက်ခြည်မပြတ်အောင်

http://www.linhtet.com

လိုက်လံချောင်းမြောင်းနေရပါသည်။ ကျော်ဆိုတဲ့ ဟာကလေး ဘယ်နားက ဘွားခနဲ ပေါ်လာလေမလဲ ... ။ ဘယ်နားမှာ အတူဆုံဖို့ ချိန်းထားသလဲ ... သူ သိရမှဖြစ်မည်။

သူ ... တစ်ကောက်ကောက် လိုက်ဆဲ ... ဖက်ရှင်ဆိုင် တစ်ခုထဲ ရောက်လာရာ သူမက အမှတ်တမဲ့လိုလိုနှင့် နောက်သို့ လှည့်ကြည့်လိုက်လေသည်။ သူ့ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားကာ အင်္ကျီတွေနောက်ဘက်သို့ ဖျတ်ခနဲ ကွယ်လိုက်သည်။ သူ ထိုအကွယ်မှ တော်တော်နှင့် မထွက်ရဲဘဲ အင်္ကျီတွေကြားမှာသာ သူမကို လှမ်းကြည့်နေရသည်။ ထိုအခိုက်တွင် လုံခြုံရေးဝန်ထမ်း နှစ်ဦးက သူ့အနား ရောက်လာကာ သူ့ကို မယုံသင်္ကာ မျက်စိဒေါက်ထောက် ကြည့်နေလေသည်။ စာရေးမလေးကလည်း မျက်လုံးပြူးကာ ...

"အို ... အဲဒီ အင်္ကျီက အဖြူတွေလေ၊ ညစ်ပေလွယ်တယ်၊ အင်္ကျီတွေကြားထဲ ဘာလို့ တိုးနေရတာလဲ၊ ညစ်ပေကုန်မှာပေါ့ ..."

"ခဏလေး ... ခဏလေးပါဗျာ ... ၊ တိုးတိုးပြောပါ၊ တောင်းပန်ပါတယ်၊ ကျွန်တော် အလစ်သမား မဟုတ်ပါဘူး ..."

သူက လက်ကာပြကာ ပျာပျာသလဲ တောင်းပန်ရလေသည်။ သူ့မိန်းမကလည်း ဆိုင်ထဲက တော်တော်နှင့်

http://www.linhtet.com

မထွက်။ ထိုအခိုက်တွင် သူ့အင်္ကျီအိတ်ထဲ ထည့်လာမိသော hand phone က အသံမြည်လာပြန်သည်။

သူက အဝတ်လဲခန်း ထောင့်နားသို့ အပြေးသွားကာ ဖုန်းကို အမြန်ဖွင့် နားထောင်လိုက်ရပါသည်။

"ဟဲလို ... အစ်ကို ... ခတ္တာပါ"

အင်း ... ဒါက နောက်ထပ်ကြုံဟ်ဆိုးတစ်ခု ... ။ သူ့ရင်ထဲ မသာယာဘဲ မသက်မသာ ဖြစ်သွားရပါသည်။

"အစ်ကို ဘယ်ရောက်နေလဲဟင်"

"လိုက်ချောင်း ... အင်း ... နိုင်ငံခြားက ရောက်နေတဲ့ ဧည့်သည်တွေကို လိုက်ပို့ပေးနေရတယ်ကွာ ... ၊ တစ်နေ့လုံး မအားရပါဘူး၊ ဒီနေ့လည်း မကြိုနိုင်တော့ဘူးနော်၊ ဒါပဲနော် ... နောက်မှ ပြန်ဆက်လိုက်မယ် ... "

သူ ဖုန်းပြောနေဆဲ ... ဟေသာက အပြင်ထွက်သွားပြီမို့ သူ ခပ်သုတ်သုတ် လိုက်လာရပြန်သည်။

သူမက ရန်ကင်းစင်တာထဲ လှည့်ပတ်ဝယ်ပြီးကားဆီ ပြန်လျှောက်လာသည်။ သူကလည်း ပုန်းလျှိုးကွယ်လျှိုးနှင့်ပင် တက္ကဆီ ရပ်ထားသည့် နေရာသို့ အပြေးအလွှားသွားပြီး သူမ ကားနောက်သို့ လိုက်ရပြန်သည်။

သူမ ကားက Flowral Services ဆိုင်ခန်းတစ်ခုရှေ့တွင် ရပ်လိုက်သောအခါ သူ့သံသယတွေ ပိုမိုကြီး

http://www.linhtet.com

ထွားလာပါသည်။ ဒါ သူ့ကောင်ကလေးကို သူက တပြန်ပန်းစည်းပို့ခိုင်းမလို့ပဲ ဖြစ်ရမည်။

ဟေသာက ဆိုင်ထဲဝင်သွားတာမို့ သူလည်း နောက်ယောင်ခံ လိုက်လာခဲ့သည်။ ဆိုင်ထဲမှာ ပန်းအိုးတွေ၊ ပန်းအတုတွေ များပြားလှတာမို့ သူ ကွယ်ကာနေဖို့ အခြေအနေပေးပါသည်။ သူက ထင်းရှူးပင်အတုကြီးရဲ့ နောက်မှာ ကွယ်ရပ်နေဆဲ ... သူ့မိန်းမရဲ့ အသံကို ကြားရလေသည်။

"ညီမရေ ... ဟိုအရင်တစ်ခေါက်တွေကလိုပဲ ဟေသာတင် နာမည်နဲ့ ဒီလိပ်စာအတိုင်း နှင်းဆီ တစ်စည်း ပို့ပေးပါနော် ..."

"အချိန်ကရော ... မမ"

"အချိန်ကလည်း အရင်အတိုင်းပဲ၊ မနက်စောစောပဲပို့ ..."

ဟေသာ့အသံ ကြားကြားချင်း သူတောင် အူကြောင်ကြောင် ဖြစ်သွားရပါသည်။ ရုတ်တရက်မို့ သူမ ဘာအကြံနှင့် ဒီလိုလုပ်သည်ဆိုတာ မစဉ်းစားမိပါ။ ဟေသာဘာတွေလုပ်နေတာလဲ။ သူ့ရှေ့မှာမှ အပြင်ထွက်ပြသည်။ ကိုယ့်နာမည်နှင့် ကိုယ့်အိမ်ကို ပန်းစည်းပို့ခိုင်းနေသည်။ သူက တဖြည်းဖြည်း စဉ်းစားကြည့်မိတော့မှ သဘောပေါက်ကာ ရယ်ချင်စိတ်ဖြင့် အူမြူးလာရပါသည်။ သူက ကြိတ်

http://www.linhtet.com

ရယ်မိနေဆဲ ကောင်မလေး တစ်ယောက်က အလန့်တကြား ထ,အော်လိုက်သည်။

"ဟိုအစ်ကိုကြီး ... အဲဒီအပင်ကို အရှမ်းမမှီနဲ့၊ ဒီဘက်ကို ပြုတ်ကျတော့မယ် ... ဟယ် ကျပြီ ... ကျပြီ ... လုပ်ကြပါဦး ..."


ကောင်မလေးရဲ့ စူးစူးဝါးဝါး အော်သံကြောင့် အနားက ရှိရှိသမျှ လူအားလုံး လန့်ဖျပ်ကာ ယိုင်ကျလာသော ထင်းရှူးပင်ကြီးကို ဝရန်းသုန်းကား ပြေးတွန်းတည့်မတ်လိုက်လေသည်။ ထိုသူတွေထဲမှာ သူ့မိန်းမသည်လည်း တစ်ယောက်အပါအဝင် ဖြစ်ရာ ထင်းရှူးပင်နောက်က သူ့မျက်နှာကို ဘွားခနဲ အတွေ့တွင် ...

"ဟင် ... ရှင်ကဘယ်က ဘယ်လို ..."


ဟု ပြောလျက် သူ့မျက်နှာကို လက်ညှိုးထိုးရင်း ကြက်သေ သေ,နေလေသည်။

❀ ❀ ❀

http://www.linhtet.com



http://www.linhtet.com



ဟေသာတင်သည် ခိုးလုပ်ကာမှ လူမိသွားရသည့် ကိုယ့်အဖြစ်ကို ကိုယ် ရင်ထုမနာ ဖြစ်ရလေသည်။ ကိုယ့် ယောကျ်ားက ကိုယ့်ကို မချိုမချဉ် ပြုံးစိစိ ကြည့်လျက် နောက်ကလိုက်လာရင်း ...

"ဟဲ ... ဟဲ ... တချို့မိန်းမတွေများ တကယ် ရယ်ရ တယ်ဗျာ၊ စွံချင်ယောင်ဆောင်ပြီး ကိုယ့်နာမည်နဲ့ ကိုယ့်အိမ်ကို ပန်းစည်းပို့ခိုင်းရတာနဲ့ ... အပြင်ကို ဟန်ဆောင် ပန်ဆောင် ထွက်ပြရတာနဲ့ တကယ် မကြုံဖူးဘူး ... ထူးတယ်၊ ရယ်ရတယ်ကွာ ... ဟား ... ဟား ..."

ဟု စောင်းမြောင်းပြောရင်း တဟီးဟီး ရယ်နေ တာမို့ ဟေသာ့မှာ ရှက်စိတ်ဖြင့် မွန်ထူကာ အသားတွေပင်

http://www.linhtet.com

တဆတ်ဆတ် တုန်လာရပါသည်။ ဟေသာ့မှာတော့ ကိုယ့်ကိုယ်ကို ပိရိလှပြီ အထင်နှင့် သရုပ်ဆောင်တွေ ကောင်းပြခဲ့ရသည်။ ဖုန်းပြောချင်ယောင် ဆောင်ပြရ၊ အလှတွေပြင်ပြီး အပြင်ထွက်ပြရ၊ စန္ဒီ့မောင်လေးကို အကူအညီတောင်းပြီး အိမ်ကို ဖုန်းဆက်ခိုင်းရ၊ ကိုယ့်နာမည်နှင့် ပန်းစည်း ပို့ခိုင်းရနှင့် အမျိုးမျိုး လုပ်ခဲ့ရတာတွေကို ခုတော့ ဒင်းက သိသွားခဲ့ပြီ ... ။ လှောင်ပြောင်နေခဲ့ပြီ ... ။ နည်းနည်းလေးမှ စာနာ နားလည်မပေးနိုင် ... ။ ဒါ ... ဟေသာ့ကို ချစ်လို့ယူခဲ့တဲ့ ယောကျ်ားတဲ့လား ... ။ ဟေသာသည် ရှက်ဒေါသနှင့် အတူ ဝမ်းပန်းတနည်း ဆို့နင့်နာကျင်လာကာ ရင်ဝမှာ ပြောစရာ စကားတွေ စုပြုံတိုးဝှေ့နေပါသည်။ သူကတော့ အနိုင်ရသူကြီးလို ...

"နေစမ်းပါဦး ... မသိလို့ မေးစမ်းပါရစေ မရွှေဟေသာရယ် ... မင်းက ဘာစိတ်ကူးတွေ ပေါက်ပြီး ဒါမျိုးတွေ လုပ်နေရတာလဲ ..."

"ရှင် ... အဲဒီမေးခွန်းကို ကျွန်မကို လာမေးစရာ မလိုဘူးနော် ဥာဏ် ... ၊ ရှင့်ကိုယ်ရှင် မေးခွန်းတွေ ပြန်မေးလိုက်စမ်းပါ၊ ကျွန်မ တခြားသူနဲ့ ချစ်ကြိုက်နေတယ်လို့ ရှင် သံသယဝင်နေတဲ့ အချိန်မှာ ဘယ်လိုခံစားရလဲ ... ၊ ရှင် ဖောက်ပြန်နေခဲ့ရင်ကော ရှင့်မိန်းမက ဘယ်လို ခံစားရမလဲ ..."

http://www.linhtet.com

"ယောကျ်ားနဲ့ မိန်းမဆိုတာ သဘာဝက ပေးတဲ့ အခြေအနေချင်းမှ မတူတာပဲ မိန်းမရာ ... ၊ နှိုင်းယှဉ်လို့ မရပါဘူး"

"ဒါဆို ... ရှင်တို့ ယောကျ်ားတွေ ဖောက်ပြန်တာ အပြစ်မဟုတ်ဘူးလို့ ရှင်က ဆိုလိုတာလား"

"ဒီလိုစကားလုံး မသုံးစမ်းပါနဲ့ ... ၊ ရင့်သီးလွန်းပါတယ် ..."

"ရှင်က သိပ်နှလုံးသားနုတဲ့ သူဆိုတော့ စကားလုံးရင့်ရင့်တွေကို ဘယ်နားခံနိုင်မလဲ ... ၊ ကိုယ့်ထက် ငယ်တဲ့ မိန်းမတစ်ယောက်ရဲ့ ပလီစိချောက်ချက် စကားလုံး နုနုလေးတွေကိုပဲ ကြားချင်မှာပေါ့ ..."

"ဟေသာ ... မင်း"

"အဟင်း ... ဟင်း ... ကျွန်မကို မျက်လုံးကြီး ပြူးပြီး မလုံမလဲ ကြည့်မနေစမ်းပါနဲ့ ... ၊ ရှင် ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်မ အားလုံးသိတယ် ... ၊ ရှင့် ကောင်မလေးအကြောင်းဆို ရှင့်ထက်တောင် ကျွန်မက ပိုသိသေးတယ် ..."

"မင်း မစွပ်စွဲနဲ့ ဟေသာ၊ ငါတို့က ရိုးရိုးသားသား ခင်တာ၊ သူက မိဘကို လုပ်ကျွေးနေတဲ့ ကောင်မလေးမို့ ငါက နှမချင်း စာနာပြီး ကူညီနေတာ ..."

http://www.linhtet.com

www.foreverspace.com.mm

"ရယ်တောင် ရယ်ချင်သေးတယ် ...၊ အဲဒါ ရှင် နှပ်ချခံနေရတာ၊ အညာ ခံနေရတာရှင့် ...၊ အဲဒီ ကောင်မလေးက ဘယ်မိဘကိုမှ မထောက်ပံ့ဘူး၊ ဘယ် အငယ်တွေကိုမှ တာဝန်ယူနေရတာလည်း မဟုတ်ဘူး၊ သူ့ဘာသာ သူငယ်ချင်းတွေနဲ့ တိုက်ခန်းငှားနေပြီး ရသမျှကို ဝတ်စားသုံးဖြုန်းနေတာ ... ယောကျ်ား တကာနဲ့ တွဲနေတာ ...၊ ရှင့်ကို အချဉ်ဖမ်းချင်လို့ ကပ်နေတာ၊ အဲဒါတွေအားလုံး ကျွန်မ စုံစမ်းပြီးပြီ"

"မင်း ... သူများ သားသမီးကို မဟုတ်တာ မပြောနဲ့ ကွာ ...၊ ကိုယ်တို့ချင်းက ရိုးရိုး ..."

"ကဲ ... ထားပါတော့ ... ရိုးရိုးပဲဆိုရင်တောင် ရှင် သူ့ အပေါ် သာယာနေတာတော့ အမှန်ပဲ ...၊ ဒါကြောင့် သာ ဒီလောက် ပံ့ပိုးကူညီနေတာ မဟုတ်လား ..."

"အေး ... ဟုတ်တယ်ကွာ၊ သာယာတယ် ဘာဖြစ်လဲ၊ မင်းနဲ့နေရတာ ငါ ဘယ်လောက် စိတ်ဆင်းရဲရတယ် မှတ်သလဲ ...၊ စိတ်ဖိစီးခံရပြီး သေသွားမှာတောင် စိုးရတယ်၊ တစ်နေ့တစ်နေ့ မင်းအသံကို နားမခံသာ အောင် ကြားရတယ်၊ တစ်စက်ကလေးမှ နူးညံ့ညင်သာမှု မရှိဘူး၊ ယောကျ်ားကို ကြင်နာယုယရ ကောင်းမှန်း မသိဘူး၊ ဘာဆိုဘာမှ မသိတတ်ဘူး၊ အမြဲ ကိုယ့်ကိုယ်

http://www.linhtet.com

ကိုပဲ ရှေ့တန်းတင်နေတယ်၊ မင်းကြောင့် ငါ ဘယ်လောက် ခေါင်းကိုက်ရတယ် မှတ်သလဲ ...၊ ခတ္တာက ငါ့ကို စိတ်ချမ်းသာစေတယ်၊ ခေါင်းကိုက်ပျောက်စေတယ်၊ သူ့အသံနဲ့ သူ့အပြုအမူတွေက မင်းနဲ့များတော့ တခြားစီပဲ၊ အဲဒါကြောင့် ငါ့ကို နူးနူးညံ့ညံ့ ဆက်ဆံတဲ့ မိန်းကလေးကို ငါ ကူညီတယ် ..."

"ကျွန်မကျ ပြောတယ်၊ ရှင်ကရော အချိုးပြေလို့လား၊ မယူခင်က ကတိတွေ အမျိုးမျိုးပေးပြီး အဲဒီကတိတွေ အားလုံးကို ဖောက်ဖျက်ပစ်တယ်၊ ကျွန်မကို နည်းနည်းမှ ဂရုမစိုက်ဘူး၊ မကြင်နာဘူး၊ သည်းမခံဘူး၊ အလိုမလိုက်ဘူး ...၊ အချိန်တိုလေးအတွင်း ရိုးအီငြီးငွေ့သွားတယ်၊ ကျွန်မကို မျှော်လင့်ချက်တွေ ပေးခဲ့တာလည်း ရှင်ပဲ၊ အဲဒီ မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်လိုက်တာလည်း ရှင်ပဲ ...၊ ကျွန်မချစ်သူ ဥဏှဥဏှနဲ့ ကျွန်မ ယောကျ်ားဥဏှဥဏှဟာ တစ်ယောက်စီပဲ ...၊ ရှင်ဟာ ကျွန်မ မျှော်လင့်တဲ့ ယောကျ်ားမျိုး မဟုတ်ဘူး ..."

"မင်းကလည်း ကိုယ်မျှော်လင့်တဲ့ မိန်းမမျိုး မဟုတ်ဘူး"

"ရှင် ရှင့်ကို သာယာမှုတွေ အများကြီးပေးနိုင်တဲ့ မိန်းမမျိုးကိုပဲ လိုချင်တာ မဟုတ်လား၊ မျှော်လင့်တာ မဟုတ်လား၊ ကောင်းပြီ ... ရှင် တစ်သက်လုံး သာသာ

http://www.linhtet.com


ယာယာ နေရအောင် ကျွန်မ စီစဉ်ပေးခဲ့မယ်၊ ခဏ စောင့်နေလိုက် ..."

ဟေသာက အိမ်မှ ပြန်ထွက်သွားတာမို့ ဉာဏ ဉာဏ် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်။ ဟေသာ ဘာ သွားလုပ်တာလဲဆိုတာ သူ စဉ်းစားလို့မရပါ။ တစစ်စစ် ကိုက်လာသော ခေါင်းကို ဖိရင်း ထိုင်စောင့်နေလိုက်ရသည်။


မကြာခင် သူမက ဂြိုဟ်ဆိုးတစ်ခုကို သယ်ဆောင်ကာ သူ့ရှေ့မှောက်သို့ ပြန်ရောက်လာလေသည်။ မြတ်စွာဘုရား ... သူ အမြင်မှားလေသလား ...။ ဟေသာက ခတ္တာနှင့်အတူ သူ့ရှေ့မှာ ရပ်နေပါသည်။

"ကဲ ... ဒီမှာ သူ့ကို သွားခေါ်လာခဲ့တယ်၊ ထားခဲ့ပြီနော် ... ကျွန်မလည်း သွားတော့မယ် ..."

ဒီမိန်းမ ရူးသွားပြီလား ...။ ဘာတွေ လျှောက်လုပ်နေတာလဲ။ ဒီကောင်မလေးကို သွားခေါ်ပြီး အိမ်မှာ ထားခဲ့စရာလား ...။ သူ့ဦးနှောက်ထဲမှာ ရူးမတတ် ဆူဝေနေဆဲ ဟေသာက သူ့အဝတ်အစားအိတ်ကြီးကို သယ်ပိုးကာ အိမ်မှ ဆင်းသွားလေသည်။



http://www.linhtet.com



"အစ်ကိုတို့ အိမ်က အကျယ်ကြီးပဲနော်၊ ပြင်ဆင်ထားတာတွေကလည်း အရမ်းလှတာပဲ၊ ခတ္တာ သဘောကျလိုက်တာ ... ဒီလိုအိမ်မျိုးမှာ ခတ္တာ အရမ်းနေချင်တာ အစ်ကိုရဲ့၊ ခုန အစ်မက အစ်ကို့ဆီ ပို့ပေးမယ်ဆိုလို့ ခတ္တာ ကမန်းကတန်း လိုက်လာခဲ့ရတာ ... ၊ ဘာမှ တောင် မယူခဲ့ရဘူး ..."

ခတ္တာက သူ့အိမ်ထဲကို ပျော်ရွှင်စွာ လှည့်ပတ်ကြည့်နေသောအခါ သူ ... ခေါင်းနပန်းတွေ ကြီးလာရပါသည်။ စိတ်ထဲမှာ ဘယ်လိုမှ မကြိုက်နိုင်ပါ။ ခတ္တာကို ဒီအိမ်မှာ ခေါ်ထားဖို့အထိ သူ ဘယ်တုန်းကမှ မတွေးခဲ့ဘူးပါ ... ။ ဒီအိမ်ဟာ သူနဲ့ ဟေသာတို့ရဲ့အိမ် ဖြစ်သည်။ ဟေသာ့ နေရာမှာ ဘယ်သူ့ကိုမှလည်း အစားမထိုးနိုင်ပါ။

http://www.linhtet.com

ခတ္တာကို သူ သာယာခဲ့တာ မှန်ပေမယ့် အခွင့်အရေးလည်း မယူခဲ့၊ မျှော်လင့်ချက်ပေးသည့် စကားတွေလည်း မပြောခဲ့ဘူးပါ ... ။ သူ ခတ္တာကို မချစ်တာလည်း သေချာပါသည်။ ဟေသာ့ကို စွန့်ပြီး ခတ္တာကို ယူဖို့ သူ အိပ်မက်တောင် မမက်ခဲ့ဘူးပါ ... ၊ ခုတော့ ဟေသာက စိတ်လိုက်မာန်ပါဖြင့် လုပ်ချသွားခဲ့သည်။ သူ့မှာတော့ ကိုယ့်အိမ်ပေါ် ရောက်လာသည့် အရှုပ်ထုပ်ကို ဘယ်လို ဖြေရမည်မသိဘဲ ဒုက္ခရောက် ကျန်ခဲ့ရသည်။ အပျက်အပျက်နှင့် နှာခေါင်းသွေးတော့ အထွက်မခံနိုင်ပါ။ သူက ခတ္တာကို နားဝင်အောင် ပြောရပါသည်။

"ခုန ... ကိုယ့်အမျိုးသမီး ဟေသာတင်လေ ခတ္တာ"

"အင်း ... သိသားပဲ ... "

"သူက ကိုယ်တို့ကို အထင်မှားပြီး ကိုယ့်ကို ရွဲ့ချင်လို့ ခတ္တာကို သွားခေါ်လာတာ"

"သူက အထင်မှားတယ်လို့ ပြောလို့မရပါဘူး အစ်ကို ရယ် ... ၊ အစ်ကိုနဲ့ ခတ္တာရဲ့ ပတ်သက်မှုကလည်း နည်းမှ မနည်းတာ၊ အစ်ကိုက ခတ္တာကို အမြဲအနွံတာ ခံတယ်လေ၊ အမြဲကူညီစောင့်ရှောက်နေခဲ့တာ မဟုတ်လား၊ ခတ္တာတို့ နှစ်ယောက်ရဲ့ သံယောဇဉ်ကို သူလည်း ရိပ်မိမှာပါ ... "

http://www.linhtet.com

"မဟုတ်သေးဘူးလေ ... ၊ ကိုယ်နဲ့မင်းက သူထင်သလိုမှ မဟုတ်တာ၊ ကိုယ်တို့ချင်း ချစ်သူတွေလည်း မဟုတ်ကြဘူး၊ လက်ထပ်ဖို့ ကတိတွေလည်း မပေးခဲ့ဘူး ... "

"ဒါပေမယ့် ချစ်သူတွေလိုတော့ တွဲခဲ့ကြတယ်လေ ... ၊ ကဲ ... ကဲ ... အစ်ကို စကားတွေ သိပ်မပြောပါနဲ့၊ ခေါင်းကိုက်နေဦးမယ်၊ အစ်ကို အရမ်း စိတ်ပင်ပန်းနေတယ် မဟုတ်လား၊ နားလိုက်ဦးနော် ... ခတ္တာ ရေအေးအေးလေး ခပ်ပေးမယ်"

ခတ္တာ ဘယ်လောက် နူးနူးညံ့ညံ့ပြောပြော သူ မသာယာနိုင်တော့ပါ။ သူ့စိတ်ထဲမှာ သူ့မိန်းမကလွဲပြီး ဘာမှ ရှိမနေတော့ပါ။

"ဒီမှာ ခတ္တာ ... ကိုယ် မင်းကို ရှင်းရှင်းပဲ ပြောရတော့မယ်၊ ကျေးဇူးပြုပြီး မင်း ပြန်ပါတော့၊ ကိုယ် အေးအေး ဆေးဆေး နားပါရစေ ... ၊ မိန်းမအသံဆို ဒေါသသံပဲဖြစ်ဖြစ် ... နူးညံ့သံပဲဖြစ်ဖြစ် ဘာသံမှကို မကြားချင်တော့လို့ပါ၊ နောက်ကို မင်း ကိုယ့်ကိုလည်း မဆက်သွယ်ပါနဲ့တော့၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် မင်းကို ကူညီသင့်သလောက်လည်း ကူညီခဲ့ပြီးခဲ့ပါပြီ"

"မဟုတ်တာပဲရှင် ... အစ်ကိုလေးနဲ့ အစ်မက ဘယ်

http://www.linhtet.com

လောက် ရန်ဖြစ်ဖြစ် သိပ်ချစ်ကြတယ်ဆိုတာ ကျွန်မ အသိဆုံးပါ ... ရှင် ဝင်မရှုပ်ပါနဲ့တော့ ... လာ ... လာ ကျွန်မ အိမ်တံခါး လိုက်ဖွင့်ပေးမယ်၊ ထ ... ကျွန်မနဲ့ လိုက်ခဲ့ ..."


မစိန်က ပြောလည်းပြော ... ခတ္တာလက်ကိုလည်း ဖွတ်အတင်း ဆွဲခေါ်သွားတာမို့ သူမက မစိန်လက်ထဲ ကိုးရိုး ကားရား ပါသွားသည်။ မစိန်ကလည်း အာဂ မစိန်ပင် ... ။ ခတ္တာကို နှုတ်ဆက်သလိုနှင့် ခပ်မြန်မြန် တွန်းထုတ်ပြီး တံခါးပိတ်လိုက်လေသည်။ သူလည်း ထိုအခါမှပင် သက်ပြင်း ချရတော့သည်။ မစိန်က သူ့ကို လှမ်းမေးသည်မှာ ...

"အစ်ကိုလေး ... အစ်မက သူ့မိဘတွေအိမ်ကို ပြန် တာပဲ ဖြစ်မှာပါ၊ အစ်ကိုလေး သွားပြန်ခေါ်မယ် မဟုတ်လား"

"မခေါ်ဘူးဟေ့ ... ၊ သူ မရှိတော့ နားတောင်အေးသေး တယ်၊ ခုမှပဲ စိတ်ချမ်းချမ်းသာသာ အနားယူရတော့ မယ်၊ နင်လည်း နင့်ဘာသာ နင့်အစ်မနောက် လိုက် ချင် လိုက်သွားတော့ ... ငါလည်း ငါ့ဘာသာ အပြင် မှာပဲ ဝယ်စားတော့မယ်၊ အေးအေးဆေးဆေး စိတ်ချမ်း ချမ်းသာသာ ကျန်ခဲ့တယ်လို့ နင့်မမကို ပြောလိုက်စမ်း ပါ ..."

http://www.linhtet.com


သူက ဂရုမစိုက်သလို ပြောလိုက်ရာ မစိန်က မယုံသလို မျက်လုံးပြူးကြည့်နေလေသည်။



http://www.linhtet.com



http://www.linhtet.com



"ဖြစ်မှ ဖြစ်ရလေ ငါ့သမီးရယ်၊ ညည်း ရူးများရူးနေသလားဟင်၊ ကိုယ့်ယောကျ်ားနဲ့ တွဲနေတဲ့ မိန်းကလေးကို ကိုယ်တိုင် သွားခေါ်ပြီးတော့များ အိမ်မှာ ထားခဲ့ရတယ်လို့ ... ၊ ညည်းကို ငါတော့ တကယ် လက်ဖျားခါတယ် ..."

မေမေက အိမ်က ဆင်းလာသော ဟေသာ့ကို ဆူပွက်လျက် ရှိလေသည်။

"ဟေသာ ဒေါသဖြစ်တာပဲ သိတော့တယ် မေမေ ... ၊ ဒေါသဖြစ်လွန်းလို့ တမင် အရွဲ့တိုက်ပစ်ခဲ့တာ ..."

"အေး ... မေမေတို့ မိန်းမတွေကို ဒုက္ခပေးတာလည်း အဲဒီ ဒေါသပဲ၊ ထစ်ခနဲရှိ ယောကျ်ားကို ဒေါသထွက်ပြီး ပြောကြဆိုကြ ပွဲကြမ်းကြတော့ ယောကျ်ားတွေက ပိုစိတ်ပျက်တော့တာပေါ့ ..."

http://www.linhtet.com

"စိတ်ပျက်စရာလား မေမေရဲ့ ... ၊ ဒီမိန်းမက သူချစ်လို့ ယူထားတဲ့ မိန်းမ၊ တစ်သက်လုံး စိတ်ချမ်းသာရပါစေ မယ်လို့ သူ လျှာအရိုးမရှိတိုင်း ကတိတွေ ပေးပြီး အခု တော့ မေ့နေပြီ ... "

"အိမ်ထောင်ရေးဆိုတာ အင်မတန် မာယာပရိယာယ် ကြွယ်တယ် သမီး ... ၊ သူ့မှာ ဒုက်ဖဲတွေလည်း ရှိတယ်၊ အိမ်ထောင်ရေးဘဝဆိုတာ အင်မတန် ပညာ သားပါပါ ကိုင်တွယ်နိုင်မှ ခိုင်မြဲတယ်၊ ယောကျ်ား တစ်ယောက် ကိုယ့်ကို အမြဲချစ်ခင်စွဲလမ်းနေအောင် ကိုယ်ကလွဲပြီး တခြားမိန်းမတွေကို စိတ်မဝင်စားအောင် ထိန်းကျောင်းနိုင်ခြင်းဟာလည်း တကယ့် အနုပညာ တစ်ခုပဲ၊ အနုပညာဆိုတာ သိမ်မွေ့ရတယ်၊ နက်နဲရ တယ်၊ သမီးမှာ အဲဒီလို အနုပညာမျိုး မရှိဘူး"

"မေမေကလည်း ဒီကိစ္စက မေမေ့ သမက်ဘက်က မှားတဲ့ ကိစ္စကြီးကို ... ၊ မေမေ့ သမက်ကိုတော့ သွား မဆုံးမဘဲ သမီးကိုပဲ ပြောနေတယ် ... "

"တစ်ခါတလေကျတော့ ယောကျ်ားတွေ မှားတယ်ဆို တာ မိန်းမတွေရဲ့ အမှားကြောင့်ပဲ သမီး"

"မေမေက သမီး မှားလို့သာ မေမေ့ သမက်က မှား တာလို့ ဆိုလိုတာလား ... "

http://www.linhtet.com

"မေမေ အဲဒီလို မပြောချင်ဘူး သမီး၊ သမီးဘာသာ စဉ်းစားကြည့် ... ၊ သမီးယောကျ်ားကို သမီး ဘယ်လို ဆက်ဆံခဲ့သလဲ ... ၊ စဉ်းစားလို့ရရင် မေမေ့ကို တစ်ခု ချင်းစီ ပြောပြ ..."

မေမေက သူ့သမက်ကို အပြစ်တင်စကားလည်း မဆိုဘဲ ဟောသ့ကိုသာ စစ်မေးနေသည်။ တကယ်တော့ မေမေဟာ အိမ်ထောင်တစ်ခုကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခဲ့သူပါ။ ဟောသတို့ တစ်သက် မေမေနှင့်ဖေဖေ ရန်ဖြစ်တာကို မမြင်ဘူးခဲ့ ... ၊ မေမေက ဖေဖေ့ကို နှုးညံ့စွာ ပြောဆို ဆက်ဆံတတ်သူ ဖြစ်ပါသည်။

"ကဲ ... သမီး စဉ်းစားလို့ ရပြီလား"

"ရပြီ မေမေ ... ၊ အင်း ... ဒီလို မေမေရဲ့ ... ၊ သူက ဟောသ့ကို ချစ်သူဘဝကလို ဂရုလည်း မစိုက်၊ သည်းညည်းလည်း မခံ၊ ဟောသာ မျှော်လင့်သလောက်လည်း စိတ်ချမ်းသာအောင် မထားတော့ ဟောသာက စိတ်တိုတာပေါ့၊ အဲဒါနဲ့ သူ့ကို စကားပြောရင် ဒေါသနဲ့ ခဏခဏ ပြောမိတယ်"

"ပြီးတော့ရော ..."

"သူ လုပ်ပုံကိုင်ပုံတွေ အချိုးမပြေရင်လည်း ဟောသာက တော့ စိတ်ထဲမကျေနပ်သမျှ ချပြောမိတာပဲ"

http://www.linhtet.com

"အဲဒီတော့ ..."

"အဲဒီတော့ ပထမတော့ သူနဲ့ ဟေသာ ခဏခဏ ရန်ဖြစ်တယ်၊ နောက်တော့ သူက ဟေသာ့ကို စကားသိပ်မပြောတော့ဘဲ အပြင်ချည်း ထွက်နေရာကနေ နောက်တော့ အဲဒီ ကောင်မလေးနဲ့ တွဲတော့တာပဲ"

"သမီး စကားထဲကနေ သမီးအမှားတွေ ပေါ်နေတာပဲကွယ် ... ၊ သမီးက ကိုယ့်ယောကျ်ားကို နားငြီးအောင် သွားလုပ်တာကိုး၊ ယောကျ်ားဆိုတာ နားငြီးမခံနိုင်ဘူး၊ စိတ်ရှုပ်မခံနိုင်ဘူး၊ ငြီးငွေ့လွယ်တယ်၊ နူးညံ့သိမ်မွေ့တာကို ကြိုက်တယ်၊ သမီးက နေ့စဉ်နဲ့အမျှ အဲဒီလိုလုပ်နေတော့ သူလည်း ထွက်ပေါက်ရှာတော့တာပေါ့၊ ဒါသဘာဝပဲ ..."

"ဟင် ... မေမေကလည်း မေမေ့ သမက်ဘက်ကချည်းပဲပြောနေတော့တာပဲ ... ၊ ဒါဆို ဟေသာက သဘာဝပဲလေ ဆိုပြီး ခွင့်လွှတ်ရတော့မှာလား ..."

"ဒီနေရာမှာ ပညာသားပါပါနဲ့ ကိုယ့်ဘက်ကို သိမ်းသွင်းနိုင်ဖို့လိုတယ် သမီး၊ ဇနီးမယားဆိုတာ ယောကျ်ားနဲ့ပတ်သက်လာရင် မမွန်ရဘူး၊ ဒေါသ မထွက်ရဘူး၊ ဆင်ခြင်တုံတရား ရှိရတယ်၊ ကိုယ့်အိမ်ထောင်လေးထဲမှာ သူ့ကို ပြန်သာယာပျော်မွေ့လာအောင် နူးနူးညံ့ညံ့

http://www.linhtet.com

သိမ်းသွင်းရတယ်၊ သမီးဘက်ကသာ သမီးအချိုးကို ပြင်လိုက်ရင် သူလည်း အလိုလို အချိုးပြောင်းလာမှာပါ သမီးရယ် . . . ၊ မောင်ဉာဏ်က သမီးကို ချစ်ပါတယ်၊ သူ သမီးကို လာခေါ်မှာပါ၊ သမီးဘက်ကလည်း သမီးရဲ့ စိတ်ကို ပျော့ပျော့ပျောင်းပျောင်း ထားဖို့သာ ကြိုးစားနေပါ . . . ”

“သမီးစိတ်ထဲမှာ မကျေလည်တာ တစ်ခု ရှိသေးတယ် မေမေ . . . ”

“အင်း . . . ဆိုပါဦး”

“သူက ချစ်သူဘဝမှာ သမီးကို စိတ်ရင်းအတိုင်း မဆက်ဆံခဲ့ဘူးမေမေ၊ သူနဲ့ လက်ထပ်ပြီးမှ ဟန်ဆောင်တာတွေ ကွာကျပြီး သူ့စိတ်ရင်းတွေ ပေါ်လာတယ်”

“သူ့ချည်း မပြောနဲ့လေ၊ သမီးလည်း ဒီလိုပဲ မဟုတ်လား၊ ချစ်သူဘဝတုန်းက သူ့အပေါ် သမီး သိမ်မွေ့ခဲ့မှာပေါ့၊ ခုတော့ သမီးက တစ်နေ့တစ်နေ့ ဒေါသကုမ္ဘာရဖြစ်နေတယ် မဟုတ်လား၊ သူမျှော်လင့်သလောက်ကော သမီးက သူ့အပေါ် ဂရုစိုက်ရဲ့လား၊ ဝတ္တရား ကျေရဲ့လား၊ ဒါလည်း သဘာဝပဲ သမီးရဲ့၊ အိမ်ထောင်သည်ဖြစ်လာရင် ဖုံးကွယ်ထားတဲ့ ကတိအမှန်တွေက အနှေးနဲ့ အမြန် ပေါ်လာမှာပဲ၊ အဲဒါတွေကို နားလည်မှုနဲ့

http://www.linhtet.com

ညိုယူဖို့ပဲ လိုတယ်၊ မေမေနဲ့ ဖေဖေလည်း ဒီလိုပဲ ညှိခဲ့ရတာပဲ၊ ဘယ်ဇနီးမောင်နှံတွေမှ Perfect မဖြစ်ပါဘူးကွယ် . . . ၊ အကောင်းတွေပဲ လိုချင်လို့တော့ ဘယ်ရပါ့မလဲ . . . ”

မေမေ့ စကားတွေကို နားထောင်ရင်း ဟေသာ ငိုင်တွေနေမိလေသည်။ အိမ်ထောင်ရေးဆိုတာ အနုပညာတစ်ခုလား . . . ။ ဟေသာကတော့ အိမ်ထောင်ရေး ဘဝကြီးကို ဘယ်လို ကိုင်တွယ်ထိန်းချုပ်ရမှန်း မသိခဲ့။ ယောကျ်ားတွေရဲ့ စိတ်ကိုလည်း နားမလည်ခဲ့။ ဟေသာ နားလည်သည်မှာ ဟေသာ မျှော်လင့်သလို သူ ဟေသာ့အပေါ် မဆက်ဆံခြင်း ဖြစ်သည်။ ဟေသာက အမြဲ အနိုင်ရချင်သူ ဖြစ်ပါသည်။ ချစ်သူဘဝတုန်းကလည်း ဟေသာပဲ အမြဲ အနိုင်ရခဲ့သည်။ အိမ်ထောင်သည် ဘဝရောက်မှ ရှုံးရသည့် အဖြစ်သနစ်တွေကို ဟေသာ လက်မခံနိုင်ချေ . . . ။

အကယ်၍ နှစ်ယောက်စလုံးဟာ ဒီအိမ်ထောင်ရေးကို ငြီးငွေ့နေပြီဆိုလျှင်လည်း ဟေသာကတောင် ဘယ်သူနဲ့မှ ထွက်ပေါက်ရှာပြီး တွဲဖို့ မစဉ်းစားဘဲ သူက စဉ်းစားရုံမက အကောင်အထည် ဖော်နေတာကြီးကတော့ နာသာခံခက်ရှိလှပါသည်။

ဟေသာက မေမေ့လိုတော့ ပညာရှိ ပီသသူ

http://www.linhtet.com

မဟုတ်ချေ။ မေမေကတော့ ဖေဖေ့လို ဟိုဒီကူးသန်း စီးပွား ရှာနေသည့် ယောကျ်ားတစ်ယောက်ကို မဖောက်မပြန်အောင် ဒီမိသားစုမှာ ပျော်မွေ့အောင် စွမ်းဆောင်နိုင်သည်။ ဟေသာက တော့ ရန်ကုန်မြို့ထဲမှာပဲ အလုပ်လုပ်နေသည့် ယောကျ်ားကို မချုပ်ကိုင်နိုင် ... ။

ဟေသာသည် ဉာဏ့်အကြောင်း တွေးမိကာ ဝမ်းနည်းနာကျင်လာပါသည်။ တစ်ချိန်က ကလေးကို သိပ် ချစ်တာပဲလို့ တဖွဖွပြောတတ်တဲ့ ဉာဏ်ဟာ ခုတော့ ဟေသ့ကို ငြီးငွေ့နေခဲ့ပြီ။ ဟေသာကတော့ ပါးစပ်က ဘာတွေပဲ ပြော ပြော သူ့ကို ချစ်တာကတော့ ချစ်တာပင် ... ။ သစ္စာဖောက် ဖို့လည်း ဘယ်တုန်းကမှ မစဉ်းစားခဲ့ပါ ... ။


မေမေ ထွက်သွားသောအခါ ဟေသာက ဒူးထောင်ထိုင်လျက် ဒူးပေါ် မျက်နှာအပ်ကာ တအီးအီး ငိုချမိလေသည်။

http://www.linhtet.com



http://www.linhtet.com



နောက်တစ်နေ့ နံနက်ခင်းတွင် ဉာဏဉာဏ်သည် အိပ်ရာမှ နိုးသောအခါ တိတ်ဆိတ်ငြိမ်သက်ခြင်း အရသာကို ထူးဆန်းစွာ ခံစားရလေသည်။ တစ်အိမ်လုံး တိတ်ဆိတ်နေကာ အပ်ကျသံပင် မကြားရဟု ထင်မိ၏။ ပထမတော့ ထိုအရသာကို ကောင်းသားပဲဟု တွေးကာ သဘောကျနေမိ၏။ ကြာလာတော့ လူက မနေတတ်သလိုလို တစ်ခုခု လိုနေသလို လပ်ဟာဟာကြီး ခံစားရလေသည်။

သူသည် ခြောက်ခြောက်သွေ့သွေ့ပင် အိပ်ရာမှ ထ,ရ၏။ ပစ္စည်းတွေ ရှုပ်ပွနေအောင် ဖွထားတာကိုလည်း ဆူမယ့်သူမရှိ၊ ရေချိုးနေတာကို ကြာတယ်ဟုပြောကာ အပြင်ကနေ ခုနစ်သံချီ ဟစ်မည့်သူလည်း မရှိ။ ဘယ်လောက် နားအေးလိုက်ပါသလဲ။ သို့သော် ထိုနားအေးရခြင်းကပင်

http://www.linhtet.com

သူ့ကို ချောက်ချောက်ချားချား အထီးကျန်စေသည်ဆိုတာကို တဖြည်းဖြည်း သိမြင်လာရလေသည်။

မစိန်ကလည်း မရှိတော့တာမို့ တောက်တိုမယ်ရ ခိုင်းစရာ လူလည်းမရှိ။ သူက သူ့အဝတ်တွေကို အဝတ်လျှော်စက်ထဲတောင် ထည့်လျှော်တတ်သူ မဟုတ်ပါ ... ။

နာရီ alarm ပေးထားပြီး မနက်အိပ်ရာထ၊ ကြံရာ အဝတ်ကို ဆွဲဝတ်ကာ ရုံးသွား၊ ကြံရာမှာ စား ...၊ ညနေ အိမ်ပြန်လာတော့ သူ့အိမ်က ချောက်ချားဖွယ်ရာ ဆီး ကြိုနေပါသည်။ ဖုန်နံ့တွေ ... စိုထိုင်းထိုင်း အငွေ့အသက်တွေ၊ အနံ့အသက်တွေကလည်း မကောင်း ... ။ သူတစ်ယောက်တည်း နေသော သူ့အိမ်ဟာ ဇရပ်ပျက်ကြီးလို ဖြစ်ချင်တိုင်း ဖြစ်နေသည်။

ညညဆို သူ့မိန်းမရဲ့ ပွစိပွစိ စကားသံတွေကြား မှ တုံးခနဲ အိပ်ပျော်သွားတတ်သော သူသည် တစ်ယောက်တည်း နားအေးပါးအေး နေရတော့မှ အိပ်မပျော်နိုင် ... ။ နေရတာ ... သွားရတာ ... စားရတာ အရာရာတိုင်းမှာ တစ်ခုခုလိုနေသလို လပ်ဟာဟာကြီး ခံစားနေရလေသည်။ သူ မမြင်ချင်ခဲ့သော သူ့မိန်းမရဲ့ မျက်နှာတွေကို မကြာခဏ မြင်ယောင်နေရသည်။ သူ မကြားချင်ခဲ့သော သူ့မိန်းမရဲ့ စကားသံတွေကိုလည်း ကြားယောင်နေရသည်။

http://www.linhtet.com

ဟေသာ သူ့မိဘတွေအိမ်မှာ ရှိနေတာကိုတော့ မစိန် ပြောပြလို့ သူ သိရသည်။ ဟေသာ့ထံ သူ ဖုန်းဆက် ချင်သော်လည်း ဘာပြောရမည် မသိ ... ။ သွားပြေးခေါ်လိုက် ချင်သည့် စိတ်တွေကိုလည်း ဇွတ်အတင်း ထိန်းချုပ်ထားရပါ သည်။ ဟေသာ့ကို သူ ဘာစကားတွေနှင့် ဘယ်လို တောင်းပန် ရမှန်း မသိပါ ... ။ ဟေသာ ကျေနပ်အောင် သူ့ဘက်က ဘယ်လိုတွေ ပြုမူပြောဆိုဆောင်ရွက်ရမည်ဆိုတာ သူ မသိပါ။ သူ သွားခေါ်လိုက်မိပါမှ ဟေသာ ဒေါသအိုး ပေါက်ကွဲပြီး ပိုဆိုးသွားမည်ကိုလည်း သူ စိုးရိမ်ရပါသည်။ သူသည် တစ်ယောက်တည်း အမျိုးမျိုးတွေးတောလျက်ကပင် ဟေသာ့ကို လွမ်းဆွတ်တမ်း,တ,လျက် ရှိလေသည်။

တစ်နေ့တွင် သူသည် သူ့အပူတွေကို မျှဝေဖို့ အတွက် သူ့သူငယ်ချင်းတွေထံ ရောက်ရှိသွားခဲ့သည်။ သူ့ သူငယ်ချင်းက သူ့ကို မြင်မြင်ချင်း တအံ့တသြ ပြောသည် မှာ ...

"ဟာ ... ဟေ့ကောင် ... မင်းပုံစံကြီးက ဘယ်လိုဖြစ် လာတာလဲ၊ မအီမသာ မသပ်မရုပ် ညှဉ်းဆိုးဆိုး နွမ်း ဖတ်ဖတ်နဲ့ ... "

"အေးလေကွာ ... ဝတ်လာတဲ့ ဘောင်းဘီနဲ့ အင်္ကျီက လည်း ကြည့်လို့ အချိုးမပြေလိုက်တာ ... တလွဲကြီး"

http://www.linhtet.com

ထိုစကားတွေက သူ့ရဲ့ လိုအပ်ချက်ကို သိသာစေပြန်ပါသည်။ သူက ခေါင်းငိုက်စိုက်နှင့် သူ့အဖြစ်ကို ရင်ဖွင့်သောအခါ သူ့သူငယ်ချင်းတွေက အမျိုးမျိုး ကောက်ချက်ဆွဲကြလေသည်။

"အလွန်ရိုးစင်းပြီး ဟိုး ရှေးခေတ်ကနေ ဒီနေ့ထိ ဖန်တစ်ရာတောအောင် သုံးစွဲပြီးသား ဖြစ်ပေမယ့် အမြဲမှန်နေတဲ့ စကားတစ်လုံး ရှိတယ်ကွ ... ၊ အဲဒါကတော့ မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်း၊ မပေါင်းလည်း ခက်၊ ပေါင်းလည်းခက်တဲ့၊ သူရှိနေတုန်းကလည်း မင်းပဲ စိတ်ညစ်၊ သူမရှိတော့လည်း စိတ်မချမ်းသာ ..."

"ဒီကိစ္စက မင်းအလွန်တွေ အများကြီးပါတယ် ... ဖိုးဉာဏ်၊ မင်းက သူ့ကို သစ္စာဖောက်ပြီး တခြားတစ်ယောက်နဲ့ တွဲနေတာကိုး၊ ဘယ်မိန်းမမဆို ဒါမျိုး ဘယ်လိုမှ သည်းညည်းမခံနိုင်ဘူးကွ ..."

"မင်းကလည်းကွာ ဖိုးဉာဏ် အပြစ်ချည်းပဲ မဟုတ်ပါဘူးကွ ... ၊ ဟေသာ ကိုယ်တိုင်က အလုပ်မဟုတ်တာပါ၊ ဒီလောက် အာကျယ်ပါကျယ်နဲ့ နေရာတကာ ဩဇာပြ၊ ကပ်စေးနဲ၊ ဒေါသကြီး၊ စကားကများ၊ ယောကျ်ားကို နေရာတကာ မသက်ာဖြစ်ပြီး လိုက်ချောင်းလို ချောင်း၊ သိက္ခာကျအောင် စွပ်စွဲလိုစွဲ၊ ဒါမျိုး ဘယ်

http://www.linhtet.com

လောက် စိတ်ရှုပ်စရာ ကောင်းသလဲ ...၊ ယောကျ်ား ဆိုတာကတော့ အိမ်မှာ စိတ်ညစ်ရင် ထွက်ပေါက်ရှာ မှာပဲ ..."

"မင်းက ယောကျ်ားချင်းဘက်ပင်းပြီး မပြောပါနဲ့လေ ကွာ ...၊ မိန်းကလေးဘက်ကိုလည်း ကိုယ်ချင်းစာဦးမှ ပေါ့၊ ကိုယ့်မှာလည်း နှမတွေ ရှိတဲ့ဥစ္စာ၊ မိန်းမဆိုတာ ကတော့ မိန်းမဇီဇ ပါလာမှာပေါ့၊ ဒါကို အပြစ်သွား ပြောလို့ ရမလား၊ မိန်းမတော့ ယူချင်ပြီး မိန်းမမှာ ပါ လာတဲ့ ဇီဇကို လက်မခံချင်ရင် အစကတည်းက မိန်းမ မယူနဲ့ပေါ့ကွ ..."

"မိန်းမ မယူလို့ ဖိုးဥဏ်က ယောကျ်ားကို သွားယူ ရမှာလားကွ ..."

"မင်း စကားကို ကပ်မပြောနဲ့ ..."

"မင်းကိုက မင်း ရည်းစားကို ကဲကဲလှုပ် အလိုလိုက် အကောင်းမြင်နေရတာနဲ့ မိန်းမသားထုကြီး တစ်ရပ်လုံး ကောင်းပါတယ်ဆိုပြီး မိန်းမတွေဘက်က ရှေ့နေလိုက် နေတာ ..."

စကားဝိုင်းတွင် သူ့ဘက်ကို ထောက်ခံသူက တစ်စု၊ ဟေသဉ်ဘက်ကို ထောက်ခံသူက တစ်စု နှစ်စုကွဲကာ ဆူပွက်စ ပြုလာပါသည်။

http://www.linhtet.com

"မင်းသာ ... မင်းလိုက်နေတဲ့ ကောင်မလေးက သူများနောက် ပါသွားတိုင်း မိန်းမတွေကို အကောင်းမမြင်နိုင်ဘဲ ဖြစ်နေတာ ..."

"မဆိုင်တာ ဆွဲမပြောနဲ့ ဟေ့ကောင်၊ အခု ငါတို့ပြောနေတာ ဖိုးဉာဏ်တို့ အကြောင်းပဲ ...၊ မင်းပဲ စဉ်းစားကြည့်စမ်းပါ၊ ဖိုးဉာဏ်က ဘာမှ မဖောက်ပြန်ရဘဲ ဟသာက မသက်ာတွေ ဖြစ်နေတာ၊ ဘယ်လောက်ဆိုးလဲ၊ ဘယ်ယောကျ်ားက ဒါမျိုးကို သည်းခံနိုင်မလဲ၊ ခု ဒီကောင် ခတ္တာနဲ့ တွဲတာကလည်း တွဲရုံပဲ တွဲတာ ဘာမှ ဖောက်ဖောက်ပြားပြား ဖြစ်တာ မဟုတ်ဘူး၊ ဒီလောက်တော့ ယောကျ်ားတစ်ယောက်မှာ အခွင့်အရေး ရှိသင့်တယ်"

"အကယ်၍ မင်းယောက်ဖက ဖိုးဉာဏ်လိုမျိုး တွဲနေရင် မင်း ပြုံးပြုံးလေး လက်ပိုက်ကြည့်နေနိုင်သလား ..."

"မင်း ... မဆိုင်တာတွေ ဆွဲမပြောနဲ့ ..."

"မင်းလည်း ပြောတာပဲ"

"ငါပြောတာက မှန်နေတော့ မင်း အနာပေါ် တုတ်ကျသွားတယ် မဟုတ်လား၊ မင်းက မိန်းမတစ်ယောက်ကြောင့် အသည်းနာထားရတယ်ဆိုတော့ ..."

"မင်း ... ငါ ဆွဲထိုးရ ..."

http://www.linhtet.com

"ထိုးလေ ... ထိုးရဲထိုးကြည့်၊ မင်း တစ်ချက်ဆို ငါ နှစ်ချက်ပဲ ...၊ ငါက အသည်းကွဲထားတဲ့လူ မဟုတ်တော့ စိတ်ဓာတ်ခွန်အားက အပြည့်ပဲ ...၊ မင်းလို စိတ်ဓာတ်ကျနေတဲ့ သူကို အသာကလေး လဲသိပ်ပစ်နိုင်တယ်"

"ဟေ့ကောင်တွေ ... တော်ကြစမ်းကွာ ..."

သူ စိတ်တိုတိုနှင့် စားပွဲပေါ် လက်နှင့် ဖြန်းခနဲ ရိုက်ကာ အော်ပစ်လိုက်တော့မှ အားလုံး ငြိမ်ကျသွားပါသည်။

"ငါက ငါတို့နှစ်ယောက် ဘယ်သူ လွန်သလဲဆိုတာ မင်းတို့ကို လာ အကဲဖြတ်ခိုင်းနေတာ မဟုတ်ဘူးကွ၊ ခုချိန်မှာ ဘယ်သူလွန်တာကမှ အရေးမကြီးဘူး၊ ငါ့ အိမ်ထောင်ရေးကို ဘယ်လို အဆင်ပြေအောင် ပြန်တည်ဆောက်ရမလဲဆိုတာ အရေးကြီးတယ် ..."

"အဆင်ပြေအောင် လုပ်ဖို့ဆိုတာ အဆင်မပြေတဲ့ အကြောင်းအချက်တွေရဲ့ သဘောတရား ဇာစ်မြစ်တွေကို အမှန်အတိုင်း သိမြင်သုံးသပ်နိုင်မှ ဖြစ်တာမဟုတ်လား ...၊ မင်း ... အဲဒီလို သုံးသပ်နိုင်ပြီလား ဖိုးဉာဏ်"

"မသုံးသပ်နိုင်လို့ မင်းတို့ဆီ အကြံဉာဏ် လာယူပါတယ်ဆိုမှကွာ ..."

"အေး ... ငါတို့က ပိုတောင် မသုံးသပ်နိုင်သေးတယ်"

http://www.linhtet.com

"ဟား ... ငါအကြံရပြီကွ ..."

ဇော်ကိုက ဝမ်းသာအားရ ထ,အော်လိုက်တာမို့ သူက ဇော်ကို့ကို အားကိုးတကြီး မော့ကြည့်မိပါသည်။

"ဘာအကြံလဲကွာ၊ ဟုတ်မှလည်း လုပ်ပါ ..."

"ဒီလိုကွ ... ငါ့မှာ အိမ်ထောင်ရေး အရမ်းအဆင်ပြေတဲ့ ဦးလေးတစ်ယောက် ရှိတယ်၊ သူတို့ လင်မယားက တကယ့် ပြိုင်စံရှားပဲ ...၊ အသက်က ခြောက်ဆယ် နီးပါး ရှိနေပြီး မြေးတောင်ရနေပြီ၊ ဒါပေမယ့် သူတို့ လင်မယားက ခုထိ တစ်ယောက်ကို တစ်ယောက် ငယ်မူငယ်သွေးနဲ့ ဆက်ဆံကြတုန်းကွ၊ သူတို့ချင်း ငယ်ငယ်က အမှတ်တရဖြစ်ခဲ့တဲ့ နေ့တွေတိုင်း အထိမ်း အမှတ်ပွဲလေး လုပ်ရတာနဲ့ အချင်းချင်း အံ့သြစရာ ရယ်စရာ လက်ဆောင်လေးတွေ ဝယ်ပြီး Suprise လုပ်ရတာနဲ့၊ သူတို့ ကြည့်လိုက်ရင်လည်း အမြဲနုပျို့ တက်ကြွလန်းဆန်းနေတာပဲ၊ ကျန်းလည်း ကျန်းမာ ကြတယ်ကွ ...၊ ဟိုတလောကတောင်မှ သူတို့ရဲ့ နှစ် ၄၀ မြောက် မင်္ဂလာအထိမ်းအမှတ် အနေနဲ့ သူတို့ မိသားစုဝင်တွေချည်းပဲ သီးသန့်ဖိတ်ပြီး မင်္ဂလာပြန် ဆောင်လိုက်ကြသေးတာ၊ တကယ့်ကို ရှာမှရှားပဲကွာ"

"သူတို့ဘာသာ သူတို့ အဆင်ပြေတာနဲ့ ငါနဲ့ဘာဆိုင်

http://www.linhtet.com

လဲ ..."

"ဒါ ... မင်းအတွက် နမူနာ ယူစရာပေါ့ကွ၊ မင်းတို့ နှစ်ယောက်က သူတို့လို နှစ် ၄၀ မြောက်အထိ ပျော်ရွှင်နေဖို့ ဝေးလို့ ဟန်းနီးမွန်းကတည်းက အဆင်မပြေဖြစ်နေကြတာ မဟုတ်လား၊ အဲဒီတော့ မင်းကို ငါ့ဦးလေးနဲ့ တွေ့ပေးမယ်၊ သူက မင်းကို အိမ်ထောင်ရေးသာယာဖို့အတွက် ဆောင်ရန် ရှောင်ရန်တွေ ပြောပြလိမ့်မယ်၊ သူပြောတဲ့ နည်းလမ်းအတိုင်း မင်း ဟေသာ့ကို ဆက်ဆံလိုက်ရင် အိုကေသွားမှာပေါ့ ..."


"အေးကွာ ... တွေ့ကြည့်တာပေါ့၊ ဘယ်တော့ တွေ့ရမလဲ ..."

"မနက်ဖြန် ..."


သူက ကြံရာမရသည့် အတူတူ ဇော်ကိုရဲ့ အကြံဉာဏ်ကို ခေါင်းညိတ်လိုက်ရလေသည်။

http://www.linhtet.com



http://www.linhtet.com



"အိမ်ထောင်တစ်ခုမှာ ယောကျ်ားနဲ့ မိန်းမ တစ်ယောက်ကို တစ်ယောက် ငြီးငွေ့မသွားဖို့ အမြဲအဆင်ပြေနေဖို့ အတွက် အဓိက အရေးကြီးတဲ့အချက်က တစ်ခုတည်းပဲ ရှိတယ် မောင်ရင်"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ . . . "

ဥဏှဥဏ်သည် သူ့ရှေ့မှာ မြိန့်မြိန့်ကြီး ထိုင်ကာ သြဝါဒ ခြွေနေသည့် ဇော်ကို ဦးလေး ဦးထူးတင့်ကို အားကိုးတကြီး ကြည့်နေမိပါသည်။

ဦးထူးတင့်မှာ အသက် ၆၀ ရှိသည့်တိုင် ဝတ်စားဆင်ယင်မှုက အစ နုပျိုစတိုင်လ်ကျလှပါသည်။ ရုပ်ရည်ကလည်း အမှန်တကယ်ပင် နုပျိုသည်။ ခန္ဓာကိုယ်ကလည်း ဖျတ်လတ် သန်စွမ်းနေဆဲပင် . . . ။ သူ့ရဲ့ မျက်လုံးတွေကလည်း

http://www.linhtet.com

အရောင်တောက်ပ စူးရှဆဲပင်။ အနည်းငယ်ရှည်ကာ စင်းဖြောင့်သော ဆံပင်တွေကို နောက်သို့ သပ်သပ်ရပ်ရပ် လှန်ဖြီးထားသည်။ ပန်းရောင်နှင့် အနီရောင် အပွင့်ခက်လေးတွေ စပ်ထားသော ရှပ်အင်္ကျီမှာ ပိုးနက်ခ်တိုင်လေး တပ်ဝတ်ထားသည်။ စတိုင်လ်ဘောင်းဘီက အဖြူရောင် ဖြစ်ပါသည်။ အကြောင်းမသိလျှင် အသက် ၆၀ ရှိပြီရယ်လို့ မထင်ရပါ ...။

"အဟမ်း ... အဲဒီ အချက်ကတော့ အချစ်ကို သစ်အောင်လုပ်ဖို့ပဲ"

"ခင်ဗျာ ..."

သူက ဦးထူးတင့်ကို တအံ့တသြ ပါးစပ်အဟောင်းသားဖြင့် ကြည့်မိပါသည်။ အဲဒီ စကားက တော်တော်ထူးဆန်းသည်။

"ဘာလဲ ... မောင်ရင်က ကျုပ်ပြောတာကို နားမလည်ဘူးလား"

"ဟုတ်ကဲ့ ... ဟို ... အချစ်ကို သစ်အောင် ..."

"အေးလေ ... အချစ်ကို သစ်အောင် လုပ်ရမယ်၊ အဲဒါတကယ့် မိန်းပို့ဂ်ပဲ ... ၊ အလွန်အရေးကြီးတယ်"

"ဟို ... ဘယ်လို လုပ်ရမှာလဲ ခင်ဗျ ..."

"မောင်ရင် တော်တော် ညံ့သေးတာပဲ၊ ဒါကြောင့်လည်း မောင်ရင့် အိမ်ထောင်ရေးက အဆင်မပြေတာကိုး ... ၊

http://www.linhtet.com

မှတ်ထားကွ ... လင်နဲ့မယားဆိုတာ တစ်ယောက်နဲ့ တစ်ယောက် သေအောင် မချိချစ်ပြီးတော့ပဲ ယူယူ ... အိမ်ထောင်ကျပြီး နှစ်ယောက်အတူ နေတာကြာလာရင် အရမ်းရင်းနှီးလွန်း ပွင့်လင်းလွန်းပြီး သူငယ်ချင်းတွေလို ပြောမနာ ဆိုမနာ ဖြစ်ကုန်ကြရော၊ တစ်ယောက်နဲ့ တစ်ယောက် စိတ်ဝင်စားစရာတွေလည်း မကျန်တော့ဘူး၊ ရင်တွေလည်း မခုန်ကြတော့ဘူး၊ စိတ်လှုပ်ရှားမှုတွေလည်း မရှိတော့ဘူး၊ အဲဒီအခါကျရင် တစ်ယောက်ကို တစ်ယောက် ငြီးငွေ့လာမယ်၊ ဒီလူနဲ့ ဒီလူ တစ်ယောက်နဲ့တစ်ယောက် အစင်းသိတွေချည်း အမြဲမျက်နှာချင်း ဆိုင်နေရတာ ကြာတော့ ငြီးငွေ့လာရော၊ အဲဒီလို ဖြစ်လာတာကို အချစ်တွေ ဟောင်းကုန်တယ်လို့ ခေါ်တယ် ... ၊

"အဲဒီလို အချင်းချင်း ငြီးငွေ့ပြီး အချစ်တွေ ဟောင်းကုန်တဲ့ အချိန်မှာ အာရုံအသစ်တွေကို ငတ်မွတ်လာကြရော ... ထွက်ပေါက် ရှာချင်ကြရော ... ။ ဒီလို နေရာမျိုးမှာ ယောကျ်ားတွေက ပိုပြီး ထွက်ပေါက်ရှာချင်ကြရောကွ၊ ယောကျ်ားဆိုတဲ့ သဘာဝကိုက မာကျောခိုင်မြဲပေမယ့် ပျော့ပျောင်းညှိုတ်ယိုင်တတ်တယ်၊ အရာရာတိုင်းကို ငြီးငွေ့စိတ်ကုန်လွယ်တယ်၊ အသစ်ကို ပိုပြီး

http://www.linhtet.com

လိုလားတယ်၊ သူ့မှာက ငြိမ်ငြိမ်မနေတတ်တဲ့ ဘဘာဝ ရှိတယ်၊ လွတ်လပ်မှုကို ပိုပြီးခုံမင်တယ်၊ ယောကျ်ားတွေမှာ လှုပ်ရှားပြောင်းလဲတတ်သော သဘောတွေလည်း ရှိတယ် . . . ၊

"မိန်းမတွေကျတော့ သူတို့ရဲ့ ငြီးငွေ့မှုကို ဈေးဝယ်ထွက်တာ၊ အလှအပ ပစ္စည်းတွေကို စိတ်ဝင်စားတာ၊ ရုပ်ရှင် ပွဲလမ်းသဘင်သွားတာတွေနဲ့ပဲ ထွက်ပေါက် ရှာကြတာ များတယ်၊ မိန်းမဆိုတာ ယောကျ်ားတွေ အတွက်တော့ ဆရာရယ်, မိခင်ရယ်, နှမရယ် အဲဒီ စိတ်ထား သုံးမျိုးကို ပေါင်းထားတာပဲကွ . . . ၊

"သူတို့က ဆရာလို ဩဇာပေးချင်တယ်၊ မိခင်လို နွေးထွေးကြင်နာပြီး လွမ်းမိုးချင်တယ်၊ နှမလေးလို ချွဲနွဲ့ပူဆာပြီး ဂရုစိုက်ခံချင်ကြတယ် . . . ၊

"မိန်းမတွေက သူ့သဘာဝအရ ယောကျ်ားကို ဆရာလုပ်မယ်၊ လွမ်းမိုးခြယ်လှယ်မယ်၊ ပူဆာနွဲ့ဆိုးမယ်၊ ဒါကို ယောကျ်ားတွေက နားလည်မပေးနိုင်ဘဲ ယောကျ်ားသဘာဝအရ ငြီးငွေ့စိတ်ကုန်ပြီး အပြင်က အသစ်အသစ်တွေကို မျှော်ကိုးမယ်ဆိုရင် အဲဒီ အိမ်ထောင်ရေးဟာ ဘယ်တော့မှ မသာယာဘူးဆိုတာ မောင်ရင် သိထားရမယ် . . . ၊ ကဲ . . . မောင်ရင့်ကို

http://www.linhtet.com

အန်ကယ် တစ်ခုမေးမယ်ကွာ ... မောင်ရင် မောင်ရင့် မိန်းမကို ပြတ်နိုင်သလား"

"ဘယ်ပြတ်နိုင်ပါ့မလဲ အန်ကယ်ရာ၊ ကျွန်တော်ချစ်လို့ ယူထားတာပဲ ..."

"အေးလေကွာ ... မပြတ်နိုင်ရင် ပြတ်သွားနိုင်တဲ့ လုပ်ရပ်တွေကို စွန့်ပစ်လိုက်ပေါ့ ...၊ အသစ်ကို အပြင်မှာ မရှာရဘူးကွ၊ အတွင်းမှာပဲ ပြန်ရှာရတယ်၊ မင်းတို့ နှစ်ယောက်ရဲ့ ဟောင်းနေတဲ့ အချစ်တွေကို မင်းက သစ်သွားအောင် ဖန်တီးပေးရမယ်၊ ဒါမှ တစ်ယောက်နဲ့ တစ်ယောက် ပြန်ပြီး ရင်ခုန်လာမယ်၊ စိတ်လှုပ်ရှားလာမယ်၊ ဟိုး ... ရည်းစားဘဝ အဦးအစကို ပြန်ရောက်သွားမယ်၊ ကျုပ်လည်း ဒီလို အချစ်ကို အသစ်ဖြစ်အောင် လုပ်ခဲ့လို့ ဒီအရွယ်အထိ အိမ်ထောင်ရေးက လတ်ဆတ်နေတာပေါ့၊ လူဆိုတာ အိမ်ထောင်ရေး သာယာမှုနုပျိုကျန်းမာပျော်ရွှင်တာကွ ...၊ သာယာတဲ့ အိမ်ထောင်ရေးဟာ ကျန်းမာရေးအတွက် ဆေးတစ်ခွက်ပဲ၊ အိမ်ထောင်ရေး သာယာရင် အလုပ်လုပ်တဲ့ နေရာမှာလည်း ပျော်ရွှင်တယ်၊ အားအင်ရှိတယ်၊ အဲဒီတော့ စီးပွားရေးအတွက် ဆေးတစ်ခွက်လည်း ဖြစ်ပြန်ရောပေါ့ကွာ၊ ကဲ ... မောင်ရင် အချစ်ကို အသစ်ဖြစ်စေမယ့် နည်း

http://www.linhtet.com

လမ်းတွေ ကျုပ် ပြောပြလိုက်မယ်၊ မောင်ရင့်ဘာသာ လက်တွေ့ အကောင်အထည် ဖော်ပေတော့ဗျာ ...

"အကောင်အထည် ဖော်တယ်ဆိုတာ ခုချက်ချင်း လက်ငင်း ကာလလေးကိုပဲ ပြောတာ မဟုတ်ဘူးဗျနော်၊ တစ်သက်လုံး ဒီအတိုင်း လိုက်နာကျင့်သုံးသွားရမှာ ...၊

"တကယ်တော့ မောင်ရင့် ဇနီးက မောင်ရင့်ဆီကနေ သူမျှော်လင့်သလောက် အကြင်နာတွေ ... ဂရုစိုက်မှုတွေ ... အလိုလိုက်မှုတွေကို မရလို့သာ စိတ်မာကျောပြီး နှုတ်ကြမ်းလျှာကြမ်း ဖြစ်လာတာပါ၊ မောင်ရင့်ဇနီးရဲ့ စိတ်တွေ ပြန်နူးညံ့လာဖို့ မောင်ရင်ကိုယ်တိုင်ပဲ လုပ်လို့ရမယ်၊ သူ မျှော်လင့်တာတွေကို ကိုယ်က ကြင်ကြင်နာနာ ဖြည့်ဆည်းပေးရမယ်၊ ဒါလည်း အချစ်ကို အသစ်ဖြစ်အောင် လုပ်တဲ့နည်းလမ်း တွေထဲက တစ်ခုပဲကွ ...၊

"ပြီးတော့ ... သူ စိတ်ဆိုးနေတဲ့ အချိန်မှာ ချစ်သူဘဝက ပျော်စရာကောင်းတဲ့ အမှတ်တရ အဖြစ်အပျက်လေးတွေကို သတိရလာအောင် ပြန် အစ,ဖော်ပေးနိုင်ရမယ်၊ နည်းလမ်းလေးတွေကတော့ ပြောရရင် မကုန်နိုင်ဘူးကွာ၊ မောင်ရင် အသေအချာ လိုက်မှတ်ထားပေတော့ ..."

http://www.linhtet.com

ဦးထူးတင့်က ပြုံးပြုံးနှင့် သူ့နည်းလမ်းတွေကို ပြောပြနေတာမို့ တအံ့တသြ နားထောင်မှတ်သားရပါသည်။

အန်ကယ်ကြီးရဲ့ စတိုင်လ်က ပေါ့ပါးသွက်လက်လွန်းပြီး မျက်မှန်လည်း တပ်မထားတာမို့ သူက အန်ကယ်ကြီးရဲ့ စိတ်ရောကိုယ်ပါ နုပျိုပုံကို လက်ဖျားခါရသည်။ သူပြန်ခါနီးတော့ အန်ကယ်ကြီးကို မေးမိသည်မှာ ...

"အန်ကယ်က ဒီအရွယ်အထိ မျက်မှန်မတပ်ရဘူးနော်၊ တကယ့်ကို နုပျိုပြီး ကျန်းမာတာပဲ ခင်ဗျာ ..."

"ဟဲဟဲ ... ဒါကလည်း ဝှက်ဖဲလေးပါကွာ၊ ကျုပ်ချစ်ချစ်က ရှင်က မျက်မှန်တပ်မထားရင် ပိုနုတယ်ဆိုတာနဲ့ တပ်လက်စ ဒီဂရီမျက်မှန်ထူထူကို ဖြုတ်ပြီး မျက်ကပ်မှန်လေး တပ်ထားလိုက်တာပါ ..."

"ဩော် ... ဒီလိုလားခင်ဗျ ..."

"မိန်းမဆိုတာ အသက်ဘယ်လောက်ကြီးကြီး လှချင်တဲ့စိတ် ... အလှအပကို မက်မောလိုလားတဲ့ စိတ်ကတော့ ရှိနေတာပဲကွ ..."

"မှတ်သားရပါတယ် ခင်ဗျာ ..."


သူသည် အန်ကယ်ကြီးထံမှ ပညာတွေ ရလိုက်ကာ သူ့ရဲ့ အနာဂတ် အိမ်ထောင်ရေးကို ပြုပြင်ပြောင်းလဲဖို့ အင်အားတွေ ပြည့်ဝလာရလေသည်။

❀ ❀ ❀

http://www.linhtet.com



http://www.linhtet.com



ဒီနေ့သည် ဥဏှဥဏှ်နဲ့ ဟေသာတင်တို့ရဲ့ အချစ်တွေကို အသစ်ဖြစ်အောင် စတင်အကောင်အထည်ဖော်ရမည့်နေ့ ဖြစ်လေသည်။

ထိုနေ့က ဥဏှဥဏှ်သည် အလွန်ပင် စိတ်လှုပ်ရှားနေခဲ့ရပါသည်။ သူက Beauty Saloon တစ်ခုသို့ ပြေးကာ မျက်နှာဆေးလိုက်ပါသည်။ မျက်နှာကို ဆေးကြောနှိပ်နယ်ပြီးသောအခါ သူ့မျက်နှာကို မှန်ထဲမှာ စေ့စေ့ကြည့်မိသည်။ မဆိုးဘူး ... နည်းနည်းတော့ နုလာသည်။ အဖုအပိန့်တွေ ... ချွေးပေါက်ကျယ်နေတာတွေ ... ဆားဝက်ခြံသေးသေးလေးတွေလည်း မရှိတော့ဘဲ ချောမွတ် သိပ်သည်းနေသည်။ ဒါ ... ဟေသာတင့်ကို ချစ်စကားဆိုစဉ်ကလို ရှပ်မျိုးပေါ့ ... ။ သူက သူ့ကိုယ်သူ ကျေနပ်ကာ စိတ်နှလုံး လတ်ဆတ်ကြည်လင်လာသည်။

http://www.linhtet.com

"ဆံပင် ညှပ်ဦးမလား ..."

"အိုကေ ... ညှပ်မယ်၊ ခဏ ... ခဏလေး ..."

သူက သူ့အင်္ကျီအိတ်ထဲ ထည့်ယူလာသော ဟေသာနှင့် ချစ်သူဖြစ်သည့် နေ့က ရိုက်ထားသည့် ဓာတ်ပုံလေးကို ထုတ်ပြကာ ...

"ဒီမှာ ... ဒီပုံစံအတိုင်း ညှပ်ပေးဗျာ ... နည်းနည်းလေးမှ မလွဲပါစေနဲ့ ..."

လုပ်ငန်းခွင်ထဲ မဝင်မီ ကျောင်းနေစဉ်က ဆံပင်ပုံစံမို့ နည်းနည်းတော့ ကလေးဆန်သလိုပင် ... ။ ဆံပင်က တိုတိုကပ်နေကာ ရှေ့ဘက်နား ဆံပင်တွေက နဖူးပေါ် တိတိပပ စင်းကျနေပါသည်။ ဟောဒီ့ ဆံပင်ပုံဟာ ချစ်သူဘဝ အချိန်ကာလကလေးကို ပြန်ပြောင်းသတိရစေမည့် ဆံပင်ပုံစံ ဖြစ်တာတော့ သေချာသည်။ ဟေသာ့ အချစ်တွေ သစ်လာဖို့ အတွက် ပံ့ပိုးပေးမည့် ဆံပင်ပုံစံလည်း ဖြစ်သည်။

သူသည် Beauty Saloon ထဲက ထွက်လာပြီး မြောက်ကြွကြွ အိမ်ပြန်လာကာ မဝတ်ဖြစ်တော့တာ ကြာပြီဖြစ်သော ဟေသာ့ကို စချစ်ခွင့်ပန်စဉ်က ဝတ်ခဲ့သော ရိုးစင်းတုံးတာနေပြီဖြစ်သော တီရှပ်နှင့် ခြေသလုံးအလယ်နားထိ ရှည်သော ဘောင်းဘီပွပွကို တွဲဝတ်လိုက်ပါသည်။ ပြီးတော့ ခြေအိတ်နှင့် ရှူးဖိနပ်ကို ဝတ်၊ လျှာထိုးဦးထုပ် အနီရောင်ကလေး

http://www.linhtet.com


ကိုဆောင်း အသင့်ဝယ်ထားသော နှင်းဆီဖြူ တစ်ပွင့်ကို ရွှေကိုင်ကာ ဟေသာတို့ အိမ်ဘက်သို့ ပြိုင်ဘီးကလေးဖြင့် ခပ်သွက်သွက် နင်းထွက်လာခဲ့လေသည်။

သူက စက်ဘီးနင်းရင်း ကောင်းကင်ကြီးကို တောင် မော့ကြည့်လိုက်သေးသည်။ သူ ပျော်ရွှင်နေပါသည်။ ရင်ခုန်နေပါသည်။ သူချစ်သော မိန်းကလေးက သူ့ကို ပြန် မချစ်မှာကိုလည်း စိုးရွံ့နေပါသည်။ သူ့စိတ်သည် အမှန် တကယ်ပင် လတ်ဆတ်နုပျိုနေခဲ့လေသည်။

http://www.linhtet.com



http://www.linhtet.com



၃၀

ဟေသာသည် လမ်းထိပ် စတိုးဆိုင်လေးတွင် မုန့်ဝယ်ရန် လမ်းလျှောက်ထွက်လာဆဲ ခပ်ဝေးဝေးမှ ပြိုင်ဘီးလေးတစ်စီးကို လှမ်းမြင်လိုက်ရသောအခါ ဇဝေဇဝါ အတွေးနှင့်ပင် ရင်ထဲ ဒိတ်ခနဲ ဆောင့်ခုန်သွားရလေသည်။ ပြိုင်ဘီးလေးက နီးသထက်နီးလာသောအခါ သွက်လက် ဖျတ်လတ်လျက် မျက်ဝန်းလေးတွေ ရွှန်းရီနေသော လူငယ်လေးကို အသေအချာ မြင်ရလေသည်။ သူ့လက်ထဲမှာ ဟေသာ အလွန်ကြိုက်သော နှင်းဆီဖြူလေးတစ်ပွင့်ကို ကိုင်ထားသည်။ အဲဒါ ဟေသာ့ကို ချစ်နေတဲ့ ဟေသာကလည်း တိတ်တခိုး ချစ်နေခဲ့ရတဲ့ ဉာဏဉာဏ်ဆိုတဲ့ ကောင်ကလေးပေါ့။ ဟေသာသည် သူမနှင့်အတူ ရန်ပွဲတွေ နွဲခဲ့သော သူမယောကျ်ား ဉာဏဉာဏ်ကို မေ့သွားကာ ရင်ခုန်ခဲ့သော ကာလဆီက

http://www.linhtet.com

ဉာဏဉာဏ်ကိုသာ သတိလက်လွတ် လှမ်းကြည့်နေမိပါသည်။ စက်ဘီးလေးက တဖြည်းဖြည်း နီးလာသောအခါ သူက ဟေသာ့ကို လှစ်ခနဲ ပြုံးပြကာ ဖြတ်ကျော်သွားသည်။ ထို့နောက် ဟေသာ့နောက်နားသို့ ပြန်ကွေ့လာကာ နောက်ဘက်ဆီမှ စက်ဘီးလေးကို ဖြည်းဖြည်းနင်းရင်း ပန်းဖြူလေးကို ဟေသာ့ရှေ့နားသို့ မြောက်ပြကာ ...

"ဟေသာက ဟောဒီ ပန်းကလေးလိုပဲ ဖြူစင်တယ် ... မွေးပျံ့တယ် ... နူးညံ့တယ်၊ ကိုယ်က ပန်းကလေးကို သိပ်ချစ်တယ်၊ ဒါပေမယ့် ဆူးကိုတော့ ကြောက်တယ်၊ ဟေသာ ကိုယ့်ကိုငြင်းရင် ကိုယ့်နှလုံးသားကို ဆူးစူးသလို ခံစားရမှာ သေချာတယ်"

အဲဒီ စကားတွေ ... အဲဒီ အပြုအမူတွေ ... အဲဒီ အသွင်အပြင်တွေဟာ ဟေသာ့ကို သူ ချစ်ရေးဆိုခဲ့စဉ်က အတိုင်းပဲ ကွက်တိပဲ ... ။ ဟေသာသည် အမှန်တကယ်ပင် အတိတ်ဆီသို့ စီးမျောကာ ရင်လည်း ခုန်၊ ခြေဖျားလက်ဖျားတွေလည်း အေးလာသည်။ စိတ်ထဲမှာ လွတ်လပ်၍ နုပျိုလတ်ဆတ်သော ကာလကို ပြန်ရောက်လာသလို ခံစားရလေသည်။

"ပန်းကလေးရေ ... ကျေးဇူးပြုပြီး ကိုယ့်နှလုံးသားကို ဆူးတွေနဲ့တော့ မနှိပ်စက်ပါနဲ့ကွာ ..."

http://www.linhtet.com

ဟေသာသည် သူ့စကားတွေကိုလည်း ကြည်နူးကာ ခေါင်းငုံ့လျက် ခပ်သုတ်သုတ် လျှောက်နေမိပါသည်။ သူကလည်း လိုက်လာဆဲပင် ... ။ ခြံဝနားသို့ ရောက်လျှင် မစိန်ရဲ့ အသံကျယ်ကြီးကို ဖြုန်းခနဲ ကြားလိုက်ရပါသည်။

"ဟဲ့ ... ဟိုကောင်လေး ... နင်က ငါ့အစ်မနောက်ကို ဘာလိုက်လုပ်နေတာလဲ၊ ငါ့အစ်မမှာ ယောကျ်ားရှိတယ် ဟဲ့ ... သွား ... သွား ... ပြန်စမ်း၊ ဒီလို ကလေကချေ အလုပ်တွေ လိုက်လုပ်မနေနဲ့၊ အစ်မကလည်း ဝယ်စရာရှိရင် မစိန်ကို ခိုင်းမှပေါ့၊ ဘာလို့ ကိုယ်တိုင်ထွက်ဝယ်ရတာလဲ ... "

မစိန်အသံကြောင့် သူက ဦးထုပ် ခပ်ငိုက်ငိုက် ဆောင်းထားသော သူ့ခေါင်းကို မော့လိုက်ရာ ...

"ဟင် ... အစ်ကိုလေးပါလား၊ ဘာပုံကြီး ဖြစ်လာတာလဲ၊ အဟိ ... ကန်တော့နော် အစ်ကိုလေး ... ကန်တော့ကန်တော့ ... "

မစိန်က အိမ်ဘက်သို့ ကမန်းကတန်း လှည့်ဝင် သွားတော့မှ ဟေသာလည်း ကယောင်ကတမ်းနှင့် သတိဝင်လာကာ ...

"ဒီမှာ ... ရှင်က ဘာလာကြောင်နေတာလဲဟင် ... "

"ကိုယ် မကြောင်ပါဘူး၊ ကိုယ်တို့ရဲ့ အချစ်တွေကို

http://www.linhtet.com

အသစ်ပြန်ဖြစ်အောင် လုပ်နေတာပါ၊ ဟေသာ့ကို ကိုယ် တကယ်ချစ်ပါတယ်၊ သိပ်ချစ်ပါတယ်၊ ယုံပါ ကလေး၊ ကိုယ် ကလေးက လွဲပြီး ဘယ်မိန်းမကိုမှ မချစ်ခဲ့ပါဘူး၊ ကိုယ့်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်”

“ခုမှ လာတောင်းပန်မနေနဲ့၊ ရှင်တို့ ယောကျ်ားတွေ ဟာလေ ငါယောကျ်ားပဲ ... နစ်နာစရာ မရှိပါဘူးဆိုပြီး ထင်ရာစိုင်းချင်ကြတဲ့ သူတွေ ... ထွက်ပေါက်ရှာချင်တဲ့ သူတွေ၊ မိန်းမတစ်ယောက်ကို မရခင်ကသာ အလိုက်သမားဘဝနဲ့ အောက်ကျနောက်ကျခံ၊ ရသွားတာနဲ့ ရှင်တို့က အပြေးသမား ပြန်လုပ်ပြီး မိန်းမကို ဂရုမစိုက် အလေးမထား ... အပေါ်စီးကနေ မထီမဲ့မြင် လုပ်ချင်တဲ့ သူတွေ ... ၊ အိမ်မှာ ငြီးငွေ့ကြတဲ့သူချင်း အတူတူ ရှင်တို့ကျ ဖောက်ပြန်ခွင့် ပါမစ်တွေရပြီး ကျွန်မတို့လို မိန်းမတွေကျတော့ ပျော်ပျော် မပျော်ပျော် ဒီအိမ်ထောင်ထဲမှာ ကြိတ်မှိတ်နေကြရတာ ... ဒါကို ရှင်က ကိုယ်ချင်းမစာဘူး မဟုတ်လား ...”

“ကဲ ... ကဲ ... တော်ပါပြီ ကလေးရာ၊ ဒီအချိန်မှာ ကိုယ်တို့ ဘာကိုမှ အစပြန်ဖော် ငြင်းခုန်တာမျိုး မလုပ်ဘဲ အေးအေးချမ်းချမ်း ဖြတ်သန်းကြရအောင်ပါ၊ ကိုယ်တို့နှစ်ယောက်ကြားမှာ ဘာမှမဖြစ်ခဲ့ဘူးလို့ပဲ

http://www.linhtet.com

သဘောထားလိုက်ပြီး တို့နှစ်ယောက် စ,ချစ်ခဲ့ကြတဲ့ အချိန်တွေဆီကို ပြန်သွားကြရအောင်ပါ၊ တစ်ကနေ ပြန်စ,ကြရအောင်ပါ"

"ရူးကြောင်ကြောင်နဲ့ ..."

ဟေသာသည် ရန်သာတွေ့နေရပေမယ့် စိတ်ထဲမှာတော့ ဒေါသတွေ သိပ်မရှိဘဲ သူ့ရဲ့စိတ်ကူးတွေကိုသာ စိတ်ဝင်တစား သိချင်နေရပါသည်။

"တကယ်ပြောတာပါ ကလေးရာ ...၊ ကိုယ် မင်းကို ချစ်တယ်၊ မင်း အချစ်ကို ရအောင်ကြိုးစားမယ်၊ ကိုယ် မနက်ဖြန်လည်း လာခဲ့ဦးမယ်၊ ရော့ ... ဒီပန်းလေး ယူထားလိုက် ..."

သူသည် သူနဲ့ဟေသာဟာ အကြင်လင်မယားတွေ မဖြစ်ခဲ့ဘူးသလို အမှုအရာမျိုးနှင့် ဟေသာ့လက်ထဲ နှင်းဆီပန်းကလေး ထည့်ပေးကာ လက်ပြလျက် စက်ဘီးကို အပြင်း နင်းထွက်သွားလေသည်။ သူ့ကိုယ်သူ ခုမှ ကောင်မလေး တစ်ယောက်ကို စ,လိုက်ရတဲ့ လူပျိုကလေးပေါ့။ ဟေသာသည် ရုတ်တရက် ရယ်ချင်လာကာ အပျိုဖြန်းကလေးလို ဟက်ခနဲ ရယ်ချလိုက်မိလေသည်။

❀ ❀ ❀

http://www.linhtet.com



http://www.linhtet.com



ဟေသာသည် ဟေသာ့အခန်းထဲက ပန်းအိုး ကလေးထဲမှာ နှင်းဆီပန်းဖြူကလေးကို ထိုးစိုက်ထားလိုက်ပြီး ပန်းကလေးကို မြင်တိုင်း ရင်တွေခုန်နေခဲ့ရပါသည်။ ဟေသာ့ စိတ်သည် အမှန်တကယ်ပင် နုပျိုနေလေသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ဟေသာသည် အိပ်ရာမှ စောစောနိုးလာရပါသည်။ စိတ်ထဲတွင် နောက်ကျ ရှုပ်ထွေးနေတာတွေ မရှိတော့ဘဲ ပကတိ လန်းဆန်းနေခဲ့သည်။ ဟေသာက ပန်းကလေးကို တစ်ချက် နမ်းမွေးလိုက်ပြီး ဝရန်တာဘက် ထွက်လာခဲ့သည်။ ဟေသာ ဝရန်တာတွင် ရပ်ကာ လက်ကိုဆန့်တန်းလျက် လေကောင်းလေသန့် ရှူနေဆဲ ရှိခုနဲ့ လေချွန်သံတစ်ချက် ကြားလိုက်ရသည်။ လေချွန်သံလာရာ အိမ်ရှေ့ လမ်းသွယ်ကလေးဆီ လှမ်းကြည့်မိသောအခါ ဉာဏ်

http://www.linhtet.com

က စက်ဘီးစီးလာရင်းက ဖလိုင်းကစ် လှမ်းပေးလိုက်တာမို့ ဟေသာ့ ရင်ခုန်သံက ပိုမြန်လာရပါသည်။

သူက ဟေသာတို့ အိမ်ရှေ့ လမ်းသွယ်ကလေး ပေါ်မှာ စက်ဘီးနှင့် ခေါက်တုံ့ခေါက်ပြန် ဖြတ်နေသည်။ ဟေသာက သူ့ကို မျက်စောင်းလှမ်းထိုးရင်း အိမ်ထဲ လှည့်ဝင်လာသည်။ ဟေသာ့ အခန်းထဲမှ လှမ်းချောင်းကြည့်တော့လည်း သူက ဇွဲနှင့် လူးလာခေါက်တုံ့ ရှိနေဆဲပင်။ ဟေသာ ဟန်မဆောင်နိုင်တော့ဘဲ မှန်တင်ခုံရှေ့ ပြေးသွားကာ အမြန် အလှပြင်လိုက်မိပါသည်။ မှန်ရှေ့မှာ ကိုယ့်ကိုယ်ကို အထပ်ထပ် အခါခါ လှည့်ပတ်ကြည့်ပြီးမှ ခြံထဲသို့ ဆင်းလာခဲ့သည်။

ဟေသာသည် ခြံဝမှ မြင်သာသည့် ဒန်းလေးမှာ ဝင်ထိုင်ရင်း သူ့ကို သိသလို မသိသလို လုပ်နေလိုက်သည်။

ခဏကြာတော့ သူက ခြံထဲသို့ စက်ဘီးကလေး တွန်းရင်း ဝင်လာပါသည်။ ဟေသာကလည်း တမင် မသိချင် ယောင်ဆောင်ကာ ကျောခိုင်းနေလိုက်ပါသည်။ သူက ဟေသာ့ကို စကားတစ်ခွန်းမှ မပြောပါ။ သူ့လက်ထဲမှာတော့ အဖြူရောင် နှင်းဆီပွင့်ဖတ်တွေ ထည့်ထားသည့် ပလတ်စတစ် ကြည်ကြည် အထုပ်ကြီးကို ကိုင်ထားသည်။

သူက ဟေသာ ထိုင်နေသော ဒန်းကလေးရဲ့ မြက်ခင်းပြင်မှာ ဒူးတုပ်လျက် ထိုင်ချလိုက်ပါသည်။ ဟေသာ

http://www.linhtet.com

က သူ ဘာလုပ်မလဲဟု မသိမသာ စောင့်ကြည့်နေရသည်။ သူက ပွင့်ဖတ်တွေကို အိတ်ထဲမှ နှိုက်ယူပြီး မြက်ခင်းစိမ်းပေါ်မှာ စီနေသည်။ အသေအချာကြည့်တော့မှ စာလုံးပုံစံ ဖော်နေမှန်း သိရသည်။ ခဏကြာတော့ ပွင့်ဖတ် စာလုံးလေးတွေ အထင်အရှား ပေါ်လာသည်။

"ကလေးကို ချစ်တယ်"

ဟေသာ ထိုစာလုံးလေးကို ကြည့်ရင်း ရင်ခုန်လာရဆဲတွင် သူက မတ်တတ် ထ,ရပ်လိုက်ပြီး ဟေသာ့ရှေ့မှ စက်ဘီးကလေး တွန်း၍ ထွက်ခွာသွားလေသည်။


ဟေသာ့မှာတော့ မွေးပျိုသော ပွင့်ဖတ်စာလုံးလေးတွေ ရှေ့မှာ ဒူးထောက်ထိုင်ချမိရင်း စာလုံးလေးကို ထိရမလို ကိုင်ရမလိုနှင့် ကြည်နူးခြင်း ... ကျေနပ်ခြင်း ... စိတ်လှုပ်ရှားခြင်း စသော ခံစားမှုများကို တစ်ပြိုင်တည်း ခံစားကာ ရူးမူးကျန်ရစ်ခဲ့ရလေသည်။

http://www.linhtet.com



http://www.linhtet.com



ဥဏှ်သည် ဟေသဉ့်အချစ်ကို ရဖို့ နည်းလမ်းများကို တစ်နေ့ တစ်မျိုး သုံးလျက်ရှိလေသည်။ တစ်နေ့တွင် သူက ဟမ်ဘာဂါတစ်လုံး ဝယ်လျက် ဟေသဉ့်ထံသို့ ရောက်ရှိလာခဲ့လေသည်။

သူက မစိန်ထံမှ ပန်းကန်ပြား တစ်ချပ် တောင်းကာ သူဝယ်လာသော ဟမ်ဘာဂါကို ထည့်ပေးလိုက်သည်။ ပြီးတော့ ဟမ်ဘာဂါရဲ့ အပေါ်မှာ အုပ်ထားသော ပေါင်မုန့်ကို ခွာယူစားလိုက်ရင်း ...

"ဟေသာ ... မှတ်မိသေးလား ... ကိုယ်တို့နှစ်ယောက် ဟမ်ဘာဂါ စားတိုင်း ဒီလိုစတိုင်လ်နဲ့ စားခဲ့ကြတာလေ၊ ဟေသာက အကောင်းကြိုက်တော့ ဘာဂါထဲက အသားတွေ ... ကြက်သွန်တွေ မာရိုနီးတွေကိုပဲ စားချင်တယ်

http://www.linhtet.com

မဟုတ်လား၊ ကိုယ်က အမြဲတမ်း ပေါင်မုန့်အခွံပဲ စားပြီး ဟေသာ့ကို အသားတွေ ခွာကျွေးခဲ့ရတာ၊ အခု အဲဒီပုံစံအတိုင်းပဲ စားမယ်ကွာ ... နော် ..."

ဉာဏ်နဲ့တွေ့တိုင်း အမှတ်တရ ဖြစ်ရပ် တစ်ခု မဟုတ် တစ်ခုကို သတိရမိမြဲ ... စိတ်တွေနုပျိုလာရမြဲပင် ဖြစ်ပါသည်။ ဟေသာသည် ပထမတော့ မစားဘဲ တင်းခံနေလိုက်သေး၏။ နောက်တော့ သူ့မျက်နှာ ငယ်လေးကို သနားလာကာ ဘဂါထဲက အသားပြားကို ကော်စားလိုက်ရလေသည်။


ဟေသာတို့သည် အမှန်ကယ်ပင် ပျော်ရွှင်လာရတာ ... နုပျိုလာရတာ ... ရင်ခုန်နေကြရတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ပေ ... ။ အိမ်သားတွေကပင် ဟေသာတို့နှစ်ယောက်ရဲ့ အခြေအနေကို စောင့်ကြည့်ရင်း အံ့သြပြီးရယ်နေခဲ့ကြသည်။ မစိန်ရဲ့ အတင်းပြောသံကိုလည်း ဟေသာ ကြားရသည်။

"ဟီဟိ ... အစ်ကိုလေးက လူပျိုလေးလိုမျိုး အစ်မကို ပြန်ပိုးနေတာ အဒေါ်ရဲ့၊ အရမ်း ရယ်ရတာပဲ သိလား"

မစိန်က ဟေသာ့ မေမွေးထံ ဖောက်သည်သွားချတတ်ပြီး မေမေကလည်း ဟေသာတို့ ကြားထဲ ဝင်မပါဘဲ အသာလွှတ်ထားလေသည်။



http://www.linhtet.com



ကောင်းကင် ကြည်လင်၍ နေရောင် ဖျော့ဖျော့ကလေး လင်းဖြာသော နံနက်ခင်း တစ်ခုတွင် ဟေသာသည် ဘဂါဆိုင်လေး တစ်ဆိုင်တွင် ဉာဏ်နှင့် တွေ့ဆုံရန် ချိန်းဆိုလိုက်လေသည်။

ထိုနေ့က ဟေသာသည် သူ့ကို အဖြေပေးခဲ့သော နေ့က ဝတ်ခဲ့သည့် ဇာအင်္ကျီအဖြူလွလွလေးနှင့် ပိုးသားစကတ်။ အဲဒီတုန်းကလိုပင် နောက်သို့ လှန်ကာ ထိပ်နားလောက်မှာ ခပ်ဖွာဖွာပုံစံလေးဖြစ်အောင် ကလစ်နှင့်ညှပ်ထားပြီး ဆံမျှင်စတချို့ ကပိုကယို ကျနေခဲ့ပါသည်။ ထိုဆံပင်စလေးတွေကို ဉာဏ်က လှမ်းလှမ်းမှုတ်တတ်တာကို သတိရကာ ဟေသာ ပြုံးမိရသေးသည်။

ဘဂါဆိုင်လေးထဲတွင် ဉာဏ်က အရင် ကြို

http://www.linhtet.com

ရောက်နေကာ ဟေသာ့ကို စောင့်ကြိုနေခဲ့ပါသည်။ ဥဏှ့ မျက်လုံးလေးတွေဟာ ဟိုအရင်တုန်းကလို လက်ဖြာနေဆဲ ... ။ ဟေသာ့အလှကို အသိအမှတ်ပြုဆဲပင် ... ။ ဟေသာသည် သူ့ဆီသို့ လှမ်းသွားရင်း ခြေလှမ်းတွေ မှားလောက်အောင် စိတ်လှုပ်ရှားနေခဲ့ပါသည်။

"ဟေသာ ... ကိုယ့်ကို အဖြေပေးတော့မလားဟင် ... ကိုယ် အရမ်းမျှော်လင့်နေခဲ့တာ ..."

သူက ဟိုတုန်းက စကားတွေကိုပင် ပြန်ပြောနေပါသည်။ ဟေသာက သူ့ကို ဘာမှ ပြန်မပြောသေးဘဲ ဘာဂါတစ်လုံး မှာလိုက်သည်။

"ကိုယ်က အခွံပဲ စားမှာပါကွာ၊ ထုံးစံအတိုင်းပေါ့ ဟုတ်လား ..."

ဥဏှ်က ခပ်တိုးတိုးပြောတော့ ဟေသာ မသိမသာ ပြုံးမိသည်။ ဘာဂါ လာမချမီ သူက ဟေသာ့ကို စိုက်ကြည့်နေတာမို့ ဟေသာသည် အပျိုဖြန်းကလေးလိုပင် ရှက်ရွံ့လာရကာ ...

"ဘယ်လို ဖြစ်နေတာလဲ ... ၊ လူကို မမြင်ဘူးတဲ့အတိုင်းပဲ ..."

ဟု ရှက်ကိုးရှက်ကန်း ပြောမိပြီးမှ ကိုယ့်ကိုယ်ကိုပင် ပြန်ရှက်သွားရလေသည်။

http://www.linhtet.com

ဘဂါ တစ်ပွဲ လာချသောအခါ ဟေသာက ဘဂါပွဲကို အလယ်မှာ ချလိုက်ပြီး ဓားကို လှမ်းယူကာ အလယ်မှ တိတိကျကျ ပိုင်းချလိုက်ပါသည်။

"ဟေသာ . . . ဘာလုပ်တာလဲ၊ အဲဒီလို တစ်ယောက် တစ်ဝက် ပိုင်းလိုက်ရင် အသားပြားကို ဟေသာ တစ်ပိုင်းပဲ စားရမှာပေါ့ . . . "

ဟေသာက ပြုံးလျက်ပင် ဘဂါတစ်ပိုင်းကို သူ့ဘက်သို့ တွန်းရွေ့ပေးလိုက်ရင်း . . .


"မျှမျှတတဆို ပိုမကောင်းဘူးလား ဉာဏ်၊ ဘဝခရီး တစ်ခုကို နှစ်ယောက်အတူတူ ဖြတ်သန်းတဲ့အခါ တစ်ယောက်က မကောင်းတာတွေပဲ ခံစားပြီး တစ်ယောက်က ကောင်းတာတွေပဲ ခံစားနေမယ်ဆိုရင် တရားမျှတပါ့မလား . . . ၊ အကောင်းပဲဖြစ်ဖြစ် အဆိုးပဲဖြစ်ဖြစ် နှစ်ယောက်အတူ ညီတူညီမျှ ခံစားကြရမှာပေါ့၊ အိမ်ထောင်သည်ဘဝဆိုတာကို ခု ဟေသာတို့ ဘဂါ စားသလို ဖြတ်သန်းကြမယ် ဉာဏ် . . . ၊ နောက်ဆို ဘဂါကို ဟေသာ အသားချည်း ရွေးမစားတော့ဘူး နော် . . . "

ဟေသာတို့ နှစ်ယောက်သည် တစ်ယောက်ကို


http://www.linhtet.com

တစ်ယောက် တောက်ပအရောင်ဖြာသော ကြည်နူးရွှင်ပျသော မျက်ဝန်းများဖြင့် စိုက်ကြည့်မိကြပါသည်။

ပြီးတော့ တစ်ပြိုင်တည်းလိုလို ဘာဂါကို ခက်ရင်းလေးဖြင့် ဖဲ့ကာ တစ်ဦးကိုတစ်ဦး ခွံ့ကျွေးလိုက်ကြလေသည်။



http://www.linhtet.com



နောက်ထပ် ရက်အနည်းငယ် အကြာတွင် သတို့သား ဉာဏာဉာဏ်နှင့် သတို့သမီး ဟေသာတင်တို့၏ ဒုတိယမြောက် မင်္ဂလာပွဲကလေးကို ခင်မင်ရင်းနှီးသော သူငယ်ချင်းများကိုသာ ဖိတ်ကြားလျက် ပျော်ရွှင်စွာ ကျင်းပခဲ့လေ သည်။

ထိုမင်္ဂလာပွဲသို့ အန်ကယ်ကြီး ဦးထူးတင့်တို့ ဇနီးမောင်နှံလည်း အထူးဧည့်သည်တော်အဖြစ် တက်ရောက်လာခဲ့ပါသည်။

သတို့သား ဉာဏာဉာဏ်က သတို့သမီး ဟေသာတင် အတွက် ဒုတိယမြောက် လက်ထပ်လက်စွပ်ကို ဆင်မြန်းပေးခဲ့သည်။ ဟေသာက လက်ထပ်လက်စွပ် နှစ်ကွင်းတိတိဝတ်ဆင်ပြီးဖြစ်သော သူ့လက်ကလေးကို လေထဲ ဂွေ့ယမ်းပြပြီးမှ လက်စွပ်ကို အသာဖွဖွ နမ်းပြလိုက်သောအခါ

http://www.linhtet.com

www.foreverspace.com.mm

လက်ခုပ်သံများ ဆူညံသွားခဲ့ပါသည်။ ဉာဏဉာဏ်၏ သူငယ်ချင်း ဇော်ကိုက မိုက်ကရိုဖုန်းရှေ့ အပြေးသွားကာ ...

"ခုလို သတို့သား ဉာဏဉာဏ်နဲ့ သတို့သမီး ဟေသာတင်တို့ရဲ့ ဒုတိယမြောက် မင်္ဂလာပွဲလေး ဖြစ်မြောက်ဖို့ အတွက် အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါဝင်ခဲ့တဲ့ အန်ကယ်ကြီး ဦးထူးတင့်ခင်ဗျား ... အမှတ်တရ မင်္ဂလာသြဝါဒစကား မြွက်ကြားပေးဖို့ ဒီနေရာကနေ လှိုက်လှိုက်လဲလဲ တောင်းဆိုပါတယ် ..."

ဇော်ကို့ စကားဆုံးလျှင် အန်ကယ်ကြီးက အားပါးတရ ပြုံးကာ မတ်တတ် ထ,ရပ်လိုက်ပါသည်။ သူ့ဇနီးကလည်း ခင်ပွန်းဖြစ်သူကို ပြုံးကြည့်ကာ ကုတ်အင်္ကျီကို သေသပ်အောင် ပြုပြင်ပေးလိုက်သည်။ အန်ကယ်ကြီးက စင်မြင့်ပေါ် လျှောက်သွားပြီး ချောင်းတစ်ချက်ဟန့်ကာ ...

"ဇနီးမောင်နှံ ဖြစ်သွားပြီးတဲ့ သူတွေကိုရော ... ဖြစ်လတ္တံ့သော ယောကျ်ားမိန်းမ အားလုံးကိုရော လေးစားပါတယ်ဗျာ ...

"ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တိုတိုနဲ့ လိုရင်းအနှစ်ချုပ်ပဲ ပြောချင်ပါတယ် ...

"ဇနီးမောင်နှံတွေဟာ တစ်ယောက်ကို တစ်ယောက် လေးစားကြပါ၊ တစ်ယောက်ရဲ့ စိတ်ခံစားမှု

http://www.linhtet.com

ကို တစ်ယောက်က ဂရုစိုက်ပါ၊ ကိုယ့်တာဝန် ကိုယ် ကျေကြပါ၊ နားလည်မှု ရှိကြပါ၊ အချင်းချင်း သစ္စာ ရှိကြပါ၊ ကိုယ့်အိမ်ထောင်ရေးမှာ ငြီးငွေ့လာရင် အချစ်တွေကိုပဲ အသစ် ပြန်ဖြစ်အောင် လုပ်ကြပါ၊ ဒီလိုဆိုရင် ခင်ဗျားတို့အတွက် လောကကြီးဟာ သာတောင့်သာယာ ဖြစ်လာမယ်ဆိုတာ ကျုပ် သေချာပေါက် ပြောရဲပါတယ်ဗျာ ..."

အန်ကယ်ကြီး ပြောပြီးတာနှင့် လက်ခုပ်သံများ ထပ်ထွက်လာပြန်ပါသည်။ အန်ကယ်ကြီးက နေရာသို့ ချက်ချင်း ပြန်မသွားသေးဘဲ သူ့ဇနီးထံ လှမ်းကြည့်ကာ ...

"ကဲ ... ဟန်နီရေ ... မင်းကို အားလုံးရှေ့မှာပဲ မေးချင်ပါတယ်၊ မင်း ကိုယ့်ကို ချစ်သေးရဲ့လား ..."

ဟု လှမ်းမေးလေသည်။ သူ့ဇနီးကလည်း ခေသူ မဟုတ်ရကား မဆိုင်းမတွပင် ...

"ချစ်ပါတယ်ရှင် ..."

ဟု လှမ်းအော်ဖြေလိုက်တာမို့ အားလုံး တဝါးဝါး ပွဲကျသွားပါသည်။

"ကဲ ... ဒါပါပဲဗျာ၊ ခင်ဗျားတို့အားလုံး ဘယ် အသက် အရွယ်မှာပဲ ဖြစ်ဖြစ် ချစ်တယ်ဆိုတဲ့ စကားလုံးလေးကို

http://www.linhtet.com

ပြောဖို့ မရှက်ကြပါနဲ့ ... ၊ ဒါဟာ အားဆေးတစ်ခွက် ပါပဲဗျာ ... ”

ဒုတိယမြောက် မင်္ဂလာပွဲလေးမှာ ပျော်ရွှင်စွာပင် ပြီးဆုံးသွားခဲ့ပါသည်။

ပရိသတ်အားလုံး ပြန်သွားသောအခါ သတို့သား နှင့် သတို့သမီးတို့မှာ အန်ကယ်ကြီးကို ထောက်ခံသောအား ဖြင့် ‘ချစ်တယ်’ ဆိုသော စကားလုံးကို တစ်ယောက်လျှင် အခါတစ်ရာတိတိ ရွတ်ဆိုတမ်း ကစားခဲ့ကြပါသည်။

ထိုညက လ,မသာသော်လည်း အရာရာဟာ လှလို့နေပါသည်။

ချစ်မေတ္တာဖြင့်

ပုညခင်

http://www.linhtet.com

